http://www.dhammadownload.com

လွယ်မယောင်နှင့် ခက်
တိမ်မယောင်နှင့် နက်သော
ဗုဒ္ဓဘာသာဝင်တို့ ပြုကြသည့်
ဘုရားရှိခိုးခြင်း....
ဆွမ်း၊ ရေ၊ မီး၊ ကပ်လှူပူဇော်ခြင်း
ဒါန၊ သီလ၊ ဘာဝနာပြုခြင်းစသည့်
ထေရဝါဒ အခြေခံအုတ်မြစ်များ၏
အနက်အဓိပ္ပာယ်များကို
သဘောပေါက်နားလည်နိုင်စေရန်
အသေးစိတ် ရှင်းလင်း ဖော်ပြထားသည်။



# ဆန်းလွင်

# ထေရဝါဒအုတ်မြစ်များ

# အဖွင့်



http://www.dhammadownload.com

နန်းဒေဝီစာပေ
တိုက်-၂၀၀၊
၃၆ လမ်း (အထက်)၊
ရန်ကုန်။ ဖုန်း-၃၈၃၀၂၅

http://www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် [၁၈/၉၈-၀]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၆/၉၈-၃]
ပထမအကြိမ်၊ ၁၉၉၉ ခု၊ ဇွန်လ

**ထုတ်ဝေသူ**

ဒေါ်ခင်မျိုးချစ် (၀၁၃၅၂)၊ သိဒ္ဓိစာစဉ်၊ ၅၀၅/၈၊ ပြည်ရိပ်သာ
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးမင်းဦး (၀၅၇၅၆)၊ Prestige Printing House
အမှတ် ၂၂ ရွှေခင်းသာလမ်း၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ**

ခေတ် ကွန်ပျူတာ

**မျက်နှာဖုံး ပန်းချီ**

စံတိုး

**မျက်နှာဖုံး ပုံနှိပ်**

ဒေါ်ရွှေ (၀၂၀၇၉)၊ သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။

**စောင်ရေ**

၅၀၀

**တန်ဖိုး**

၁၅၀၀

**ဖြန့်ချိရေး**

တိုက်-၂၀၀၊
၃၆ လမ်း (အထက်)၊
ရန်ကုန်။ ဖုန်း-၃၈၃၀၂၅

http://www.dhammadownload.com

# ထေရဝါဒ အခုတ်မြစ်များ
# အဖွင့်

ဆန်းလွင်

http://www.dhammadownload.com

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၁ |
| ဘုရားစင်နှင့် တရားအမြင် | ၅ |
| ဩကာသနှင့် ဆုတောင်းအဖွင့် | ၁၁ |
| ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ် | ၂၃ |
| သဒ္ဓါဖွင့် ဘုန်းတော်ဖွင့် | ၃၅ |
| ဘုန်းတော်ဖွင့် | ၄၃ |
| ဓမ္မဂုဏ်တော်ဖွင့် | ၅၃ |
| သံဃာ့ဂုဏ်တော်ဖွင့် | ၆၃ |
| ဒါနအဖွင့် | ၇၉ |
| သရဏဂုံ သီလအဖွင့် | ၈၉ |
| ဥပုသ် အမျိုးမျိုး | ၁၀၉ |
| ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဖွင့် | ၁၁၅ |
| ကံ ဉာဏ် ဝီရိယအဖွင့် | ၁၂၁ |
| သူတော်ကောင်း သူယုတ်မာ | ၁၃၁ |
| ဝိဇ္ဇာ စရဏအဖွင့် | ၁၃၇ |
| ပါရမီအဖွင့် | ၁၄၁ |

http://www.dhammadownload.com

# ထေရဝါဒအခုတ်မြစ်များ
# အဖွင့်

### နိဒါန်း

ဓမ္မရုပ်စုံကို စတင် ထုတ်ဝေရန်ကြံစည်စဉ်က စိတ်ကူးတစ်ခု ပေါ်ခဲ့ဖူးသည်။ ထိုစိတ်ကူးမှာ ထေရဝါဒ မြန်မာဗုဒ္ဓဘာသာဆိုင်ရာ အခြေခံ သဘောအယူအဆများကို မျက်မှောက်ခေတ် မြန်မာလူငယ်ပရိသတ်များ၊ ခေတ် သိပ္ပံပညာတတ်များ မှန်မှန်ကန်ကန် နားလည်သဘောပေါက်အောင် တစ်စုံတစ်ရာ ဆောင်ရွက်သင့်သည်ဆိုသော စိတ်ကူးဖြစ်လေသည်။

တစ်နေ့သ၌ ချမ်းမြေ့ရိပ်သာသို့ ရောက်သွားသောအခါ ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီးသည် အကျွန်ုပ်ကို မြင်တွေ့သည်နှင့် 'ဒကာကြီး ဦးဆန်းလွင်၊ တက္ကသိုလ် ဓမ္မသဘင်စာအုပ် ရပြီးပြီလား'ဟု မေးမြန်းလေသည်။ 'မရသေးပါ ဘုရား'ဟု မိမိက ပြန်ကြားလျှောက်ထားသောအခါ 'ဒါဆိုရင် ဒီကပြန်တဲ့အခါ ရုံးခန်းမှာဝင်ပြီး စာအုပ်တွေ ယူသွားပါ'ဟု အမိန့်ရှိလေသည်။ အကျွန်ုပ်လည်း ဆရာတော်ဘုရားကြီးအား လျှောက်ထားဖွယ်ရာ ကိစ္စများကို လျှောက်ထားပြီး၍ ပြန်ခါနီးတွင် ဆရာတော်ကြီးသည် စံကျောင်းမှ ရုံးခန်းသို့ ဖုန်းဆက်ပြီး အကျွန်ုပ်အား စာအုပ်များ လက်ဆောင်ချီးမြှင့်လိုက်ရန် မှာကြားလေသည်။

ထိုနေ့က ချမ်းမြေ့ရိပ်သာမှ အပြန်တွင် ဆရာတော်ကြီး ချီးမြှင့်လိုက်သော စာအုပ်များထဲတွင် တက္ကသိုလ် ဓမ္မသဘင် စာအုပ်ကြီးသာမကဘဲ 'လူငယ်သင်၊ **အခြေပျိုး ဗုဒ္ဓဘာသာ'ဆိုသော စာအုပ်လည်း ပါဝင်လေသည်။ ထိုစာအုပ်ကို အိမ်သို့ ပြန်ရောက်သောအခါ အပြန်အလှန် သေသေချာချာ စေ့စေ့စပ်စပ် လေ့လာ ကြည့်မိလေသည်။**

http://www.dhammadownload.com



လူငယ်များအတွက် ထေရဝါဒ ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ် သဘောတရား အယူအဆများကို လူငယ်များ အမြင်မကျဉ်းရအောင် အယူမသီးရအောင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာ တင်ပြထားသည်ကို ထိုစာအုပ်မှာ တွေ့မြင်ရလေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အကြောင်းအချက်များကိုသာမကဘဲ ဟိန္ဒူဘာသာ၊ ဇိုရိအက်စတာဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ အခြေခံ အကြောင်းအချက်များကိုပါ ဆရာတော်ကြီးက လေ့လာ တင်ပြထားသည်ကို တွေ့ရလေသည်။

မျက်မှောက်ခေတ် မြန်မာဗုဒ္ဓဘာသာ လူငယ်များအတွက် အလွန်အကျိုးကျေးဇူးများသော စာအုပ်တစ်အုပ် ဖြစ်သည်ဟု မိမိစိတ်မှာ ထင်မြင်ခံစားခဲ့ရလေသည်။

ဓမ္မရုပ်စုံ ထုတ်ဝေစဉ်ကတည်းက မိမိမှာလည်း မျက်မှောက်ခေတ် လူငယ်များအနေနှင့် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ အခြေခံအယူအဆများကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ သိနားလည်စေချင်သော စေတနာ ရှိခဲ့ဖူးလေသည်။ ထိုစေတနာသည် စိတ်ကူးအဖြစ် ပြောင်းလဲသွားသောအခါ ထေရဝါဒ အုတ်မြစ်များဟု ဆိုသင့်သော ဘုရား၊ တရား၊ သံဃာ၊ ဒါန၊ သီလ၊ ဘာဝနာ စသော အကြောင်းများကို လူငယ်များနားလည်နိုင်သော နည်းလမ်းဖြင့် ဖွင့်ဆိုရေးသားရန် ကြံစည်မိလေသည်။

အယူအဆတစ်ရပ်ကို ဖွင့်ဆိုရေးသားသောအခါ အဖြောင့်ဖွင့်ဆိုနည်းထက် အပြန်အလှန် ဆွေးနွေးသုံးသပ်သောနည်း Dialogueဖြင့် ရေးသားပါက ပိုပြီး စိတ်ဝင်စားစရာကောင်းသည့်အပြင် တချို့ ငုပ်နေသော သဘောအမြင်များကို ပေါ်လွင်အောင် ဖော်ထုတ်ရာမှာလည်း ပိုပြီး နက်နက်ရှိုင်းရှိုင်း ဆွေးနွေးတင်ပြနိုင်သဖြင့် အမြင်ကျယ်ကျယ် နားလည်နိုင်သည်ဟု သဘောထားခဲ့လေသည်။

လူငယ်များအတွက် ထေရဝါဒ အုတ်မြစ်အခြေခံ သဘောအမြင်များကို တင်ပြရမည်ဖြစ်ရာ လူငယ်များကိုယ်စား ရပ်တည်ဆွေးနွေးမည့် စကား အချေအတင်ပြောသူ ဇာတ်ကောင်တစ်ယောက်ကို ဖန်တီးရန် လိုအပ်လာလေသည်။ ထိုအခါ မိမိကို အမေးအမြန်းသန်သော သမီးငယ် စောမြတ်ကလျာဆန်း (ယာယာ)ကို လူငယ်များဘက်က ရပ်တည်၍ မေးမြန်းစုံစမ်းသူအဖြစ် ဖန်တီးခဲ့လေသည်။

**'ထေရဝါဒ အုတ်မြစ်များအဖွင့်'**ဟု အမည်ပေးထားသော ဤစာအုပ်ငယ်တွင် သမီးငယ် စောမြတ်ကလျာဆန်းသည် လူငယ်များသိချင်သော၊ လူငယ်များသိသင့်သော ဗုဒ္ဓဘာသာဆိုင်ရာ သဘောအယူအဆများကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းစုံစမ်းသူ ဖြစ်လာသည်။

ထိုအခါ ဤဆွေးနွေးခန်းကို မိမိ၏ အမြင်ဖြင့် တင်ပြမလား၊ သမီးငယ် စောမြတ်ကလျာဆန်း၏ အမြင်ဖြင့် တင်ပြရမလားဆိုသော မေးခွန်းပေါ်လာ

http://www.dhammadownload.com



သည်။ ထိုမေးခွန်းအတွက် လိုအပ်သောအဖြေကို အကြောင်း(၄)ချက်အပေါ်မှာ တည်၍ စဉ်းစားဖွေရှာခဲ့ပါသည်။

(၁) ဓမ္မရုပ်စုံထဲမှာ လိုအပ်နေသော ဘာသာရေးနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ ဆောင်းပါးများကို လိုအပ်လျှင် လိုအပ်သလို၊ လိုအပ်သလောက် အကျွန်ုပ် (ဆန်းလွင်)က ဖြည့်စွက် ရေးသားနေရသည်။

(၂) ထိုသို့ ရေးသားရန်လိုအပ်သောကြောင့် ပါဝင်ရေးသား နေရသမျှ ဆောင်းပါးများကို 'ဆန်းလွင်'ကလောင်အမည် တစ်ခုတည်းဖြင့် ရေးသားလျှင် မဂ္ဂဇင်းစာဖတ်ပရိသတ်များအတွက် ငြီးငွေ့စရာ၊ ငြီးငြင်စရာ၊ အပြစ်မြင်စရာ ဖြစ်သွားနိုင်သည်။

(၃) ထိုအခါ ဆန်းလွင်၏ ကလောင်ကွဲများကို ဖန်တီးရန် လိုအပ်လာသည်။ ဤတွင် မိမိအနေဖြင့် **'ထေရဝါဒ အုတ်မြစ်များအဖွင့်'**ကို ရေးသားခြင်းထက် လူငယ်များကိုယ်စားရပ်တည်နေသူ သမီးငယ်ကသူ၏ခံစားချက်ဖြင့် ရေးသားတင်ပြခြင်းက ပို၍ နှစ်သက်စရာကောင်းလိမ့်မည်ဟု ယူဆခဲ့မိလေသည်။

(၄) ထိုအခါ 'ဆန်းလွင်'သည် စောမြတ်ကလျာဆန်း၏ နေရာသို့ရောက်သွားလေသည်။ ဤကား စာရေးခြင်းအတတ်ပညာဆိုင်ရာ ကြံစည်ဖန်တီးနည်းတစ်ရပ် ဖြစ်ပါသည်။

(၅) **'ထေရဝါဒ အုတ်မြစ်များအဖွင့်'** ကို ဆန်းလွင်၏ ကိုယ်ပွားကလောင်ရှင် စောမြတ်ကလျာဆန်းက ခံစားတင်ပြသောနည်းဖြင့် တင်ပြရန် ဆုံးဖြတ်ချက်ချခဲ့လေသည်။ ထိုကြောင့် ဓမ္မရုပ်စုံထဲတွင် ဤဆောင်းပါး ရေးသားစဉ်က ကလောင်အမည်မှာ 'စောမြတ်ကလျာဆန်း'ဖြစ်သွားလေသည်။

မူလ ရေးသားစဉ်အခါက ဤစာများသည် တစ်နေ့သောအခါ ဤကဲ့သို့ စာအုပ်တစ်အုပ် ဖြစ်လာလိမ့်မည်ဟု မျှော်မှန်းချက် မရှိခဲ့ပါ။ မဂ္ဂဇင်းဆောင်းပါးများအဖြစ် မဂ္ဂဇင်းထဲမှာပင် အိပ်ပျော်နေမည့် စာများသာ ဖြစ်လိမ့်မည်ဟု ထင်မြင်ခဲ့လေသည်။

သို့သော် တစ်နေ့သ၌ စာရေးဆရာ နန်းညွန့်ဆွေထံက စာတစ်စောင် ရောက်လာလေသည်။ အကျွန်ုပ်ရေးသားသော *ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း* စာအုပ်နှင့် ပတ်သက်၍ ခံစား သုံးသပ်ထားသောစာ ဖြစ်သည်။ ထိုစာ၏အဆုံးတွင် 'ဗိုလ်ဆန်းရေ၊ ဓမ္မရုပ်စုံထဲက စောမြတ်ကလျာဆန်းရဲ့ ဆောင်းပါးကလေးတွေကို စုစည်းပြီး စာအုပ်ထုတ်ရင် ဒီနေ့လူငယ် စာဖတ်ပရိသတ်အတွက် ကျေးဇူးများမှာပဲဗျာ'ဟု အကြံပြုထားလေသည်။

http://www.dhammadownload.com



ဆရာနန်းညွှန့်ဆွေ၏ အကြံပြုချက်ကို ရရှိစဉ်က တစ်နေ့မှာ ဒီဆောင်းပါးကလေးတွေကို စာအုပ်ဖြစ်အောင် လုပ်နိုင်တဲ့အခွင့်အရေးပေါ်လာရင် ကောင်းမယ်ဟု တောင့်တစိတ်ကလေးတစ်ခု ဖြစ်ခဲ့ရဖူးလေသည်။ နောက် နယ်တွေကို ရောက်တော့ နယ်က စာဖတ်ပရိသတ်လူငယ်တွေကလည်း စောမြတ်ကလျာဆန်းနဲ့ ဆွေးနွေးခန်းတွေကို စာအုပ်ထုတ်သင့်ကြောင်း အကြံပေး ပြောဆိုကြလေသည်။

မိမိသည် ဘဝအတွေ့အကြုံအရ စိတ်အကြံနှင့် ကံအလှည့်ကို အမြဲသတိထား၍ စောင့်ကြည့်တတ်သူ ဖြစ်ခဲ့လေသည်။ စိတ်အကြံမှာ ကြံစည်တိုင်း ဖြစ်လေ့မရှိ၊ သို့သော် ကံအလှည့်ကား အလွန်ဆန်းကြယ်သည်။ ကံအလှည့်ကြုံသောအခါ မကြံစည်ဘဲနှင့်လည်း ဖြစ်လာတတ်သည်။

ယခုလည်း ကံအလှည့်ကြုံပြန်ပြီ။ စောမြတ်ကလျာဆန်းနှင့် ဆွေးနွေးခန်းများကို နန်းဒေဝီစာပေမှ ကိုရဲမြင့်တို့က စာအုပ်အဖြစ်ဖန်တီးရန် စိတ်အားထက်သန်လာသည်။ မိမိမှာ လူ့ဝတ်ကြောင်ကိုစွန့်ပြီး တောနေရဟန်းအဖြစ်ဖြင့် တောင်ငူ အုတ်တွင်းနယ်က တောတောင်တွေထဲမှာ နေခဲ့သည်မှာ ကာလအတန်ကြာခဲ့လေပြီ။ စိတ်ထဲမှာ လောကီနယ်က စာပေလောကကိုပါ အပြီးအပိုင်စွန့်ခဲ့ပြီးပြီဟု အောက်မေ့နေခဲ့လေသည်။ သို့သော် ဆွမ်းခံသွားရင်း ခြေထောက်ကို ဆူးကလေးတစ်ချောင်းစူးရာက ခန္ဓာကိုယ်ထဲ ပိုးဝင်ပြီး ဆီးချိုနှင့်တွေ့ရာ ခြေထောက်မှာ သွေးကြောပိတ်သောရောဂါ ဖြစ်လာသည်။ ခြေချောင်းပုပ်ပြီး ခြေထောက်ဖြတ်ရမည့်ကိန်း ကြုံလာသဖြင့် ရန်ကုန်မြို့သို့ သမားတော်များနှင့် ကုသခံရန် လာခဲ့ရလေသည်။

ထိုအချိန်တွင် ရန်ကုန်မြို့၌ စာပေခေတ်ဆန်းချိန်နှင့် ကြုံနေသည်။ မိမိရေးသားခဲ့သော စာများကို စာအုပ်ထုတ်ဝေချင်သူတွေ ရောက်လာကြသည်။ တိုက်တိုက်ဆိုင်ဆိုင် စောမြတ်ကလျာဆန်းနှင့် ဆွေးနွေးခန်းကို စာအုပ်ထုတ်ဝေရန် အစီအစဉ် ဖြစ်သွားလေသည်။

စာဖတ်သူများအား မေတ္တာရပ်ခံလိုသည်မှာ စောမြတ်ကလျာဆန်းသည် သမီးငယ်၏ အမည်ဖြစ်သော်လည်း စာရေးသူ၏ ကလောင်ပွားတစ်ခုပင် ဖြစ်ကြောင်း ဝန်ခံ၍ ဤစာကိုဖတ်သောအခါ စောမြတ်ကလျာဆန်း၏ ခံစားချက်ဖြင့် ရေးသားခဲ့သောအတိုင်း လူငယ်များဘက်က ရပ်တည်ခံစား၍ ဖတ်ရှုကြပါရန် မေတ္တာရပ်ခံ ပန်ကြားပါသည်။

မေတ္တာဖြင့်

**ဆန်းလွင်**

http://www.dhammadownload.com

# ဘုရားစင်နှင့် တရားအမြင်

ကျွန်မ နေ့စဉ်နေ့တိုင်း အိမ်က ဘုရားစင်ကို သန့်ရှင်းရေးနှင့် ပန်း၊ အမွှေးနံ့သာ၊ ဆီမီး၊ ဆွမ်းတော်နှင့် သောက်တော်ရေချမ်း ကပ်လှူခြင်း တာဝန်ကို ယူပါသည်။ ကျွန်မတို့အိမ်မှာ ဖေဖေ အဓိဋ္ဌာန်ဖြင့် ရရှိခဲ့သော ရှေးဟောင်း ဆင်ခံ ဘုရားတစ်ဆူ ရှိပါသည်။ ဉာဏ်တော်နှစ်ပေခန့် ရှိပါသည်။ ဆင်သုံးကောင် ခံပါသည်။ ပုဂံခေတ်လက်ရာနှင့် တူပါသည်။

နောက်ထပ် ဘုရားကိုးဆူလည်း ရှိပါသည်။ ဖေဖေ ဗုဒ္ဓဘာသာ ဖြစ်လာခါစ ကျွန်မ လူ့ပြည်သို့ မရောက်မီ ထိုဘုရားများကို ဖေဖေ့အား သိုက်ကပေးသည်ဟု ဆိုပါသည်။ ကျွန်မကိုလည်း မိဘများက သိုက်ကလာသည်၊ သိုက်နန်းရှင် ဖြစ်သည်ဟု ဆိုပါသည်။ ကျွန်မ၏ အမည်မှာ စောနန်းကြည် ဖြစ်ခဲ့ပြီး ရှမ်းဆက်ဖြစ်သည်ဟုလည်း ဆိုပါသည်။ အတိတ်ဘဝ အကြောင်းများကို ကျွန်မ မသိတော့ပါ။ မိဘများ ပြောပြချက်အရ ကျွန်မကို အုတ်ဖိုဆရာကြီး ဦးကျော်ဆွေက ငယ်စဉ်က သိုက်ကြိုးဖြတ်လိုက်သည်ဟု ဆိုပါသည်။ ဤအကြောင်းများကို ကျွန်မ ပြောပြနေခြင်းမှာ အကြောင်းရှိပါသည်။ ထိုအကြောင်းမှာ ကျွန်မ သိတတ်စ အရွယ်ကပင် ဘုရား တရား သံဃာကို ကြည်ညို မြတ်နိုးခဲ့ပြီး တစ်နေ့သောအခါ ကျွန်မ သာသနာပြုရလိမ့်မည်ဟု ယုံကြည် စွဲလမ်းနေခြင်း ဖြစ်ပါသည်။ ကလေးဘဝတုန်းကလည်း ကျွန်မ အလိုမကျဘဲ ငိုနေစဉ် အလှူခံပုဂ္ဂိုလ်ကြွလာလျှင် အငိုရပ်ပြီး လှူဖွယ်ဝတ္ထုတောင်းကာ လှူဒါန်းသည်။ လှူဒါန်းပြီးမှ ငိုခြင်းကို ပြန်ဆက်ငိုသည်ဟု လူကြီးမိဘများက ပြောပြကြသည်။

ကျွန်မအနေနှင့် မြတ်စွာဘုရားအား ပန်း၊ အမွှေးနံ့သာ၊ ဆီမီးတို့ဖြင့် ပူဇော်ဆက်ကပ် လှူဒါန်းနေရလျှင် အလွန် ကြည်နူးပါသည်။ သို့သော် ဘုရားစင်၌

http://www.dhammadownload.com



ဝတ်ပြု ပူဇော်ခြင်းကိစ္စ၏ အနက်အဓိပ္ပာယ်ကို ကျွန်မ သိသလားဆိုတော့ မသိပါ။ ကျွန်မ စိတ်ထဲတွင် အသိဉာဏ်ဟု မထင်ရှားသော ခံစားချက်တစ်ခုတော့ ရှိပါသည်။ ထိုခံစားချက်မှာ ကျွန်မတို့ ဗုဒ္ဓဘာသာ လူမျိုးများသည် နေ့စဉ် မိမိတို့အိမ်က ဘုရားစင်မှာဖြစ်ဖြစ်၊ ကျောင်းကန်ဘုရားက ဘုရားဆောင်မှာဖြစ်ဖြစ် သက်ရှိထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ တည်ထားကိုးကွယ်သော ဥဒ္ဒိဿစေတီ၊ ဓာတုစေတီတို့ကို ပူဇော်ကြခြင်းသည် ၊ဘုရား တရား သံဃာ၌ ကြည်ညိုသော သဒ္ဓါစိတ် စေတသိက်ကို ကိုယ်စားပြုသည်ဟု ခံစားမိခြင်း ဖြစ်ပါသည်။ သို့သော် သည့်ထက်ပို၍ လေးလေးနက်နက်တော့ မသိပါ။

တစ်နေ့သ၌ ကျွန်မ၏ဖေဖေ (ဦးဆန်းလွင်)က ကျွန်မ ဘုရားစင်ကို ပြုပြင် သန့်ရှင်းပြီး ပန်း၊ ဆီမီး၊ အမွှေးနံ့သာ၊ သောက်တော်ရေချမ်း၊ ဆွမ်းတော်များ ကပ်လှူပြီးသောအခါ ကျွန်မကို မေးပါသည်။

○ သမီးက ရုပ်တုကို ကိုးကွယ်ဆည်းကပ်နေတာလား။

ဖေဖေ၏ မေးခွန်းသည် ကျွန်မ၏ စိတ်ကို တုန်လှုပ်စေပါသည်။ ကျွန်မ ရုပ်တုကို ကိုးကွယ်နေခြင်း မဟုတ်မှန်းတော့ ကျွန်မ သိပါသည်။ သို့သော် ဖေဖေ့ မေးခွန်းကို ကျွန်မ ချက်ချင်းအဖြေပေးရန် မလွယ်ပါ။

● သမီးစိတ်ထဲတော့ သက်ရှိထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီး လှူဒါန်း နေရသလိုပါပဲ ဖေဖေ၊ အမှန်ကို ပြောရရင်တော့ သမီး ပူဇော်နေတာရဲ့ အနက်အဓိပ္ပာယ်ကို တိတိကျကျ မသိပါဘူး၊ မိဘရိုးရာ ထုံးတမ်းစဉ်လာတစ်ခု အနေနှင့် လုပ်ပါတယ်။ သမီး ခံစားမိတာကတော့ ဒီလို နိစ္စဓူဝ တာဝန်ကြီး တစ်ခုလို လုပ်နေရပေမယ့် သမီး စိတ်ထဲမှာ ဒီလိုလုပ်ရတာကို ဝန်မလေးပါဘူး၊ ဝန်မလေးတဲ့အပြင် ဘုရားကို ပန်းနံ့သာ ဆီမီးများနှင့် ပူဇော်ရတာကိုလည်း ကြည်နူးပါတယ်၊ ဒီဝတ္တရား ပျက်ကွက်သွားမှာကိုလည်း စိုးရိမ်ပါတယ်၊ ဒါ သမီးရဲ့ ရင်ထဲမှာဖြစ်တဲ့ ခံစားချက်ပါ ဖေဖေ။ ဘုရားစင်မှာ ပန်းတွေဝေဆာပြီး လှနေရင် သမီး သိပ်စိတ်ချမ်းသာပါတယ်၊ နောက်ပြီး သမီး စိတ်ထဲမှာ ထင်မြင် နေတဲ့ အစွဲအလမ်းတစ်ခုလည်း ရှိပါတယ်၊ အဲဒါကတော့ ဘုရားစင်မှာ ပန်းတွေ ညှိုးပြီး ဖုန်တွေတက်နေရင် အမွှေးနံ့သာတွေနှင့် ထုံမွှေးမနေရင် သမီးတို့မှာ စီးပွား လာဘ်လာဘ မတက်နိုင်ဘူး၊ ဘုရားစင် လှပတင့်တယ်နေရင် သမီးတို့လည်း လှပ တင့်တယ်နေမှာပဲလို့ ထင်ပါတယ် ဖေဖေ။

○ ဖေဖေက ရုပ်တုကို ကိုးကွယ်နေတာလားလို့ မေးတာ အဲဒါ သိချင်လို့ မေးတာပဲ သမီးရဲ့၊ ဖေဖေ ဗုဒ္ဓဘာသာဖြစ်လာဖို့ ကိစ္စမှာ ရုပ်တုကိုးကွယ်ခြင်း

http://www.dhammadownload.com



ပူဇော်ပသခြင်းဆိုတဲ့ ကိစ္စနစ်ရပ်ဟာ တော်တော် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့တယ်၊ အင်္ဂလိပ်လိုတော့ ဒါကို Ritualiasm ပူဇော်ပသမှု အလေ့အထလို့ ခေါ်တယ်။ ဘုရားစင်မှာ ပူဇော်ခြင်းရဲ့ တရားအမြင်ကို မပေါက်ရင် ဒါဟာ လောကီအကျိုးစီးပွားကို မျှော်လင့်ပြီး ဆောင်ရွက်တဲ့ကိစ္စ သက္ကာယဒိဋ္ဌိ ဖြစ်သွားနိုင်တယ်။ ဖေဖေတို့ ဗုဒ္ဓမြတ်စွာဘုရားက ကယ်တင်ရှင် နတ်ဘုရားမျိုး မဟုတ်ဘူးနော်၊ ဒါက သမီး ကောင်းကောင်းသဘောပေါက်ထားရမယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ ဖန်ဆင်းရှင်လည်း မဟုတ်ဘူး၊ နတ်မဟုတ်တဲ့အတွက် လောကီကိစ္စတွေမှာ မ စ တာတို့လို လာဘ သက္ကာယကိစ္စတွေကိုလည်း ဘာမှ မလုပ်ဘူး။ ပြီးတော့ မြတ်စွာဘုရားက ပရိနိဗ္ဗာန် ပြုသွားပြီ၊ ဒါကြောင့် မြတ်စွာဘုရားကို ပူဇော်တာဟာ ဘုရားရဲ့တရားတွေကို ပူဇော်တာ၊ ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကို ပူဇော်တာပဲ ဖြစ်ရမယ်။ ရုပ်တုကို မစွဲလမ်းရဘူး၊ ငါ့ကို ဘုရား မ မှာပဲ၊ ငါဘုရားကို မပူဇော်ရင် ဘုရားက မ,မစဘဲ နေမယ်ဆိုတဲ့ 'ငါ'စွဲကိုရော ဘုရား မစတယ်၊ ဘုရားက ကယ်တင်တယ်၊ ဘုရားက လာဘ်လာဘရအောင် ဆောင်ရွက်ပေးတယ်ဆိုတဲ့ အယူအစွဲတွေကိုရော သမီး ခေါင်းထဲမှာ ပျောက်သွားအောင် ဖျောက်ဖျက်ပစ်ရမယ်နော်။

● ဒါဖြင့် သမီး ဘယ်လိုပူဇော်ဝတ်ပြုရမလဲ ဖေဖေ။

○ ခု အဲဒါကို ဖေဖေ ပြောချင်လို့ ဒီစကားကို စခဲ့တာပဲ။ ဖေဖေ ဖတ်ဖူးတဲ့ စာတစ်ခုထဲမှာ ရုပ်တုဆင်းတုတော်များကို တည်ထားကိုးကွယ်တာဟာ Idol ခေါ်တဲ့ ရုပ်ပွားဆင်းတုကို ပူဇော်ပသတာ မဟုတ်ဘူး၊ Ideal ဆိုတဲ့ ယုံကြည်ချက် စံနမူနာ ဂုဏ်ကျေးဇူးအဖြာဖြာကို ရည်မှန်းပြီး ပူဇော်တာလို့ ရှင်းပြထားတယ်။

ဒီနေရာမှာ လူတိုင်းနားလည်အောင် မြန်မာစကားရိုးရိုးနှင့် ပြောရရင်တော့ ပညတ်နှင့် ပရမတ်ကွဲရမယ်၊ ရုပ်တု(ဗုဒ္ဓ)ဆိုတဲ့ ပညတ်ကို စွဲမထားရဘူး၊ 'အရဟံ သမ္မာသမ္ဗုဒ္ဓေါ'လို့ သမီး ရွတ်ဆိုနေတဲ့ ဘုရားရဲ့ဂုဏ်တော် ကျေးဇူးတော်တွေကိုပဲ နှလုံးသွင်းရမယ်။ ဗုဒ္ဓါနုဿတိလို့ဆိုတဲ့ ဘုရားဂုဏ်တော်ကို အစဉ်အမြဲ အထပ်ထပ် အခါခါ အောက်မေ့ခြင်းဖြင့် ကမ္မဋ္ဌာန်းဖြစ်စေတယ်။

● ပန်းနံ့သာ၊ ဆီမီးပူဇော်တာရဲ့ အဓိပ္ပာယ်ကကော ဖေဖေ။

○ အဲဒါကို ဆက်ပြောမလို့ပဲ၊ ဘုရားကို ပူဇော်ရာမှာ ပါဝင်တဲ့ ပန်းနံ့သာ၊ ဆီမီး၊ သောက်တော်ရေချမ်း၊ ဆွမ်းတို့ရဲ့ သဘောအနက်ကို သမီး သိရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာမှာ အဓိပ္ပာယ်မရှိတာဆိုလို့ ဘာတစ်ခုမှ မပါလို့ပါဘဲ သမီးရဲ့။ ဘုရားကို ပူဇော်ရာမှာ အမွှေးနံ့သာ၊ ပန်း၊ ဆီမီးများနှင့် ပူဇော်ကြတာဟာ ဗုဒ္ဓဘာသာဝင်များရဲ့ ဓလေ့ထုံးစံ ဖြစ်နေပါပြီ။

http://www.dhammadownload.com



ဒီပူဇော်ဖွယ် ပစ္စည်းများနှင့် ပူဇော်တာဟာ သွယ်ဝိုက်သော နည်းနှင့် ဘာဝနာတရား ပွားများတာဖြစ်တယ် သမီးရဲ့။ အလင်းဓာတ် ထွန်းညှိပူဇော်လိုက်ခြင်း အားဖြင့် ဗောဓိဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပါလို၏ ဆုတောင်း ပတ္ထနာပြုလိုက်တာ ဖြစ်တယ်။ အလင်းဓာတ်ဟာ ထူးမြတ်တဲ့ ဉာဏ်ကို ကိုယ်စားပြုတယ်။

● အမွှေးနံ့သာတိုင်တွေနှင့် ပူဇော်တာကကော ဖေဖေ။

○ အမွှေးနံ့သာတိုင်ကို ထွန်းညှိပူဇော်တဲ့အခါ များသောအားဖြင့် သုံးတိုင် ပူဇော်ကြတယ်။ ဒါက ရတနာသုံးပါးကို အာရုံပြုတာ၊ ဗောဓိဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့အတွက် ကာယကံ ဝစီကံနှင့် မနောကံကို စောင့်ထိန်းခြင်းဆိုတဲ့ သီလ သမာဓိက အခြေခံဖြစ်တယ်။ အမွှေးရနံ့သာဟာ သီလဂုဏ် သမာဓိဂုဏ်ကို ကိုယ်စားပြုပါတယ် သမီး။ သီလရှိတဲ့ပုဂ္ဂိုလ်၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်ရဲ့ ဂုဏ်သတင်းဟာ အရပ်ထက်ဝန်းကျင်ကို ပန်းရနံ့များ မွှေးပျံ့သွားသလို ပျံ့နှံ့တတ်တယ်။ အမွှေးနံ့သာဟာ သီလ သမာဓိကို ကိုယ်စားပြုတယ်ကွယ့်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး ဒီသဘောတရားတွေကို လုံးလုံး မသိခဲ့သေးပါဘူး၊ ပန်းနှင့် ပူဇော်တာရဲ့ အဓိပ္ပာယ်ကကော ဖေဖေ။

○ ပန်းနှင့် ပူဇော်တဲ့အခါ ပန်းတွေကို သမီးရဲ့ လက်အုပ်ချီထားတဲ့အထဲမှာ ကိုင်စွဲပြီး ပူဇော်တယ် မဟုတ်လား၊ အဲဒီအချိန်မှာ နှလုံးသွင်းရမယ့် ထင်ရှားတဲ့ တရားကတော့ အနိစ္စတရားပဲ သမီး။ ဒီပန်းတွေဟာ အခု လန်းဆန်းနေပေမယ့် တိုတောင်းတဲ့ အချိန်အတွင်းမှာ ညှိုးနွမ်းသွားပါလိမ့်မယ်။ ပန်းရဲ့ အလှတရားဟာ အနိစ္စတရားနှင့် နီးစပ်လွန်းတယ်၊ ပျက်တာ မြန်ဆန်တယ်၊ ဒီနေ့ လန်းဆန်းနေတာ မနက်ဖြန်ကျ နွမ်းသွားတော့မယ်၊ ခုမွှေးပျံ့တဲ့ ရနံ့ကလည်း မနက်ဖြန်ဆို နံစော်သွားမယ်၊ ဒီလက္ခဏာကို ခန္ဓာမှာ ရှုတတ်ရမယ်။ လောကမှာ ဖြစ်ပြီးပျက်သွားတဲ့ မမြဲတဲ့ တရားအနိစ္စဓမ္မကို ဆင်ခြင်တတ်အောင် အားထုတ်ရမယ်။ ဒီလို ကမ္မဋ္ဌာန်းတရား ပွားများပြီး ဘုရားကို ပူဇော်တတ်မှသာ ဗုဒ္ဓနည်းကျ ဘုရားပူဇော်ခြင်း အစစ်အမှန် ဖြစ်ပါတယ် သမီး။

● သမီး ခုသဘောပေါက်ပါပြီ ဖေဖေ၊ ဘုရားကို သောက်တော်ရေချမ်းနှင့် ဆွမ်းပူဇော်တာကကော။

○ ဒါက ဘုရားသုံးဆောင်ဖို့အတွက် ပူဇော်တာမဟုတ်ဘူး၊ ဘုရားက ဆွမ်းလည်း မစားတော့ဘူး၊ သောက်တော်ရေချမ်းကိုလည်း မသုံးဆောင်တော့ပါဘူး၊ ဘုရား ပရိနိဗ္ဗာန် ပြုသွားပြီပဲ။ ဒါဖြင့် ဖေဖေတို့ ဘာကြောင့် ပူဇော်နေကြတာလဲ၊ ဒီမှာ ထူးခြားတဲ့ အဓိပ္ပာယ်ရှိတယ်၊ ဒါက ဘာလဲဆိုတော့ ဖေဖေတို့ ဗုဒ္ဓဘာသာ

http://www.dhammadownload.com



လူမျိုးများဟာ ဘုရား တရား သံဃာကို ဦးထိပ်ထားတယ်၊ ဦးစားပေးတယ်၊ ဘုရား တရား သံဃာကို အဦးမထားဘဲ ဘာကိုမှ မသုံးဆောင်ဘူး၊ မစားဘူး၊ မသောက်ဘူး၊ ဒါက ကြည်ညိုခြင်း သဒ္ဓါရဲ့ အနက်ပဲ။ မြတ်စွာဘုရားကို မိမိတို့ ရတတ်သမျှရဲ့ အကောင်းဆုံးအမြတ်ဆုံးတွေနှင့် ပူဇော်တာဟာ လူတွင်ထင်ရှား မြတ်စွာဘုရားသည် အမြင့်ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်လို့ပေါ့။ နောက်တစ်ချက်ကတော့ ဘာပဲ ရတတ် ရတတ် ကိုယ်တစ်ဦးတည်း မသုံးဆောင်ဘူး၊ ဘုရား တရား သံဃာကို အမျှထားပြီး အများနှင့် မျှဝေပြီးမှ စားသောက် သုံးဆောင်တယ်၊ ဒါဟာ မွန်မြတ်တဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဓလေ့ထုံးစံပါပဲကွယ်။

- သမီး ဒီတရားအမြင်တွေကို ခုမှ သိရတာ ဝမ်းသာလိုက်တာ၊ သာဓုပါ ဖေဖေ၊ သာဓုနော်။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# ဩကာသနှင့် ဆုတောင်းအဖွင့်

တစ်နေ့သ၌ ကျွန်မ ဘုရားရှိခိုးကန်တော့ခန်းကို ရွတ်ဆိုနေစဉ် ဖေဖေက သူ့စာရေး စားပွဲပေါ်မှာ စာရေးနေပါသည်။ ထုံးစံအတိုင်း ကျွန်မက ဩကာသ ကန်တော့ခန်းကို ရွတ်ဆိုပါသည်။ ကျွန်မ ရွတ်ဆိုတဲ့ ကန်တော့ခန်းက ချမ်းမြေ့ ဆရာတော်ဘုရား စီရင်ထားတဲ့ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ စာအုပ်ထဲကပါ။ ကန်တော့ခန်း အပြည့်အစုံကို ဖော်ပြပါမယ်။

'ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာတည်း ဟူသော ရတနာမြတ်သုံးပါး(ဆရာသမား)တို့ကို အရိုအသေ လက်အုပ် မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

'ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ဝိပ္ပတ္တိတရားလေးပါး၊ဗျသနတရားငါးပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါး၊ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရလိုပါ၏ (အရှင်ဘုရား)'

ကျွန်မ ဘုရားရှိခိုး ဝတ်ရွတ်သောအခါတိုင်းမှာ ဒီကန်တော့ခန်းကို ရွတ်ဆို နေခဲ့တာ ကြာပါပြီ။ စိတ်ထဲမှာ ဒါဟာ ပြုအပ်တဲ့ ဝတ္တရားတစ်ခုပဲ၊ ထုံးစံ တစ်ခုပဲ ဆိုတဲ့ အသိအနေနှင့် ရွတ်ဆိုနေကျပါ။ ဒါပေမယ့် ဒီတစ်ခါကတော့ ဘာစိတ် ဘာလက် ပေါက်တယ်မသိဘူး၊ ဖေဖေက ကျွန်မ ဘုရားရှိခိုးအပြီးမှာ ကောက်ကာ ငင်ကာ မေးပါတော့သည်။

http://www.dhammadownload.com



○ သမီး ဘုရားရှိခိုး ဝတ်ရွတ်နေတာတော့ ကြာပြီ၊ ဒါပေမဲ့ ဖေဖေ မမေးမိဘူး၊ သမီး ခုရွတ်ဆိုနေတဲ့ ဩကာသကန်တော့ခန်းရဲ့ အဓိပ္ပာယ် အနှစ်သာရကိုကော နားလည်ရဲ့လား၊ သဘောပေါက်ရဲ့လား။

● ဘာဖြစ်လို့လဲ ဖေဖေ။

○ ဖေဖေက ဖေဖေ ငယ်ငယ်တုန်းကလို ဖြစ်နေမှာစိုးလို့။

● ဖေဖေ ငယ်ငယ်တုန်းက ဘယ်လိုဖြစ်ခဲ့လို့လဲ။

○ သမီး သိပါတယ်၊ ဖေဖေ့ မိဘများက ဗုဒ္ဓဘာသာ မဟုတ်ကြဘူး၊ သူတို့က အစ္စလာမ်ဘာသာကို ကိုးကွယ်ကြတာ။ ဖေဖေ ငယ်ငယ်တုန်းက မိဘများက ဘုရားရှိခိုးတတ်အောင်ဆိုပြီး အာရဗီ ဘာသာစကားတွေ သင်ခိုင်းတယ်၊ အာရဗီစာကို ရွတ်တတ် ဖတ်တတ်လာတယ်၊ ဒီတော့ ဘုရားရှိခိုး ကန်တော့ခန်းတွေ ဆိုတတ်လာတာပေါ့။ ဒါပေမဲ့ ကန်တော့ခန်းစာတွေ၊ ဘုရားရှိခိုးစာတွေကို နှုတ်ကတော့ တတွတ်တွတ် ရွတ်တတ်နေတယ်၊ ဘာအဓိပ္ပာယ် သိသလဲလို့ မေးရင်တော့ အဓိပ္ပာယ် အနှစ်သာရကို ဘာဆို ဘာမှ မသိဘူး၊ ရွတ်တတ်တာပဲ ရှိတယ်၊ သမီးလည်း ဖေဖေ့လို ဖြစ်နေမှာစိုးလို့ မေးရတာ။

ဤစကားကို ကြားရသောအခါ ကျွန်မ အမှန်ပင် တုန်လှုပ်မိပါသည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်မ အဖြစ်သည် ဖေဖေ ငယ်စဉ်က အဖြစ်နှင့် မခြားနားဟု ထင်ပါသည်။ ဖေဖေက အာရဗီ စာကို ရွတ်တတ်ပြီး အာရဗီ စကားအဓိပ္ပာယ်ကို နားမလည်သလို ကျွန်မလည်း ပါဠိဘာသာ ဘုရားရှိခိုးတွေ၊ ကန်တော့ခန်းတွေကို ရွတ်တတ်သည်သာ ရှိပါသည်။ အဓိပ္ပာယ် အနှစ်သာရကို သိလားဆိုတော့ ကျကျနန ပြည့်ပြည့်စုံစုံ မသိပါ။ (ကျွန်မလိုပင် အဓိပ္ပာယ် ပြည့်ပြည့်စုံစုံ မသိဘဲ ဘုရားကန်တော့နေကြသူတွေ ဘုရားရှိခိုး ရွတ်ဆိုနေကြသူတွေလည်း အများစုဖြစ်မည် ထင်ပါသည်။) ထိုအခါ ကျွန်မ ဝန်ခံရပါသည်။

● အမှန်ကို ဝန်ခံရရင်တော့ သမီးအဖြစ်ကလည်း ဖေဖေ ငယ်ငယ်တုန်းကလိုပါပဲ၊ ကန်တော့ခန်း၏ အဓိပ္ပာယ်ကိုတောင် ပြည့်ပြည့်စုံစုံ မသိပါဘူး၊ သမီးကို ကန်တော့ခန်းအဓိပ္ပာယ်ကစပြီး ရှင်းပြပါ ဖေဖေ။

○ အေး၊ သမီးက မသိရင် မသိဘူး ဝန်ခံတတ်တယ်၊ အဲဒါ သိပ်ကောင်းတာပဲ။ မသိဘဲနှင့် သိယောင်၊ မတတ်ဘဲနှင့် တတ်ယောင်ဆောင်တာဟာ သူတော်ကောင်းစိတ် မဟုတ်ဘူး သမီးရဲ့။ ကဲ-ဩကာသ က စကြပါစို့၊ သမီး ဩကာသ ဩကာသ ဩကာသလို့ စရွတ်တယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

http://www.dhammadownload.com



○ ဩကာသ ဆိုတာ ဘာအဓိပ္ပာယ်ရသလဲ၊ သမီး သိရဲ့လား။

● မသိပါဘူး ဖေဖေ၊ သမီး ကြားဖူးတာ ဩကာသလောက ဆိုတာ ကြားဖူးပါတယ်။

○ ဩကာသ ဆိုတာ အဲဒီ ဩကာသလောကကို ပြောတာ မဟုတ်ဘူး၊ ဒီနေရာမှာ ဩကာသက ခွင့်တောင်းခြင်းအမှုကို ပြောတာ သမီးရဲ့၊ ဒါကြောင့် ဩကာသ ဩကာသ ဩကာသလို့ ခွင့်တောင်းခြင်းအမှုကို ပြုတာ။

● ဩကာသကို ဘာဖြစ်လို့ သုံးကြိမ် ဆိုတာလဲ ဖေဖေ။

○ ခွင့်ပြုတော်မူပါ၊ ခွင့်ပြုတော်မူပါ၊ ခွင့်ပြုတော် မူပါလို့ သုံးကြိမ် ဆိုတာက လေးနက်စေလိုတဲ့ သဘော၊ ထင်ရှား ပျံ့နှံ့စေလိုတဲ့ သဘော၊ အရေးတကြီး လျှောက်ထားလိုခြင်းသဘောကို ဖော်ပြဖို့အတွက် သုံးကြိမ် ရွတ်ဆိုတာပဲကွယ်။

● ကျေးဇူးတင်လိုက်တာ ဖေဖေရယ်၊ သမီးဖြင့် ခုမှပဲ ဉာဏ်ပွင့်သွားသလို ခံစားရပါတယ်။

○ ဟုတ်တယ်၊ မသိခြင်း အဝိဇ္ဇာဆိုတာ အမှောင်လိုပဲ ပိတ်ဆို့နေတတ်တယ်။ သိခြင်း ဝိဇ္ဇာဆိုတာက အလင်းလိုပဲ စိတ်ရဲ့ လွတ်လပ်စေခြင်းကို ဖြစ်ပေါ်စေတာ အမှန်ပါပဲ။ ဒီတော့ ဩကာသဆိုတာ လျှောက်ထားခွင့်ပြုပါ ဘုရားလို့ ခွင့်ပန်တာနော်။

● ဘာကို လျှောက်ထားတာလဲ ဖေဖေ။

○ ရှိခိုးခြင်းအမှုကို ပြုလိုကြောင်း လျှောက်ထားတာလေ။

● သြော်၊ ဟုတ်ကဲ့။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး(ဆရာသမား)တို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ချင်လို့ ခွင့်တောင်းတာပေါ့နော်။

○ ဟုတ်ပါတယ်၊ အဲဒီလို ရတနာသုံးပါးကို ဘာဖြစ်လို့ ရှိခိုးရတာလဲ၊ သမီး သိရဲ့လား။

● ကာယကံ ဝစီကံ မနောကံနှင့် ပြုခဲ့တဲ့ အပြစ်တွေ ပပျောက်ဖို့အတွက် မဟုတ်လား ဖေဖေ။

○ အကြမ်းအားဖြင့်တော့ ဟုတ်တယ်၊ သို့သော် ကာယကံ ဝစီကံ မနောကံနှင့် ပြုခဲ့တဲ့ အပြစ်တွေကို ဘာဖြစ်လို့ ပပျောက်ချင်တာလဲ၊ ဘာကို ကြောက်လို့လဲ။

● သြော်၊ သတိရပြီ ဖေဖေ၊ အပါယ်ဘေးကို ကြောက်လို့ပါ။

http://www.dhammadownload.com



○ ဟုတ်တယ်၊ အပါယ်ဘေးကို ကြောက်လို့ ရှိခိုးတာ မှန်တယ်၊ ဒီတော့ အပါယ်ဘေးဟာ ကြောက်စရာကောင်းသလား၊ အပါယ်ဆိုတာ ဘာကို ဆိုလိုတာလဲ။

● အပါယ်ဘေး၊ အပါယ်ဘဝဟာ ကြောက်စရာကောင်းပါတယ် ဖေဖေ၊ အပါယ်ဘေးဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ကို ပြောတာ မဟုတ်လား ဖေဖေ။

○ ဟုတ်တယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ သဘောကိုကော သိရဲ့လား သမီး။

● တိတိကျကျတော့ မသိပါဘူး ဖေဖေ၊ အဓိပ္ပာယ် အနှစ်သာရပါအောင် ပြောပြပါ ဖေဖေ။

○ ဟုတ်တယ်။ အပေါ်ယံသိလို့ မဖြစ်ဘူး၊ အပါယ်ဘေးဟာ ကြောက်စရာ ကောင်းတယ်ဆိုတာ သိမှ တကယ်ကြောက်မှာ၊ မှတ်ထားနော် သမီး၊ ငရဲဆိုတာ ချမ်းသာဟူသမျှ မြူမျှမရှိ၊ ဆင်းရဲခြင်းအတိ ဖြစ်လို့ ငရဲ ခေါ်တာ။

● အို သမီး စိတ်ထဲ ငရဲဆိုတာ ဆိပ္ပူအိုးထဲ အကြော်ခံရတာပဲ ထင်နေတယ် ဖေဖေရယ်။

○ ဒါက လူပြိန်းနားလည်အောင် ပြောကြတဲ့ အစဉ်အလာ ဆိုရိုးစကားမျိုးပါ သမီးရဲ့၊ တိရစ္ဆာန်ရဲ့ အဓိပ္ပာယ်ကော သိရဲ့လား။

● တိရစ္ဆာန်ဆိုတာ အိပ်မှု၊ စားမှု၊ မေထုန်မှုကိုပဲ သိလို့ တိရစ္ဆာန်ဆိုတာ မဟုတ်လား။

○ အဲဒါက စကားလုံးအနက် အင်္ဂလိပ်လိုတော့ etymological meaning ခေါ်တယ်၊ အဘိဓမ္မာအနက် မဟုတ်ဘူး။

● အဘိဓမ္မာအနက်က ဘယ်လိုရသလဲ ဖေဖေ။

○ အတွေးအခေါ်သဘောအရတော့ တိရစ္ဆာန်ဆိုတာ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဖီလာဖြစ်တဲ့ ဘဝကို ခေါ်တာ။

● ပြိတ္တာကကော ဖေဖေ။

○ ချမ်းသာခြင်းမှ ကင်းဝေးလို့ ပြိတ္တာလို့ ခေါ်တာ။

● အသူရကာယ်ဆိုတာကကော ဖေဖေ။

○ အစိုးရမှု၊ မြူးထူးပျော်ပါးမှု စသည်တို့မှာ နတ်တွေလို မတောက်ပနိုင်လို့ အသူရကာယ် (အသုရကာယ နတ်)လို့ ခေါ်တာ၊ အဲဒါ အပါယ်လေးပါးပဲ သမီးရဲ့။ ဒီအပါယ်ဘေးကို ကြောက်လို့ ဘုရားရှိခိုးကြတာဆိုတော့ ရှိခိုးရင်

http://www.dhammadownload.com



အပါယ်ဘေးက လွတ်သလား၊ ပြီးတော့ အပါယ်ဘေးက သမီးတို့ကို ဆွဲချနေလို့ ကြောက်တာလား၊ ဒါကိုလည်း ခွဲခြားသိရမယ်။

● အပါယ်ဘေးက ဆွဲမချပါဘူး ဖေဖေ၊ ဒါပေမယ့် သမီးတို့ ပြုခဲ့ကြတဲ့ ကာယကံ ဝစီကံ မနောကံဆိုတဲ့ အပြစ်တွေက သမီးတို့ကို အပါယ်ရောက်အောင် တွန်းချတဲ့ကံတွေ မဟုတ်လား၊ ဒီကံတွေ ပြုခဲ့ကြမိလို့ ကြောက်တာပါ ဖေဖေ။

○ မှန်ပါတယ် သမီး၊ မည်သူမပြု မိမိမှုပဲ၊ မိမိက အပြစ်ဒုစရိုက်တွေ၊ အကုသိုလ်တွေကို ပြုခဲ့ကြမိလို့ ကြောက်ကြရတာပဲ။ သို့သော် ရတနာသုံးပါးကို ခု ရှိခိုးပြီး အပါယ်ဘေးကလွတ်အောင် အားကိုးအားထားနှင့် ဆုတောင်းကြတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ ရတနာသုံးပါးကို ရှိခိုးတယ်၊ ယုံကြည်ဆည်းကပ်တယ်ဆိုရင် အပါယ်ဘေးက လွတ်သလား။

● လွတ်တယ်လို့တော့ ပြောတာပဲ ဖေဖေ၊ အပြည့်အဝ လွတ်မလွတ်တော့ သမီး မသိပါဘူး။

○ အပါယ်ဘေးက အပြီးတိုင်တော့ မလွတ်ဘူး၊ ဒါပေမဲ့ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်တဲ့ စေတနာကံကြောင့်တော့ အပါယ်တံခါးတစ်ဘဝအတွက် ပိတ်ပြီး ဒုတိယဘဝမှာ လူ့ဘဝ၊ နတ်ဘဝကို ရနိုင်တယ်။ တကယ် အပါယ်သံသရာက လွတ်မြောက်ဖို့ကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကသာ တတ်နိုင်ပါတယ် သမီး။ ဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရမီ ကြားကာလမှာ အပါယ်မကျအောင် နေနည်းကိုလည်း သိရမယ်နော်။

● ပြောပြပါဦး ဖေဖေ။

○ အဲဒါကတော့ ငါးပါးသီလ မြဲအောင် နေရမယ်။

● ငါးပါးသီလ ဘယ်အခါမှ မြဲမလဲ ဖေဖေ။

○ သမီးမေးတာ အရေးကြီးတယ်၊ အဲဒါ သိဖို့ သိပ်လိုတယ်၊ ပုထုဇဉ် အကန်းသက်သက်ကတော့ ဘယ်တော့မှ ငါးပါးသီလ မမြဲဘူးကွယ်၊ အဲဒါကြောင့် အနည်းဆုံး ကလျာဏပုထုဇဉ်(စူဠ သောတာပန်)ဖြစ်အောင် လုပ်ရမယ်၊ ဒီအခါကျမှ ပုထုဇဉ်ဟာ အရိယာလမ်းပေါ်ကို ရောက်တယ်၊ ငါးပါးသီလ မြဲပြီး သရဏဂုံ တည်စပြုပြီလို့ ဆိုနိုင်တယ်။

● ကလျာဏ ပုထုဇဉ်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဖေဖေ။

http://www.dhammadownload.com



○ ရုပ်နာမ်ကို သိတဲ့ဉာဏ်၊ ပဋိစ္စသမုပ္ပာဒ်ကို သိတဲ့ဉာဏ်ရအောင် ဝိပဿနာတရား အခြေခံများကို အားထုတ်ရမယ်။ အဲဒါ ဉာဏ်နှစ်မျိုး၊ ရုပ်နာမ်ကို သိတဲ့ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ရုပ်၊ နာမ်၊ ဖဿ၊ ဝေဒနာ၊ တဏှာတွေ ဖြစ်ရတဲ့ အကြောင်းကို သိတဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်လို့ ခေါ်တယ်၊ ဒါကို ရရင် လူမှာ ငါးပါးသီလ မြဲတယ်။ ဒီလို မြဲသွားရင် အပါယ်လေးပါးကလည်း လွတ်တယ်။ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား တွေကလည်း လွတ်တယ်။ အဲဒီတရားတွေဟာ ဘာတွေလဲ ဆိုတာကော သမီး သိရဲ့လား။

● မသိသေးပါဘူး ဖေဖေ။

○ ကပ်သုံးပါးဆိုတာ အစားအစာ ငတ်မွတ်ခေါင်းပါးလို့ သေကျေ ပျက်စီးရတဲ့ အဖြစ်ဆိုးအခါကာလ၊ ဒါကို ဒုဗ္ဘိက္ခန္တရကပ်လို့ ခေါ်တယ်။ လောဘရမ္မက် ကြီးတဲ့အတွက်ကြောင့် ဒီကပ်မျိုး ဆိုက်ရတယ်။ နောက် လက်နက်ကြီးငယ်မျိုးစုံကို စွဲကိုင်ပြီးတော့ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်တဲ့ အခါကာလကိုတော့ သတ္တန္တရ ကပ်လို့ ခေါ်တယ်။ စစ်ဖြစ်နေတဲ့ အချိန်မျိုးပေါ့။ ဒါက ဒေါသအမျက်ကြီးလို့ ဖြစ်ကြရတာ။ နောက်ဆုံးကပ်က အနာရောဂါတွေ ကျရောက်တဲ့အတွက် လူတွေ အစုလိုက်အပြုံလိုက် သေကျေ ပျက်စီးရတဲ့ အချိန်အခါကို ရောဂန္တရကပ်လို့ ခေါ်တယ်။ ဒါက လူတွေမှာ ပညာမရှိ၊ မောဟတရားတွေ ဖုံးလွှမ်းနေတဲ့အခါ ဖြစ်တတ်တယ်။ ရှေးက လူတွေမှာ ဆေးပညာတွေ မရှိသေးတုန်းက ကပ်ရောဂါကြီးတွေ ကျခဲ့သလိုပေါ့ကွယ်၊ ရှင်းပြီလား။

● ရှင်းပါပြီ ဖေဖေ၊ ကပ်ဆိုတာက ကာလအပိုင်းအခြားကို ပြောတာနော်။

○ မှန်ပါတယ် သမီး၊ ကပ်သုံးပါးက အချိန်ကာလ time နှင့် ဆိုင်တယ်။ ရပ်ပြစ်ရှစ်ပါးဆိုတာက space နေရာဒေသနှင့် ဆိုင်တယ်။

● ရပ်ပြစ်ရှစ်ပါးကိုလည်း သမီး မသိဘူး ဖေဖေ၊ ဘာကို ပြောတာလဲဟင်။

○ ရပ်ပြစ်ရှစ်ပါးဆိုတာ အပြစ်မကင်းတဲ့ အရပ်ရှစ်မျိုးကို ပြောတာပါ သမီးရဲ့။ မဂ်ဖိုလ်ကို ရနိုင်ခွင့် မရှိတဲ့ အရပ်ရှစ်မျိုးလို့ နားလည်ရမယ်။

● ရပ်ပြစ်ရှစ်ပါးကို ပြောပါဦး။

○ ကဲ–ပြောမယ်၊ လက်ချိုးရေထား။ ပထမက ငရဲ ဆိုတဲ့အရပ်၊ ဒုတိယက တိရစ္ဆာန် ဖြစ်ရတဲ့အရပ်၊ တတိယက ပြိတ္တာ ဖြစ်ရတဲ့အရပ်၊ စတုတ္ထက အသုရကာယလို့ ခေါ်တဲ့ အရူပဘုံ၊ အသညသတ် ဗြဟ္မာဘုံဟာလည်း မဂ်ဖိုလ် မရနိုင်ဘူး၊ ရပ်ပြစ်ရှစ်ပါးထဲပါတယ်၊ ဗြဟ္မာဖြစ်တိုင်း ကောင်းတယ်လို့ မထင်နှင့်နော်။

http://www.dhammadownload.com



နောက် ပဌမအရပ်က ပစ္စန္တ ရောပ ပစ္စန္တ ရစ်လို့ခေါ်တဲ့ ယဉ်ကျေးမှုခေါင်းပါးတဲ့အရပ်၊ လူရိုင်းတွေ နေတဲ့အရပ်၊ ရတနာသုံးပါး မရှိတဲ့အရပ်၊ ဘုရားမရှိ တရားမရှိ သံဃာ မရှိတဲ့အရပ်ဟာ အပြစ်ရှိတဲ့ အရပ်ပဲ၊ မဂ်ဖိုလ်ရကြောင်း တရားကင်းတယ်။ ဆဋ္ဌမ အရပ်ကတော့ ဝိကလိန္ဒြိယလို့ ခေါ်တယ်၊ ပဋိသန္ဓေနေကတည်းက ကျိုးကန်းဆွံ့အ လူစဉ်မမီတဲ့ဘဝမှာ ဖြစ်ရတာလည်း အပြစ်ရှိတဲ့အရပ်လို့ ခေါ်တယ်။ နောက်သတ္တမက မိစ္ဆာဒိဋ္ဌိ မှားယွင်းတဲ့အယူဝါဒကို ယုံကြည်စွဲလမ်းပြီး အယူမှားရဲ့ နောက်လိုက်ဖြစ်ရ တာဟာလည်း မဂ်ဖိုလ်ရကြောင်း ကင်းဆိတ်လို့ ရပ်ပြစ်တစ်ပါးပဲကွယ်။ နောက်ဆုံး ရှစ်အချက်က ဗုဒ္ဓ သုညောတိဟောတုကော အရပ်တဲ့၊ ဘုရားမရှိသော အချိန်မှာ တိဟိတ် ပဋိသန္ဓေနေသူဟာ အပြစ်ရှိတဲ့အရပ်ကို ရောက်ရာမည်တယ်။ ဒီသဘော တွေကို သမီး ကောင်းကောင်း သဘောပေါက်အောင် ဆင်ခြင်ပါ။

● ဘုရားရှိတဲ့အချိန်ဆိုတာ ဘယ်အချိန်ကို ပြောတာလဲ၊ ခုသမီးတို့ ခေတ်မျိုးလား။

○ မဟုတ်ဘူး သမီး၊ ဒီအချိန်မှာ ဘုရားရော၊ တရားရော၊ သံဃာရော ရှိတယ်။ နောင် သာသနာဆိတ်သုဉ်းသွားတဲ့ အချိန်ရောက်မှ ဘုရားမရှိတဲ့ ကာလ၊ တရားမရှိတဲ့ကာလ၊ အဲဒီအချိန်မှာ တိဟိတ် ပဋိသန္ဓေ နေရသော်လည်း အဲဒါ အပြစ်မကင်းတော့ဘူး၊ သူ့မှာ မဂ်ဖိုလ် ရရာရကြောင်း အကျင့်ကောင်းကို မရနိုင် မသိနိုင်တော့ဘူး၊ ဒါကြောင့် ပြောတာ။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သာဓုပါနော်။

စကားစပ်မိလို့ ပြောရရင်တော့ ဖေဖေဟာ မိရိုးဖလာ ဗုဒ္ဓဘာသာ မဟုတ်ပါဘူး။ တခြားသော အယူဝါဒကို ကိုးကွယ်တဲ့ မိဘများက မွေးပြီး အသိဉာဏ် ရင့်ကျက်တဲ့ အခါကျမှ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်လာသူ ဖြစ်ပါတယ်။ ဒါကြောင့် ဖေဖေဟာ ဗုဒ္ဓဘာသာရဲ့ အခြေခံ အချက်အလက်တွေကို နှံ့နှံ့စပ်စပ် သိနေပါတယ်။ ကျွန်မလည်း အမှန်ပြောရရင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်လို့ ဆိုရမှာပါ။ ကျွန်မ လူ့ပြည်ရောက်တော့ မိဘများဟာ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်သူတွေ ဖြစ်နေကြပါပြီ။ ဒီတော့ ကျွန်မလည်း မိဘသင်ပေးသမျှကို အလိုက်သင့်လက်ခံနေပါတော့တယ်။ ဖေဖေ့လိုတော့ အစစအရာရာကို စူးစမ်းပြီးမှ လက်ခံတတ်တဲ့ အကျင့်မရှိခဲ့ဘူး ဆိုရမှာပါ။ ခု ကျွန်မ နားလည်စပြုတဲ့ အချိန် ရောက်တော့ ဖေဖေက ကျွန်မကို ဗုဒ္ဓဘာသာကို မစူးမစမ်း လက်ခံတဲ့ မျက်ကန်း ကိုးကွယ်သူ မဖြစ်ရအောင် သွန်သင်ညွှန်ပြပါတယ်။ ကျွန်မ ဖေဖေ့သမီး ဖြစ်ရတာ ဂုဏ်ယူပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါ ဖေဖေက မေးခွန်းတွေ မေးတဲ့အခါကျတော့

http://www.dhammadownload.com



ကျွန်မကိုယ် ကျွန်မ ရှက်တောင်ရှက်မိပါတယ်။ ဖေဖေ့သမီး ဖြစ်ပြီး ကျွန်မအသိ နံ့ချာနေလို့ပါပဲ။

အမှန်ကို ဝန်ခံရရင်တော့ ကန်တော့ခန်း ဩကာသနှင့် ဆုတောင်းထဲပါတဲ့ စကားရပ်အားလုံးရဲ့ အဓိပ္ပာယ်ကိုတောင် ကျွန်မ ကျကျနန နားမလည်ခဲ့ပါဘူး။ ရပ်ပြစ်ရှစ်ပါးအကြောင်းကိုလည်း ဖေဖေက ရှင်းပြမှပဲ ကျွန်မ သဘောပေါက်သွားပါတယ်။

○ သမီး ဘုရားရှိခိုးတဲ့အခါ ရပ်ပြစ်ရှစ်ပါးက လွတ်ရာလွတ်ကြောင်း ဆုတောင်း တယ်နော်၊ ပြီးတော့ ရန်သူမျိုးငါးပါးနှင့်လည်း မဆုံစည်းလိုကြောင်းကို ဆုတောင်းတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ ရန်သူမျိုးငါးပါးကိုတော့ သမီး သိမှာပေါ့။

● ဟုတ် ဟုတ်ကဲ့ပါ ဖေဖေ။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူလို့ မှတ်သားဖူးပါတယ်။

○ ဟုတ်တော့ ဟုတ်ပါတယ်။ အစဉ်အလာအားဖြင့်တော့ ဒီလို နားလည်ထား ကြတယ်၊ နားလည်တယ်ဆိုတာထက် မှတ်သားလာခဲ့ကြတယ်လို့ပြောရင် ပိုပြီး မှန်မယ်ကွယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စမှာ 'ရန်သူမျိုး'ဆိုတာ ဘယ်လို လူ၊ ဘယ်လို သတ္တဝါကို ရန်သူခေါ်ရသလဲ၊ ဒီအနက်အဓိပ္ပာယ်ကို အရင် ရှင်းရှင်း နားလည်မှဖြစ်မယ်။ နောက် စကားတစ်လုံးက 'မချစ် မနှစ်သက်သော သူ'ဆိုတာ ဘယ်လိုဟာလဲ၊ ဒါလည်း ရှင်းရှင်းသိမှဖြစ်မယ်။ ကဲ 'ရန်သူ'ဆိုတာ ဘယ်သူ့ကို ခေါ်တာလဲ၊ သမီး ရှင်းရှင်းသိရဲ့လား။

● မီးတို့၊ မင်းတို့၊ ရေတို့ စတာတွေကို ရန်သူခေါ်တာပဲ မဟုတ်လား ဖေဖေ။

○ ဟားဟားဟား ဩော်–သမီးနှယ်၊ ရေတို့ မီးတို့ဟာ ရန်သူဆိုရင် ဖေဖေတို့ဟာ ရေ မရှိဘဲ နေနိုင်သလား၊ မီး မရှိဘဲ နေနိုင်သလား စဉ်းစားကြည့်စမ်း၊ ရေဟာ မိတ်ဆွေလား၊ ရန်သူလား၊ မီးဟာ မိတ်ဆွေလား၊ ရန်သူလား။

● အင်း၊ ဖေဖေ ထောက်ပြမှပဲ သမီးခေါင်းထဲ အမြင်ရှင်းသွားတယ်။ သမီးတို့ ဘဝမှာ ရေဟာ အသက်သခင်ပဲနော်။ မီး မရှိရင် ဘဝဟာ နေလို့ ဘယ် ရတော့မလဲ၊ ဟုတ်တာပေါ့။ ဒါဆို ရှေးလူကြီးတွေက ဘာဖြစ်လို့ ရေ၊ မီး၊ မင်းကို ရန်သူစာရင်းထဲ ထည့်ခဲ့ကြတာလဲ ဖေဖေ။

○ အေး – အဲဒါကို ခု ရှင်းပြမယ်၊ ဘယ်ကိစ္စမဆို ယထာဘူတဉာဏ်ရဖို့ အရေးကြီးတယ်နော်။ ဖေဖေက ဒဿနသမားဆိုတော့ အမှုခပ်သိမ်းကို

http://www.dhammadownload.com



စဉ်းစားပြီး ယုတ္တိရှိမှ လက်ခံလိုတယ်။ ဒီတော့ ရေ၊ မီး၊ မင်း စသည်တို့ကို ဘာကြောင့် ရန်သူစာရင်းထဲ ထည့်ခဲ့ကြတာလဲ၊ ဒါကို သိဖို့အတွက် 'ရန်သူ'ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ပထမရှင်းရမယ်။

● ဟုတ်ကဲ့၊ စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊ ရှင်းပြပါ ဖေဖေ။

○ အမှန်ကတော့ ဘယ်အရာပဲဖြစ်ဖြစ် ဘေးဥပဒ်အန္တရာယ်ကို ပြုတတ်တယ်။ မိမိရဲ့ပျက်စီးခြင်းကို ဖြစ်စေတတ်တယ်ဆိုရင် အဲဒါဟာ ရန်သူပဲ။ ဒါကြောင့် ရှေးလူကြီးများက မိဘပဲဖြစ်ပါစေ သားသမီးကို လိမ္မာယဉ်ကျေးအောင် မဆုံးမဘူး၊ အသိပညာ အတတ်ပညာရအောင် မဆောင်ရွက်ဘဲ ပျက်ကွက်ရင် အဲဒီမိဘဟာ သားသမီးကို အန္တရာယ်ဖြစ်အောင် ပျက်စီးအောင်လုပ်တဲ့ မိဘဖြစ်လို့ 'မိဘတစ်လီ ရန်သူမည်တယ်'လို့ ဆိုတာပေါ့။

● ဟုတ်ပါတယ် ဖေဖေ။ ရေပဲဖြစ်ဖြစ်၊ မီးပဲဖြစ်ဖြစ်၊ မင်းပဲဖြစ်ဖြစ် ဥပဒ်အန္တရာယ်ကို မဖြစ်စေဘူးဆိုရင် ရန်သူလို့ ဘယ်သတ်မှတ်နိုင်မလဲနော်။

○ ဟုတ်တယ်၊ မသတ်မှတ်နိုင်ဘူး။ ဘေးဥပဒ် အန္တရာယ်ကိုဖြစ်စေတဲ့ ရေ၊ ဘေးဥပဒ်ဖြစ်စေတဲ့ မီး၊ ဘေးဥပဒ်အန္တရာယ်ကို ဖြစ်စေတဲ့ တရားမရှိတဲ့ မင်းမျိုးကိုသာ ရန်သူမျိုးငါးပါးထဲ ထည့်ရမယ်။ ဒါကြောင့် ရန်သူမျိုးငါးပါးဆိုတာ အကျဉ်းအားဖြင့်ဆိုရသော်လည်း ဥပဒ္ဒဝလို့ခေါ်တဲ့ ဘေးဖြစ်တဲ့ကိစ္စတွေ အားလုံးက ဒီစကားထဲ အကျုံးဝင်ပါတယ်ကွယ်။ ခုခေတ် ပေါ်ပေါက်တဲ့ မူးယစ်ဆေးတို့၊ အေအိုင်ဒီအက်စ်ရောဂါတို့ ဆိုတာဟာ ရန်သူတွေချည်းပဲ။ ဒီမှာ 'မချစ်မနှစ်သက်သောသူ'ဆိုတဲ့ စကားဟာလည်း နားလည်သင့်တဲ့ စကားပဲကွယ့်၊ ကျမ်းဂန်တွေထဲမှာတော့ အမွေခံသားဆိုး သမီးဆိုးတွေကိုပါ မချစ်မနှစ်သက်တဲ့လူ စာရင်းထဲ ထည့်တယ်။ ဒါ ဘာဖြစ်လို့ ထည့်သလဲ၊ ဒီလို သားသမီးဆိုးတွေဟာ မိဘကို ပျက်စီးအောင် အရှက်တကွဲ အကျိုးနည်းအောင် လုပ်တတ်လို့ ပြောတာပဲ။

● ဒီလိုဆိုရင် ရန်သူမျိုးဟာ ငါးပါးဘယ်ကမလဲနော် ဖေဖေ။

○ ဒါက ဆောင်ရလွယ်အောင် အကျဉ်းကိုသာ ပြတာပါကွယ်။ တကယ့်တကယ် ရေ၊ မီးကို ဥပဒ်ဖြစ်စေတတ်လို့ ရန်သူထဲထည့်ရင် ကဲ - လေမုန်တိုင်း၊ ဆိုင်ကလုန်းတွေကိုကော မထည့်သင့်ဘူးလား၊ လျှော်ဘေးကိုကော ချန်ထားလို့ ရမလား၊ ကမ္ဘာမှာ လျှော်ဒဏ်ကြောင့် အကြီးအကျယ်ပျက်စီးတာတွေ၊ လေဘေးကြောင့် အကြီးအကျယ် ပျက်စီးတာတွေဟာ နေ့စဉ်နှင့်အမျှ တွေ့ကြုံနေကြရ၊ ကြားသိနေကြရတာပဲ မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ၊ အမှန်တော့ ဘေးဥပဒ်အန္တရာယ်ကို ပြုတတ်တဲ့ သဘာဝအန္တရာယ်တွေဟာ သတ္တဝါတွေအဖို့တော့ ရန်သူတွေချည်းပါပဲ။

http://www.dhammadownload.com



○ အေး၊ အဲဒီလို အမြင်ကျယ်ကျယ် နားလည်ရမယ်။ ဒါမှသာ ယထာဘူတ ဉာဏ် ပေါ်လာမယ်။ နောက်ဝိပ္ပတ္တိတရားလေးပါးလို့ ဆိုတယ်မဟုတ်လား။

● ဟုတ်ကဲ့ ဆိုပါတယ် ဖေဖေ၊ ဝိပ္ပတ္တိဆိုတာ ဘာကိုဆိုတာလဲ ဖေဖေ။

○ အင်း၊ ဒီစကားဟာလည်း ကျယ်ကျယ်ဝန်းဝန်း သိဖို့ကောင်းတဲ့ စကားပဲကွယ်။

ဝိပ္ပတ္တိဆိုတဲ့ စကားဟာ သမ္ပတ္တိဆိုတဲ့ စကားရဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်။ သမ္ပတ္တိဆိုတာက စည်းစိမ်ချမ်းသာ ပြည့်စုံသောအကြောင်း၊ ပြည့်စုံခြင်းလို့ အဓိပ္ပာယ်ရတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ သမ္ပတ္တိဆိုတာ **Success, Prosperity glory, Magnificence** စတဲ့ ကောင်းမွန် မြင့်မြတ်ခြင်းသို့ရောက်တဲ့ သဘောတွေကို ပြောတာ၊ ဝိပ္ပတ္တိဆိုတာကတော့ ပျက်စီးဆုတ်ယုတ်စေတတ်တဲ့ အကြောင်းတရားတွေကို ပြောတာပေါ့ကွယ်။

● ဝိပ္ပတ္တိတရားလေးပါး ဆိုတာကော ဖေဖေ။

○ ဒါက (၁) ကာလဝိပ္ပတ္တိ၊ (၂) ဂတိ ဝိပ္ပတ္တိ၊ (၃) ဥပဓိ ဝိပ္ပတ္တိ၊ (၄) ပယောဂ ဝိပ္ပတ္တိလို့ ခေါ်တယ်။ ဒီမှာ ကာလဝိပ္ပတ္တိဆိုတာ ခေတ်ဆိုး ခေတ်ပျက်ကြီးထဲ လူလာဖြစ်ရတာမျိုးဆိုရင် မတိုးတက်နိုင်ဘူး၊ မကြီးပွားနိုင်ဘူးပေါ့။ နောက်ပြီး ဂတိ ဝိပ္ပတ္တိဆိုတာက ယုတ်ညံ့တဲ့ ဘုံဘဝမျိုးမှာ ဖြစ်ရတာ။ ဥပမာ အပါယ်လေးပါးမှာ ဖြစ်ရတာဟာ ဂတိ ဝိပ္ပတ္တိနှင့် ကြုံရတာပေါ့၊ ဘယ်တော့မှ ချမ်းသာခွင့်ကို မရနိုင်တော့ဘူး။ နောက်ပြီး ဥပဓိ ဝိပ္ပတ္တိဆိုတာက လူပင်ဖြစ်ရသော်လည်း ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းတဲ့လူ ဖြစ်ရတာမျိုးပေါ့။ လူစဉ်မမီသူတွေကို ပြောတာ၊ လောကမှာ ကိုယ်ချွတ်ယွင်းသူတွေ စိတ်ချွတ်ယွင်းသူတွေ ဖြစ်ရတာ ကောင်းမလား။

● ဘယ်ကောင်းပါ့မလဲ ဖေဖေ။

○ အေး၊ ဘယ်ကောင်းမလဲကွယ်။ နောက်ဆုံးတစ်ချက်ကတော့ ပယောဂ ဝိပ္ပတ္တိ ဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ အေးကွယ်၊ ဒါကတော့ အောင်မြင်ရေးမှာ လိုအပ်တဲ့ အထောက်အပံ့တွေ မရရှိတာ၊ အတတ်ပညာ မရှိတာတို့ လုံ့လ ဝီရိယမရှိတာတို့၊ ခေတ်စကားနှင့် ပြောရင် အရင်းအနှီးမရှိတာတို့ဟာ ပယောဂ ဝိပ္ပတ္တိတွေချည်းပဲ မှတ်ပါကွယ်။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ခေတ်မီ အတတ်ပညာ မရှိရင် ဒီခေတ်မှာ မကြီးပွားနိုင်ဘူး၊ မအောင်မြင်နိုင်ဘူး၊ အတတ်ပညာတော့ ရှိပါတယ်၊ လုံ့လ ဝီရိယ မရှိပြန်ရင်လည်း မအောင်မြင်ဘူး၊ မကြီးပွားဘူး။ ပြီးတော့ အတတ်ပညာလည်း ရှိဦး၊ လုံ့လ ဝီရိယလည်း ရှိဦး၊ အရင်းအနှီးမရှိ၊ ပစ္စည်းကိရိယာ မရှိပြန်ရင်လည်း

http://www.dhammadownload.com



လိုသောအကျိုးကို မပြီးစေနိုင်ဘူး၊ ကျွမ်းကျင်မှုတို့ ငွေကြေး အထောက်အပံ့တို့ ဆိုတာတွေ မရရှိရင် မအောင်မြင်ဘူး၊ ဒါကို ပယောဂ ဝိပ္ပတ္တိလို့ ခေါ်တာ။

● အို ဖေဖေရယ်၊ မြတ်စွာဘုရားက ဘဝရဲ့ ကိစ္စအားလုံးကို ထုတ်ချင်းခတ် သိမြင်တော်မူခဲ့ပေတာပဲနော်။ ပြည့်စုံလိုက်တာ၊ ဗျသနတရား ငါးပါး ဆိုတာကကော ဖေဖေ။

○ ဗျသနတရားငါးပါးဆိုတာက ပျက်စီးခြင်းတရားငါးပါးကို ပြောတာ။ အဲဒါကတော့ (၁) ဉာတိဗျသန ဆွေမျိုးတွေ ပျက်စီးဆုံးရှုံးတာ၊ (၂) ဘောဂဗျသန ဆိုတာက ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးတာ၊ (၃) ရောဂဗျသန ဆိုတာက အနာရောဂါ နှိပ်စက်လို ပျက်စီးတာ၊ (၄) သီလဗျသန ဆိုတာကတော့ လူတွေ အကျင့်ပျက်စီးသွားတာ၊ ပြီးတော့ (၅) ဒိဋ္ဌိဗျသန ဆိုတာက မှားယွင်းတဲ့ အယူဝါဒကို ယူမိလို့ ပျက်စီးဆုံးရှုံးရတာပဲကွယ်။ ဒီအချက်ဟာ သိပ်အရေးကြီးတယ်၊ တို့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ဟာ ဘယ်လောက် အံ့သြဖို့ကောင်းသလဲကွယ်၊ ဒီခေတ် ကမ္ဘာပေါ်မှာ မှားယွင်းတဲ့အယူဝါဒကို ယူခဲ့မိလို့ ပျက်စီးဆုံးရှုံးသွားတဲ့ နိုင်ငံတွေကို သမီး မြင်နေတာပဲ မဟုတ်လား၊ ဘုရားက ဒါကို ပဝေသဏီ ကာလကတည်းက မြင်တော်မူခဲ့တယ်။

● မြတ်စွာဘုရားဟာ လူသားတွေရဲ့ လောကီ၊ လောကုတ္တရာ ချမ်းသာကြောင်း တရားတွေ အပြည့်အစုံကို ဟောညွှန်ထားခဲ့တာပဲနော်။

○ အင်း၊ ဒိဋ္ဌိဗျသနဆိုတာ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတာ မျက်မှောက်ထင်ရှားပဲကွယ်။ ဒါကြောင့် ဖေဖေတို့ဟာ ဗုဒ္ဓမြတ်စွာကို ရိုသေ မြတ်နိုး လက်စုံမိုးပြီး ရှိခိုးနေကြရတာပေါ့။

● ဒီလို အပြစ်မျိုးတွေက ကင်းလွတ်ရအောင်လို့ ရတနာသုံးပါးကို ရိုသေစွာ ရှိခိုးကန်တော့နေကြရတာပေါ့နော် ဖေဖေ။

○ အမှန်တော့ ဒီလို ဒုက္ခဆင်းရဲများမှာ လွတ်ကင်းအောင် ကာယကံ၊ ဝစီကံ တွေကို ထိန်းသိမ်းပြီး ငါးပါးသီလကို ဆောက်တည်ပါ့မယ်လို့ ရတနာ သုံးပါးထံမှာ ကတိကဝတ်ပြုတာကို ဝန္ဒနာ ရှိခိုးကန်တော့ခြင်းလို့ ခေါ်တာပဲ သမီး။

● ခု သမီး သြကာသရဲ့ အနက်သဘောကို သိပါပြီ ဖေဖေ။ အသက်ထက်ဆုံး သီလ၊ သမာဓိ၊ ပညာကို ဆောက်တည်သူဖြစ်အောင် သမီးကြိုးစားပါတော့မယ် ဖေဖေ။

○ အေး၊ သာဓု သာဓု သာဓု။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်

ကျွန်မ နေ့စဉ် ဘုရားဝတ်ပြုပြီး ဂုဏ်တော်ကို ပွားများပါသည်။ တစ်နေ့တွင် ဖေဖေက မေးပါသည်။

○ သမီး၊ ခု ပွားများသရဇ္ဈာယ်နေတာ ဘာလဲ။

● ဂုဏ်တော်ပါ ဖေဖေ။

○ အေး၊ ဂုဏ်တော်ကို ပွားများတဲ့အခါ ဂုဏ်တော်တွေကို ရွတ်နေရုံနှင့် မပြီးဘူး သမီးရဲ့၊ ဂုဏ်တော် တစ်ခုချင်းကို နှလုံးသွင်းတတ်ဖို့လည်း လိုတယ်။ နောက်ပြီး ရွတ်ဆိုတဲ့အခါမှာလည်း ဘုရားဂုဏ်တော်ကိုးပါးစလုံးကို 'ဣတိပိသော ဘဂဝါ'ထည့်ပြီး ရွတ်ဆိုရမယ်။ 'ဣတိပိ'ဆိုတာက မိမိရဲ့ဉာဏ်မှာ ထင်လာတဲ့ အကြောင်းတစ်ခုကို ဖော်ပြတဲ့ ပါဠိပုဒ် ဖြစ်တယ်။ 'သောဘဂဝါ'က မြတ်စွာဘုရားကို ညွှန်ပြတဲ့ပုဒ်၊ ဒါကြောင့် ဘုရားဂုဏ်တော်ကို ရွတ်တဲ့အခါ ဣတိပိသော ဘဂဝါ အရဟံ၊ ဣတိပိသော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊ ဣတိပိသော ဘဂဝါ ဝိဇ္ဇာစရဏ သမ္ပန္နော ဆိုပြီး ရွတ်ဖတ်ရမယ်။ နောက်ပြီး အရဟံဂုဏ်တော်ကို ရွတ်ဆိုတဲ့အခါ အရဟံဂုဏ်တော်ရဲ့ အနက်အဓိပ္ပာယ်ဟာ မိမိဉာဏ်မှာ ထင်ရမယ်၊ သမီးမှာ အဲဒီလို ထင်ရဲ့လား။

● မထင်ပါဘူး ဖေဖေ၊ သမီး မှတ်မိတာကတော့ အရဟံဂုဏ်တော်ကို ရွတ်ဖတ်လိုက်တဲ့အခါ သမီးရင်ထဲမှာ ကြည်နူးပြီး အားရှိသွားတယ်။

○ ဒါကတော့ ဂုဏ်တော်ကိုပွားများတဲ့ လူရဲ့ စိတ်ထားကြောင့် ဖြစ်တယ်။ ဘုရားဂုဏ်တော်ကို ပွားများတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်မှာ အားကိုးအားထားရှာတဲ့ သဘောက ရှိနေတာကိုး သမီးရဲ့။

● ဟုတ်ပါတယ် ဖေဖေ၊ ဂုဏ်တော်ကို ရွတ်ဖတ်တဲ့အခါ သမီး ခံစားရတာ တစ်ခုကို မှတ်မိတယ်၊ အဲဒါက စိတ်ထဲမှာ လုံခြုံမှုဖြစ်သွားတာပဲ ဖေဖေ။

http://www.dhammadownload.com



❍ မှန်ပါတယ်၊ ဘုရားရဲ့ဂုဏ်တော်ဟာ စိတ်ကို လုံခြုံစေပါတယ်၊ ဒါပေမဲ့ ဒါလောက်နှင့် လမ်းမဆုံးသင့်ဘူး၊ ဒါကြောင့် ဂုဏ်တော် တစ်ပါးစီရဲ့ အနက်ကို မိမိစိတ်မှာ ဉာဏ်အမြင်ပေါက်အောင် ဆင်ခြင်နိုင်ရမယ်။

● ဒါဆို အရဟံဂုဏ်တော်ကို ဘယ်လို ဆင်ခြင်ရမလဲ ဖေဖေ။

❍ အရဟံဆိုတာ ကိလေသာအပေါင်းမှ ဝေးကွာခြင်း၊ ကိလေသာဟူသမျှ မြူငွေ့လောက်တောင် မထင်ခြင်းသဘောကို ဆိုလိုတယ်။ နောက်ပြီး အရဟံဟာ လှူဒါန်းပူဇော်သမျှကို ခံယူထိုက်ခြင်း အနက်ကို ရတယ်။ ဒါကို ဆင်ခြင်နိုင်အောင်ဆိုပြီး ကျေးရွာရှင် တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီးက ရတနာ့ဂုဏ်ရည်ကျမ်းမှာ ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ပေးထားတယ်၊ အဲဒါကလေးတွေကို ကျက်မှတ်ထားရင် နှလုံးသွင်းရ လွယ်တာပေါ့ သမီးရဲ့။

● ပြောပြပါဦး ဖေဖေ။

❍ အေး မှတ်ထား၊ သောဘဂဝါ ထိုရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရားသည်၊ က္လေတိပိ က္လမိနာစ ကာရဏေန တစ်ထောင့်ငါးရာ ကိလေသာတို့ ဝါသနာစလေ့ ထုံအငွေ့မျှ မငွေ့မရိပ် ဝင်းဝင်းဖိတ်သို့ ရွှေစိတ်ပျို့သင်း လွန်သန့်ရှင်း၍ မင်းမင်းပြည်သူ ကြည်ဖြူကော်ရော် အလှူတော်မှန် အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း အရဟံ အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံ တိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

● သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို ဘယ်လိုဖွင့်သလဲ ဖေဖေ။

❍ သမ္မာသမ္ဗုဒ္ဓေါဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အချိန်ကြာမြင့်စွာ ကောင်းမှု ပါရမီတော်ကို ဖြည့်ဆည်းခဲ့ပြီးမှ ဘဝအဆင့်ဆင့် မြင့်တက်လာတဲ့ ဉာဏ်ပညာဟာ နောက်ဆုံး ဘုရားဖြစ်တဲ့ဘဝမှာ အခေါင်အထွတ်ဖြစ်တဲ့ သဗ္ဗညုတ ဉာဏ်တော်အဖြစ်ကို ရောက်တယ်၊ ဒီဉာဏ်တော်ဟာ လောကမှာ သိသင့်သိထိုက်တဲ့ တရားမှန်သမျှကို သိနိုင်တော်မူတယ်၊ လောကမှာ သိအပ်တဲ့ တရားတွေကို ဉေယျဓမ်တရား ငါးပါးလို့ ခေါ်တယ်။

● ဉေယျဓမ်တရားတွေဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

❍ ဉေယျဓမ်တရားငါးပါးဆိုတာ အကျဉ်းအားဖြင့် (၁) သင်္ခါရ၊ (၂) ဝိကာရ၊ (၃) လက္ခဏ၊ (၄) ပညတ်၊ (၅) နိဗ္ဗာန်ပဲ သမီးရဲ့။

● ရှင်းပြပါဦး ဖေဖေ။

❍ ကောင်းပြီ၊ သင်္ခါရဆိုတာက စိတ်၊ စေတသိက်ဆိုတဲ့ နာမ်တရားတွေနဲ့ နိပ္ဖန္နရုပ်တွေကို ပြောတာ၊ နိပ္ဖန္နရုပ်ဆိုတာတွေက ဖွဲ့စည်းဖြစ်ပေါ်လာတဲ့

http://www.dhammadownload.com



ပြီးစီးနေတဲ့ ရုပ်တွေပဲ၊ တွေ့မြင်နေတဲ့ ရုပ်တွေပဲပေါ့။ နောက် ဝိကာရရုပ် ဆိုတာက ဖောက်ပြန်တတ်တဲ့ ရုပ်တွေကို ပြောတာ၊ လက္ခဏာဆိုတာက လက္ခဏာရုပ်တွေကို ပြောတာ၊ ပညတ်ဆိုတာက လူ၊ နတ်၊ ဗြဟ္မာ၊ သစ်ပင်၊ တော၊ တောင်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စတဲ့ အခေါ်အဝေါ်တွေ အမည်တွေပေါ့။

နိဗ္ဗာန်ဆိုတာကတော့ ရုပ်နာမ်ပညတ်က ကင်းတဲ့ အငြိမ်းဓာတ်ကြီးကို ပြောတာ၊ ဒီ ဥေယျဓမ် တရားတွေကို ကိုယ်တိုင်သိတော်မူတဲ့ ဉာဏ်တော်ကို သဗ္ဗညုတဉာဏ်လို့ ခေါ်တယ်။ သမ္မာသမ္ဗုဒ္ဓဆိုတာ အလွန်ထက်မြက်တဲ့ ဉာဏ်တော်ကို ရရှိတော်မူသော အရှင်လို့ ဉာဏ်မှာ မြင်ရမယ်။

● ဒီဂုဏ်တော်နှင့် ပတ်သက်တဲ့ ဆောင်ပုဒ်လင်္ကာကော ရှိလား ဖေဖေ။

○ ရှိပါတယ် သမီး၊ မှတ်ထားနော်၊ သောဘဂဝါ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရားသည်၊ ကြ္လာတိပိ ကြ္လာမိနာစ ကာရဏေန သဗ္ဗဉ်ဉာဏ်အား ဓွမ်းပကားဖြင့် များသခ်ါရ ဝိကာရနှင့် လက္ခဏာပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ဥေယျဓမ်ကို ဖောက်ပြန်မရှိ ကိုယ်တိုင်သိတော်မူသော ဤအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပျံ့လိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကားလို့ ကျက်ထားပါ။

● ဟုတ်ကဲ့ ဖေဖေ၊ သမီးတို့က ဂုဏ်တော်တွေကို ရွတ်တတ်ရုံပဲ ရှိတယ်။ နှလုံးမသွင်းတတ်ဘူးနော်၊ ခု ဖေဖေပြောမှ စိတ်ထဲမှာ ရှင်းသွားပါတယ်။

○ အေး၊ အဲဒါဟာ လိုအပ်ချက်တစ်ခုပဲ သမီးရဲ့၊ ဂုဏ်တော်ကို ပွားများတဲ့အခါ မိမိရဲ့ စိတ်ထဲဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်း သိနေမှသာ နှလုံးသွင်းတတ်မယ်၊ အဲဒီလို နှလုံးသွင်းတတ်မှလည်း အကျိုးရှိတယ်။

● ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်ကို ဖွင့်ပါဦး ဖေဖေ။

○ ဝိဇ္ဇာစရဏ ဂုဏ်တော်မှာ ဝိဇ္ဇာနှင့် စရဏ နှစ်ပိုင်းပါတယ်။ အဲဒီ ဝိဇ္ဇာ သဘော၊ စရဏသဘောကိုလည်း ခွဲခွဲခြားခြား သိရမယ်။

● ရှင်းပြပါဦး ဖေဖေ။

○ ကောင်းပြီ၊ ဗုဒ္ဓဘာသာမှာ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးဆိုတာ ရှိတယ်။ အဲဒါကို သိရမယ်။

● ဝိဇ္ဇာသုံးပါးက ဘာလဲ ဖေဖေ။

○ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ရယ်၊ ဒိဗ္ဗစက္ခုဉာဏ်ရယ်၊ အာသဝက္ခယ ဉာဏ်ရယ်ကို ဝိဇ္ဇာသုံးပါးလို့ ခေါ်တယ်။ အတိုကောက် ပုဒိအာလို့လည်း

http://www.dhammadownload.com



မှတ်ထားနိုင်တယ် သမီးရဲ့။ ပုဗ္ဗေနိဝါသဉာဏ်ဆိုတာက ရှေးရှေးဘဝတွေက ကြုံတွေ့ခဲ့သမျှတွေကို ပြန်လည်သတိရ အောက်မေ့နိုင်တဲ့ဉာဏ်၊ အတိတ်ဘဝတွေကို ပြန်ပြီး သိနိုင်တဲ့ဉာဏ်ပေါ့ကွယ်။ ဒိဗ္ဗစက္ခုဆိုတာကတော့ နတ်မျက်စိနှင့် တူတဲ့ ဉာဏ်ပေါ့ကွယ်။ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်သေးသေး သိမြင်တော်မူနိုင်စွမ်းရှိတဲ့ ဉာဏ်တော်ပေါ့။ အာသဝက္ခယဉာဏ်ဆိုတာက ကိလေသာ အာသဝေါ တရားတွေကို ကုန်ခန်းစေတဲ့ အရဟတ္တမဂ်ဉာဏ်ကို ဆိုလိုတယ်။

● ဝိဇ္ဇာသုံးပါးကို သိပါပြီ ဖေဖေ၊ ဝိဇ္ဇာရှစ်ပါးကကော ဟင်။

○ ဝိဇ္ဇာရှစ်ပါးဆိုတာက ၁–ဝိပဿနာဉာဏ်၊ ၂–စေတောပရိယဉာဏ်၊ ၃–မနောမယိဒ္ဓိဉာဏ်၊ ၄–ဒိဗ္ဗသောတဉာဏ်၊ ၅–ဣဒ္ဓိဝိဓဉာဏ်နှင့် စောစောက ဝိဇ္ဇာသုံးပါးနှင့်ပေါင်းရင် ဝိဇ္ဇာရှစ်ပါး ရတယ်။

● အဓိပ္ပာယ် ရှင်းပြပါဦး ဖေဖေရဲ့။

○ ဝိပဿနာဉာဏ်ဆိုတာက ရုပ်နာမ်တရား အားလုံးဟာ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ သိတဲ့ဉာဏ်ကို ခေါ်တယ်။ စေတောပရိယဉာဏ် ဆိုတာက သူတစ်ပါးစိတ် အကြံအစည်ကို သိတဲ့ဉာဏ်၊ မနောမယိဒ္ဓိဉာဏ်ဆိုတာက မိမိရဲ့ ခန္ဓာကိုယ်ထဲမှာ အလားတူ ကိုယ်တစ်မျိုးကို ဖန်ဆင်းနိုင်တဲ့ဉာဏ်၊ ဒိဗ္ဗသောတ ဆိုတာက နတ်တွေလို ဝေးတဲ့အသံ တိုးတဲ့အသံတွေကို ကြားနိုင်တဲ့ ဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်က မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ဉာဏ်ပဲ သမီး၊ ဒီဉာဏ်ငါးပါးနှင့် စောစောက ဉာဏ်သုံးပါးကို ပေါင်းရင် ဝိဇ္ဇာရှစ်ပါး ရတယ်။ ဒီမှာ စရဏဆိုတာက အမြိုက်နှင့်တူတဲ့ နိဗ္ဗာန်ဓာတ်ကို ရောက်အောင် ကျင့်တဲ့ အကျင့်ကို စရဏလို့ခေါ်တယ်။ ဒီမှာ စရဏ ၁၅ ပါး ရှိတယ်။

● စရဏ ၁၅ ပါးကိုလည်း ပြောပြပါဦး ဖေဖေ။

○ အေး ဒီမှာ သူတော်ကောင်းတရား ခုနစ်ပါးကို သဒ္ဓမ္မလို့ခေါ်တယ်။ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ သုတ၊ ပညာ ခုနစ်ပါး။ အဲဒီ ခုနစ်ပါးနှင့် ဘောဇာသိက္ခန့် ဈာန်လေးကြိမ်ဆိုတဲ့ တရားရှစ်ပါး ပေါင်းရင် ၁၅ ပါး ရတယ်။

● ဘောဇာသိက္ခန် ဈာန်လေးကြိမ်ကို ရှင်းပြပါဦး ဖေဖေ။

○ ဘော ဆိုတာက ဘောဇနေ၊ မတ္တညုတာ ဆိုတာက စားသောက်ရာမှာ မိမိနှင့် သင့်မသင့်ကို နှိုင်းချင့်ပြီး အတိုင်းအရှည်ကို သိတာ၊ ဇာ–ဇာဂရိယာ နုယောဂ ဆိုတာက အအိပ်အနေ နည်းမှု၊ နိုးကြားမှုကို ပြောတာ။ သိ–က သီလ၊ နေ့စဉ်စောင့်ထိန်းတဲ့ သီလ။ နောက်ပြီး က္ခန်–က္ခန္တိယ သံဝရ၊ တွေ့မြင် ကြားသိရ သမျှမှာ လောဘ ဒေါသ မဖြစ်စေဘဲ မျက်စိ၊ နား၊ နှာ စသော က္ခန္ဒြေများကို

http://www.dhammadownload.com



ငြိမ်သက်အောင် စောင့်စည်းတာ။ ရျာန်လေးကြိမ်ဆိုတာက ပထမရျာန်၊ ဒုတိယရျာန်၊ တတိယရျာန် စတုတ္ထရျာန်ကို ပြောတာပဲ သမီးရဲ့။

● ခု ဖေဖေ ပြောမှ ခေါင်းထဲ ဝိဇ္ဇာနှင့် စရဏဆိုတာကို ရှင်းတော့တယ်။

○ အေး၊ သိတယ်ဆိုပေမယ့် ဒါကို ခေတ်သဘောနှင့်လည်း နားလည်ထားရမယ်။ ဝိဇ္ဇာနှင့် စရဏဆိုတာ အသိနှင့် အကျင့်ပဲ။ အင်္ဂလိပ်လိုဆိုရင် Theory နှင့် Practice ပေါ့ကွယ်။ အသိသာရှိပြီး အကျင့်မရှိရင် နိဗ္ဗာန် မရောက်နိုင်ဘူး၊ အကျင့်သာရှိပြီး အသိဉာဏ် မရှိရင်လည်း လမ်းလွဲသွားနိုင်တာပေါ့ သမီးရဲ့။

● ဟုတ်ပါတယ် ဖေဖေ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော ဂုဏ်တော်ကို အာရုံပြုဖို့ ဆောင်ပုဒ်ကလေးလည်း ပေးပါဦး ဖေဖေ။

○ ကောင်းပြီ၊ ကျက်ထားနော်။ သောဘဂဝါ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန သုံးပါး ရှစ်ပါး နှစ်မျိုးအားဖြင့် ဟောထားပညာ ဉာဏ်ဝိဇ္ဇာတည်း နိဗ္ဗာန်ဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်ရန်ဖြင့် အမှန်သင့်သည့် အကျင့်စရဏ ဆယ့်ငါးဝနှင့်တကွ ဥဿုံပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ဗြဟ္မာဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

● ခုမှ ဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅ ပါး အကျယ်ကို သိရတော့တယ်။ သုဂတော ဂုဏ်တော်ကိုလည်း ဖွင့်ပြပါဦး ဖေဖေ။

○ သုဂတော၊ သုဂတ ဆိုတာရဲ့ အနက်ရင်းက သု-ဆိုတာ ကောင်းမွန် မြင့်မြတ်ခြင်းကို ဟောတယ်၊ ဂတ-ဆိုတာက ကြွတော်မူခဲ့ခြင်း အနက်ရတယ်၊ သုဂတော ဆိုတဲ့ ဂုဏ်ဟာ ကောင်းစွာ ကြွတော်မူခြင်းရှိသော ဂုဏ်တော်ပေါ့ကွယ်။ ဒီနေရာမှာ ကောင်းစွာ ကြွတော်မူသည်ဆိုတာ ဘာကို ဆိုလိုသလဲ၊ ဒါကို သိနားလည်ရမယ်။

● ဟုတ်ကဲ့ ဖေဖေ၊ နားလည်ရအောင် ရှင်းပြပါဦး။

○ အဲဒါကို နားလည်ရအောင် ဒီဆောင်ပုဒ် လင်္ကာလေးကို ကျက်မှတ်ထားကွယ့်။

● ဟုတ်ကဲ့ ပြောပြပါဦး ဖေဖေ။

○ အေး မှတ်ထားနော်။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် ဣတိပိ ဣမိနာစ ကာရဏေန-ဒီပင်္ကရာ ထွက်ချာသနင်း ခြေတော်ရင်းမှ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ ပြည့်စုံညီလျက် သုံးလီဘဝ များသတ္တဝါ၏ သုခစီးပွား ကျင့်သောအားဖြင့် မိုက်မှားအယူ

http://www.dhammadownload.com



မိစ္ဆာဟူက ဆံဖြူတစိ မကပ်ငြိဘဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းရော်၍ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ သုဂတော- သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပေသည်တကား။ ဒီမှတ်ရန် လင်္ကာထဲမှာ သုဂတော ဂုဏ်တော်ကို ဖွင့်ပြထားတယ်၊ သမီး နားလည်ရဲ့လား။

● ဟုတ်ကဲ့ ဖေဖေ၊ ဒီလင်္ကာအရဆိုရင် မြတ်စွာဘုရားဟာ ဟိုသုမေဓာ ရှင်ရသေ့ဘဝက ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဗောဓိဆုကို ပန်ဆင်ခဲ့ပြီးတဲ့နောက် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီ ၁၀ ပါးကို ဖြည့်ကျင့်တော်မူခဲ့ရတယ်။ အဲဒီလို ပါရမီကို ဖြည့်ကျင့်စဉ်ကာလမှာ မိမိကိုယ်မှာ များယွင်းတဲ့ မိစ္ဆာအယူဝါဒတွေ မကပ်ငြိအောင် သတိသမ္ပဇဉ်နဲ့ ယှဉ်ပြီး ဖြည့်ကျင့် တော်မူခဲ့လို့ နောက်ဆုံးဘဝမှာ ဗောဓိမဏ္ဍိုင်မှာ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူခဲ့တယ်။ ဒီလို ဘုရားဆုပန်တော်မူခဲ့ရာမှ ဘုရားဖြစ်သည်အထိ အများအယွင်း အတိမ်းအစောင်းမခံဘဲ သတ္တဝါတို့ ချမ်းသာရေး အကျိုးအတွက် ပါရမီတော်ကို ဖြည့်ကျင့်တော်မူပြီး လာခဲ့တာကို ကောင်းသော ကြွတော်မူခြင်းလို့ ဆိုလိုတာပဲ မဟုတ်လား ဖေဖေ။

○ ဟုတ်တယ်၊ သုဂတောရဲ့ သဘောကိုတော့ သမီး ရပြီ၊ ဒါပေမဲ့ ဒီနေရာမှာ မိမိတို့အနေနှင့် ဒီဂုဏ်တော်ကို နှလုံးသွင်းအပ်ပုံကိုလည်း သိရဦးမယ်။

● ဟုတ်ကဲ့၊ ပြောပြပါဦး ဖေဖေ။

○ ဒီလိုကွယ့်၊ သာသနာပမှာပဲ ဖြစ်ဖြစ်၊ တစ်ခါတစ်ရံ သာသနာတော်အတွင်း မှာတောင် မိစ္ဆာအယူများတွေ လွှမ်းမိုးလာတတ်တယ်။ ဒီအခါ ဘုရားသခင်ရဲ့ သုဂတဂုဏ်တော်ကို နှလုံးသွင်း ကြည်ညိုတတ်ရင် များယွင်းတဲ့ မိစ္ဆာအယူဆိုးတွေ မိမိကိုယ်မှာ ဘဝဆက်တိုင်း မကပ်ငြိအောင် သတိသမ္ပဇဉ်နှင့် နေတတ်တာပေါ့ သမီးရယ်၊ သတိပညာ အားကောင်းလာတာပေါ့။ ဗုဒ္ဓဘာသာမှန်ရင် ကံနှင့်ပတ်သက်ပြီး အမြင်မှန်ရှိရတယ်။ ကမ္မသကတာဉာဏ်လို့ ခေါ်တယ်။ 'ကုသိုလ်ကံ အကုသိုလ် ကံ'ဆိုတာ ရှိတယ်။ ကံမှာ ကောင်းကျိုး၊ မကောင်းကျိုး ရှိတယ်ဆိုတာကို နားလည်း လည်ရမယ်၊ ယုံလည်း ယုံကြည်ရမယ်၊ အဲဒါဖြစ်အောင် ပထမကြိုးစားရမယ်၊ ကံကို ယုံကြည်ပြီးရင် မိမိခန္ဓာနှင့်ပတ်သက်တဲ့ ဝိပဿနာဉာဏ်ပေါက်အောင်လည်း ကြိုးစားရမယ်။ ဒီခန္ဓာကိုယ်မှာ ရုပ်နာမ်တရား နှစ်ပါးပဲ ရှိတယ်၊ ဒီရုပ်နာမ်တွေဟာ မမြဲဘူး၊ အနိစ္စသဘောရှိတယ်၊ ဆင်းရဲတယ်၊ အတ္တမရှိဘူး၊ အနတ္တပဲ ဖြစ်တယ်ဆိုတာကို မြင်အောင်၊ သဘောပေါက်အောင် ကြိုးစားရမယ်။ အဲဒီအခါကျရင် ပါရမီဖြည့်ချင်တဲ့

http://www.dhammadownload.com



ဆန္ဒ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြလာမယ်၊ အဲဒီအခါကျရင် မိစ္ဆာအယူသာမက ဒီဘဝမှာ အတ္တစွဲနဲ့ ဂုဏ်ပကာသနတွေကိုပါ တပ်မက်တဲ့စိတ်တွေ ကုန်ခန်းသွားမယ်။ အဲဒီလို ဘဝလမ်းကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းသွားတတ်ပြီဆိုမှ သုဂတောဂုဏ်တော်ကို ပွားများရကျိုးနပ်ပြီလို့ မှတ်ရမယ် သမီး။

● ဟုတ်ကဲ့၊ သမီး သဘောပေါက်ပါပြီ ဖေဖေ။ လောကဝိဒူ ဂုဏ်တော်ကိုကော ဘယ်လို နှလုံးသွင်းရမလဲ ဖေဖေ။

○ လောကဝိဒူ ဆိုတာက လောကအလုံးကို သိမြင်တော်မူတဲ့ ဂုဏ်တော်ပဲ သမီးရဲ့၊ ဒီမှာ လောကသုံးပါးအကြောင်းကို သဘောပေါက်ရမယ်။ လောကသုံးပါးဆိုတာက သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကကို ဆိုတယ်။ သက်ရှိသတ္တဝါတွေရဲ့ အစုအပေါင်းကို သတ္တလောကလို့ ခေါ်တယ်။ သတ္တဝါတွေ တည်ရာဘုံဌာနကိုရော၊ ဘုံမရှိတဲ့ နေရာဌာနတွေကိုရော ပေါင်းပြီး ဩကာသလောကလို့ ခေါ်တယ်။ ရုပ်နာမ်တရားအားလုံးကိုတော့ သင်္ခါရလောကလို့ ဆိုရတယ်။

● လောကကို သိတော်မူတယ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ ဤလောကမှာ လူ၊ နတ်၊ ဗြဟ္မာအပြင် အပါယ်သတ္တဝါတွေ များစွာရှိတယ်။ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ ငရဲသားတွေ ရှိတယ်ဆိုတာကို သိတော်မူတာ မဆန်းပါဘူး။ ဒီထက်ပိုပြီး သိတာက ဘုရားရှင်အနေနှင့် ဘယ်သတ္တဝါဟာ ဘယ်လိုစရိုက်မျိုး လွန်လွန်ကဲကဲ ရှိတယ်၊ အနုသယ ကိလေသာ အမျိုးမျိုးမှာ ဘယ်လို အနုသယ ထက်သန်နေတယ်ဆိုတာလည်း သိတယ်၊ ဣန္ဒြေငါးပါးမှာ ဘယ်ဣန္ဒြေက ထက်မြက်တယ်၊ ဘယ်ဣန္ဒြေက ညံ့နေတယ် ဆိုတာတွေကိုပါ အကုန်အစင် သိတော်မူတယ်။

နောက်ပြီး ဩကာသလောကမှာ စကြဝဠာပေါင်း အနန္တ ရှိတော်မူကြောင်းကိုလည်း သိတော်မူတယ်။ နောက်ပြီး သင်္ခါရလောကရဲ့ သဘောသဘာဝကိုလည်း သိတော်မူတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောက်ျား၊ မိန်းမဆိုတာတွေဟာ ရုပ်နာမ်ခန္ဓာ အပေါင်းအစုတွေသာ ဖြစ်တယ်။ ရုပ်နာမ်တွေ ချုပ်ဆုံးသွားရင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောက်ျား၊ မိန်းမဆိုတာတွေလည်း မရှိတော့ဘူး ဆိုတာကိုလည်း သိတော်မူတယ်။ သင်္ခါရတရားတွေကို ဘယ်လောက် သိတော်မူ သလဲဆိုရင် ရုပ်ကလာပ်တစ်ခုတည်းမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုပြီး ရုပ်သဘာဝရှစ်မျိုး ရှိတယ်ဆိုတာကိုပါ မြတ်စွာဘုရားက ထိုးထွင်းသိမြင်တော်မူခဲ့တယ်။ ရုပ်တရားတွေကိုသာမက နာမ်တရားများဖြစ်တဲ့

http://www.dhammadownload.com



စိတ်၊ စေတသိက်တွေအကြောင်းကိုရော၊ ရုပ်နာမ်တရားတွေရဲ့ ဖြစ်ရခြင်းအကြောင်းတွေကိုပါ အကုန်အစင် သိတော်မူခဲ့တယ်။ ဒီလို သိမြင်တော်မူခဲ့တဲ့အတွက် မြတ်စွာဘုရားဟာ သတ္တဝါတွေကို သူတို့ရဲ့ ပင်ကိုစရိုက်တွေကို လိုက်ပြီး အကျွတ်တရားရအောင် ချေချွတ်တော်မူနိုင်ခဲ့တယ်။

● လောကဝိဒူ ဂုဏ်တော်ကို ဘယ်လို နှလုံးသွင်းရမလဲ ဖေဖေ။

○ သမီးရယ် ဗုဒ္ဓမြတ်စွာဘုရားဟာ လောက သုံးပါးစလုံးကို အကုန်အစင် သိတော်မူတဲ့အတွက် သတ္တဝါတွေဟာ သံသရာဆိုတဲ့ ဝဋ်ဆင်းရဲ ဝဲဩဃမှာ ကျင်လည်နေရတယ်ဆိုတာကိုလည်း သိတော်မူခဲ့တာပေါ့။ ဒီလို သိမြင်တော်မူခဲ့တဲ့အတွက် မြတ်စွာဘုရားဟာ သတ္တဝါတွေကို ဒီဝဋ်ဆင်းရဲ သံသရာက လွတ်မြောက်အောင် နည်းလမ်းများကိုလည်း ပြဩှန် ဟောကြားတော်မူနိုင်ခဲ့တာပေါ့။ ဒီတော့ လောဝိဒူဂုဏ်တော်ကို နှလုံးသွင်းတဲ့အခါ လောကအလုံးကို သိတော်မူတဲ့ ဘုရားဟာ မိမိရဲ့ ဘဝလွတ်မြောက်ရေးကို ပြဩှန်တော်မူတဲ့ ကျေးဇူးရှင် ဆရာကြီးအဖြစ် ရှုမြင် ကြည်ညိုရမှာပေါ့။ အဲဒီလို ကြည်ညိုခြင်းအားဖြင့် မိမိမှာ ကိလေသာတွေ ပါးလျားလာတယ်၊ သဒ္ဓါ၊ ပညာ စတဲ့ ဣန္ဒြေတွေ ရင့်ကျက်လာရတာပေါ့။

● ဟုတ်ကဲ့၊ သမီး သဘောပေါက်ပါပြီ ဖေဖေ။ နောက် ဂုဏ်တော်တစ်ခုဖြစ်တဲ့ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်ကိုလည်း ရှင်းပြပါဦး။

○ အနုတ္တရော ပုရိသ ဒမ္မသာရထိရဲ့ အနက်က ဆုံးမထိုက်တဲ့ သတ္တဝါများကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိ စွမ်းဆောင်နိုင်တယ်ဆိုတဲ့ အနက်ကို ရတယ်။ အနုတ္တရော ပုရိသ ဆိုတာက အတုမရှိမြတ်သော ယောကျာ်းလို့ အဓိပ္ပာယ်ရတယ်။ ဒီမှာ ဒမ္မကို 'ဓ'နှင့် မရေးဘဲ 'ဒ'နှင့် ရေးထားတာ တွေ့တယ်မဟုတ်လား၊ ဒမ္မဆိုတာ ဆုံးမထိုက်သူလို့ အနက်ရတယ်၊ သာရထိက ဆုံးမနိုင်သော အစွမ်းရှိသည်လို့ အနက်ရတယ်။ လောကမှာ တောဆင်ရိုင်းတွေ၊ မြင်းရိုင်းတွေကို ယဉ်ကျေးအောင် ဆုံးမတတ်တဲ့ မြင်းဆရာ၊ ဆင်ဆရာတွေဟာ အလွန်ရိုင်းစိုင်းတဲ့ မြင်းတွေ၊ ဆင်တွေကို လိမ္မာယဉ်ကျေးအောင် ဆုံးမပြီး မင်းတို့ရဲ့ စီးတော်ဆင်၊ စီးတော်မြင်း ဖြစ်အောင် လုပ်သလိုပဲပေါ့ သမီးရဲ့။ မြတ်စွာဘုရားဟာ လောကဝိဒူ ဂုဏ်ပုဒ်မှာ ပြောခဲ့သလို သတ္တဝါတို့ရဲ့ အတွင်းစိတ်သဘာဝကို ရှေ့နောက်ကုန်စင် သိမြင်တော်မူတဲ့ အတွက်ကြောင့် ဆုံးမထိုက်တယ်၊ ချေချွတ်ထိုက်တယ်လို့ ထင်မြင်တော်မူတဲ့ သတ္တဝါတွေကို သင့်တော်သလို ဆုံးမပြီး အကျွတ်တရားရအောင် ချေချွတ် ဆုံးမတော်မူတယ်။ ဒီလို ဆုံးမရာမှာ ပင်ကိုအားဖြင့် သီလမရှိတဲ့လူကို သီလ ရှိအောင်ပေါ့။ သီလရှိသူကိုကျတော့ အထက် အထက် ဈာန်မဂ်ဖိုလ် တရားတွေကို

http://www.dhammadownload.com



ပါရမီအားလျော်စွာ တိုးတက်ပြီး ရရှိသွားအောင် ဆုံးမ လမ်းညွှန်တော်မူခဲ့တယ်။ ယခု ဒီဘဝမှာ ဘာတရားကိုမှ မရထိုက်တဲ့ လူသတ္တဝါဖြစ်စေ၊ နောက်ဘဝမှာ ပါရမီအထုံမျိုးစေ့ပါအောင် ဆုံးမတော်မူတတ်တဲ့ ဂုဏ်တော်ကို ဒီအနုတ္တရော ပုရိသ ဒမ္မသာရထိက ဖွင့်တော်မူတယ် သမီးရဲ့။ ဘုရားရှင်နှင့်တွေ့လို့ မယဉ်ကျေးဘဲ နေတဲ့ သတ္တဝါ ဘယ်သူမှ မရှိဘူး၊ အင်မတန် ရန့်ရင်းကြမ်းတမ်း ရိုင်းစိုင်းတဲ့ နာဠာဂီရိဆင်လို၊ အာဠာဝက ဘီလူးလို သတ္တဝါတွေ၊ အင်္ဂုလိမာလလို လူတွေတောင် ယဉ်ကျေးသွားကြရတယ်လေ။ အဲဒီလို ရိုင်းစိုင်းတဲ့ သတ္တဝါတွေကို ယဉ်ကျေးပြီး အကျွတ်တရားရအောင် စွမ်းဆောင်တော်မုနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေး အထူးကို တွေးပြီး ကြည်ညိုရင် မိမိရဲ့ စိတ်တွေဟာလည်း ယဉ်ကျေးသိမ်မွေ့ပြီး တရားထူး ရနိုင်တာပေါ့ သမီးရယ်။

● သဘောပေါက်ပါပြီ ဖေဖေ၊ ကျက်ရန် ဆောင်ပုဒ်လင်္ကာကလေးကိုလည်း ပြောပြပါဦး။

○ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတ္ထိပိ ဣမိနာစ ကာရဏေန ဆုံးမသင့်ရန် သတ္တဝါမှန်သော် ခြောက်တန်လျှင်ခြောက်၊ မြှောက်တန်လျှင် မြှောက်၍ အောက်အောက်ထက်ဂုဏ် ဆင့်ဆင့်စုံဖို့ ဖုံဖုံသင်ပေး အစဉ်ဖေးမလျက် ယဉ်ကျေးလေအောင် သွေးဆောင် ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ-အနုတ္တရော ပုရိသ ဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပျံ့လွှင် ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

● ဟုတ်ကဲ့ ဖေဖေ၊ ရပါပြီ။

○ သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်အဖွင့်ကိုကော သမီး သိပြီလား။

● မသိသေးပါဘူး ဖေဖေ၊ ဖွင့်ပြပါဦး။

○ သတ္ထာဒေဝ မနုဿာနံ ဆိုတာက နတ်တွေ လူတွေကို ဦးစီးဦးဆောင် ပြုတော်မူနိုင်တဲ့ ဆရာဖြစ်သော ဂုဏ်တော်လို့ သဘောရပါတယ်ကွယ်။ သတ္တဝါဟ ဆိုတာကတော့ ပါဠိလို ကုန်သည်ကြီးလို့ အဓိပ္ပာယ်ရတယ်၊ ကုန်သည်အကြီးအမှူးပေါ့ သမီးရယ်၊ ဒါက တင်စားထားတာလေ။

● ဟုတ်ကဲ့ပါ ဖေဖေ၊ အဲဒီ ဂုဏ်တော်ကို ဘယ်လို ကြည်ညိုရမလဲ ဟင်။

○ ဒီမှာ ဘုရားကို ကုန်သည်ကြီးလို့၊ ကုန်သည်အကြီးအမှူးလို့ တင်စားတာက သံသရာ ခရီးကြမ်းကို ကန္တာရခရီးကြမ်း ခရီးခဲကြီးလို့ သဘောထားရမယ်။ ရှေးအခါက ကုန်သည်များဟာ လှည်းတွေ၊ မြင်းတွေ ငါးရာတစ်ထောင် စုပြီးတော့

http://www.dhammadownload.com



အကြီးအမှူး ကုန်သည်ခေါင်းဆောင်တစ်ဦးရဲ့ နောက်ကလိုက်ပြီး ကန္တာရဆိုတဲ့ ဘေးအန္တရာယ်များလှတဲ့ ခရီးကို ဖြတ်သန်းပြီး ကုန်ကူးကြရတယ်။ ဒီခရီးကြမ်း ကန္တာရကြီးကို ဖြတ်သန်းတဲ့အခါ အမျိုးမျိုးသော ဘေးအန္တရာယ်တွေနှင့် ရင်ဆိုင်ကြရတယ်။ ဒီအခါမှာ ကုန်သည်မှူးကြီးရဲ့ ဉာဏ်ပညာကြီးမားတဲ့ ခေါင်းဆောင်မှုကြောင့် နောက်လိုက်ကုန်သည်များဟာ ဘေးမသီရန်မခဘဲ ခရီးကြမ်းကို ဖြတ်သန်းလွန်မြောက်နိုင်တယ်။ လိုသောအကျိုးအမြတ်တွေကို ခံစားကြရတယ်။ ဒီလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း အိုနာသေဘေးတွေနှင့် တင်းကြမ်းပြည့်နေတဲ့ သံသရာခရီးကြမ်းကို ဖြတ်သန်းကြရတဲ့အခါ သတ္တဝါတွေ ဘေးအပေါင်းရန်အပေါင်းက လွတ်ကင်းချမ်းသာပြီး သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်သို့ ပေါက်မြောက်နိုင်အောင် ဦးဆောင်ပြီး ပို့ပေးနိုင်တဲ့ ကုန်သည်ကြီးနှင့် တူတော်မူတယ်ဆိုတဲ့ ဒီဂုဏ်တော်ကို ပွားများတဲ့အခါ သံသရာတစ်ဖက်ကမ်းနိဗ္ဗာန်ကို လျှင်လျှင်မြန်မြန် ဘေးမသီရန်မခဘဲ ရောက်နိုင်အောင် ပို့ဆောင်ပေးနိုင်တဲ့ ကျေးဇူးကို အောက်မေ့ပြီး ကြည်ညိုရမှာပေါ့။

● ကျက်ရန် ဆောင်ပုဒ်ကကော ဖေဖေ။

○ သောဘဂဝါ–ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– သတ္တဝါဟော် ကုန်သည်ကျော်သည် ဖော်လှော်ငယ်သား နောက်ပါများကို ရေရှားဘေးခ ကန္တာရမှ ခေမမြေငှ ထုတ်ကယ်ယူသို့ ထို့တူတစိ ခဲယဉ်းဘိသည့် ဇာတိ ဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေငှ ပြည်နိဗ္ဗူသို့ နတ်လူဗြဟ္မာ သတ္တဝါကို ကောင်းစွာဆောင်ယူ ကယ်တင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ သတ္ထာဒေဝ မနုဿာနံ–သတ္ထာဒေဝ မနုဿာန ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

◉ ဟုတ်ကဲ့၊ ရပါပြီ ဖေဖေ၊ ဗုဒ္ဓေါကို ဖွင့်ပါဦး ဖေဖေ။

○ ဗုဒ္ဓေါ ဗုဒ္ဓ ဆိုတာက အရိယာ သစ္စာလေးပါး တရားတော်များကို မိမိကိုယ်တော်တိုင်လည်း သိပြီး သူတစ်ပါးကိုလည်း သိစေနိုင်သော အရှင်လို့ အဓိပ္ပာယ်ရတယ်။ သစ္စာလေးပါးဆိုတာက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာပေါ့ကွယ်။ သစ္စာလေးပါးရဲ့ သဘောအကျယ်ကတော့ ရုပ်နာမ်ခန္ဓာဆိုတာ စင်စစ် ဒုက္ခဆင်းရဲခြင်း အမှန်ဖြစ်တယ်လို့ သိမြင် နားလည်တာဟာ ဒုက္ခသစ္စာကို မြင်တာပဲ။ အဲဒီလို ဒုက္ခဘာကြောင့် ဖြစ်ရသလဲဆို လိုချင်တပ်မက်မှုဆိုတဲ့ သမုဒယ တဏှာလောဘကြောင့် ဖြစ်ရတယ်လို့ အမှန်အတိုင်း သိမြင်တော်မူတာက

http://www.dhammadownload.com



သမုဒယသစ္စာ၊ ဒုက္ခရှိရင် ဒုက္ခဖြစ်စေတဲ့ အကြောင်းရှိတယ်။ ဒီအကြောင်းချုပ်သွားရင် ဒုက္ခလည်း ချုပ်ငြိမ်းသွားမှာပဲလို့ ဒုက္ခချုပ်ငြိမ်းကြောင်း သိမြင်တော်မူတာက နိရောဓသစ္စာပေါ့ကွယ်။ ဒုက္ခချုပ်ငြိမ်းခြင်း သဘောဟာ နိဗ္ဗာန်ပဲ သမီးရဲ့၊ အဲဒီလို ဒုက္ခချုပ်ငြိမ်းခြင်းသဘော နိဗ္ဗာန်ဟာ အမှန်ထင်ရှား ရှိတယ်ဆိုတာကို မြတ်စွာဗုဒ္ဓ သိမြင်တော်မူပြီးနောက် ဒီနိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းတရား ရှိသလားလို့ စူးစမ်း ရှာဖွေတဲ့အခါ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း ရှိတယ် ဆိုတာကို သိမြင်တော်မူတယ်။ အဲဒါကို မဂ္ဂသစ္စာလို့ ခေါ်တာပဲ သမီးရဲ့၊ မဂ္ဂင်ရှစ်ပါး ရှိတယ်ဆိုတာကို သမီး ကြားဖူးမှာပါ။

● ကြားဖူးပါတယ် ဖေဖေ၊ ဆောင်ပုဒ်ကလေးကကော ဟင်။

○ သောဘဂဝါ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန–ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂမည်သာ လေးသစ္စာကို ဦးစွာပိုင်ပိုင် သိမြင်နိုင်၍ သုံးဆိုင်ဝေနေ များမိုလ်ခြေကို မသွေအတူ သိစေတော်မူ နိုင်သော ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ–ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော် မူပါပေသည်။

● ဟုတ်ကဲ့ ဖေဖေ၊ ရပါပြီ။ နောက်ဆုံး ဘဂဝါဂုဏ်တော်ကို ဖွင့်ပါဦး ဖေဖေ။

○ ဒါကတော့ ကျက်ရန်လက်ာကို မှတ်လိုက်ရင် ရပါလိမ့်မယ် သမီးရဲ့။

ဘဂဝါဆိုတာက ဘုန်းကံ ကြီးမားတော်မူခြင်းကို ဖော်ပြတဲ့ ဂုဏ်တော်ပဲ၊ မှတ်နော်။

သောဘဂဝါ–ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန–အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့ မမြင်တွေ့အောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော 'အဏိမာ' ဘုန်းတော်၊ စိတ်၏အလား ကောင်းကင်ဖျား၌ ပေါ့ပါးလျင်မြန် ရှာန်ပျံကြွသွားနိုင်သော 'လဃိမာ'ဘုန်းတော်၊ ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းကြား မနိုင်းအားဖို့ကြီးမားလေအောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော 'မဟိမာ' ဘုန်းတော်၊ အဆင်းအတန်တန် ပုံသဏ္ဌာန်ကို စိမ့်ဖန်တီး တစ်ခဏတည်းဖြင့် ပြီးစီးနိုင်သော 'ပါကမ္မ'ဘုန်းတော်၊ ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ စ၍မကြွင်း လူနတ်မင်းကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော 'ဣသိတာ'ဘုန်းတော်၊ သမ္မာပတ်ရှာန် အဘိညာဏ်ကို ဝင်စံလိုက တစ်ခဏချင်းပိုင် ဝင်စားနိုင်သော 'ဝသိတာ'ဘုန်းတော်၊ ကိစ္စတစ်ခု ပြုစုတုန်းပင် ပြီးဆုံးချင်သော် ဆောလျင်မသွေ ပြီးဆုံးစေနိုင်သော 'ယတ္ထကာမာ ဝသာယိတာ'ဘုန်းတော်၊ ရှစ်ဖော်အပြား ဤသို့အားဖြင့် ထင်ရှားသော 'ဣဿရိယ'ဘုန်းတော်၊

http://www.dhammadownload.com



ကိလေသာရန် ပယ်လှန်ဖို့ နိဗ္ဗာန်ဖိုလ်မင် ကိုးချက်အပြား လောကုတ္တရာ တရားဟူသော 'ဓမ္မ'ဘုန်းတော်၊ ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်း သောင်းလောကဓာတ် ပဲ့တင်ထပ်မျှ နံ့စပ်သတင်း ကျော်စောခြင်းဟူသော 'ယသ' ဘုန်းတော်၊ ရွှေမျက်နှာတော် ရွှေလက်တော်မှ စ၍မကြွင်းပင်လုံးဝင်းသည် ပန်းမင်းအနေ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာတင့်တယ် သပ္ပာယ်တော်မူသော 'သိရီ' ဘုန်းတော်၊ အလိုတော်တိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီးရသည် 'ကာမ'ဘုန်းတော်၊ တစ်လောကလုံး ညွတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာကြိုးကုတ် အားထုတ်တော်မူသော 'ပယတ္တ'ဘုန်းတော်၊

ဤခြောက်ဖော်ဂုဏ် ဘုန်းတော်ဟုန်နှင့် ပြည့်စုံတော်မူသော ဤအကြောင်း ကြောင့်လည်း–ဘဂဝါ ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံ တိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသတည်းတဲ့၊ ဒါဆို ဘဂဝါဂုဏ်တော် အဖွင့် ပြည့်စုံလောက်ပြီနော်။

● ပြည့်စုံပါပြီ ဖေဖေ၊ သာဓုပါ ဖေဖေ၊ သာဓု သာဓု။

❑

http://www.dhammadownload.com

# သဒ္ဓါဖွင့် ဘုန်းတော်ဖွင့်

● ဖေဖေ၊ သဒ္ဓါတရားဆိုတာ လှူချင်တန်းချင်တဲ့ စိတ်ကို ခေါ်တာလား၊ ယုံကြည်တာကို ခေါ်တာလား ဖေဖေ၊ လူတွေပြောနေကြတာ နားထောင်ရတာကတော့ လှူဒါန်းမှုမှာ ရက်ရောတဲ့ စိတ်ကို သဒ္ဓါအားကောင်းတယ်လို့ ပြောနေကြတယ် ထင်တာပဲ ဖေဖေ၊ ဒါပေမဲ့ ကျေးဇူးရှင် တောင်မြို့ ဆရာတော်ဘုရားကြီးရဲ့ ကိုယ်ကျင့်အဘိဓမ္မာမှာတော့ သဒ္ဓါကို ယုံကြည်ခြင်းကို ခေါ်တာလို့ ဖော်ပြထားတာ ဖတ်ရဖူးတယ်၊ အဲဒါ ရှင်းပြပါဦး ဖေဖေ။

○ အင်း၊ သဒ္ဓါအကြောင်းကို သမီးတို့လို ဗုဒ္ဓဘာသာ တရားအကြောင်းကို သိအောင် အားထုတ်နေတဲ့ လူငယ်တွေ သိသင့်တယ်။ ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ကြီး တက္ကသိုလ်မွေ့ရုံမှာ တရားဟောတုန်းက တရားကို အပိုင်း လေးပိုင်းခွဲပြီး ဟောတယ်။

၁။ ကြည်ညိုယုံကြည်မှု အပိုင်း၊

၂။ လိုက်နာကျင့်ကြံမှု အပိုင်း၊

၃။ ကိုယ်ကျင့်သီလ အပိုင်း၊

၄။ လက်တွေ့ကျင့်ကြံပွားများမှု အပိုင်း ဆိုပြီး လေးပိုင်း ဟောတယ်။

ပထမပိုင်းဖြစ်တဲ့ ကြည်ညိုယုံကြည်မှုအပိုင်းမှာ သဒ္ဓါတရားအကြောင်းကို ဆရာတော်က တက္ကသိုလ်တရားနာ ပရိသတ် သဘောကျအောင် အကျယ် ဟောပြတော်မူထားတယ်၊ အဲဒီ တက္ကသိုလ် ဓမ္မသဘင်စာအုပ်ကို သမီး ဖတ်ကြည့်ပါလား။

● သမီး ရှာဖတ်ပါ့မယ် ဖေဖေ၊ ခု အချိန်ရတုန်း ဖေဖေပဲ ပြောပြပါဦး။

○ ကောင်းပြီ၊ ယုံကြည်မှု ကြည်ညိုမှုအပိုင်းကို ချမ်းမြေ့ဆရာတော်က ရှေ့ထားပြီး ဟောရာမှာ ဘာမိန့်တော်မူသလဲဆိုတော့ ယုံကြည်တယ်ဆိုတဲ့ စကားနဲ့

http://www.dhammadownload.com



ပတ်သက်လို့ နည်းနည်းသိထားရင် ကောင်းတယ်တဲ့။ ယုံကြည်တယ်ဆိုတာ မြန်မာ့ ကား ပါဠိလိုဆိုတော့ သဒ္ဓါပေါ့။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ ဟိန္ဒူတွေ ဗြဟ္မာဏတွေက ကွယ်လွန်သူကို ရည်စူးပြီး ကျွေးမွေးလှူဒါန်းတဲ့ ထမင်းကို သဒ္ဓံလို့ ခေါ်တာလည်း ရှိတယ်တဲ့။ ရှေးဆရာတော်ကြီးများကတော့ ဒီထမင်းကို ကုတ်ဟီးထမင်းလို့ ခေါ်တယ်။ သဒ္ဓါဆိုတာ လှူချင်တန်းချင်တဲ့ ရက်ရောတဲ့စိတ် မနသိကာရကို ခေါ်တာ မဟုတ်ဘူး၊ သဒ္ဓါရဲ့ လိုရင်းအဓိပ္ပာယ်ကတော့ ယုံကြည်တာပဲ။ ဒီမှာ ယုံနဲ့ကြည်ကို ပေါင်းထားတယ်။ ယုံရင် ကြည်လင်တယ်၊ မယုံရင် မကြည်လင်ဘူး၊ အဲဒါကို အဓိကထား သိရမယ်။ ဒီနေရာမှာ ယုံတာက တစ်ပိုင်း၊ ကြည်တာက တစ်ပိုင်း ပါနေတယ်။ စွန့်ကြဲ ပေးကမ်း လှူဒါန်း နေရတဲ့အခါ သီလဆောက်တည်ပြီး ကမ္မဋ္ဌာန်းစီးဖြန်းနေတဲ့အခါ ကုသိုလ်စိတ်တွေ ပြုနေရတဲ့အခါ စိတ်မှာ ကြည်လင်တဲ့သဒ္ဓါ ဖြစ်နေတယ်။ သဒ္ဓါရဲ့ အာနိသင်ကတော့ စိတ်ကို ကြည်လင်စေတဲ့ အာနိသင် ရှိတယ်။

● ဒါဖြင့် ယုံတယ်ဆိုတာကကော ဘာကို ယုံတာလဲ ဖေဖေ။

○ အေး၊ အဲဒါ အရေးကြီးတယ်။ ကံ ကံ၏အကျိုး မရှိ၊ ဘဝဟောင်း မရှိ၊ နောက်ထပ်ဖြစ်ဖို့ သံသရာဘဝလည်း မရှိ၊ ဘဝအားလုံး ဓမ္မအားလုံးကို သိနိုင်တဲ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိလို့ ယုံမှားသတဲ့။ ဝိစိကိစ္ဆာရှိနေတဲ့လူမှာ သဒ္ဓါမရှိဘူး၊ ကံ ကံ၏ကောင်းကျိုး ဆိုးကျိုး ရှိတယ်၊ သံသရာ ဘဝဆက် ရှိတယ်၊ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာရှိတယ်လို့ ယုံကြည်တဲ့လူမှာ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုကြောင့် စိတ်မှာ ကြည်လင်တဲ့ သဒ္ဓါတရား ဖြစ်ရတယ်။ ပေးကမ်းစွန့်ကြဲမှုမှာ ရက်ရောတဲ့စိတ် ဖြစ်တယ်ဆိုတာကလည်း ကံ ကံ၏အကျိုး ရှိတယ်လို့ ယုံကြည်တဲ့ စိတ်ပေါ်မှာ တည်တယ်၊ သံသရာဘဝ ရှိတယ်လို့ ယုံကြည်တဲ့ စိတ်အပေါ်မှာ တည်တယ်။

● ဒါဆိုရင် ကံ ကံ၏အကျိုးရှိတယ်၊ သံသရာဘဝ ရှိတယ်ဆိုတာကို မသိတဲ့ လူတွေ၊ နားမလည်သေးတဲ့ ကလေးတွေမှာ သဒ္ဓါတရားမရှိဘူးလို့ ဆိုရမလား ဖေဖေ။

○ အေး၊ သမီး မေးခွန်းက တော်တော်ကောင်းတယ်။ အဲဒါကိုလည်း ကျေးဇူးရှင် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ဖြေတော်မူတယ်။

● ဘယ်လို ဖြေသလဲ ဖေဖေ။

○ တချို့ တိရစ္ဆာန်များနဲ့ ကလေးသူငယ် စသူတို့မှာ ကံ ကံ၏အကျိုးကို နားမလည်လို့ သဒ္ဓါဖြစ်ဖို့ ခဲယဉ်းတယ်ဆိုရပေမယ့် လူကြီးများ ပြုမူပုံကို

http://www.dhammadownload.com



အတုလိုက်ပြီး ဘုရား တရား သံဃာကို ရှိခိုးနေတဲ့အခါ၊ သူတစ်ပါးကို ပေးကမ်းနေတဲ့အခါ၊ သူတစ်ပါးအကျိုးကို ဆောင်နေတဲ့အခါ၊ စိတ်ကိုကြည်လင် စေနိုင်တဲ့ သဒ္ဓါမျိုး ဖြစ်နိုင်တယ်တဲ့။ ဒါတင်မက အခြားအယူရှိသူများမှာလည်း ဆေးရုံအတွက်၊ သူအိုရုံအတွက်၊ မိဘမဲ့ကလေးများအတွက်၊ ပညာရေးအတွက် ပေးကမ်း စွန့်ကြဲကြတဲ့အခါ သဒ္ဓါကုသိုလ် ဖြစ်နိုင်ပါတယ်တဲ့။ ဒါပေမဲ့ သဒ္ဓါကိစ္စမှာ သဒ္ဓါစစ်နှင့် သဒ္ဓါတုကိုလည်း ခွဲခြမ်းပြီး နားလည်ဖို့လိုတယ်လို့ တောင်မြို့ဆရာတော်ကြီးက ဟောတားတယ် မဟုတ်လား။

● ဟောပါတယ် ဖေဖေ၊ ဆရာတော်က မှန်ကန်တဲ့တရားကို ယုံကြည်ခြင်းကိုသာ သဒ္ဓါအစစ်တဲ့။ အတုအယောင် အံ့ဖွယ်ဆန်းကြယ်တွေ လုပ်ပြပြီး ဘုရားကို မှီစားလိမ်စားနေကြတာတွေကို ယုံတာဟာ သဒ္ဓါအတုလို့ ဆိုပါတယ်။

○ အေး၊ အဲဒါကို ကျမ်းဂန်မှာ 'ဗုဒ္ဓပသန္န'လို့ ခေါ်တယ်။ သိမ်ဖျင်းသော ကြည်ညိုမှုလို့ ဆိုလိုတယ်။ ခုခေတ် အတုအယောင်ဆောင်တွေ သိပ်များတယ်၊ အဲဒါတွေကို ကြည်ညိုမိရင် အဲဒါ သိမ်ဖျင်းတဲ့ ကြည်ညိုမှုဖြစ်တာပဲ။ နောက်ပြီး သဒ္ဓါအားကြီးတဲ့အခါ ပညာနန့်သွားတတ်တဲ့သဘောလည်း ရှိတယ်၊ သဒ္ဓါလွန်တော့ တဏှာကျွံရောဆိုသလိုပေါ့၊ သဒ္ဓါနဲ့ ပေမ ရောသွားတတ်တာလည်း ရှိတယ်၊ ဒီတရားက သိမ်မွေ့တယ်၊ သဒ္ဓါက ကြည်ညိုတာ ရိုးရိုးပဲ။ စင်ကြယ်တယ်၊ သံယောဇဉ်မပါဘူး၊ ပေမ ဖြစ်သွားတော့ ချင်ခင်စုံမက်ပြီး သံယောဇဉ်ယှက်တဲ့သဘော သက်သွားတယ်၊ ဒါတွေကိုလည်း သတိထားရမယ်၊ ဒီနေရာမှာ သဒ္ဓါရဲ့သဘောကို ခံစားပြီး သဘောပေါက်ဖို့ အရေးကြီးတယ်။

● ခံစားပြီး သဘောပေါက်တယ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ သဒ္ဓါဆိုတာဟာ စိတ်ကို ကြည်လင်စေတဲ့ တရားဖြစ်တယ်ဆိုတာကို ကိုယ်တိုင်ခံစားပြီး သိတာကို ပြောတာ၊ စိတ်ကို နောက်ကျုသွားစေရင် အဲဒါ သဒ္ဓါမဟုတ်တော့ဘူး၊ စိတ်ကို ညစ်နွမ်းစေတယ်၊ နောက်ကျုစေတဲ့တရားက ပါဠိလိုဆိုတော့ ကိလေသာ(Defilement)လို့ ခေါ်တယ်။ ချမ်းမြေ့ဆရာတော်ကတော့ ယုံတိုင်းစိတ်ကိုကြည်လင်စေတာတော့ မဟုတ်ဘူး၊ တစ်ခါတလေ ယုံမိလို့ စိတ်ကို နောက်ကျုညစ်နွမ်းသွားစေတာမျိုးလည်း ရှိတယ်တဲ့။ ဒါကြောင့် ယုံတဲ့အတွက် စိတ်ကိုကြည်လင်စေသလား၊ မကြည်လင်စေဘူးလား၊ ကိုယ်တိုင် ခံစားကြည့်ပါ၊ ကြည်လင်စေတယ်ဆိုမှ သဒ္ဓေယျလို့ ခေါ်တယ်၊ ယုံကြည်ထိုက်တဲ့တရား ဖြစ်တယ်တဲ့။ ပြီးတော့ ဆရာတော်က လောကမှာ လူတွေကို အယုံသွင်းနေတဲ့ ဝါဒတွေ၊ သဘောတရားတွေ ရှိတယ်။ အဲဒါတွေကို ယုံကြည်လိုက်တာနဲ့ လောဘတွေ ဒေါသတွေ

http://www.dhammadownload.com



မာနတွေ ထားလာကြရတယ်။ အဲဒီ ဝါဒတွေကို စိတ်ကြည်လင်စေတဲ့ ဝါဒတွေလား၊ အဲဒါကို စိစစ်ရမယ်တဲ့။ အဲဒါ သိပ်အရေးကြီးတယ်နော်။

● ယုံရင် ကြည်လင်စေတယ်ဆို မဟုတ်လား ဖေဖေ။

○ သမီးက မေးခွန်းမေးတတ်တယ်။ အဲဒီကိစ္စ ရှင်းဖို့ အရေးကြီးတယ်။ ဒီနေရာမှာ တချို့လောကီအယူဝါဒတွေ ရှိတယ်။ ဝါဒဆရာကြီးတွေလည်း ရှိတယ်။ သူတို့က သူတို့ရဲ့ အယူဝါဒတွေကို လေ့လာတဲ့လူတွေ သဘောကျအောင် ရေးသား ဟောပြောကြတယ်။ သူတို့နောက်လိုက် တပည့်တွေက သဘောကျတယ်။ သဘောကျတယ်ဆိုတာကလည်း သူ့စိတ်ဆန္ဒနဲ့ သူ့ရည်မှန်းချက်နှင့် ကိုက်ညီရင် သဘောကျတာပေါ့။ အဲဒီလို သဘောကျတဲ့အခါ ဒီဝါဒကိုပဲ သူက ယုံကြည်ပြီး လိုက်စားတယ်၊ ဒီအခါ ဒီဝါဒ ဒီလမ်းစဉ်အရ လောဘတွေ ဒေါသတွေ မာနတွေ ထားလာကြရတယ်။ ဒီလိုထားပြီး လိုအပ်ရင် လက်နက်နှင့် သတ်ဖြတ်နှိမ်နင်းမှ အောင်မြင်မှု ရနိုင်တယ်လို့လည်း အယူရှိကြတယ်။ ဒီလို ဝါဒမျိုးဟာ ယုံရင် စိတ်ကို ကြည်လင်စေမလား၊ လောဘ ဒေါသ မောဟ ဖုံးလွှမ်းပြီး စိတ်ကို ညစ်ညူး စေမလား သမီး စဉ်းစားကြည့်စမ်း။

● စိတ်ကို မကြည်လင်စေပါဘူး၊ စိတ်ကို ညစ်ညူးစေပါတယ် ဖေဖေ။

○ ဒီတော့ သမီးပဲ စဉ်းစား၊ အဖြေဖြင့်စဉ်းစားစမ်း၊ စိတ်ကို ညစ်ညူးစေတဲ့ တရားဟာ ချမ်းသာစေတဲ့တရား ဖြစ်ပါ့မလား။

● မဖြစ်နိုင်ပါဘူး ဖေဖေ။

○ အဲဒါ အဖြေတစ်ခုပဲ သမီးရဲ့။ ဒါကြောင့် လောကမှာ စိတ်ကို ကြည်လင်စေ နိုင်တဲ့ တရားမဟုတ်ရင် အဲဒီတရားဟာ ချမ်းသာစေနိုင်တဲ့တရား မဟုတ်ဘူး လို့မှတ်၊ ယုံလို့ စိတ်ကိုကြည်လင်စေတယ်ဆိုမှ အဲဒါ သဒ္ဓေယျ ယုံကြည်ထိုက်တဲ့ တရားစစ်တရားမှန် ဖြစ်တယ်လို့ သဘောပေါက်ပါကွယ်။

● ဒါဆို သဒ္ဓါဟာ အတုနှင့်အစစ် ကွဲနေတာပေါ့နော် ဖေဖေ။

○ မှန်တယ်။ သဒ္ဓါဟာ သဘာဝအားဖြင့် ယုံတတ်တဲ့သဘောပဲ။ သို့သော်လည်း ယုံသင့် ယုံထိုက်တာကို ယုံမှ သဒ္ဓါစစ် ဖြစ်တယ်၊ သဒ္ဓါမှန် ဖြစ်တယ်၊ ဉာဏ်အမြင်မှားပြီး မယုံသင့် မယုံထိုက်တာတွေကို ယုံနေတာမျိုးကတော့ သဒ္ဓါစစ် သဒ္ဓါမှန် ဘယ်ဟုတ်ပါ့မလဲ။ ဒီနှစ်မျိုးကို ခွဲခြား သိမြင်တတ်ရမယ်။ ဒါလည်း ခွဲရလွယ်ပါတယ်။ ဒီအယူဝါဒကို ယုံကြည်တဲ့အတွက် စိတ်ကို ကြည်လင်ရွှင်ပျ စေသလား၊ ဒီအယူဝါဒကို ယုံတဲ့အတွက် စိတ်ကို နောက်ကျုစေသလား၊ ဒါကို ခွဲခြား စိစစ်ကြည့်ပေါ့။ ဘယ်ဟာ ယုံထိုက်တဲ့ တရားလဲဆိုတာ မိမိအသိဉာဏ်မှာ

http://www.dhammadownload.com



ထင်ရှားလာနိုင်တာပေါ့ကွယ်။ ဒီနေရာမှာ သဒ္ဓါရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဆိုတဲ့ တရားတွေကို သိစေချင်သေးတယ်။

● ပြောပြပါဦး ဖေဖေ၊ သမီးတို့လို ခေတ်လူငယ်တွေအတွက် ကျေးဇူးများလှပါတယ်။

○ ဟုတ်တယ် သမီးရဲ့၊ ဗုဒ္ဓမြတ်စွာရဲ့ တရားသဘောတွေကို ခေတ်လူငယ်တွေ စေ့စေ့စပ်စပ် သိဖို့လိုတယ်။ အနာဂတ် သာသနာတော်ကြီး ထွန်းကားပြန့်ပွားဖို့ဟာ လူငယ်တွေရဲ့ အသိဉာဏ်ရင့်ကျက်မှု၊ သစ္စာသိမြင်မှုအပေါ်မှာ တည်တယ်။ ကဲ-ပထမ သဒ္ဓါရဲ့ လက္ခဏာကို ပြောကြစို့။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ သဒ္ဓါဆိုတာရဲ့ အဓိက လက္ခဏာက ယုံတတ်တဲ့ သဘောသဘာဝပဲကွယ့်။ လူဟာ ယုံကြည်ချက်မရှိဘဲ ဒီအတိုင်း အသက်ရှင်နေလို့ မရဘူး။ တချို့က ငါဘာမှ မယုံဘူးလို့ ပြောတတ်ကြတယ်။ အဲဒါ သူ့ယုံကြည်ချက်ကို ပြောပြတာပဲ။ ဘာမှ မယုံကြည်ဘူးဆိုတဲ့ အယူအဆကို သူ ယုံကြည်နေတယ်။ အထူးသဖြင့် လူဟာ ယုံကြည်ချက်နှင့် အသက်ရှင်နေတဲ့ ထူးခြားတဲ့ သတ္တဝါတစ်မျိုးပဲဆိုရင် မမှားပါဘူးကွယ်။

● ဟုတ်တယ်နော် ဖေဖေ၊ ကမ္ဘာမှာ လူတွေဟာ အယူဝါဒအမျိုးမျိုးကို ယုံကြည်ပြီး အဲဒီယုံကြည်ချက်အတွက်ဆိုပြီး အချင်းချင်း ပဋိပက္ခ ရန်ပွဲကြီးတွေ ဖြစ်နေကြတယ်နော်။ နောက်ပြီး တချို့လူတွေကလည်း သူတို့လုပ်တာတွေကို လူတွေက ထောက်ခံအောင်ဆိုပြီး နည်းအမျိုးမျိုးနဲ့ အယုံသွင်းနေကြတာလည်း မြင်တွေ့နေရတာပဲနော်။

○ သမီး ခု ဒီသဘောတွေကို မြင်တတ်လာပြီ မဟုတ်လား။ သဒ္ဓါတော့ သဒ္ဓါပဲ၊ ဒါပေမယ့် လောကမှာ သဒ္ဓါစစ် သဒ္ဓါမှန်နဲ့ သဒ္ဓါမှားတွေ ရောထွေးနေတယ်။ ဒီတော့ သဒ္ဓါရဲ့ ရသ သဘောကို ပြောမယ်၊ အဲဒါ သေသေချာချာမှတ်ထား၊ သဒ္ဓါစစ် သဒ္ဓါမှန်ဟာ ယုံသောသူရဲ့ စိတ်ကို ကြည်လင်ပြီး အေးချမ်းစေတယ်၊ ရွှင်လန်းစေတယ်၊ ကြည်ညိုစေတယ်၊ ဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ကြည်နူးခြင်းကို ဖြစ်စေတယ်၊ အဲဒါ သဒ္ဓါရဲ့အရသာပဲ။ ဥပမာအားဖြင့် သမီးစိတ်တွေ နောက်ကျူနေတဲ့အခါ မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်ရှိရာ ဘုရားစင်ရှေ့ကို သွားပြီး ဝတ်ပြုပြီး ရှင်တော်မြတ်ဘုရားရဲ့ ဂုဏ်တော်တွေ၊ ဘုန်းတော်တွေ၊ ကျေးဇူးတော်တွေကို ကောင်းကောင်း အာရုံယူပြီး စိတ်ထဲမှာ ပွားများလိုက်ရင် ခဏချင်းပဲ စိတ်တွေ အေးချမ်းပြီး ကြည်လင်သွားတယ် မဟုတ်လား၊ စိတ်ရှုပ် စိတ်နောက်တွေ ပျောက်လွင့်

http://www.dhammadownload.com



**သွားတယ် မဟုတ်လား။ ဒါဟာ သဒ္ဓါရဲ့အရသာ၊ သဒ္ဓါရဲ့ သတ္တိပေါ့ သမီးရယ်။**

● **ဟုတ်တယ်နော် ဖေဖေ၊ ဒါဟာ ခုခေတ် စိတ်ငြိမ်ဆေး သောက်တာထက် တောင်မှ ထိရောက်တယ်နော်။**

❍ အင်း၊ မှန်တယ် သမီးရဲ့။ ဒါကြောင့် သဒ္ဓါကို ကျမ်းဂန်တွေထဲမှာ အဖိုးထိုက်တဲ့ ပတ္တမြားရတနာနှင့် ဥပမာပြကြတယ်။ အရည်အသွေးကောင်းတဲ့ ပတ္တမြားရတနာကို နောက်နေတဲ့ ရေထဲကို ထည့်လိုက်ရင် အဲဒီရေဟာ ချက်ချင်း အနည်အနှစ်တွေ ထိုင်ပြီး ကြည်လင်သွားတယ်တဲ့။ အဲဒီလိုပဲ လောဘ ဒေါသ စတဲ့ ကိလေသာ အညစ်အကြေးတွေ စိတ်ထဲဝင်လို့ စိတ်နောက်ကျူပြီး စိတ်မချမ်းမသာ ဖြစ်တဲ့အခါ ရတနာသုံးပါးကို အာရုံယူပြီး ယုံကြည်ချက် သဒ္ဓါစိတ်ကို နှိုးဆွပေးလိုက်ရင် စိတ်အညစ်အကြေးတွေ ပပျောက် လွင့်စဉ်သွားပြီး နောက်ကျူတဲ့စိတ်တွေ ချက်ချင်း ကြင်လင်သွားတယ်။ ဒါဟာ သဒ္ဓါစစ် သဒ္ဓါမှန်ရဲ့ စိတ်ကို ကြည်လင်စေတဲ့ သတ္တိပဲပေါ့ သမီးရဲ့။ နောက်ကျူခြင်းကင်းရှင်းတဲ့ သဘောဟာ သဒ္ဓါရဲ့ ပစ္စုပဋ္ဌာန် ဖြစ်တယ်။ ပစ္စုပဋ္ဌာန်ဆိုတာက ဉာဏ်မှာထင်ရှားလာတဲ့ အခြင်းအရာကို ပြောတာ၊ ဒီနေရာမှာ စိတ်ရဲ့ အညစ်အကြေး အနောက်အကျူတွေ ကင်းရှင်းဖို့ဆိုတာကလည်း ယုံသင့်ယုံထိုက်တာကိုသာ ယုံကြည်မှုဖြစ်တာ သမီးရဲ့။ မယုံသင့် မယုံထိုက်တာတွေကို ယုံကြည်ကိုးကွယ်နေရင် စိတ်က ပိုနောက်ရတယ်။ ဒီတော့ သဒ္ဓါဆိုတဲ့ မှန်ကန်တဲ့ စိတ်ကြည်လင်မှုဖြစ်ပေါ်ဖို့အတွက် နီးသော အကြောင်းတွေကိုလည်း သိရမယ်။ ရတနာသုံးပါး ကံ ကံ၏အကျိုးတရား စတဲ့ တရားတွေဟာ မှန်ကန်တဲ့ သဒ္ဓါကို ဖြစ်စေတဲ့ နီးစွာသောအကြောင်းတွေ ဖြစ်တယ်။ ဒါကြောင့် သဒ္ဓါဆိုတိုင်း အစစ အမှန်ဖြစ်ပြီလို့ ယူလို့မရဘူး၊ ကျမ်းဂန်မှာ သဒ္ဓါကို အမျိုးမျိုးပြတယ်။

● သဒ္ဓါက ဘယ်နှစ်မျိုး ရှိလို့လဲ ဖေဖေ။

❍ ကျမ်းဂန်တွေထဲမှာတော့ သဒ္ဓါကို လေးမျိုးလေးစား ပြထားတယ်။ လေးမျိုးကို မှတ်ရလွယ်အောင် ဖေဖေ ပြောမယ်၊ သမီးမှတ်နော်။ (၁) ပသာဒသဒ္ဓါတဲ့၊ (၂) ဩကပ္ပနသဒ္ဓါတဲ့၊ (၃) အဓိဂမသဒ္ဓါတဲ့၊ (၄) အာဂမနသဒ္ဓါတဲ့။

● မှတ်မိပါပြီ ဖေဖေ၊ တစ်ခုချင်း ရှင်းပြပါဦး။

❍ ကောင်းပြီ။ ပသာဒသဒ္ဓါဆိုတာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ အသံကို ကြားလိုက်ရုံမျှဖြင့် စိတ်ထဲမှာ ကြည်လင်ပြီး ကြည်ညိုသွားတာ။ ချမ်းသာ သွားတာကို ပသာဒသဒ္ဓါလို့ ခေါ်တယ်။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ အသံကို ကြားကာမျှနှင့် ကြည်ညိုတဲ့စိတ်၊ ကြည်လင်တဲ့စိတ် ဖြစ်တာ။ ရုပ်ပွားဆင်းတုတော် တွေကို ဖူးမြော်ရလို့ ကြည်ညိုသဒ္ဓါစိတ် ဖြစ်တာတွေ၊ နေ့စဉ် ပန်း၊ ဆီမီး၊ ဆွမ်း၊

http://www.dhammadownload.com



**ရေချမ်းကပ်လှူတဲ့အခါ စိတ်မှာ ကြည်လင်ရွှင်လန်းတာ အားလုံးဟာ ပသာဒသဒ္ဓါတွေပဲ သမီးရဲ့။ ဒါက ဘာအကြောင်း ညာအကြောင်းကိုမှ ကျကျနန သိလို့တော့ မဟုတ်ဘူး။ မြင်ကာ ကြားကာမျှနှင့် ကြည်ညိုတာနော်။ နောက်တစ်ခုက ဩကပ္ပနသဒ္ဓါတဲ့။ ဒါကျတော့ ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း ဖြစ်လာပြီ။ ဉာဏ်ဖြင့် သက်ဝင်ယုံကြည်တယ်** ဆိုတာ ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်းကို တော်တော်တန်တန် သိပြီးမှ ဖြစ်တာမျိုးပေါ့။ သမီးကို ဖေဖေ ဂုဏ်တော်တွေအကြောင်း၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာ ရှစ်ပါး အကြောင်းတွေကို ပြောဖူးပြီ ထင်တယ်။

● ပြောဖူးပါတယ် ဖေဖေ။

○ ကောင်းပြီ၊ ဒါဆိုရင် ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း ဆိုတဲ့ ဩကပ္ပနသဒ္ဓါ အကြောင်းကို သမီး သဘောပေါက်လောက်ပြီ။ ခု နောက်တစ်ခု အကြောင်းကို ပြောကြစို့။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ အာဂမနသဒ္ဓါ ဆိုတာကတော့ သာမန် ပုဂ္ဂိုလ်တွေနှင့် မဆိုင်ဘူး သမီးရဲ့။ ဒါဟာ ဘုရားအလောင်းတော်များနှင့်သာ ဆိုင်တယ်။ ဘုရားအလောင်းတော်များဟာ ဘုရားဧကန် ဖြစ်လိမ့်မယ်လို့ ဘုရားတစ်ဆူဆူထံမှာ ဗျာဒိတ် ရပြီးတဲ့ အချိန်ကစပြီး သူ့ စိတ်သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ အလွန်အားကြီးတဲ့ သဒ္ဓါယုံကြည်မှုမျိုးကို အာဂမန သဒ္ဓါလို့ ခေါ်တာ။

● အဓိဂမသဒ္ဓါ ဆိုတာကကော ဖေဖေ။

○ သမီးက ဖေဖေ ပြောခဲ့တာကို မှတ်မိသားပဲ။

● မှတ်မိပါတယ် ဖေဖေ၊ သမီးက ဒီလို ကိုယ်မသိသေးတာတွေကို သိရရင် သိပ် စိတ်ဝင်စားတာပဲ။

○ ဒါမှလည်း ဖေဖေက သမီးကို ဒီတရားတွေကို ဖွင့်ပြရကျိုး နပ်မှာပေါ့ကွယ်။ အေး၊ အခု အဓိဂမသဒ္ဓါအကြောင်းကို ဆက်ကြစို့။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး စိတ်ဝင်စားပါတယ်။

○ အေး၊ ဘုရားအကြောင်း၊ တရားအကြောင်းတွေကို သိလေ စိတ်ဝင်စားလေ ဖြစ်တာဟာလည်း သဒ္ဓါရဲ့ သတ္တိပဲ သမီးရဲ့။ အဓိဂမသဒ္ဓါ ဆိုတာကတော့ တို့ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း သတိပဋ္ဌာန်တရား မဂ္ဂင်ရှစ်ပါး အကျင့်ကို ကျင့်ကြံပွားများ အားထုတ်လိုက်တဲ့အခါ ခန္ဓာကိုယ်လို့ခေါ်တဲ့ ရုပ်နာမ် နှစ်ပါးမှာ ဖြစ်ပေါ်နေသမျှကို သတိနှင့် ကပ်ပြီး ရှုးစိုက်ရှုလိုက်တဲ့အခါ ရုပ်သဘာဝ

http://www.dhammadownload.com



နာမ်သဘာဝတွေကို ဖြစ်နေတဲ့အတိုင်း ထိုးထွင်းသိမြင်လာတယ်။ ဒီအခါကျတော့ 'ဩော်–တို့မြတ်စွာဘုရားရဲ့ တရားတော်က တယ်လက်တွေ့ကျပါကလား၊ တယ်မှန်ပါကလား၊ မြတ်စွာဘုရား ဆုံးမတဲ့အတိုင်း တကယ်ကျင့်ရင် တကယ်သိရပါကလား၊ ရှုလိုက်တိုင်း ရှုလိုက်တိုင်းမှာ တွေ့မြင်ရသမျှတွေဟာ ဖြစ်ပြီး ပျက်သွားတာချည်းပါကလား။ ခဏကလေးတောင် တည်တံ့နေတာရယ်လို့ ဘာမျှ မရှိပါကလား ဆိုပြီး ကိုယ်တိုင် သိမြင်ပြီး ယုံကြည်လာတယ်။ တရားအသိ ပိုပြီးရှင်းလင်းလာတာနှင့်အမျှ ယုံကြည်မှုကလည်း ပိုပြီး အားကောင်းလာတာပေါ့ကွယ်။ အဲဒီလို တရားကိုအားထုတ်ပြီး အမှန်တရားတွေကို ကိုယ်တွေ့မျက်မြင် သိရလို့ ဖြစ်ပေါ်လာတဲ့ ယုံကြည်မှုမျိုးကို အဓိဂမသဒ္ဓါလို့ ခေါ်ပါတယ်ကွယ်။ ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကိုယ်တိုင် ရရှိထားကြတဲ့ အရိယာပုဂ္ဂိုလ်များမှာတော့ အဓိဂမသဒ္ဓါက အလွန်အားကောင်းတာပေါ့ သမီးရယ်။

● သဒ္ဓါတရားအကြောင်းကို ခုမှ သမီး ကျယ်ကျယ်ပြန့်ပြန့် သိရပါတယ် ဖေဖေ၊ သမီး ဖေဖေ့ကို ကန်တော့ပါတယ်နော်။

○ သာဓုကွယ်၊ သာဓု သာဓု။

❑

http://www.dhammadownload.com

# ဘုန်းတော်ဖွင့်

ကျွန်မဖေဖေက ကျွန်မကို ဗုဒ္ဓဘာသာမှာ သဒ္ဓါ စစ်ပေါက်သူဖြစ်အောင်ဆိုပြီး ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်းနှင့် ပတ်သက်သော အသေးစိတ် သိအပ်ဖွယ်ရာများကို အခါအားလျော်စွာ အချိန်ရလျှင် ရတိုင်းမှာ သွန်သင်ညွှန်ပြ ဆုံးမတတ်ပါသည်။ ဖေဖေ့ စေတနာမှာ ကျွန်မကို မိရိုးဖလာ ဗုဒ္ဓဘာသာ ယုံကြည်မှု၊ ကိုးကွယ်မှုလောက်နှင့် တင်းတိမ်ရောင့်ရဲပြီး ဗုဒ္ဓဘာသာဖြစ်ရခြင်းရဲ့ အကျိုးကို မခံစားရဘဲ အချိန်ကာလတွေ ကုန်ဆုံးသွားမှာ စိုးပါသည်။ ဗုဒ္ဓတရားတော် အတိုင်း ကျင့်ကြံအားထုတ်သူ၊ အပါယ်တံခါးပိတ်သူ အနည်းဆုံး၊ အောက်ထစ်ဆုံး၊ စုဋသောတာပန်လောက်ဖြစ်အောင် ဆောင်ရွက်သူဖြစ်မှသာ သာသနာတော်မှာ သက်သာရာရသူ၊ ထောက်တည်ရာရသူ ဖြစ်နိုင်ကြောင်းကို ဖေဖေ မကြာခဏ သတိပေး ပြောဆိုပါသည်။ ဤကဲ့သို့ လူဖြစ်ရကျိုးနပ်သူ၊ ဗုဒ္ဓဘာသာ၊ ဒုလ္လဘ သာသနာကို ရကျိုးနပ်သူဖြစ်အောင် လုပ်ဖို့မှာလည်း ပညာကြောင့်ဖြစ်သော သဒ္ဓါတရားနှင့် ပြည့်ဝသူဖြစ်မှသာ ဘုရားကိုသိပြီး ကြည်ညိုသူဖြစ်မှသာ တရား၌ ကျင့်ကြံအားထုတ်လိုသူ ဖြစ်လာနိုင်သည်ကို ဖေဖေ နားလည်ထားဟန် တူပါသည်။ ထို့ကြောင့် ကျွန်မကို ဘုရားနှင့်ပတ်သက်သော သိသင့် သိအပ်သည့်အကြောင်းများကို ပြောပြနေခြင်း ဖြစ်ပါသည်။

○ သမီး ခု ဘာလုပ်နေတာလဲ။

● ဘုရားရှိခိုးပြီးလို့ ပုတီးစိပ်နေတာပါ ဖေဖေ။

○ အေး၊ ပုတီးစိပ်တာ သမာဓိရအောင်လုပ်တဲ့နေရာမှာ အထောက်အကူ ရပါတယ်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပေါ့၊ ဒါနဲ့ ဘာကိုရွတ်ဆိုပြီး စိပ်တာလဲ။

● ဂုဏ်တော်ပုတီးစိပ်ပါ ဖေဖေ။

http://www.dhammadownload.com



○ ကောင်းပါတယ်ကွယ်။ သမီးကို ဖေဖေက ဘုရားရဲ့ဂုဏ်တော်တွေ၊ တရားရဲ့ ဂုဏ်တော်တွေ၊ သံဃာရဲ့ဂုဏ်တော်တွေအကြောင်းကို အကျယ်ပြောပြပြီးပြီ။

● ပြောပြဖူးပြီးပါပြီ ဖေဖေ၊ ဒီတစ်ခါ ဖေဖေက ဘုန်းတော်ဖွင့်ကို ရှင်းပြမယ်ဆို။

○ အင်း၊ ဟုတ်သားပဲ၊ ဘုန်းတော်ဖွင့်ကို ပြောရဦးမယ်။ ဘုန်းတော်အကြောင်းကို ပြောရင် ဂုဏ်တော်က ပြန်စရမယ်ကွယ့်၊ ဘုရားရဲ့ဂုဏ်တော်တွေကို သမီး ပွားများတဲ့အခါ 'ဘဂဝါ'ဆိုတဲ့ ဂုဏ်တော် ပါတယ်မဟုတ်လား။

● ပါပါတယ် ဖေဖေ။

○ အေး 'ဘဂဝါ'ကို 'ဘုန်းကံကြီးတော်မူပါပေ၏'လို့ အနက်ဖွင့်ကြတယ်။ ဖေဖေတို့ ဘုရားရှိခိုးကြတဲ့အခါမှာတော့ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားလို့ ကြည်ညိုကြတယ်။ ဒါကြောင့် မြတ်စွာဘုရားမှာ အကြမ်းအားဖြင့် ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတယ်လို့ နားလည်ကြရတယ်။ ဒါပေမဲ့ တကယ့်တကယ် အကျယ်ပြောကြစို့ဆိုရင်တော့ ဘုန်းတော်က ၁၄ ပါး ရှိတယ်။

● ဟုတ်လား ဖေဖေ၊ သမီး ကြားဖူးတာကတော့ ဘုန်းတော်ခြောက်ပါးလို့ပဲ ကြားဖူးပါတယ်။

○ ဟုတ်ပါတယ် သမီး၊ ပင်ရင်းကတော့ ဘုန်းတော်ခြောက်ပါးပါပဲ။

● နို့ ၁၄ ပါးက ဘယ်လိုဖြစ်တာလဲ။

○ အေး၊ အဲဒါ ခုဆွေးနွေးတဲ့အခါ သမီး သဘောပေါက်သွားပါလိမ့်မယ်။ ကဲ-ဒါထား၊ ဘုန်းတော်ခြောက်ပါးဆိုတာကိုကော သမီး အားလုံး တိတိ ကျကျ သိရဲ့လား။

● ကြားဖူးတာပဲ ရှိပါတယ်။ ဘုန်းတော်ခြောက်ပါးဆိုတာ ဒါပေမဲ့ တစ်ခုချင်း ပြောပြပါဆိုရင်တော့ သမီး မပြောတတ်ပါဘူး ဖေဖေ။

○ အဲဒါလိုတာပဲ၊ ဘယ်ကိစ္စမှာမဆို သိစရာရှိတာတွေကို ပြည့်ပြည့်စုံစုံသိအောင် အားထုတ်ရမှာပေါ့။

● မှန်ပါတယ် ဖေဖေ၊ သမီး မသိခဲ့လို့ ခု သိအောင် ဖေဖေ့ကို မေးနေတယ်လေ။

○ အေး အေး၊ ငါ့သမီးက ဉာဏ်ပါးပါတယ်၊ မှတ်ထားနော်၊ မြတ်စွာဘုရားရဲ့ ဘုန်းတော်ခြောက်ပါးဆိုတာ (၁) ဣဿရိယဘုန်းတော်၊ (၂) ဓမ္မဘုန်းတော်၊ (၃) ယသဘုန်းတော်၊ (၄) သိရီဘုန်းတော်၊ (၅) ကာမဘုန်းတော်၊ (၆) ပယတ္တဘုန်းတော်တွေပဲကွယ့်၊ အတိုကောက်တော့-ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တပေါ့၊ မှတ်မိပြီလား။

http://www.dhammadownload.com



● ဟုတ်ကဲ့ပါ ဖေဖေ။ ဣဒ္ဓိဝိဓ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ မဟုတ်လား ဖေဖေ။

○ အေး၊ ဟုတ်တယ်။ အဲဒီအထဲမှာ ဣဒ္ဓိဝိဓဘုန်းတော်ဆိုတာက ဘုရားရှင် အလိုရှိတော်မူတဲ့အတိုင်း ဖန်ဆင်းတော်မူလိုရာကို ဖန်ဆင်းနိုင်တဲ့၊ အစိုးရတော်မူခြင်းအနက်ကိုဆောင်တဲ့ ဘုန်းတော်ပဲ သမီးရဲ့။ ဣဒ္ဓိဝိဓဘုန်းတော် တစ်ခုတည်းက အစွမ်းသတ္တိအားဖြင့် ရှစ်မျိုးပြားတယ်။ အဲဒါကြောင့် ဖေဖေက ဘုန်းတော်ကို အကျယ်ချဲ့လိုက်ရင် ၁၄ မျိုးပြားတယ်လို့ ပြောခဲ့တာပေါ့။

● ဟုတ်ကဲ့ ဖေဖေ၊ ဣဒ္ဓိဝိဓဘုန်းတော်ရဲ့ အကျယ်ပြားပုံကို ပြောပါဦး။

○ မှတ်ထားနော် သမီး၊ ဣဒ္ဓိဝိဓဘုန်းတော်ထဲမှာ (၁) အဏိမာ ဘုန်းတော်၊ (၂) လဃိမာ ဘုန်းတော်၊ (၃) မဟိမာ ဘုန်းတော်၊ (၄) ပတ္တိ ဘုန်းတော်၊ (၅) ပါကမ္မ ဘုန်းတော်၊ (၆) ဣသိတာ ဘုန်းတော်၊ (၇) ဝသိတာ ဘုန်းတော်နဲ့ (၈) ယတ္ထကာမာဝသာယိတာ ဘုန်းတော်ဆိုပြီး ဘုန်းတော်ရှစ်မျိုး ပါတယ်။ အဲဒါ ရှစ်မျိုးစလုံးဟာ ဣဒ္ဓိဝိဓဘုန်းတော်မှာ အကျုံးဝင်တယ်။

● ဒါဆို ဣဒ္ဓိဝိဓဘုန်းတော် အကျယ်ကိုပဲ ဖွင့်ပြပါဦး ဖေဖေရယ်။

○ ဒါဆို ပထမ(၁) အဏိမာဘုန်းတော်က စပြီး ရှင်းပြမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ အဏိမာဘုန်းတော်ဆိုတာ တို့မြတ်စွာဘုရားဟာ ဘယ်လိုဖန်ဆင်းနိုင်သလဲ၊ ဘယ်လောက် ဖန်ဆင်းနိုင်သလဲဆိုရင် အလိုတော်ရှိရင် မိမိရဲ့ကိုယ်တော်ကို အဏုမြူမှုန်ကလေးတမျှ သေးငယ်သွားအောင် ဖန်ဆင်းတော်မူပြီး ပရိက္ခရာ ရှစ်ပါးနဲ့တကွ မှန်ညင်းစေ့အတွင်းမှာတောင် စင်္ကြံကြွတော်မူနိုင်တယ်။ ဒါကို စဉ်းစားရလွယ်အောင် ဥပမာပြုရရင် အလွန်သေးငယ်တဲ့ မှန်ကလေးတစ်ချပ်ကို ထောင်ကြည့်ရင် အဲဒီ မှန်ကလေးထဲမှာ လမ်းပေါ်မှာပြေးသွားနေတဲ့ ကားတွေ၊ လျှောက်သွားနေတဲ့ လူတွေ၊ တိုက်တာကြီးတွေ အားလုံးကို မြင်ရသလို မှန်ညင်းစေ့ထဲမှာ မြတ်စွာဘုရား စင်္ကြံသွားနေတာကို မြင်ကြရတယ်။ နောက်ပြီး ဒီနေရာမှာ ရှိနေပါလျက် အနီးအနားကလူတွေ မမြင်စေလိုရင် ကိုယ်တော်ကို ကွယ်ပျောက်သွားအောင် ကိုယ်ဖျောက်ပစ်လို့လည်း ရတယ်။ ဒီအကြောင်းကတော့ ဗကဗြဟ္မာကြီး ဝတ္ထုမှာ ထင်ရှားတယ်။

● ဗကဗြဟ္မာကြီး ဝတ္ထုမှာ ဘယ်လို ထင်ရှားတာလဲ ဖေဖေ။

○ အောင်ခြင်းရှစ်ပါး သီချင်းထဲမှာ ဗကဗြဟ္မာကြီးကို အောင်တော်မူခြင်း အကြောင်းကို သမီး ကြားဖူးတယ် မဟုတ်လား။

http://www.dhammadownload.com



● ကြားဖူးပါတယ် ဖေဖေ။

○ အဲဒီဝတ္ထုမှာ သူ့ကိုယ်သူ တန်ခိုးကြီးဆုံး၊ အမြဲတည်နေတော်မူတဲ့ ဖန်ဆင်းရှင်လို့ ထင်နေတဲ့ ဗြဟ္မာကြီး ဗကကို မြတ်စွာဘုရားက ကိုယ်ပျောက်တဲ့နည်းနဲ့ ချေချွတ်တော်မူခဲ့တယ်။ မြတ်စွာဘုရားဟာ အယူလွဲမှားနေတဲ့ ဗကဗြဟ္မာကြီး အကြောင်းကို ကြားတော်မူတဲ့အခါ ဗြဟ္မာပြည်ကို ကြွတော်မူပြီး ဗြဟ္မာပရိသတ်များ အလယ်မှာပဲ ဗြဟ္မာကြီးကို 'အသင်သည် ရှေ့နောက် အလုံးစုံကို မသိနိုင်ပါဘူး'လို့ ခပ်နှိပ်နှိပ်စကားကို ဆိုတော်မူလိုက်တဲ့အခါ ဗြဟ္မာကြီးက ရှက်ပြီး ကြံမိကြံရာပေါ့ သမီးရယ်၊ 'အသင်ရဟန်း'အား အကျွန်ုပ်ရဲ့တန်ခိုးကို သိရအောင် ကိုယ်ဖျောက်ကြမယ်' လို့ ပြောပြီး ကိုယ်ကို ဖျောက်ပြဖို့ ကြိုးစားတာပေါ့။ မြတ်စွာဘုရား ရှေ့မှောက်ကျတော့ ဗြဟ္မာကြီးက ကိုယ်ဖျောက်ပြလို့ မရတော့ဘူး၊ ဒီတင် ဗြဟ္မာကြီးလည်း ဟိုပုန်း ဒီပုန်းလုပ်ဖို့ ကြိုးစားတာပေါ့။ နောက်ဆုံးတော့ ဘယ်လိုမှ ကိုယ်ကို ဖျောက်လို့ မရတာနဲ့ အရှက်ကွဲရောပေါ့ကွယ်။

● အဲဒီတော့ မြတ်စွာဘုရားက သူ့ကို ဘယ်လို လုပ်လိုက်သလဲ ဖေဖေ။

○ ဘုရားက ဘာမှ မလုပ်ပါဘူးကွယ်။ ဘုရားက 'ကဲ၊ သင် ဗြဟ္မာကြီး ကိုယ်ဖျောက်လို့ မရရင် ငါ ဖျောက်ပြမယ်'လို့ မိန့်တော်မူပြီး ကိုယ်ဖျောက်ပြ လိုက်တာ ပျောက်သွားပါလေရော၊ ပရိသတ်တွေက ဒီဘုရား၊ တခြားများ ကြွသွား သလား ထင်မှာစိုးလို့ အသံပေးပြီး–

'ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စဝိဘဝေသိနံ ဘဝံနာ ဘိဝဒိံ ကိဉ္စိနန္ဒိံ နပါဒိယိံ'ဆိုတဲ့ ဂါထာကို ရွတ်တော်မူတယ်။ နောက်ပြီး တရားဟောတော်မူတယ်၊ တရားအဆုံးမှာ ဗြဟ္မာတစ်သောင်းလောက် မဂ်ဖိုလ်ကို ရတယ်။ ဒီလို သေးငယ်အောင် လုပ်တာ၊ ကိုယ်ပျောက်အောင်လုပ်နိုင်တဲ့ ဘုန်းတော်ကို 'အဏိမာ'ဘုန်းတော်လို့ ခေါ်တယ်။

● နေပါဦး ဖေဖေ၊ စောစောက ဂါထာရဲ့အနက်ကိုလည်း ရှင်းပြပါဦး။

○ အင်း သမီးက စေ့စပ်သား၊ ကောင်းပြီ၊ ဖေဖေ ရှင်းပြမယ်။ အဟံ–သင်လို နတ်လူဗြဟ္မာ၊ သတ္တဝါတို့ရဲ့ ဆရာစစ်စစ် ဖြစ်တော်မူတဲ့ ငါဘုရားသည်၊ ဘဝေ–ဖြစ်လျှင် ပျက်မြဲမလွဲတံတွာ သံသရာနှောင်အတွင်း ထောင်အကျဉ်း၌၊ ဘယံ– အိုနာသေရေး ဒုက္ခဘေးမှ၊ စ၍ရန်စွယ်၊ အန္တရာယ်ဟု၊ ဘေးအစုကို၊ ဒိသွာဝေ– ကောင်းစွာပိုင်နှင်း၊ သိမြင်တော်မူခြင်းကြောင့် သာလျှင်၊ ဘဝဉ္စ–ကာမရူပ၊ အရူပဟု၊ လောကသုံးဘုံ အလုံးစုံကိုလည်းကောင်း၊ ဝိဘဝေသိနံ–ဘဝကင်း ရာ ရှာကြံပါ လည်း၊ သုံးဖြာဘဝ၊ ကျင်လည်ရသည့်၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်း

http://www.dhammadownload.com



ကိုသော်လည်းကောင်း၊ ဒီသွာ–ဆုံးစ ကုန်စင် သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဘဝ– လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟု၊ သုံးဘုံဌာန၊ တစ်စုံတစ်ခုသော ဘဝကို၊ နာဘိဝဒိ– စုံစုံမက်မက်၊ ချစ်သက်ခင်မင်၊ လိုချင်တောင့်တတော်မမူ၊ နန္ဒိံစ–လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဝယ်၊ စုံစုံမက်မက်၊ နှစ်သက် တွယ်တာ၊ ဘဝတဏှာကို လည်းကောင်း၊ နပါဒိယိ–စွဲလမ်းလွတ်ကင်း အမြစ်ရင်းက အလျှင်းပြတ်စေ၊ ဖြတ်တောက်တော်မူခဲ့လေသတည်းလို့ မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ ဗြဟ္မနိ မန္တနိကသုတ်မှာ ဖွင့်ဆိုခဲ့တယ်။

● ဒါက အဏိမာဘုန်းတော်ရဲ့ အဖွင့်နော် ဖေဖေ။

○ ဟုတ်တာပေါ့ သမီးရဲ့၊ ဣဿရိယဘုန်းတော်မှာ ပါဝင်တဲ့ အခြားဘုန်းတော် ခုနစ်ခု ရှိသေးတယ်လေ။

● ဆက်ပြောပါဦး ဖေဖေ။

○ နောက်တစ်ခုက လဃိမာ ဘုန်းတော်၊ ဒီဘုန်းတော်က ခေတ်စကားနဲ့ ပြောရင် မြတ်စွာဘုရားရဲ့ လျင်မြန်နှုန်း Speed ဟာ ခုခေတ် အသံထက် မြန်နှုန်း မာ့က် ၂၊ မာ့က် ၃ ဆိုတာထက် မြန်တယ်၊ စိတ်လိုပဲ မြန်တယ်၊ မြတ်စွာဘုရားဟာ မိမိရောက်လိုရာအရပ်ကို ရောက်စေလို့ စိတ်က ပြဋ္ဌာန်းလိုက်တာနဲ့ ချက်ချင်းရောက်ပြီးသား ဖြစ်သွားနိုင်တဲ့ ဘုန်းတော်ကွယ့်။

● လဃိမာဘုန်းတော်ကိုတော့ သမီး သဘောပေါက်ပါပြီ ဖေဖေ၊ နောက် ဘုန်းတော်တစ်မျိုးကို ဆက်ပါဦး။

○ အေး၊ တရားဓမ္မ ဆွေးနွေးတဲ့အခါ အဲဒီလို လိုရင်းအချက် ပျောက်မသွားအောင်လည်း သတိ ရှိရတယ်။ သမီးက ပါးနပ်ပေတယ်။ နောက် ဣဿရိယဘုန်းတော်မှာ အကျုံးဝင်တဲ့ ဘုန်းတော်တစ်ပါးကတော့ မဟိမာဘုန်းတော်လို့ ခေါ်တယ်။

● မဟိမာဘုန်းတော်ရဲ့ သဘောက ဘယ်လိုလဲ ဖေဖေ။

○ မဟိမာဘုန်းတော်ဆိုတာက မြတ်စွာဘုရားဟာ အလိုရှိတဲ့အခါ ကိုယ်တော်ကို ပကတိအနေအထားကနေ အလွန်ကြီးမားအောင် ဖန်ဆင်းပြနိုင်တော်မူတဲ့ တန်ခိုးတော်ဖြစ်တယ်။ ဒီဘုန်းတော်နဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာ ဝတ္ထုကြောင်း တစ်ခု ရှိတယ်။

● အဲဒီဝတ္ထုကိုလည်း ပြောပြပါဦး ဖေဖေ။

○ ဒီလိုကွယ့်၊ အခါတစ်ပါးမှာ 'ရာဟု'လို့ ခေါ်တဲ့ အသူရိန်နတ်ကြီးဟာ မြတ်စွာဘုရားရဲ့ ကျော်ကြားလှတဲ့ ဂုဏ်သတင်းကို ကြားရတဲ့အခါမှာ

http://www.dhammadownload.com



သွားပြီး ဖူးမြော်ချင်တဲ့ဆန္ဒ ဖြစ်တယ်တဲ့။ ဒါပေမယ့် အသူရိန်ကြီးရဲ့ ခန္ဓာကိုယ်က အလွန် ကြီးမားတာကိုး၊ ဘယ်လောက်တောင် သူ့ကိုယ်ကြီးက ကြီးသလဲဆိုရင် ယူဇနာရှစ်သောင်းလေးထောင် ရှိသတဲ့။ ဒါကြောင့် သူက ဘုရားကို သွားဖူးချင်ပေမယ့် လူသားဖြစ်တဲ့ ဘုရားကို ငါသွားဖူးရင် ငုံ့ပြီး ကြည့်နေရမှာပဲဆိုပြီး သွားမဖူးဘဲ နေခဲ့သတဲ့။ သို့သော် ဘုရားရဲ့ ဂုဏ်သတင်းက အဆမတန် ကြီးမားလွန်းနေတာကြောင့် မဖူးဘဲလည်း မနေနိုင်ဘူးလေ၊ သင့်ရာ နေရာကပဲ ဖူးပါတော့မယ်ဆိုပြီး ဘုရားရှင်ထံမှောက်ကို သွားရောက်ခဲ့တယ်။ ဒီအခါ မြတ်စွာဘုရားက မဟိမာ ဘုန်းတော်နှင့် အသူရိန်ကြီးထက် ကြီးအောင် သူ့ခန္ဓာကိုယ်ကို ဖန်ဆင်းထားပြီး လျောင်းတော်မူလျက်ပဲ အဖူးမြော်ခံသတဲ့ကွယ်။ ခန္ဓာကိုယ် အလွန်ကြီးမားတဲ့ အသူရိန်ကြီးတောင်မှ တအားကုန်မော့ပြီး ဖူးရတယ်ဆိုပဲ။ ဒီလို မော်ဖူးတာတောင် ဘုရားရှင်ရဲ့ ကိုယ်အထက်ပိုင်းကို မမြင်နိုင်ရှာဘူးတဲ့။

● ဒါဆို မြတ်စွာဘုရားဟာ ကိုယ်ကို သေးငယ်စေလိုတော်မူတဲ့အခါမှာ မှုန်ညင်းစေ့အတွင်းမှာတောင် စကြံလျှောက်တော်မူနိုင်ပြီး ကြီးမားစေလိုတဲ့ အခါ အသူရိန်ကတောင် အရှုံးပေးရလောက်အောင် ကြီးမားစေတော်မူနိုင်တာပေါ့နော် ဖေဖေ။

○ ဟုတ်တယ် သမီး၊ ဘုန်းတော်ဆိုတာ မြတ်စွာဘုရားရဲ့တန်ခိုးတော်ပဲလေ။ ဣဿရိယဘုန်းတော်ရဲ့ သဘောက အစိုးရတဲ့ ဘုန်းတော်လေ၊ မိမိအလိုရှိရာကို ဖြစ်စေလိုတဲ့ စိတ်ဆန္ဒတော်ရှိတဲ့အတိုင်း ရုတ်တရက် ချက်ချင်းဖြစ်စေနိုင်တဲ့ အစွမ်းသတ္တိ သဘောပေါ့။

● မဟိမာဘုန်းတော်ရဲ့ သဘောကိုတော့ သမီး သိပါပြီ ဖေဖေ။ ဣဿရိယ ဘုန်းတော်မှာ အကျုံးဝင်တဲ့ နောက် ဘုန်းတော်တွေအကြောင်းကို ဆက်ရှင်းပြပါဦး။

○ နောက်ဘုန်းတော်ကိုတော့ ပတ္တိဘုန်းတော်လို့ ခေါ်တယ်။ ဒီဘုန်းတော်ကတော့ မြတ်စွာဘုရားဟာ မိမိ ကြည့်တော်မူရာအရပ်ကို အဆီးအတား မရှိဘဲနဲ့ တစ်ခါတည်း အရောက်ကြွသွားနိုင်တဲ့ဘုန်းတော် ဖြစ်ပါတယ်။ လူ့ပြည်ကို မဆိုထားနဲ့၊ နတ်ပြည်မှာ ချွေချွတ်ရမယ့် ပုဂ္ဂိုလ်ရှိလို့ ကြွလိုရင် နတ်ပြည်ကို ချက်ချင်းရောက်နိုင်တယ်။ ဗြဟ္မာပြည်ကို ကြွလိုရင်လည်း ချက်ချင်း အရောက်ကြွနိုင်တဲ့ သဘောပဲ။

● ဟုတ်ကဲ့၊ နားလည်ပါပြီ ဖေဖေ။ နောက်ဘုန်းတော်တစ်မျိုးကို ရှင်းပြပါဦး။

○ နောက် ဣဿရိယဘုန်းတော်မှာ အကျုံးဝင်တဲ့ ဘုန်းတော်ကတော့ ပါကမ္မ

http://www.dhammadownload.com



ဘုန်းတော် ဖြစ်တယ်။ ဒါကတော့ မြတ်စွာဘုရားဟာ အဆင်းအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းလိုရင် ချက်ချင်းဖန်ဆင်းနိုင်တဲ့ တန်ခိုးတော်ဖြစ်တယ်။

● တချို့ ဘုရင်မင်းတွေကို ချေချွတ်လိုတဲ့အခါ မြတ်စွာဘုရားဟာ အဲဒီဘုရင်ထက် သာလွန်တဲ့ ဘုရင်ပုံသဏ္ဌာန်ကို ဖန်ဆင်းတော်မူတယ်လို့ ကြားဖူးပါတယ်။ အဲဒါမျိုးပေါ့နော် ဖေဖေ။

○ ဟုတ်တယ် သမီး၊ တစ်ခါ မြတ်စွာဘုရားဟာ မြောက်ကျွန်းကို ကြွတော်မူတဲ့ အခါ မြောက်ကျွန်းသားတို့ရဲ့အသွင် ဘုရင်သဏ္ဌာန်ကို ဖန်ဆင်းတော်မူတယ်။

● သဘောပေါက်ပါပြီ ဖေဖေ၊ နောက်တစ်ခု ပြောပါဦး။

○ နောက်တစ်ခုကတော့ ဣသိတာဘုန်းတော် ဖြစ်တယ်။ ဒီဘုန်းတော်ကတော့ ဘုံသုံးပါးမှာရှိကြတဲ့ သတ္တဝါမှန်သမျှရဲ့ စိတ်ကို အုပ်စိုးနိုင်တဲ့ ဘုန်းတော်ပဲ ကွယ့်။ ဒီဘုန်းတော်ကြောင့် မြတ်စွာဘုရားကို သတ္တဝါမှန်သမျှက ရိုသေလေးစား ခန့်ညားကြရတယ်လေ။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါဟာ သတ္တဝါတွေအပေါ်မှာ ဩဇာလွှမ်းမိုးနိုင်တဲ့ ဓာတ်တန်ခိုးတော်လို့ ဆိုရမှာပေါ့နော်။

○ မှန်ပါတယ်ကွယ်၊ ဒါက အလွန်ကြီးမားတဲ့ Will Power တစ်မျိုးလို့ ဆိုရမှာပေါ့။ သတ္တဝါတွေအပေါ်မှာ လွှမ်းမိုးအုပ်စိုးနိုင်တဲ့ တန်ခိုးတော်ပေပဲ။

● နောက်ဘုန်းတော်တစ်မျိုးကို ပြောပါဦး ဖေဖေ။

○ နောက်ခုနစ်ခုမြောက် ဣဿရိယဘုန်းတော်ကတော့ ဝသိတာ ဘုန်းတော် ဖြစ်ပါတယ်ကွယ်။ ဝသိတာဘုန်းတော်ဆိုတာ ဈာန်အဘိညာဉ်ကို ဝင်စားတော်မူလိုရင် ချက်ချင်း မဆိုင်းမတွ ဝင်စားနိုင်တဲ့ ဘုန်းတော်ပါပဲ။

● ဒါဆို တခြား ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဈာန်အဘိညာဉ်ကို ချက်ချင်း ဝင်စားလို့ မရနိုင်ဘူးလား။

○ သမီးမေးတာ ချက်ကျတယ်။ ဈာန်အဘိညာဉ်ကို ရထားတဲ့ပုဂ္ဂိုလ် ဖြစ်ပါစေ၊ အဲဒီလို ဈာန်အဘိညာဉ်ကို ဝင်စားချင်ရင် အားထုတ်ကြရတယ်။ မြတ်စွာဘုရားကတော့ ဒီလို ကာလ အပိုင်းအခြားထားပြီး အားထုတ်နေစရာ မလိုဘူး၊ ချက်ချင်း ဝင်စားလို့ရတယ်။ အဲဒါဟာ ဝသိတာဘုန်းတော်ရဲ့ သတ္တိပဲလေ။

● သဘောပေါက်ပါပြီ ဖေဖေ၊ နောက်တစ်ခု ဆက်ပါဦး။

○ ဣဿရိယဘုန်းတော်ရဲ့ ရှစ်ခုမြောက် ဘုန်းတော်က ယတ္ထကာမာ ဝသာယိတာ ဘုန်းတော်ဖြစ်တယ်။ ဒီဘုန်းတော်ရဲ့ သဘောကတော့ ဈာန်ဝင်စားခြင်း၊ ကောင်းကင်ပျံကြွခြင်းစတဲ့ ကိစ္စတစ်စုံတစ်ခုကို ပြုတော်မူစဉ် ပြီးဆုံးစေလိုတော်မူတဲ့

http://www.dhammadownload.com



အခါ ဆိုင်းငံ့တော်မမူဘဲ ပြီးဆုံးစေလိုတော်မူသည်နှင့်တစ်ပြိုင်နက် ထိုကိစ္စကို ပြီးဆုံးစေနိုင်တဲ့ဘုန်းတော် ဖြစ်ပါတယ်ကွယ်။ ခု ရှင်းပြခဲ့ပြီးတဲ့ အဏိမာဘုန်းတော်အစ၊ ယတ္ထကာမာဝသာယိတာ ဘုန်းတော်အဆုံး ရှစ်ပါးစလုံးဟာ ဣဿရိယဘုန်းတော်မှာ အကျုံးဝင်ပါတယ်။

● ဣဿရိယဘုန်းတော်က ဘုန်းတော်ခြောက်ပါးမှာ ပထမ ဘုန်းတော်နော် ဖေဖေ။

○ ဒုတိယ ဘုန်းတော်က ဓမ္မဘုန်းတော် ဖြစ်တယ်။

● ဓမ္မဘုန်းတော် ဆိုတာကကော ဘယ်လိုလဲ ဖေဖေ။

○ ဒီမှာ 'ဓမ္မ'ရဲ့ အနက်ကို သမီး သိရမယ်။ ဓမ္မဆိုတာ ကိလေသာရန် မှန်သမျှကို ဖယ်ရှင်းသုတ်သင်နိုင်တဲ့ မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတွေကို ပြောတာ။ အဲဒီ တရားအားလုံးကို ရထားတော်မူတဲ့ ဘုန်းတော်ကို ဓမ္မဘုန်းတော်လို့ ခေါ်တာပဲ သမီးရယ်။

● ဟုတ်ကဲ့၊ သမီး သဘောပေါက်ပါပြီ ဖေဖေ။

○ တတိယ ဘုန်းတော်ကတော့ ယသဘုန်းတော်လို့ ခေါ်တယ်။ ပျံ့နှံ့ ကျော်ကြားလှတဲ့ ဂုဏ်သတင်းကို 'ယသ'ဘုန်းတော်လို့ခေါ်တာ ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်သတင်းတော်ဟာ အသိုင်းအဝန်းနဲ့ မဟုတ်မမှန် လုပ်ကြံ ဝါဒဖြန့်လို့ လူသိရှင်ကြားများလာတဲ့ ဂုဏ်သတင်းမျိုး မဟုတ်ဘူး၊ ဟုတ်မှန်တဲ့အတိုင်း ကျော်ကြားတဲ့ဂုဏ်သတင်းမျိုးသာ ဖြစ်တယ်။ ဘုရားရဲ့ ဂုဏ်သတင်းဟာ စကြဝဠာ တစ်သောင်းတိုင်အောင် ပျံ့နှံ့ကျော်ကြားတဲ့ ဂုဏ်သတင်းမျိုး ဖြစ်တယ်။

● လူ့လောကမှာကတော့ ဂုဏ်သတင်း ပျံ့နှံ့အောင် သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေက တစ်ဆင့် လုပ်နေရတာနော် ဖေဖေ။ အဲဒါ အသိုင်းအဝိုင်းနဲ့ ဝါဒဖြန့်ရတာပေါ့နော်။

○ ဟုတ်တယ် သမီး၊ ဘုရားရှင်လက်ထက်တုန်းက ဘာမှ မရှိဘူး။ ဒါပေမဲ့ ဘုရားရဲ့ဂုဏ်သတင်းက လူ့လောကမှာသာမက စကြဝဠာတစ်ခွင်လုံးမှာ ကျော်ကြားတော်မူခဲ့တာ။

● ဟုတ်ကဲ့၊ သဘောကျပါပြီ ဖေဖေ။ နောက်ဘုန်းတော်တစ်ခုကို ပြောပြပါဦး။

○ နောက်ဘုန်းတော်က သိရီဘုန်းတော်ဖြစ်တယ်။ ဘုရားရှင်ဟာ အလွန် ကြီးမားတဲ့ ပါရမီရှင်ဖြစ်တဲ့အတွက် ဖူးလို့မဝနိုင်အောင် အလွန် သပ္ပာယ်ပြီး ကျက်သရေရှိတော်မူတယ်။ ဒါကို သိရီဘုန်းတော်လို့ခေါ်တာ ဖြစ်ပါတယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး နားလည်ပါပြီ။

http://www.dhammadownload.com



○ သမီး နားလည်ရင် နောက်ဘုန်းတော်တစ်ခုကို ပြောမယ်။ အဲဒါကတော့ ကာမဘုန်းတော်ဖြစ်ပါတယ်။ ဘုရားရှင်တော် အလိုရှိရာ ကိစ္စအဝဝကို အကုန် ပြီးစီးစေနိုင်တဲ့ ဘုန်းတော်ကို ကာမဘုန်းတော်လို့ ခေါ်တာပဲ သမီးရဲ့။

● အလိုရှိရာ ဆန္ဒအဝဝ ပြီးပြည့်စုံနိုင်တဲ့ တန်ခိုးတော်ပေါ့နော် ဖေဖေ။

○ အလိုဆန္ဒရှိသမျှ ကိစ္စအားလုံး ပြီးပြည့်စုံနိုင်တဲ့ ဘုန်းတော် ဖြစ်တယ်။

● ဒါဆို အဓိက ဘုန်းတော်ငါးပါး ပြီးပြီ။ နောက်ဆုံး ခြောက်ခုမြောက် ဘုန်းတော်အကြောင်းကို ပြောပြပါဦး ဖေဖေ။

○ နောက်ဆုံး ခြောက်ခုမြောက် ဘုန်းတော်က ပယတ္တဘုန်းတော်ကွယ့်။ မြတ်စွာဘုရားမှာ ဘယ်သူနဲ့မျှ မနှိုင်းယှဉ်နိုင်တဲ့ ကြီးမားတဲ့ လုံ့လဝီရိယတော် ရှိတယ်။ ပယတ္တဆိုတာ အဲဒီ ကြီးမားတဲ့ လုံ့လဝီရိယတော် ရှိတာကို ဆိုလိုတယ်။ မြတ်စွာဘုရားရှင်ဟာ နေ့ရောညပါ အားလပ်ခွင့်ရတော်မမူဘဲနှင့် ဝေနေယျတို့ရဲ့ အကျိုးငှာ အားထုတ်တော်မူပါတယ်။ ဒီလို ကြီးမားတဲ့ လုံ့လအစွမ်းသတ္တိ ရှိတော်မူခြင်းကို ပယတ္တဘုန်းတော်လို့ ဆိုခြင်းဖြစ်တယ်။ ကဲ–ဘုန်းတော် ခြောက်ပါးအကြောင်းကို သမီး သိပြီ မဟုတ်လား။

● ကျေးဇူးကြီးလှပါတယ် ဖေဖေ၊ သမီးတို့လူငယ်တွေဟာ မိရိုးဖလာ ဗုဒ္ဓဘာသာသိ သိရုံနဲ့ မပြီးသေးဘူးနော်။ ဗုဒ္ဓဘာသာအကြောင်းကို ခု ဖေဖေ ပြောပြသလို ကျကျနန သိထားမှ ဘာသာခြားတွေနဲ့ ပြောဆိုတဲ့အခါ ပြည့်ပြည့်စုံစုံ ပြောပြနိုင်မယ်။ ပြီးတော့ ကိုယ်တိုင်လည်း ပြည့်ပြည့်စုံစုံသိမှ ပိုပြီး ကြည်ညိုနိုင်မယ် ထင်ပါတယ် ဖေဖေ။

○ ဟုတ်တာပေါ့ သမီးရယ်၊ ဗုဒ္ဓဘာသာဟာ အလွန်နက်နဲ ကျယ်ပြန့်တဲ့ဘာသာ ဖြစ်တယ်။ သိစရာတွေ အလွန်များတယ်။ ဒါတွေကို သာမန်ဉာဏ်နှင့်လည်း အကုန်အစင် မသိနိုင်ဘူး၊ ထိုးထွင်းသိမြင်နိုင်တဲ့ဉာဏ် ရအောင်လည်း ကျင့်ကြံအားထုတ်ရတယ်။ ဖေဖေကတော့ ဗုဒ္ဓဘာသာ လူငယ်တွေကို လူ့ဘဝကို ရပြီး ဗုဒ္ဓဘာသာဖြစ်ရပြီးမှ လူဖြစ်ကျိုးမနပ် ဖြစ်မှာကို သိပ်စိုးတယ်။

● ဗုဒ္ဓဘာသာဖြစ်ပြီး လူဖြစ်ကျိုးမနပ် ဖြစ်မယ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ ဗုဒ္ဓဘာသာဖြစ်ခဲ့ရပါလျက် အပါယ်ဘေး တန်းလန်းနှင့် သေရရင် လူဖြစ်ကျိုးမနပ် ဖြစ်တာပေါ့ သမီးရဲ့။

● သြော်–ဟုတ်ကဲ့ပါ ဖေဖေ။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# ခမ္မဂုဏ်တော်ဖွင့်

ကျွန်မသည် နေ့စဉ် နံနက် ဘုရားရှိခိုးသောအခါ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် စသော ရတနာသုံးပါး၏ ဂုဏ်တော်များကို ရွတ်ပွား၍ ပူဇော်ပါသည်။ ဖေဖေသည် ကျွန်မ ဘုရားရှိခိုးသောအခါ တရား နှလုံးသွင်းသောအခါ ဌာန်ကရိုဏ်းကျန သေချာ စေချင်ပါသည်။ ဘာပဲလုပ်လုပ်၊ ဘာမှန်းမသိဘဲ မျက်ကန်းယုံတာမျိုး မဖြစ်စေချင်၍ ဖေဖေက ကျွန်မ၏ အားနည်းချက်၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။ ဖေဖေက မိရိုးဖလာ ဗုဒ္ဓဘာသာမဟုတ်သော်လည်း ကျွန်မကတော့ မိရိုးဖလာ ဗုဒ္ဓဘာသာထဲမှာ ပါပါသည်။ ထို့ကြောင့် ကျွန်မလည်း မိရိုးဖလာ ယုံကြည်လက်ခံထားသော ရိုးရာယုံကြည်မှုများနှင့် ပတ်သက်လာလျှင် ထွေရာလေးပါး မစဉ်းစားဘဲ တစ်ချက်တည်း လက်ခံပစ်လေ့ ရှိပါသည်။ ဤကဲ့သို့ မစူးမစမ်းဘဲ ဘာမှန်းမသိဘဲ ယုံကြည်လက်ခံခြင်းမျိုးကို ဖေဖေ မကြိုက်ပါ။ ထို့ကြောင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို ကျွန်မ ရွတ်ဆိုပွားများသောအခါ ဖေဖေက မေးသည်။

○ သမီးကို ဖေဖေက ဘုရားဂုဏ်တော်တွေအကြောင်းကိုတော့ ပြောပြဖူးပြီးပြီ။

● ဟုတ်ပါတယ် ဖေဖေ။ ဒါပေမဲ့ တရားဂုဏ်တော်တွေ၊ သံဃာဂုဏ်တော်တွေ အဖွင့်ကို မပြောရသေးပါဘူး ဖေဖေ။

○ အင်း၊ ဖေဖေကလည်း အဲဒါ သတိရလို့ မေးတာ၊ အမှန်ကတော့ သမီးအနေနဲ့ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ရွတ်ပွားပူဇော်တဲ့အခါ နှလုံးသွင်းတတ်ဖို့၊ နှလုံးသွင်းမှန်ဖို့လည်း လိုတယ်ကွယ့်။

● နှလုံးသွင်းတတ်ဖို့၊ နှလုံးသွင်းမှန်ဖို့ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ ဒီလို သမီးရဲ့။ သမီးက ဘုရားဂုဏ်တော်တွေ၊ တရားဂုဏ်တော်တွေ၊

http://www.dhammadownload.com



သံဃာဂုဏ်တော်တွေကို ရွတ်ဆို ပွားများတဲ့အခါ ပါဠိလို ဆိုရတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ အေး၊ ဒီတော့ နှလုံးသွင်းတတ်ဖို့ဆိုတာ ပထမဆုံးအနေနဲ့ သမီးရွတ်ဆိုတဲ့ ပါဠိတော်တွေရဲ့အနက်ထွက်ကို ထိထိမိမိ သဘောပေါက်နားလည်ဖို့လိုတာကို ပြောလိုတယ်။ နောက်ပြီး ဂုဏ်တော်တစ်ခုချင်းရဲ့ ပရိယတ္တိ အဓိပ္ပာယ်၊ ပဋိပတ္တိ အဓိပ္ပာယ်တွေကိုပါ သဘောပေါက်ရမယ်။ ဒါကို ဆိုလိုတယ်။ ဝေါဟာရအနက်ထွက်ကို သိရုံနဲ့ မပြီးသေးဘူး သမီးရဲ့။

● ပရိယတ္တိအဓိပ္ပာယ်၊ ပဋိပတ္တိအဓိပ္ပာယ်ဆိုတာ ဘာကိုပြောတာလဲ ဖေဖေ။

○ အေး၊ အဲဒါက ခုချက်ချင်း နားမလည်နိုင်ဘူး၊ ဗုဒ္ဓတရားတော်တွေက သိရုံနဲ့ မပြီးဘူး၊ သိတဲ့အတိုင်း ကျင့်ကြံအားထုတ်ရတဲ့ တရားတွေဖြစ်တယ်။ ဒီတော့ ပရိယတ္တိ အဓိပ္ပာယ်ဆိုတာ စာအုပ်ထဲမှာပါတဲ့ အဘိဓာန်ထွက် အနက်မျိုး အဓိပ္ပာယ်မျိုးကို ပြောတာ။ တစ်နည်းဆိုတော့ ဝေါဟာရအနက်ထွက်ကို ပြောတာပဲ။ ပဋိပတ္တိ အဓိပ္ပာယ် ဆိုတာကတော့ ဝေါဟာရအနက်ထွက် မဟုတ်ဘူး၊ ဒါက စာအုပ်ထဲက သိတဲ့ အဓိပ္ပာယ် မဟုတ်ဘူး၊ ခန္ဓာဉာဏ်ရောက် သိနားလည်တဲ့ အဓိပ္ပာယ်ကို ပြောတာ။ ကျင့်ကြံအားထုတ်ပြီးမှ သိလာတဲ့ အသိပညာကို ပြောလိုတယ်။

● သမီးက တရားမှ အားမထုတ်ရသေးတာပဲ ဖေဖေရဲ့။ ဒီတော့ ပဋိပတ္တိ အဓိပ္ပာယ်ကို သိနိုင်ပါ့မလား။

○ အေး၊ ဒါက သမီးကိုယ်တိုင် တရားအားမထုတ်သေးပေမယ့် အားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်များ ဟောကြားညွှန်ပြ သွန်သင်ဆုံးမထားတာတွေ ရှိပါတယ်။ ဒါတွေကို ပထမ သမီးက ဉာတ ပရိညာခေါ်တဲ့ သဘောနဲ့ သိအောင် လေ့လာရမယ်။ လေ့လာပြီး သိပြီးရင် ကျင့်ကြံအားထုတ်ကြည့်တဲ့အခါ ဒီအသိက သမီးအတွက် အထောက်အကူ အများကြီးပေးနိုင်တယ်။ သို့သော် ဒီလိုပြောလို့ သမီး အကုန်အစင် နားလည်နိုင်မလားဆိုတော့ နားလည်ဦးမှာ မဟုတ်ပါဘူး။ နားမလည်ပေမယ့် ကြားဖူးနားဝ ရှိအောင် ဖေဖေက ပြောပြမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး ကြားဖူးတော့ ခေါင်းထဲသွင်းပြီး မှတ်သားလို့ ရတာပေါ့။

○ အေး၊ သမီးက ဉာဏ်ထက်တော့ မပြောနိုင်ဘူး။ ဖေဖေက ဂုဏ်တော်တွေ ဖွင့်ပြတဲ့အခါ သဘောပေါက်ချင်လည်း ပေါက်သွားမှာပဲ။

● ဟုတ်ကဲ့ ဖေဖေ ပြောပြပါဦး။

http://www.dhammadownload.com



○ ကဲ၊ ဒီကနေ့ တရားဂုဏ်တော်ဖွင့်ကို ဖေဖေက ရှင်းပြမယ်။ ရှင်းမပြခင် သမီးက ဂုဏ်တော်ပါဠိတွေကို ရွတ်ပြပါဦး။

● 'သွာက္ခာတော၊ ဘဂဝတာဓမ္မော၊
သန္ဒိဋ္ဌိကော၊ အကာလိကော၊
ဧဟိပဿိကော၊ ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'ပါ ဖေဖေ။

○ အေး၊ ဟုတ်ပြီ။ အဲဒါ ပါဠိတော်တွေထဲမှာ 'ဘဂဝတာ ဓမ္မော'ဆိုတာ တရားဂုဏ်တော် မဟုတ်ဘူး သမီးရဲ့။

● ဒါဖြင့် အဲဒါက ဘာလဲ ဖေဖေ။

○ အဲဒါက 'ဘုရားဟောအပ်သော တရားတော်'လို့ အဓိပ္ပာယ်ထွက်တယ်။ တရားတော်ရဲ့ ဂုဏ်တော်ပြစကား မဟုတ်ဘူး သမီးရဲ့။

● ဩော် - ဟုတ်လား ဖေဖေ၊ သမီးက ဘဂဝတာ ဓမ္မောကိုလည်း တရားဂုဏ်တော်ပဲ အောက်မေ့နေတာ။

○ ကဲ-တရားဂုဏ်တော်က ဘယ်နှခုလဲ၊ သမီး ရေတွက်ကြည့်ပါလား။

● တရားဂုဏ်တော်က ခြောက်ခုပါ ဖေဖေ။

○ ကဲ-ခြောက်ခုကို ရေတွက်ကြည့်စမ်း။

● (၁) သွာက္ခာတဂုဏ်တော်၊ (၂) သန္ဒိဋ္ဌိကဂုဏ်တော်၊ (၃) အကာလိကဂုဏ်တော်၊ (၄) ဧဟိပဿိကဂုဏ်တော်၊ (၅) ဩပနေယျိကဂုဏ်တော်၊ (၆) ပစ္စတ္တံဝေဒိတဗ္ဗ ဝိညူဟိဂုဏ်တော်ပါ ဖေဖေ။

○ ဟုတ်တယ်၊ အဲဒီအထဲမှာ ဘဂဝတာ ဓမ္မော ပါလို့လား။

● မပါပါဘူး ဖေဖေ။

○ ဟုတ်တယ်၊ မပါဘူး။ အဲဒါက ဂုဏ်တော်ပြပုဒ် မဟုတ်ဘူးနော်၊ ရှင်းပလား။

● ရှင်းပါပြီ ဖေဖေ။

○ ရှင်းရင် ပထမဆုံး တရားဂုဏ်တော်ရဲ့ အနက်အဓိပ္ပာယ်ကို ရှင်းရှင်းနားလည်အောင် လုပ်ရမယ်။ အဲဒါက ဘာဂုဏ်တော်လဲ။

● သွာက္ခာတ ဂုဏ်တော်ပါ ဖေဖေ။

○ သွာက္ခာတဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို သမီး သိရဲ့လား။

● မသိသေးပါဘူး ဖေဖေ။

○ မသိသေးရင် မှတ်ထားနော်၊ သွာက္ခာတဂုဏ်တော်ရဲ့ မူရင်း ဝေါဟာရ အနက်အဓိပ္ပာယ်ကတော့ ကောင်းမွန်စွာ ဟောတော်မူအပ်သောလို့ အဓိပ္ပာယ်

http://www.dhammadownload.com



ရတယ်။ ဒါက တရားတော်ရဲ့ ဂုဏ်တော် မဟုတ်လား။ ဒီတော့ တရားဟာ ကောင်းစွာ ဟောကြားတော်မူအပ်သောတရားလို့ အစိဖွာယ်ရပါတယ် သမီးရဲ့။ သို့သော် ကောင်းစွာ ဟောကြားတော်မူအပ်သော တရားဆိုတာ ဘယ်လိုကောင်းခြင်းတွေနဲ့ ပြည့်စုံတဲ့တရားမျိုးလဲ ဆိုတာကို သိရဦးမယ်။

● ပြောပြပါဦး ဖေဖေရယ်။

○ ခု ဖေဖေတို့ ပြောနေတဲ့ တရား(ဓမ္မ)ရဲ့ ကောင်းစွာ ဟောကြားထားပုံမှာ ဒီတရားဟာ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ အင်္ဂါ ၁၀ ပါးနဲ့ ပြည့်စုံတယ်။ ဒီတရားတွေအားလုံးဟာ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၊ နိဗ္ဗာန်ရကြောင်း ဂုဏ်အပေါင်းနဲ့ ပြည့်စုံတယ်။ အဲဒီ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရကြောင်း ရောက်ကြောင်းဖြစ်တဲ့ တရားတော်ကို ပိဋကတ်သုံးပုံနဲ့ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တိတိ ဟောကြားတော်မူထားတယ်။ ဒီတရားတော်ဟာ အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းများနဲ့ လည်း ပြည့်စုံတယ်။

● အစ၏ ကောင်းခြင်းဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ အစ၏ကောင်းခြင်းဆိုတာက ဒီတရားတော်ကို ကြားနာလိုက်ရတာနှင့်ပင် အပူကင်းစင်စေတယ်။ ဒါ ပထမအစရဲ့ ကောင်းခြင်းပဲ သမီးရဲ့။ ဖေဖေ ကိုယ်တွေ့ကို ပြောပြမယ်။ နမူနာအနေနဲ့ပေါ့။

● ဟုတ်ကဲ့၊ ပြောပါဦး ဖေဖေ။

○ ဖေဖေက ဗုဒ္ဓဘာသာမှာ ဥပသကာမဖြစ်ခင် အခြား ဘာသာတရားတွေကို ကိုယ်တိုင် ဝင်ကြည့်ပြီး လေ့လာခဲ့တယ်။ ဒီအကြောင်းတွေကို ဖေဖေ '*ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်လာသူ တစ်ယောက်အကြောင်း*'စာအုပ်တွေမှာ ရေးပြခဲ့ပြီးပြီ။ အဲဒီလို လေ့လာတုန်းက အဲဒီဘာသာတွေရဲ့ ကျမ်းဂန်တွေကိုလည်း လေ့လာခဲ့တယ်။ အဲဒီလို လေ့လာတဲ့အခါ ဘာခံစားရသလဲဆိုတော့ လေ့လာရင်း၊ လေ့လာရင်း သံသယတွေ ဘဝင်မကျတာတွေ တိုးပွားလာတယ်။ နောက်ပြီး ရင်ထဲမှာ ငြိမ်းချမ်းမသွားဘူး၊ ဘဝအပူတွေ ကင်းစင်မသွားဘူး၊ ဒါနဲ့ နောက်ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ်ကို သွားပြီး ပိဋကတ်တော်တွေကို စလေ့လာတယ်။ ဆိုကြပါစို့၊ ဒီဃနိကာယ် သီလက္ခန္ဓဝဂ်က စပြီး လေ့လာတယ်။ စပြီး လေ့လာကတည်းက ရင်ထဲက သံသယတွေ ရှင်းခနဲ လင်းခနဲ ဖြစ်သွားတယ်။ သာမညဖလသုတ်ကို လေ့လာလိုက်တယ်ဆိုရင်ပဲ ကိုယ့်ထက် ပိုဆိုးတဲ့ သံသယဝါဒီ အဇာတသတ်မင်းကို ဘုရားရှင်က ဟောကြားလိုက်လို့ ဘဝင်ကျသွားသလို၊ သူ့ရင်ထဲက အပူငြိမ်းသွားသလို ကိုယ်ကိုယ်တိုင် ခံစားရတယ်။ မြတ်စွာဘုရား ဟောကြားထားတဲ့

http://www.dhammadownload.com



တရားတော်တွေကို လေ့လာလိုက်တိုင်းမှာ စိတ်ထဲသံသယရှင်းပြီး သိပ်စိတ်ချမ်းသာတာပဲ။ ရင်ထဲမှာ ပူလောင်နေတာတွေ ကင်းစင်သွားတယ်၊ ကိုယ် အထင်မှား အမြင်မှား ဖြစ်ပြီး အမှားတွေကို အမှန်ထင်နေခဲ့တာတွေကို မှောက်ထားတဲ့အိုးကို လှန်ပြလိုက်သလို၊ မှောင်နေတဲ့အခန်းထဲမှာ လျှပ်စစ်မီးချောင်း ထွန်းညှိလိုက်သလို ရှင်းခနဲ လင်းခနဲ ဖြစ်သွားတယ်၊ တောထဲမှာ မျက်စိလည် လမ်းပျောက်နေတဲ့လူဟာ ဖြန့်းဆို လမ်းပြမည့်လူကို တွေ့လိုက်ရလို့ ဝမ်းသာသွားသလိုပါပဲကွယ်။ ဒါ ဖေဖေသာ ဖြစ်တာ မဟုတ်ဘူး၊ မြတ်စွာဘုရားထံပါးကို ရောက်ရှိပြီး တရားတော်ကို နာကြားကြရတဲ့ လူတိုင်း မင်း၊ ပုဏ္ဏား၊ ရသေ့၊ ရဟန်း၊ ပရိဗိုဇ်အားလုံး ဒီလို ခံစားကြရတယ်။

● ထူးခြားလိုက်တာနော် ဖေဖေရယ်။

○ ဒီလို ထူးခြားတဲ့တရားမျိုး ဖေဖေဖြင့် ဒီကမ္ဘာမှာ ဘယ်မှာမှ ရှာမတွေ့ခဲ့ပါဘူး။

ဖေဖေက ဒဿနသမားဆိုတော့ ကမ္ဘာမှာ ပေါ်ပေါက်ခဲ့တဲ့ အရှေ့အနောက် ဒဿနအတွေးအခေါ်မျိုးစုံကို ဖေဖေ လေ့လာခဲ့ဖူးပြီးပြီလေ။ မတွေ့ပါဘူး၊ ဒါမျိုး ရှိကို မရှိပါဘူး သမီးရယ်။ အတု မရှိဘူး၊ အတူလည်း မရှိပါဘူး။ ဒါက အစရဲ့ ကောင်းခြင်း ရှိသေးတယ်နော်၊ အလယ်၏ ကောင်းခြင်းဆိုတာက ဒီတရားနာရုံနဲ့ ပြီးတဲ့တရား မဟုတ်ဘူး။ ကျင့်ကြံအားထုတ်ရတဲ့ တရားကွယ့်၊ ဒါက အလယ်ရဲ့ ကောင်းခြင်း။ အဆုံးရဲ့ကောင်းခြင်းကတော့ ဒီတရားကို ကျင့်ကြံအားထုတ်ပြီးတဲ့အခါ ဒုက္ခသစ္စာကို သိတယ်၊ ဒုက္ခဖြစ်ရတဲ့အကြောင်းကို သိတယ်၊ ဒုက္ခကင်းငြိမ်းတဲ့သဘော နိဗ္ဗာန်ကို သိတယ်၊ အထူးခြားဆုံးကတော့ အဲဒီလို ဒုက္ခကင်းငြိမ်းရာကို သွားတဲ့လမ်းစဉ် မဂ်လမ်း(မဂ္ဂင်ရှစ်ပါး)ဆိုတာပဲ။ အဲဒီလို ဒုက္ခရဲ့ ငြိမ်းရာလမ်းကို သွားတဲ့ မဂ်လမ်းကို ဖော်ပြထားတဲ့တရားမျိုး ဒီကမ္ဘာမှာ တခြားဘယ်မှာမှ သမီး မရှာနဲ့၊ ရှိကိုမရှိဘူး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးမှာ သုဘဒ္ဒ ပရိဗိုဇ်ကြီးကို ဖြေကြားတဲ့ အဖြေထဲမှာလည်း ဒါပါတယ်၊ အရိယာမဂ်လမ်းစဉ်လည်းပါပြီး မဂ်ဖိုလ်ကို ရတဲ့ အရိယာပုဂ္ဂိုလ်တွေ ထွန်းကားအောင် ဟောကြားတော်မူတဲ့ ဒီတရားဟာ အဆုံးရဲ့ကောင်းခြင်း အပေါင်းနဲ့လည်း ပြည့်စုံတယ်လို့ ဆိုရတယ် သမီး။

● နေပါဦး ဖေဖေရဲ့၊ ဒီတရားဟာ ကြားနာရုံနဲ့ အပူကင်းစင်စေတယ်ဆိုတာ ဘာကို ပြောတာလဲဟင်။

○ အပူ ကင်းစင်စေတယ် ဆိုတာက ဒီတရားဟာ ကြားနာသူရဲ့ ရင်ထဲမှာ

လောင်ကျွမ်းနေတဲ့ ကိလေသာအပူမီးတွေကို ငြိမ်းစေတယ်၊ ကင်းစင်စေတယ် လို့ ဆိုတာပဲကွယ်။ ကိလေသာမီးက (၁၀)ပါး ရှိတယ်လေ၊ သမီး သိတယ်မဟုတ်လား။

http://www.dhammadownload.com



● ကြားဖူးပါတယ် ဖေဖေ၊ အသေးစိတ် သိရအောင် ပြောပြပါဦး။

○ အေး၊ သိသလိုလိုနဲ့ တကယ် မသိဘဲ သိယောင်မဆောင်နဲ့ ကြားလား၊ ဘာကိုမဆို သေသေချာချာ သိအောင် လုပ်ပါကွယ်။

● ဟုတ်ကဲ့၊ ပြောပြပါ ဖေဖေ။

○ သမီး မှတ်ထား၊ ကိလေသာမီး (၁၀)ပါးဆိုတာ (၁) လောဘ–လိုချင်တဲ့မီး၊ (၂) ဒေါသ–စိတ်ဆိုးတဲ့မီး၊ (၃) မောဟ–မသိမလိမ္မာတဲ့မီး၊ (၄) မာန–ထောင်လွှားတဲ့မီး၊ (၅) ဒိဋ္ဌိ–အယူမှားတဲ့မီး၊ (၆) ဝိစိကိစ္ဆာ–ယုံမှားသံသယဖြစ်တဲ့မီး၊ (၇) ထိန–အိပ်ချင်မှူးတူးထိုင်းမှိုင်းတဲ့မီး၊ (၈) ဥဒ္ဓစ္စ–စိတ်ပျံ့လွင့်မှု၊ စိတ်မတည်မငြိမ်ဖြစ်တဲ့မီး၊ (၉) အဟိရိက–အကုသိုလ်လုပ်ရမှာ မရှက်တဲ့မီး၊ (၁၀) အနောတ္တပ္ပ–ဒုစရိုက်လုပ်ရမှာကို မကြောက်တဲ့မီး အဲဒါတွေကို ကိလေသာမီး ၁၀ ပါးလို့ ခေါ်တယ်။ အဲဒီတရားတွေဟာ ကောင်းစွာ ဟောထားတော်မူတဲ့ ဓမ္မဂုဏ်တော်ကို ကြားနာရတဲ့ ပုဂ္ဂိုလ်မှာ အေးငြိမ်းရတယ်။

● သွာက္ခာတဂုဏ်တော်ဖွင့်ပြီးရင် ဆက်ပြောပါဦး ဖေဖေ။

○ အေး၊ သွာက္ခာတဂုဏ်တော်ဖွင့်ကို ပြောခဲ့တာ အမှန်ကတော့ ပြီးတယ်လို့တောင် မဆိုနိုင်သေးဘူး။ ထားပါတော့၊ သွာက္ခာတဆိုတာက ဒီတရား(ဓမ္မ)ဟာ ကောင်းစွာ ဟောထားတော်မူတဲ့ တရားဖြစ်တယ်လို့ ဆိုလိုတယ်။ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းတို့နှင့် ပြည့်စုံတယ်။ ဒါကို သမီး နားလည်ပြီနော်။

● ဟုတ်ကဲ့၊ သမီး နားလည်ပါပြီ ဖေဖေ။ နောက် ဂုဏ်တော် တစ်ခုကို ဆက်ဖွင့်ပါဦး။

○ နောက်ဂုဏ်တော်တစ်ခုက သန္ဒိဋ္ဌိကဂုဏ်တော် ဖြစ်တယ်။ သန္ဒိဋ္ဌိကဆိုတာ ကိုယ်တိုင် ဒီတရားအဆုံးအမများအတိုင်း လိုက်နာ ကျင့်ကြံ အားထုတ်လို့ ရှိရင် ဘုရားဟော တရားထဲမှာ ပါတာတွေကို ပြောသံကြား မဟုတ်ဘဲနှင့် ကိုယ်တိုင် သိမြင်ထိုက်တယ်၊ သိမြင်နိုင်တယ်လို့ ဆိုလိုတယ်။ ခေတ်စကားနဲ့ ပြောရင် လက်တွေ့ ကိုယ်တွေ့ သိရမယ်ပေါ့ သမီးရယ်။ ဒီတရားဟာ သဘောတရား သီဝရီ သက်သက် မဟုတ်ဘူး၊ လက်တွေ့သိနိုင်၊ မြင်နိုင်၊ ပေါက်မြောက်နိုင်တဲ့ တရား ဖြစ်ကြောင်းကို သန္ဒိဋ္ဌိကဂုဏ်တော်က အာမခံထားတာလေ။

● ဘာတွေကို ကိုယ်တိုင် သိထိုက်တယ်လို့ ဆိုလိုသလဲ ဖေဖေ။

○ သမီးရဲ့ ဗုဒ္ဓတရားတော်မှာ အရေးအကြီးဆုံးက သံသရာဝဋ်ဆင်းရဲအပေါင်းက ထွက်မြောက်ကြောင်းဖြစ်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့ တရားတွေကို

http://www.dhammadownload.com



ကိုယ်တိုင် သိနိုင်တယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့ ဒီတရားဟာ သူတကာ အပြောကောင်းလို့ ယုံရတာမျိုး မဟုတ်ဘူး၊ ကိုယ်တိုင် ကျင့်ကြံအားထုတ် အလုပ် လုပ်လို့ရှိရင် ကိုယ်တိုင်ကိုယ်ကျ သိမြင်ရတဲ့ လက်တွေ့တရားဖြစ်တယ်။ တခြားဘာသာတွေမှာ ကိုယ်တိုင် ဘယ်လောက်ပဲ အားထုတ်ထုတ် ကိုယ်တိုင် သိမြင် တွေ့ရှိနိုင်တဲ့ တရားတွေ မပါဘူး။

● ဘာကို ပြောတာလဲ ဖေဖေ။

○ သမီး နားရှုပ်သွားပြီလား၊ သမီးက တခြားဘာသာတွေ အကြောင်းကို မလေ့လာဖူးတော့ ဖေဖေပြောတာကို ချက်ချင်း သဘောပေါက်မှာ မဟုတ်ဘူး။

ဒီလို သမီးရဲ့၊ ဒီ သန္ဒိဋ္ဌိကဂုဏ်တော်မျိုးဟာ တခြားဘာသာတရားတွေမှာ လုံးဝမရှိဘူး၊ ဥပမာတစ်ခု ပြောမယ်၊ သူတို့ဘာသာတွေမှာ ဖန်ဆင်းတော်မူတဲ့ ထာဝရဘုရားသခင် ရှိတယ်လို့ သူတို့တရားက ဟောထားတယ်။ ဒါပေမဲ့ လူသားဟာ ဒီဘဝမှာ ဘယ်လောက်ပဲ ဘုရားဝတ်ပြုပြု၊ ဘယ်လောက်ပဲ ကျင့်ကြံပွားများ အားထုတ်ထုတ်၊ အဲဒီ ထာဝရဘုရားကို ဘယ်တော့မှ ကိုယ်တိုင်မတွေ့မြင်နိုင်ဘူး၊ နောက်ပြီး သူတို့ ပြောထားတဲ့ သုခဘုံ(ဂျန္နတ်၊ ပယ်ရဲဒိုက်စ်)ဆိုတာကိုလည်း ဒီဘဝမှာ ကိုယ်တိုင် သိမြင်တွေ့ရှိအောင် အားထုတ်နိုင်တဲ့ ကျင့်စဉ်ဆိုတာလည်း မရှိဘူး၊ ခြုံပြီးပြောရရင် ဗုဒ္ဓဘာသာမှတစ်ပါး ဘယ်ဘာသာမှာမှ ဟောကြားထားတဲ့ တရားတွေကို လူသားဟာ ဒီဘဝမှာတင် ကိုယ်တိုင်လက်တွေ့ သိမြင်တွေ့ရှိနိုင်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားမျိုး မရှိဘူး၊ အဲဒါဟာ ဗုဒ္ဓဘာသာတရားတော်ရဲ့ အလွန်ထူးခြားတဲ့ အချက်ဖြစ်တယ်။ နောက်ပြီးတော့ ဗုဒ္ဓဘာသာ တရားမှာလို တကယ် ကျင့်ကြံ အားထုတ်ရင် ဘုရားဖြစ်နိုင်တယ်ဆိုတဲ့ အင်မတန် ကြီးကျယ်တဲ့ အခွင့်အလမ်းမျိုးလည်း တခြား ဘယ်ဘာသာမှာမှ မရှိဘူး၊ ဗုဒ္ဓဘာသာမှာ ဟောထားတဲ့ တရားတွေမှာ သံသရာဝဋ်ဒုက္ခက လွတ်မြောက်ချင်ရင် ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး (ဘယ်သူ့ကိုမှ အားမကိုးဘဲ) လက်တွေ့ လွတ်မြောက်နိုင်တဲ့ မဂ် ဖိုလ် နိဗ္ဗာန်ကို လက်တွေ့ရနိုင်တဲ့ နည်းလမ်းတွေလည်း ပါတယ်။ ဒီပြင် ဗောဓိဆုတွေကို ပန်ပြီး ပါရမီကို ဖြည့်ကျင့်မယ်ဆိုရင် လောကရဲ့ အထွတ်အထိပ်သို့ ရောက်နိုင်တဲ့ နည်းလမ်းတွေလည်း အပြည့်အစုံပါတယ်။ ဒါကြောင့် ဒီတရားဟာ 'ဒီလိုဖြစ်ချင် ဒီလိုလုပ်၊ အဟုတ်ဖြစ်ရမယ်'ဆိုတဲ့ တရားမျိုး ဖြစ်တယ်ဆိုတာ အလွန် ထင်ရှားတယ်လေ။ အဲဒါ သန္ဒိဋ္ဌိကဂုဏ်တော်ပဲ သမီးရဲ့။

● သမီး နားလည်ပါပြီ ဖေဖေ၊ နောက် ဂုဏ်တော် တစ်ခုကို ဖွင့်ပါဦး။

○ နောက် ဂုဏ်တော်တစ်ခုက 'အကာလိက'ဆိုတဲ့ ဂုဏ်တော်ပဲကွယ့်။ သာမန်

http://www.dhammadownload.com



အားဖြင့် ပြောရင်တော့ ဒီတရားဟာ အချိန်မရွေးဘူး၊ ဘယ်အချိန် ဘယ်ကာလမှာပဲဖြစ်ဖြစ် ရသင့်ရထိုက်တဲ့ အကျိုးကို ချက်ချင်းလက်ငင်း ရနိုင်တယ်လို့ ဆိုလိုတယ်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ယောဂီဟာ ပညာစခန်းဖြစ်တဲ့ ဝိပဿနာအလုပ်ကို အားထုတ်လို့ရှိရင် မဂ်ဉာဏ်တွေကို ရတယ်။ မဂ်ဉာဏ်ကို ရတာနဲ့ မဂ်ရဲ့ အကျိုးဆက်ဖြစ်တဲ့ ဖိုလ်ဉာဏ်ကို ချက်ချင်း ကာလမဆိုင်းဘဲ လက်ငင်း ရရှိတယ်။ ဒီ အကာလိက ဂုဏ်တော်ကို ကျကျနန သဘောပေါက်ဖို့ ဆိုရင်တော့ သမီး အဘိဓမ္မာ သဘောတရားတွေကို လေ့လာရဦးမယ်၊ ဒါမှ ကောင်းကောင်း သဘောပေါက်မယ်၊ ခုတော့ ဒီလောက်ပဲ နားထောင်ထားနော်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ဒီလောက်ဆိုရင်ပဲ တော်တော် သဘောပေါက်ပါပြီ။ နောက် ဓမ္မဂုဏ်တော်တစ်ခုကို ဖွင့်ပါဦး။

○ အေး၊ နောက် ဓမ္မဂုဏ်တော်တစ်ခုက 'ဧဟိ ပဿိက'ဆိုတဲ့ ဂုဏ်တော်ပဲကွယ့်။

ဧဟိ ပဿိကဆိုတာက လာစမ်းပါ၊ ရှုစမ်းပါ၊ လိုက်ခဲ့စမ်းပါလို့ ဖိတ်ခေါ်ရဲတဲ့ ဂုဏ်တော် ဖြစ်တယ်။ ခေတ်စကားနဲ့ပြောရင် ကိုယ်တိုင်လာပြီး ဟုတ်မဟုတ် မှန်မမှန် သိရအောင် စမ်းသပ်ကြည့်လှည့် experimentလုပ်ကြည့်လှည့်လို့ ခေါ်လိုက်တာပဲ။ ခုခေတ် သိပ္ပံပညာတွေမှာ သဘောတရားတစ်ခုကို ထုတ်ဖော် လိုက်ပြီးရင် ဒီသဘောတရားဟာ လက်တွေ့ဖြစ်မဖြစ်၊ ဟုတ်မဟုတ်ကို သိချင်ရင် အစမ်းသပ်ခံရတယ်၊ ခံရဲရတယ်၊ ခေတ်ဝေါဟာရနဲ့ ပြောရင် ဧဟိပဿိကဂုဏ်တော်ဟာ ငါတို့ဗုဒ္ဓတရားတော်မြတ်သည် အစမ်းခံရဲတဲ့ တရားဖြစ်တယ်လို့ ကြေညာလိုက်တာပဲ သမီးရဲ့၊ မယုံရင် စမ်းသပ်ကြည့်လိုက်လို့ ပြောလိုက်တာပဲ။ ကျေးဇူးရှင် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ ဧဟိ ပဿိကဂုဏ်တော်ကို ဥပမာ နမူနာ တစ်ခုနဲ့ ပြတော်မူခဲ့တယ်။ ဥပမာ သေတ္တာကြီး တစ်ခု ရှိတယ်၊ အထဲမှာ ဘာမှ မရှိရင် လာစမ်းပါ၊ ကြည့်စမ်းပါလို့ ဘယ်သူမှ မပြောရဲပါဘူးတဲ့။ အထဲမှာ ပစ္စည်း ရှိပါပြီ ဆိုဦးတော့ ရှိတဲ့ပစ္စည်းက ဘာမှ အဖိုးမထိုက်တဲ့ ပစ္စည်းမျိုး ဖြစ်နေရင်လည်း လာစမ်းပါ၊ ကြည့်စမ်းပါလို့ ခေါ်ပြဖို့ မထိုက်ပါဘူးတဲ့။ ခု ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေကတော့ အင်မတန် ထင်ရှားတယ်၊ တန်ဖိုးထိုက်တယ်၊ အပြစ်ကင်းစင် သန့်ရှင်းတယ်၊ လာရောက် ကြည့်ရှု စမ်းသပ်ကြည့်မယ်ဆိုရင်လည်း အလွန်အဖိုးတန်တဲ့ အကျိုးကျေးဇူးကို ခံစားရမယ်။ ဒါကြောင့် စကားနဲ့ပဲ အငြင်းပွားမနေပါနဲ့၊ ကိုယ်တိုင် သိမြင် သိရအောင် လာပါ၊ ရှုပါ၊ စမ်းသပ်ပါလို့ ရဲရဲဝံ့ဝံ့ ခေါ်ထိုက်တဲ့ ဂုဏ်တော်ပါပဲ သမီးရဲ့။ ဒီနေရာမှာ ဒီဂုဏ်တော်ဟာ လောကုတ္တရာတရားကိုးပါးနှင့် ပတ်သက်ပြီး ပြောထားတာ ဖြစ်ပေမယ်လို့ သမီးတို့ လူငယ်တွေအနေနဲ့ တကယ်တမ်း

http://www.dhammadownload.com



စပေ ပရိယတ္တိကို တတ်ပွန်တဲ့ ဆရာတော်ကြီးများ၊ တကယ့်ကို လောကုတ္တရာတရားတွေကို ကောင်းမွန်စွာ ကျင့်ကြံပွားများတော်မူနေကြတဲ့ အရှင်ကောင်း အရှင်မြတ်တွေရဲ့ ဟောကြားတဲ့ တရားတော်တွေကိုပဲ 'လိုက်ခဲ့စမ်းပါ၊ နာကြည့်စမ်းပါ၊ ဖူးကြည့်စမ်းပါ'လို့ မိတ်ကောင်းဆွေကောင်းတွေကို ဖိတ်ကြားပါ။ ဒီတရားတွေဟာ စောစောက ပြောခဲ့သလို နာကြားရရုံနဲ့ကို အကျိုးများကြောင်း သူတို့ကိုယ်တွေ့မျက်မြင် သိသွားပါလိမ့်မယ်။

● သာဓုပါ ဖေဖေရယ်၊ ကြားရတာ အားရှိလိုက်တာ၊ နောက် ဂုဏ်တော်တစ်ခုကို ဆက်ဖွင့်ပါဦး။

○ ဓမ္မဂုဏ်တော် နောက်တစ်ခုကတော့ ဩပနေယျိကဂုဏ်တော် ဖြစ်တယ်ကွယ့်။

ဩပနေယျိကဂုဏ်တော်ရဲ့ အနက်ကတော့ ဒီတရားဟာ မိမိရဲ့ စိတ်ထဲမှာ ကပ်ပြီး ဆောင်ယူထိုက်တဲ့တရား ဖြစ်တယ်လို့ ဆိုလိုတယ်။

● မိမိစိတ်မှာ ကပ်ပြီး ဆောင်ယူထိုက်တဲ့တရားဆိုတာ ဘာသဘောလဲ ဖေဖေ။

○ ဒီတရားဟာ မဂ်ဖိုလ် နိဗ္ဗာန်နဲ့ စပ်တဲ့တရား ဖြစ်တယ်နော် သမီး၊

ဒါပေမယ့် ပုထုဇဉ်တို့ရဲ့ စိတ်သန္တာန်မှာတော့ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတာ တစ်ရံတစ်ခါတောင် မဖြစ်ဖူးဘူး၊ ဒါပေမယ့် ကျင့်ကြံ အားထုတ်တဲ့ ယောဂီမှာ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ တရားသဘောတွေဟာ တစ်ကြိမ်တစ်ခါ ထင်ရှားဖြစ်ပေါ်သွားလို့ရှိရင် အဲဒါ သောတာပန် ဖြစ်သွားပြီကွယ့်။ ဒီလို သောတာပန် ဖြစ်သွားလို့ရှိရင် ဒီပုဂ္ဂိုလ်မှာ အပါယ်လေးပါးမှာ ခံစားရသည့် ဝဋ်ဒုက္ခ အပူမီးတွေ အားလုံး တစ်ခါတည်း ငြိမ်းသွားတော့တာပဲ၊ သူဟာ အပါယ်ကို ဘယ်တော့မှ မကျတော့ဘူး။ ဒါကြောင့် ဒီတရားကို အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လောက်တောင် ဒီတရားကို အရေးထားရမလဲဆိုရင် ရင်ဝမှာ လှံစူးနေပါစေ၊ ဦးခေါင်းမှာ မီးလောင်နေပါစေ၊ ဒီလှံကို နုတ်ဖို့၊ ဒီဦးစွန်းမှာ လောင်တဲ့မီးကို ငြိမ်းသတ်ဖို့ အားမထုတ်ခင် ဒီ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အရင်လုပ်ထိုက်တယ်၊ မဂ် ဖိုလ်မရဘဲ သေသွားလို့ရှိရင် အပါယ်သို့ ကျရောက်သွားနိုင်တယ်။ မဂ်ကို အားထုတ်ပြီးမှ သေသွားရရင်တောင် ဒါက သံသရာမှာ တစ်ခါသာ သေမှာ၊ မဂ်ဖိုလ်မရဘဲ ကိလေသာမီးတွေ လောင်ပြီး သေသွားလို့ရှိရင်တော့ ဒီမီးတွေက သံသရာ ဘဝများစွာ လိုက်ပြီး လောင်နေတော့မှာ။ ဒါကြောင့် ဒီတရားကို မိမိရဲ့ စိတ်ထဲမှာ ကပ်ပြီး ဆောင်ထားသင့်တယ်လို့ ဆိုလိုတယ်ကွယ့်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ နောက် ဂုဏ်တော်တစ်ခုကို ဖွင့်ပြပါဦး။

http://www.dhammadownload.com



○ နောက် ဂုဏ်တော်က ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်၊ အဓိပ္ပာယ်ကတော့ ကိုယ်စီကိုယ်င သိအပ်၊ ခံစားအပ်တဲ့ ဂုဏ်ပေါ့ကွယ်။

● ဘာကို ဆိုလိုတာလဲ ဖေဖေ။

○ အေး၊ ဒါ အရေးကြီးတယ် သမီးရဲ့။ ဒီတရားတော်မှာပါတဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာစစ်တရားတွေဟာ အမှန်ဝန်ခံရရင် ပုထုဇဉ်တွေနဲ့ မထိုက်တန်ဘူး၊ ပုထုဇဉ်ဟာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ အလွန် အလှမ်းဝေးတယ်။ ရခဲတဲ့ လူ့ဘဝကို ရပါလျက် ဗုဒ္ဓဘာသာ သာသနာတော်ကြီးနဲ့လည်း ကြုံပါလျက် ပုထုဇဉ်ဘဝနဲ့ပဲ တစ်ဘဝ ဆုံးသွားလို့ရှိရင် အဲဒါ ဘဝအရ နာတာပဲကွယ့်။ ဒါကြောင့် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ခံစားရအောင်ဆိုရင် မိမိကိုယ်ကို အရိယာအဖြစ်သို့ ရောက်အောင် ဆောင်ရွက်ကြရမယ်။ ဒါမှသာ အရိယာ သူတော်ကောင်းတွေဟာ နိဗ္ဗာန်ကို အာရုံပြုပြီး ဖလသမာပတ်ကို ဝင်စားနိုင်တယ်။ ဒီလို ချမ်းသာစစ်ကို ခံစားနိုင်တဲ့ တရား၊ ကိုယ်စီကိုယ်င ခံစားနိုင်တဲ့ တရားဖြစ်တယ်။ သို့သော် အရိယာဖြစ်မှ ခံစားနိုင်တာ၊ ဒါကြောင့် လူတိုင်း ဗုဒ္ဓဘာသာဝင်တိုင်းဟာ အရိယာနွယ်ဝင်တွေဖြစ်အောင် အားထုတ်ကြရမယ်။

● သာဓုပါ ဖေဖေ၊ သာဓု သာဓု။

❑

http://www.dhammadownload.com

# သံဃာ့ဂုဏ်တော်ဖွင့်

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(ယာဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ)
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော
ပါဟုနေယျော
ဒက္ခိဏေယျော
အဉ္ဇလိ ကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊

ကျွန်မ နေ့စဉ် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို နံနက် ဘုရားရှိခိုးတိုင်း ရွတ်ဆိုပါသည်။ ထိုအခါ ဖေဖေက မေးပါသည်။

○ သမီးရေ၊ ဗုဒ္ဓဂုဏ်တော်ဖွင့်၊ ဓမ္မဂုဏ်တော်ဖွင့်တွေကို ဖေဖေတို့ ပြောခဲ့ကြပြီးပြီ။ ခု သမီး ရွတ်ဆိုနေတာ ဘာဂုဏ်တော်လဲ။

● သံဃာ့ဂုဏ်တော်ပါ ဖေဖေ။

○ အေး၊ ဟုတ်တယ်။ သမီး သံဃာဆိုတာ ဘာလဲ သိရဲ့လား။

● ဟုတ်ကဲ့၊ သိပါတယ် ဖေဖေ၊ ဘုန်းကြီးကို ပြောတာပါ။

○ ဟားဟား မဟုတ်ဘူး သမီးရဲ့၊ သံဃ၊ သံဃာဆိုတာဟာ ဘုန်းကြီးတော့ ဘုန်းကြီးပဲ။ ဒါပေမဲ့ ဘုန်းကြီးခြင်း အနက်မရဘူး၊ သံဃာဆိုတာ

http://www.dhammadownload.com



အပေါင်းအစု၊ အသင်းအဖွဲ့လို့ပဲ အဓိပ္ပာယ်ရတယ်။ အယူဝါဒ၊ အကျင့်သိက္ခာ တူသော ပုဂ္ဂိုလ်တွေရဲ့ အစုအပေါင်း၊ အသင်းအဖွဲ့တွေကို သံဃာလို့ ခေါ်လိုက်တာ၊ ဒါကြောင့် အလှူဒါနပြုတဲ့အခါ ဘုန်းကြီးတစ်ပါးကို လှူလိုက်တယ် ဆိုပေမယ့် ဒီ သံဃာ့အဖွဲ့အစည်း တစ်ခုလုံးအတွက် ရည်စူးပြီး လှူရတယ်၊ ဒါမှ သံဃိကဒါန မြောက်တယ်။

● ဟုတ်လား ဖေဖေ၊ သမီးတို့ကတော့ ကိုယ်ကြည်ညိုတဲ့ ကိုယ်တော်ကိုပဲ ရည်စူးပြီး လှူနေကြတာ။

❍ အေး၊ အဲဒါက ပုဂ္ဂလိက ဒါန၊ တစ်ဦးတစ်ယောက်ကိုပဲ လှူတာ၊ တစ်သာသနာလုံးအတွက် ရည်မှန်းရာ မကျဘူး။

● ဟုတ်လား ဖေဖေ၊ ဒါဆို သမီးတို့ သံဃာ့ဂုဏ်ကို အာရုံပြုတာ မှားနေတာပေါ့။

❍ အေး၊ သံဃာ့ဂုဏ်ကို အာရုံပြုတတ်ဖို့ သိပ်အရေးကြီးတယ်။ ခုနက သမီး ရွတ်ဆိုခဲ့တဲ့ သံဃာ့ဂုဏ်တော်ဆိုတာတွေဟာ အရိယာသံဃာတွေရဲ့ ဂုဏ်တော်တွေကွယ့်။ သုပ္ပဋိပန္နဂုဏ်တော်ဆိုတာ ကောင်းစွာ ကျင့်ကြံတော်မူ၏လို့ အဓိပ္ပာယ်ရတယ်။ မဂ်လေးပါး ဖိုလ်လေးပါးကို ရတဲ့ ပုဂ္ဂိုလ်တွေကို အရိယာလို့ ခေါ်တာ၊ ရှေးကတော့ အရိယာ သံဃာတွေဟာ ထောင်သောင်းမက ရှိခဲ့တာပေါ့။ ဒါပေမဲ့ အမျိုးအစားအားဖြင့်တော့ ဒီ ရှစ်မျိုးပဲ ရတယ်။ ဒါကြောင့် အရိယာရှစ်ယောက်ဆိုပြီး ပြောကြတာ၊ ရှစ်မျိုးပေါ့ကွယ်။ အဲဒီ ဘုရားရှင်ရဲ့ တပည့်စစ်တွေ ဖြစ်ကြတဲ့ အရိယာ သံဃာတော်များဟာ ဘုရားရှင်က တရားသဖြင့် ဆုံးမရာ သာသနာတော်နှင့် လုံးဝ ကိုက်ညီအောင် အဆုံးအမ မှန်သမျှကို လုံးဝ ဥသုံ အကုန်အစင် လိုက်နာပြီး ကောင်းမွန်စွာ ကျင့်ကြံတော်မူကြတယ်။ အပြစ်နည်းနည်းကလေးကိုတောင် အလွန် ကြီးတဲ့ အပြစ်လို့ထင်ပြီး ရှောင်ကြဉ်ကြတယ်။ ဘယ်လောက်တောင် ဘုရားစကားကို လိုက်နာကြသလဲဆိုရင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး နမူနာ ပြသွားတာ ရှိတယ်။

● ပြောပြပါဦး ဖေဖေ။

❍ ခုခေတ် ဘုရားပွဲတော်တွေမှာ မဏ္ဍပ်ကြီးထိုးပြီး စတုဒိသာ ကျွေးသလိုပေါ့၊ ရှေးအခါကလည်း လူအများ စုပေါင်းပြီး စတုဒိသာ ကျွေးကြတယ်။ အချို့ ရဟန်းတွေဟာ ဒီစတုဒိသာ မဏ္ဍပ်တွေမှာ နေ့စဉ် ဆွမ်းသွားစားကြတယ်၊ ဒါကြောင့် လူတွေက ကဲ့ရဲ့ကြတယ်၊ ဘုရားရှင် ကြားတော်မူတဲ့အခါ 'ယနေ့က စပြီး ရဟန်းများသည် စတုဒိသာ မဏ္ဍပ်မှာ ဆွမ်းတစ်ရက်တည်းသာ စားရမယ်'လို့ ပညတ်တော်မူတယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ ခရီးလှည့်လည်

http://www.dhammadownload.com



သွားလာရင်း စတုဒိသာရုံ တစ်ရုံမှာ နာမကျန်းဖြစ်နေတယ်၊ အဲဒီအခါ ကိုယ်တော်မြတ်ကြီးက အဲဒီ စတုဒိသာရုံမှာ တစ်ရက်သာ ဆွမ်းဘုဉ်းပေးပြီး နောက်ရက်တွေမှာ ဆွမ်းအငတ်ခံရှာတယ်၊ လူတွေက ကပ်လှူကြသော်လည်း 'ဘုရားရှင် တားမြစ်တော်မူတယ်'ဆိုပြီး မစားဘူး၊ ဒီအကြောင်းကို ဘုရားရှင် ကြားသိတော်မူတဲ့အခါ နာမကျန်းသူတွေကတော့ နေ့စဉ် စားနိုင်ကြောင်း ထပ်လောင်းပြီး ခွင့်ပြုတော်မူတယ်။ *(ပါစိတ်, ဘောဇနဝဂ်, အာဝသထပိဏ္ဍ သိက္ခာပုဒ်။)*

● ကြည်ညိုဖွယ် ရှိလိုက်တာနော် ဖေဖေ၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးများ ဘုရားသြဝါဒကို လိုက်နာတော်မူလိုက်တာ။

○ အေး၊ အဲဒါ သုပ္ပဋိပန္နဂုဏ်ပဲကွယ့်။ ဒီဂုဏ်နဲ့ ပြည့်စုံတဲ့ သံဃာဆိုတာ မဂ်ဖိုလ်ကို ရပြီးသား သံဃာတော်များသာ ဖြစ်တယ်။ မဂ်ဖိုလ် မရသေးသော်လည်း မဂ်ဖိုလ်ရအောင် ကျင့်ကြံအားထုတ်နေကြတဲ့ သံဃာတော်များလည်း သောတာပန် အောက်တန်းမှာ ပါဝင်နိုင်ကြပါတယ်တဲ့။ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးရဲ့ ရတနာ့ဂုဏ်ရည်ကျမ်းမှာ ဆရာတော်က 'ဘုရားရှင် အဆုံးအမကို ကောင်းစွာ မလိုက်နာဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေထိုင်ကြတဲ့ ရဟန်းတွေကတော့ ခု ပြဆိုအပ်သော ဂုဏ်ပုဒ်နဲ့ လားလားမျှ မဆိုင်ဘူးလို့ မှတ်ပါတဲ့၊ ဒါကြောင့် သံဃာ့ဂုဏ်တွေကို အာရုံပြုကြတဲ့အခါ ခုခေတ် မြင်တွေ့နေရတဲ့ ရဟန်း သံဃာတွေကို ကြည့်ပြီး အာရုံမပြုကြပါနဲ့တဲ့၊ ရှေးရှေးက အဟုတ်အမှန် ကျင့်ကြံခဲ့ကြတဲ့ အရိယာ သံဃာတော်တွေနဲ့ ခုခေတ် ကောင်းစွာ နေထိုင်ကျင့်ကြံတော်မူကြတဲ့ ပုထုဇဉ်သံဃာတွေရဲ့ ဂုဏ်ကိုသာ အာရုံပြုပါတဲ့။

● ဟုတ်ကဲ့၊ အမှန်ကို ပြောရရင် အမြင်မတော်တဲ့ ခုခေတ် ပုထုဇဉ် ရဟန်း သံဃာတွေကို ကြည့်ပြီး သမီးတို့အနေနဲ့ သံဃာ့ဂုဏ်ကို အာရုံပြုရတာ သိပ်ခက်တာပဲ။ သံဃာဆို ကြည်ညိုဖို့ ခက်တယ်။

○ အေး၊ အဲဒါကြောင့် အရိယာ သံဃာတော်များရဲ့ ဂုဏ်တော်တွေကိုသာ အာရုံပြုပါ သမီးရယ်နော်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ဥဇုပ္ပဋိပန္နဂုဏ်တော် ဆိုတာကကော ဖေဖေ။

○ ဥဇုပ္ပဋိပန္နဆိုတာ ဖြောင့်မှန်စွာ ကျင့်တော်မူတယ်လို့ အနက် အဓိပ္ပာယ်ရတယ်။ ဒီဂုဏ်တော်ဟာ သိပ်အရေးကြီးတယ်။ လူမရှိတဲ့နေရာ၊ မျက်ကွယ်ရာမှာ ဖောက်ဖောက်ပြန်ပြန် တော်သလိုနေပြီး လူလာတဲ့အခါ ဟန်လုပ်ပြီးနေတာ၊ အဲဒါ သာဌေယျလို့ ခေါ်တယ်။ အပြစ်ရှိပါလျက် အပြစ်ကို ဖုံးကွယ်ပြီး အပြစ်မရှိသူလို့ ထင်ရအောင် ဖုံးကွယ်ဟန်လုပ်နေတာ၊ အဲဒါ မာယာပဲကွယ့်။ အရိယာ သံဃာ

http://www.dhammadownload.com



ဆိုတာကတော့ သူတစ်ပါး အထင်ကြီးအောင်၊ ပစ္စည်း လာဘ်လာဘ များအောင်၊ ဒကာ ဒကာမ များအောင် ဟန်ဆောင်ပြီး ပရိယာယ်တွေ မာယာတွေ မလုပ်ဘူး၊ မစဉ်းလဲဘူး၊ နိဗ္ဗာန်လမ်း ဖြောင့်တန်းအောင် ရိုးဖြောင့်စွာ ကျင့်ကြံတော်မူကြတယ်။ ခုခေတ်မှာတောင် မရိုးမဖြောင့် ကျင့်နေကြသူတွေ၊ ဝမ်းရေးအတွက် သာသနာတော်ကို ဖျက်နေကြသူတွေ ပေါများတယ်။ ရှေးတုန်းကလည်း လူအထင်ကြီးအောင် လှည့်ပတ်တာမျိုးတွေ ရှိခဲ့ဖူးတယ်။ ဘုန်းကြီး တစ်ပါးဟာ မိမိကို သူတစ်ပါး အထင်ကြီးစေလိုတဲ့အတွက် ကျောင်းခန်းအတွင်းမှာ လူမမြင်နိုင်အောင် အိုးစရည်းကြီးတစ်လုံးကို မြှုပ်ထားတယ်၊ အပြင်က ဒကာ ဒကာမများ လာသံကို ကြားရင် အိုးစရည်းကြီးထဲကို ဝင်နေတယ်၊ လူတွေက ဘုန်းကြီး ဘယ်မှာရှိလဲလို့ မေးရင် တပည့်များက ကျောင်းတွင်းမှာ ရှိပါတယ်လို့ ပြောကြတယ်၊ အခန်းထဲ ဝင်ကြည့်တော့ မရှိပါဘူး၊ လူတွေက ဘယ်ကြွသလဲလို့ မေးရင် ခုတင်ပဲ အခန်းထဲမှာ ရှိနေတာပဲလို့ ပြောပြီး ထပ်ပြီး သွားကြည့်တဲ့အခါ ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်။ 'အရှင်ဘုရား ဘယ်ကို ကြွနေသလဲ ဘုရား'လို့ လျှောက်ထားကြတဲ့အခါ 'ရဟန်းဆိုတာ ဒီလိုပဲ အလိုရှိရာ ကြွနိုင်ပါတယ်'လို့ ဈာန်အဘိညာဉ် ရနေသလို လေသံမျိုးနှင့် ပြောတယ်၊ လူတွေက ရဟန္တာဆိုပြီး အထင်ကြီးကြတာပေါ့။ အဲဒီလို မရိုးမဖြောင့် လုပ်ကြတာတွေကို မယုံကြည်သင့်ဘူး၊ မကိုးကွယ်သင့်ဘူး၊ တချို့ဘုန်းကြီး စာမတတ်ဘူး၊ ဒါပေမဲ့ အကျင့်သီလ ကောင်းတယ်၊ အလွန် ရိုးဖြောင့်တယ်၊ အဲဒါမျိုးကို ကိုးကွယ်သင့်တယ်။ စာမတတ်ဘဲနှင့် တတ်ယောင်ဆောင်တာ၊ အကျင့်မကောင်းဘဲနှင့် ကောင်းယောင်ဆောင်တာတွေကို မကိုးကွယ်ထိုက်ဘူး၊ နောက်ပြီး ခုအခါမှာ ပညာအတော်အတန်ရှိပြီး မရိုးမဖြောင့်တဲ့သူတွေ ပေါများလာတယ်၊ အဲဒီလို ပညာရှိ မရိုးမဖြောင့်သူတွေဟာ ပညာမဲ့မရိုးမဖြောင့်တဲ့ သာမန်လူတွေထက် ပိုပြီး ကြောက်စရာ ကောင်းတယ်။ ဒါကြောင့် အတွင်းအပြင် မသိဘဲ ဆေးဝါးစွမ်းသလို၊ စာတတ်သလို၊ ထွက်ရပ်ပေါက်သလို ညာစားနေတဲ့သူတွေကို သမီးတို့လို မိန်းမသားတွေ၊ ဉာဏ်နည်းပါးတဲ့ ယောကျ်ားတွေ ယုံလွယ်ကြတယ်၊ သတိထားရမယ်နော်။

လောကမှာ ရိုးဖြောင့်ဖို့ရာ သိပ်အရေးကြီးတယ်။ ပစ္စည်းမရှိဘဲ ရှိဟန်ဆောင်သူတွေ၊ သီလ မရှိဘဲ ရှိဟန်ဆောင်သူတွေ၊ ပညာ မရှိဘဲ ရှိဟန်ဆောင်သူတွေ၊ နားမလည်ဘဲ နားလည်ဟန်ဆောင်သူတွေ အားလုံးဟာ မရိုးမဖြောင့်တဲ့ သဘောတွေ ချည်းပဲကွယ့်။ ဒါကြောင့် ဥဇုပ္ပဋိပန္နဂုဏ်ရှိတဲ့ အရိယာသံဃာတော်များကို အာရုံပြုပြီး ကြည်ညိုကြရမယ်၊ မိမိကိုယ်တိုင်လည်း ရိုးဖြောင့်စွာ ကျင့်နိုင်ကြရမယ်၊ မရိုးမဖြောင့်သူတွေကို ရဟန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် ဝေးဝေးက ရှောင်ကြရမယ်၊ မတတ်သာလို့ ဆက်ဆံရရင်တောင် ကိုယ်ပေါင်း စိတ်ခွာပါတဲ့။

http://www.dhammadownload.com



● ဟုတ်ကဲ့ ဖေဖေ၊ ရန်ကုန်မြို့မှာ နေ့အခါ သင်္ကန်း ဝတ်ပြီး ဆွမ်းခံ၊ ညကျရင် အိမ်ပြန်အိပ်နေတဲ့ အတုအယောင်တွေကလည်း အများကြီးပဲ။

○ အဲဒါ သာသနာဖျက်တွေ၊ သံဃာ့ဂုဏ်ဆိုတာ အဲဒီလို အတုအယောင်တွေကို ပြောတာ မဟုတ်ဘူး၊ ကြည်ညိုဖွယ် ဂုဏ်အပေါင်းနှင့် ပြည့်စုံတဲ့ အရိယာ သံဃာကို ပြောတာ၊ ဉာယပ္ပဋိပန္နဂုဏ်တော် အကြောင်းကို ဆက်ကြစို့။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ ဉာယပ္ပဋိပန္န ဂုဏ်တော်ဆိုတာ နိဗ္ဗာန် ရောက်ဖို့ရာ ကျင့်ကြံတော်မူခြင်းဆိုတဲ့ ဂုဏ်ပုဒ် ဖြစ်တယ်။ အရိယာ သံဃာတော်များဟာ သံသရာ ဝဋ္ဋဒုက္ခမီးကြီး ကြီးမားပုံကို မြင်သိတော်မူတယ်။ ဒါကြောင့် ရင်ဝမှာ လှံစူး၊ ထိပ်ဦးကို မီးလောင်နေတဲ့လူဟာ ဒီလှံကို နုတ်ပယ်ပြီး ဒီမီးကို ငြိမ်းသတ်ဖို့ အရေးကြီးဆုံးဖြစ်သလို အရိယာသံဃာတော်များဟာ သံသရာဝဋ္ဋဒုက္ခမီးကြီး အပြီးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်ဖို့ကိုသာ အဓိက ရည်မှန်းပြီး အားထုတ်တော်မူကြတယ်။ ဒါကြောင့် အရိယာ ဖြစ်ပြီးပြီဆိုရင် သံသရာထဲမှာ ကြာရှည် မနေရတော့ဘူး၊ အကြာဆုံး ခုနစ်ဘဝသာ နေပြီး ပရိနိဗ္ဗာန် ပြုကြရတယ်။ ဒီလို အရိယာသံဃာတော်များဟာ အသက်ကိုသာ အသေခံတယ်၊ သီလကို အပျက်မခံကြဘူး၊ ဒီခန္ဓာကိုယ်ပေါ်မှာ လောကဓံအားလျော်စွာ ကြုံလာတဲ့ ဒုက္ခရှိရင်လည်း ဒီဒုက္ခက သက်သာရာ ရစေတော့လို့ သီလကို အပျက်ခံပြီး မလုပ်ဘူး၊ ဒီခန္ဓာကိုယ်ရှိလို့သာ ဒီဒုက္ခဖြစ်ရတာ၊ နိဗ္ဗာန် ရောက်ရင် ဒီဒုက္ခမျိုးအားလုံး ချုပ်ငြိမ်းမှာပဲဆိုပြီး နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကိုသာ အသက်ကို စွန့်ပြီး ကျင့်ကြတယ်၊ အဲဒီလို ဂုဏ်နဲ့ပြည့်စုံတဲ့ ရဟန်းကောင်း ရဟန်းမြတ်တွေကို ကိုးကွယ်ကြရမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သာမိစိပ္ပဋိပန္န ဂုဏ်တော်ကို ပြောပြပါဦး။

● သာမိစိပ္ပဋိပန္န ဆိုတာက ရိုသေမှုနှင့်လျော်အောင် ကျင့်တတ်တဲ့ ဂုဏ်တော်ပဲ သမီးရဲ့။ လူတွေဟာ မိမိတို့ ပင်ပန်းကြီးစွာ ရှာမှီးထားတဲ့ ချွေးနဲ့စာတွေထဲက မသုံးရက်သော ကောင်းမွန်သော အစားအသောက် ကျောင်း အိပ်ရာ နေရာများကို ရိုသေသမှု ပြုစုပြီး လှူဒါန်းကြတယ်၊ ဒါကို အရိယာဖြစ်ပြီး၊ ဖြစ်အောင် ကျင့်ဆဲ သံဃာတော်များက ခံယူသုံးဆောင်ကြရာမှာ ဒကာ ဒကာမများရဲ့ ရိုသေသမှု ပြုစု လှူဒါန်းခြင်းနှင့် ထိုက်တန်အောင် ကျင့်ကြံအားထုတ်ကြရတယ်၊ သမီး အယျမိတ္တ မထေရ် ဝတ္ထုကို ကြားဖူးသလား။

● မကြားဖူးပါဘူး ဖေဖေ။

○ အေး၊ ရှေးတုန်းက လိုဏ်ဂူတစ်ခုထဲမှာ နေပြီး တရား အားထုတ်နေတဲ့ အယျမိတ္တ မထေရ်ဆိုတာ ရှိတယ်၊ သူ ဆွမ်းခံတဲ့ ရွာက ဒါယိကာမကြီး

http://www.dhammadownload.com



တစ်ယောက်က သားအမှတ်နှင့် ထားပြီး လေးစားသမှု ပြုရတယ်၊ တစ်နေ့ ဒါယိကာမကြီးဟာ လုပ်ငန်းလုပ်ဖို့ စောစောထပြီး တောကို သွားခါနီးမှာ သမီးကို မှာခဲ့တယ်၊ 'သမီး မီးဖိုထဲမှာ နှစ်ချို့ဆန်နဲ့ နွားနို့ထောပတ်၊ တင်လဲတွေ ရှိတယ်၊ အဲဒါကို ဆွမ်းချက်ပြီး သမီးမောင် လာတဲ့အခါ ကပ်လိုက်'လို့ မှာထားခဲ့တယ်၊ မေမေကော ဘာစားမလဲမေးတော့ ပုန်းရည်ဟင်းနှင့် ညက ကျန်တဲ့ ထမင်းကြမ်းကို စားပြီးပြီလို့ ဖြေတယ်၊ 'ဒါဆို နေ့စာ ဘာစားမလဲ' မေးတော့ 'ဟင်းရွက်ကလေးရောပြီး ဆန်ကွဲနှင့် ယာဂု ကျိုသောက်မှာပေါ့'လို့ ဖြေတယ်။

ဒီ သားအမိနှစ်ယောက် ပြောဆိုသံကို အယျမိတ္တ မထေရ် ဆွမ်းခံလာတော့ ရွာအနီးမှာ ကြားလိုက်ရတယ်၊ ဒီတင် မိမိကိုယ်ကို ဆုံးမတယ်၊ 'မိမိ ဒါယိကာမကြီး ကတော့ ပုန်းရည်ဟင်းနှင့် ထမင်းကြမ်းကိုစား၊ ဟင်းရွက်နှင့် ဆန်ကွဲကျိုတဲ့ ယာဂုကို သောက်ပြီး မိမိကိုကျတော့ နှစ်ချို့ဆန်၊ ထောပတ်၊ တင်လဲနို့များနှင့် ဆွမ်းကပ်ရှာတယ်၊ ယခုလို လှူနေတာဟာ သင့်ထံက အကျိုးစီးပွား တစ်စုံတစ်ရာကို မျှော်ကိုးပြီး လှူနေတာ မဟုတ်ဘူး၊ နိဗ္ဗာန်ကို ရည်မှန်းပြီးသာ ဤကဲ့သို့ ဂရုတစိုက် လှူနေရှာတာ၊ သင့်မှာ ကိလေသာ အာသဝေါ မကုန်ဘဲနဲ့ သူ ရည်မှန်းတဲ့ချမ်းသာကို သင် ပေးနိုင်မလား၊ ကိလေသာ အာသဝေါမကုန်ဘဲနဲ့ သူ လှူဒါန်းတဲ့ ဆွမ်းကို သင် မစားထိုက်တော့'ဆိုပြီး ဆွမ်းခံ မဝင်တော့ဘဲ ပြန်ပြီး တရားအားထုတ်လိုက်တာ စင်ကြယ်တဲ့ သီလအစွမ်း၊ အသားကျနေတဲ့ ဘာဝနာအစွမ်းများကြောင့် သိပ်ကြာကြာ အားမထုတ်ရဘဲ ချက်ချင်း ရဟန္တာ ဖြစ်သွားတယ်၊ ပြီးမှ ဆွမ်းခံဖို့ အချိန်ကျန်သေးလို့ ဆွမ်းခံဝင်လို့ စောင့်နေတဲ့ ညီမတော်က ဆွမ်းလောင်းလိုက်တဲ့အချိန်မှာ အထူး ကြည်လင်နေတဲ့ မထေရ်ရဲ့ မျက်နှာကို မြင်လိုက်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတယ်၊ ရဟန္တာကို ဆွမ်းလှူလိုက်ရတာပေါ့။

● ဒါဆို ဆင်းရဲသား သားအမိလည်း ကံကောင်းတာပေါ့နော် ဖေဖေ၊ ရဟန္တာကို ဆွမ်းလှူလိုက်ရတယ်ဆိုတော့။

○ အဲဒါပေါ့ သမီးရဲ့၊ ဒီနေရာမှာ အယျမိတ္တ မထေရ်ဟာ မိမိ အပေါ်မှာ အလှူ့ရှင် အလှူ့အမများက ထားရှိတဲ့ လေးစားမှု ရှိသေမှုကို ခံယူထိုက်တဲ့ သာမိစိပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံအောင် မိမိကိုယ်တိုင် ကိလေသာကုန်ခန်းတဲ့ ရဟန္တာ ဖြစ်အောင် ကျင့်ကြံရမယ်လို့ စဉ်းစားဆုံးဖြတ်ပြီး ကျင့်တော်မူခဲ့တာဟာ ဥဇုပ္ပဋိပန္နော ဆိုတဲ့ ကောက်ကျစ်တဲ့သဘော ဟန်လုပ်တဲ့သဘော မရှိဘဲ အလွန် ဖြောင့်မတ်တဲ့ သဘောလည်း ရှိလို့သာပေါ့ သမီးရယ်။ မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်မှန်းပြီး ကျင့်ကြံ အားထုတ်တော်မူကြတဲ့ ရဟန်း သံဃာဆိုတာ နိဗ္ဗာန်လမ်း ဖြောင့်တန်းအောင်

http://www.dhammadownload.com



အလွန် ရိုးသား ဖြောင့်မတ်တော်မူကြရတယ်။ ကျမ်းဂန်မှာ ပြတာကတော့ ရဟန်းဆံဃာဟာ နွားကျောင်ငယ်ရေကဲ့သို့ မကောက်ရဘူး၊ လရေးကဲ့သို့ မကောက်ရဘူး၊ ထယ်ကိုင်းကဲ့သို့ မကောက်ရဘူးတဲ့။

● နွားကျောင်ငယ်ရေလို မကောက်ရဘူး၊ လရေးလို မကောက်ရဘူး၊ ထယ်ကိုင်းလို မကောက်ရဘူးဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ အဲဒါ အကောက်သုံးပါးကို ပြောတာ သမီးရဲ့၊ အင်္ဂုတ္တိုရ်နိကာယ်မှာလာတာ ရဟန်းတစ်ပါးဟာ အရွယ်သုံးပါး၌ သီလမစင်ကြယ်ရင် နွားကျောင်ငယ်ရေလို ကောက်ကျစ်သူ ဖြစ်တယ်တဲ့၊ ဒုတိယအရွယ်မှာ သီလမစင်ကြယ်ရင် လရေးကောက်မျိုး ဖြစ်တယ်တဲ့၊ အဲ တတိယအရွယ်ကျမှ သီလမစင်ကြယ်ရင်တော့ အဲဒါ ထယ်ကိုင်းလို ကောက်ကျစ်တာမျိုးပဲတဲ့။ သုံးဆစ်ကောက်၊ နှစ်ဆစ်ကောက်၊ တစ်ဆစ်ကောက်ပေါ့ သမီးရယ်။ သီလ မရှိဘဲနှင့် သီလ ရှိယောင် ဆောင်တတ်တာတွေက များသားပဲ။ ဒါ ထားပါတော့၊ အကျဉ်းသဘောလောက် သိရင် တော်ရောပေါ့။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ခုကာလမှာကတော့ ဒီလို အယောင်ဆောင်တွေ၊ အကောက်တွေ အကြောင်း ပြောရင် ဆုံးနိုင်မှာတောင် မဟုတ်ပါဘူး။ သမီးတို့ သာမိစိပ္ပဋိပန္နောအထိ ရောက်ခဲ့ပါပြီ။ ခု 'စတ္တာရိ ပုရိသယုဂါနိ'ဆိုတာက ဘာဂုဏ်တော်လဲ ဖေဖေ။

○ 'စတ္တာရိ ပုရိသ ယုဂါနိ'ဆိုတာက သံဃာ့ဂုဏ်တော်ကို ပြတဲ့စကား မဟုတ်ဘူး သမီးရဲ့။ အရိယာ သံဃာ လေးစုံ ရှိကြောင်းကို ပြောတာ၊ စာတွေထဲမှာတောင် အရိယာသံဃာ ရှစ်ယောက်ဆိုပြီး ခဏခဏ ရေးတာ သမီး တွေ့ဖူးမှာပေါ့။

● တွေ့ဖူးပါတယ် ဖေဖေ၊ အဲဒါ အရိယာသံဃာ ရှစ်ယောက်ဆိုလို့ သမီး စိတ်ထဲမှာ မြတ်စွာဘုရား လက်ထက်တော်အခါက ရှိတော် မူခဲ့ကြတဲ့ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့အပါအဝင် ဘယ်ရှစ်ယောက်ကို ပြောတာများ ပါလိမ့်လို့ စဉ်းစားဖူးပါတယ်။

○ အဲဒီလို မဟုတ်ဘူး သမီးရဲ့၊ အမှန်ကတော့ အရိယာသံဃာ ရှစ်ယောက်လည်း မဟုတ်ပါဘူး၊ ရှစ်မျိုး၊ ရှစ်မျိုးဆိုတာ

၁။ သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ် - သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ်

၂။ သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ် - သကဒါဂါမိဖိုလ်ရ ပုဂ္ဂိုလ်

၃။ အနာဂါမိမဂ်ရ ပုဂ္ဂိုလ် - အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ်

၄။ အရဟတ္တမဂ်ရ ပုဂ္ဂိုလ် - အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်

http://www.dhammadownload.com



အဲဒီ ရှစ်မျိုးကို ပြောတာ၊ ဒါပေမဲ့ မဂ်ဖိုလ်ရပုဂ္ဂိုလ်ကို အစုံလိုက်ရေတွက်ရင်တော့ လေးစုံပဲ ရပါတယ်။ ပြီးတော့ မဂ်ရတဲ့ပုဂ္ဂိုလ်ကတစ်ယောက်၊ ဖိုလ်ရတဲ့ပုဂ္ဂိုလ်က တစ်ယောက် အဲဒီလို သီးခြားဖြစ်တည်နေတဲ့ သဘောလည်း မဟုတ်ဘူး၊ မဂ်ရတဲ့ ပုဂ္ဂိုလ်ဟာ ဖိုလ်ကိုလည်း အခါမလင့်ဘဲ ရတာပဲ၊ မဂ်ကို ရရင် ချက်ချင်း ဖိုလ်ကို လည်း ရတာဆိုတော့ မဂ်ပုဂ္ဂိုလ်နဲ့ ဖိုလ်ပုဂ္ဂိုလ်ဟာ နှစ်ယောက် မဟုတ်ပါဘူး၊ တစ်ယောက်တည်းပါပဲ သမီးရဲ့။

● ဒါဆိုရင် မဂ်ဖိုလ်ရတဲ့ပုဂ္ဂိုလ်ဟာ လေးမျိုးပဲပေါ့နော် ဖေဖေ။

○ ဟုတ်တယ် သမီးရဲ့၊ စတ္တာရိဆိုတာ မဂ်ဖိုလ်အစုံအားဖြင့် လေးပါးပဲ။

● ဒီမှာ 'ယဒိဒံ ပုရိသ ယုဂါနိ'ဆိုတာ အကြင်ယောကျ်ား ပုဂ္ဂိုလ်တို့သည်လို့ ဆိုတာလား ဖေဖေ။

○ ဒီမှာ ပုရိသယုဂါနိ ဆိုတာ ယောကျ်ားဆိုတဲ့အနက်ထက် ပုရိသပုဂ္ဂလာကို မြင့်မြတ်သော အရိယာပုဂ္ဂိုလ်ဆိုတဲ့ အနက်ကို ယူရမယ်။

● မဂ်ဖိုလ်ကို ရနိုင်တာ ယောကျ်ားတွေချည်း မဟုတ်ဘူးပေါ့၊ အမျိုးသမီးတွေ လည်း ရနိုင်တာပေါ့နော်။

○ ခု ဖေဖေတို့ ပြောနေတာ သံဃာ့ဂုဏ်တော်ဖွင့်လေ သမီးရဲ့။ သံဃာဆိုတာက ခုအခါမှာ အမျိုးသားတွေပဲ ရှိကြတာကိုး။ ရှေးတုန်းက ဘိက္ခုနီမတွေ ရှိတုန်းကတော့ ထေရီတွေလည်း ရှိခဲ့ကြတာပဲ။ ခု ဖေဖေတို့ ပြောနေတာက ဘိက္ခုသံဃာတွေကို ရည်တဲ့အတွက် ယောကျ်ားတွေလို့ဆိုရင်လည်း ရတော့ ရပါတယ်။

● အာဟုနေယျဂုဏ်တော်ကို ဖွင့်ပါဦး ဖေဖေ။

○ ခု ဖေဖေတို့ ပြောနေတာဟာ ပုထုဇဉ်သံဃာတွေကို ပြောနေတာ မဟုတ်ဘူး၊ အရိယာ သံဃာတွေရဲ့ ဂုဏ်ကို ဖွင့်ဆိုနေတာဆိုတာ သမီး ခေါင်းထဲမှာ ရှင်းရှင်း သိထားရမယ်နော်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သံဃာ့ဂုဏ်ဆိုတာ အရိယာသံဃာတော်မြတ်များရဲ့ ဂုဏ်တော်ကို ပြောတာပဲလို့ သမီး မှတ်ထားပါ့မယ်။

○ အာဟုနေယျဂုဏ်တော်ရဲ့ သဘောက အရိယာသံဃာတော်မြတ်များဟာ တစ်နယ်တစ်ကျေး အဝေးမြို့ရွာက တမင်တကာ ဆောင်ယူလာပြီး ပေးလှူ ပူဇော်တာကိုပင် ခံထိုက်တော်မူတယ်တဲ့။ ဒါကြောင့် ရှေးအခါတုန်းက ဒါနရဲ့အကျိုး၊ အထူးသဖြင့် အရိယာ သံဃာတော်တွေကို လှူဒါန်းပူဇော်ခြင်းရဲ့ ကြီးမားတဲ့အကျိုးကို သိကြတဲ့ သူတော်ကောင်းများဟာ ဒီလို အဝေးကနေ အရိယာ သံဃာတော် အရှင်မြတ်များ ရှိတဲ့နေရာကို တမင်လာပြီး လှူကြတဲ့ ဝတ္ထုကြောင်းတွေ ကျမ်းဂန်မှာ ရှိတယ် သမီးရဲ့။

http://www.dhammadownload.com



● သမီးတို့ မှတ်သားလိုက်နာရအောင် ဝတ္ထုကြောင်းကလေးကို ထုတ်ပြပါဦး ဖေဖေ။

○ တာဝတိံသာနတ်ပြည်မှာ နတ်တွေ ရှိကြတဲ့အထဲ သာသနာပ က ဖြစ်တဲ့ နတ်တွေထက် သာသနာတွင်းကဖြစ်လာတဲ့ နတ်တွေက ကိုယ်ရောင်ကိုယ်ဝါ ပိုပြီး ထွန်းပြောင်ကြတယ်တဲ့၊ တချို့ နတ်တွေဆိုရင် သိကြားမင်းထက်တောင်မှ ကိုယ်ရောင် ထွန်းပြောင်ကြပြီး စည်းစိမ်အခြွေအရံတွေလည်း သာလွန်တယ်တဲ့။

● ဒီလို ဘာကြောင့် ဖြစ်ရတာလဲ ဖေဖေ။

○ ဒါက သာသနာပမှာ အရိယာသံဃာတွေ မရှိဘူး၊ သာသနာတွင်းမှာသာ အရိယာ သံဃာတော်တွေ ရှိကြလေတော့ သာသနာပက ပုဂ္ဂိုလ်တွေ နတ်တွေဟာ အရိယာ သံဃာတော်တွေကို မလှူဒါန်းကြရဘူး၊ သာသနာတွင်း နတ်တွေကသာ အရိယာ သံဃာတော်တွေကို လှူဒါန်းကြရတာပေါ့၊ ဒီတော့ သာသနာတွင်း နတ်တွေက ပိုပြီး ကိုယ်ရောင်ကိုယ်ဝါ၊ စည်းစိမ်ချမ်းသာတွေ ပိုလွန်ရတာပေါ့ သမီးရယ်။

● သာမန်သံဃာတွေ၊ အလှူခံပုဂ္ဂိုလ်တွေကို လှူရတာထက် အရိယာသံဃာတော်ကို လှူရတာက ပိုပြီး အကျိုးကျေးဇူး များလို့ပေါ့နော် ဖေဖေ။

○ သိပ်ဟုတ်တာပေါ့ သမီးရဲ့၊ သီလစင်ကြယ်တဲ့ သံဃာတော်ကို လှူရတာနဲ့ ဒုဿီလကို လှူရတာတောင်မှ အကျိုးရပုံချင်း မတူဘူး၊ အဲဒါမှတ်ထားနော် သမီး။ ခု ဝတ္ထုကြောင်းကို ဆက်ပြောမယ်။

● ပြောပါ ဖေဖေ။

○ အခါတစ်ပါးမှာ ရှင်မဟာကဿပ မထေရ်မြတ်ကြီးဟာ နိရောဓ သမာပတ်မှ ထတော်မူပြီး ဆင်းရဲသားရပ်ကွက်တစ်ခုမှာ ဆွမ်းခံဖို့ ကြွသွားတော်မူတယ်။ ဒီအခါ နတ်ပြည်က သိကြားမင်းနဲ့ သူ့မိဖုရား သုဇာတာတို့ဟာ ဆင်းရဲသားရပ်ကွက်မှာ သွားပြီး ဆင်းရဲသား သူအိုဇနီးမောင်နှံ အယောင်ဆောင်ပြီး ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးကို ဆွမ်းသွားလောင်းကြတယ်တဲ့။ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးကလည်း ဆင်းရဲသားရပ်ကွက်ဆိုတော့ ဆွမ်းလောင်းကြတာလည်း ဆင်းရဲသား သူအို ဇနီးမောင်နှံ မှတ်ပြီး ဆွမ်းကို ခံယူတော်မူတယ်တဲ့၊ ဒီအခါ ဆွမ်းက နတ်သုဒ္ဓါကိုး၊ မွှေးပျံ့နေတာပေါ့။ ဒီလို တစ်ရပ်လုံး မွှေးကြိုင်သွားတဲ့ ဆွမ်းကို ခံပြီးမှ ကိုယ်တော်မြတ်ကြီးက ဆင်ခြင်ကြည့်လိုက်တာ သိကြားမင်းနဲ့ သူ့ မိဖုရား ဖြစ်နေမှန်း သိလို့ ကြိမ်းမောင်း အပြစ်တင်တော်မူတယ်တဲ့။ ဒီအခါ သိကြားမင်းက သူဟာ သာသနာပသိကြားဖြစ်လို့ သာသနာတွင်း နတ်များလောက် စည်းစိမ်မကြီး

http://www.dhammadownload.com



အရှိန်မတောက်တဲ့ နတ်ဆင်းရဲဖြစ်နေကြောင်း လျှောက်ထားပြီး ရှင်မဟာကဿပ ကိုယ်တော်ကြီးကို လှူရတာ၊ အလွန်မြတ်တဲ့အလှူကို လှူလိုက်ရပြီလို့ ဥဒါန်းကျူး တယ်တဲ့။ အဲဒါကြည့်၊ ဒါနရဲ့အကျိုး ဒီနေရာမှာ အရိယာသံဃာတော်ကို လှူရတဲ့ ဒါနရဲ့အကျိုးကို သိမြင်တဲ့ ပညာရှိတို့ဟာ နတ်ပြည်ကနေ လူ့ပြည်ကို လာပြီးတောင် အဝေးက ဆောင်ယူခဲ့တဲ့ အလှူကို လှူကြတယ်ဆိုတာ မှတ်သားရမယ် သမီးရဲ့။

- ● ဒီလို တမင်တကာ အဝေးကလာပြီး လှူတဲ့အလှူကိုတောင် ခံယူထိုက်တဲ့ဂုဏ်ကို အာဟုနေယျဂုဏ်လို့ ခေါ်တာပေါ့နော် ဖေဖေ။
- ○ ဟုတ်ပါတယ် သမီး။
- ● ပါဟုနေယျဂုဏ်ကို ဖွင့်ပါဦး ဖေဖေ။
- ○ ပါဟုနေယျဂုဏ်တော်ဆိုတာက ဧည့်သည်တို့အဖို့ စီမံအပ်သော ပစ္စည်းကို ခံယူထိုက်တယ်ဆိုတဲ့ ဂုဏ်တော်ပါ သမီးရဲ့။
- ● အဓိပ္ပာယ်ဆိုလိုရင်းကို ရှင်းပြပါဦး ဖေဖေ။
- ○ လူတွေဟာ ဧည့်သည်တွေကို ဖိတ်မန္တကပြုပြီး ကျွေးမွေးဧည့်ခံကြတာ သမီး တွေ့ဖူးမှာပေါ့။ ဧည့်သည်ဆိုတာက အဝေးက ရောက်လာကြတဲ့

အာဂန္တုတွေ၊ အနီးအပါးအိမ်နီးနားချင်း အသိမိတ်ဆွေတွေကို မိမိအိမ်ကို ဖိတ်ကြားပြီး စားကောင်းသောက်ဖွယ်များနှင့် ကျွေးမွေးဧည့်ခံတဲ့အခါ ရောက်လာတဲ့ ဧည့်သည်တွေ။

- ● အိမ်သားတွေ မိသားစုတွေ မဟုတ်ဘဲ အပြင်က သူစိမ်းတွေ၊ တစ်ခါတလေမှ ရောက်လာတဲ့ လူတွေကို ဧည့်သည် ခေါ်တာ မဟုတ်လား ဖေဖေ။
- ○ ထားပါတော့ သမီးရယ်။ အမှန်ကတော့ ဧည့်သည်ဆိုတာ ဧည့်ခံကျွေးမွေး ပြုစုခြင်းကို ခံထိုက်တဲ့လူတွေပါပဲ။ အဲဒီလို ဧည့်သည်တွေဟာ အမှန်ကတော့

လူမျိုးတိုင်းမှာရှိတဲ့ ရိုးရာဧည့်သည်တွေလို့ ဆိုနိုင်ပါတယ်။ ကိုယ့်အိမ် ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်နိုင်ငံကို အကြောင်းကိစ္စ တစ်ခုနဲ့ ခေတ္တခဏ လာကြတဲ့ ပုဂ္ဂိုလ်တွေပေါ့။ သူတို့လာရင် အိမ်ရှင်က ဧည့်ခံပြုစုကြရတယ်။ တမင်တကာ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေဆိုရင် တမင်တကာ စီမံထားတဲ့ စားကောင်းသောက်ဖွယ်တွေနဲ့ ဧည့်ခံရတယ်။ အမှတ်မထင် အချိန်မတော် ရောက်လာတဲ့ ဧည့်သည်တွေလည်း ရှိတာပေါ့။ ဒီဧည့်သည်တွေ ကျတော့လည်း ကိုယ့်အိမ်မှာ မရှိ ရှိတာကို ရှာကြံပြီး ကျွေးမွေး ဧည့်ခံကြရတာ လူတို့ရဲ့ ဓမ္မတာ တစ်ခုပဲ။

- ● ဟုတ်ပါတယ် ဖေဖေ၊ အဲဒီလို ဧည့်ခံတာကို သံဃာတော်တွေက ခံထိုက်တယ်လို့ ပြောတာလား ဖေဖေ။

http://www.dhammadownload.com



○ သမီး မေးတာက အဓိပ္ပာယ်တစ်မျိုး ရောက်သွားပြီ။

● ဘယ်လို အဓိပ္ပာယ်ပေါက်သွားသလဲ ဖေဖေ။

○ သံဃာတော်တွေဟာ ဧည့်ခံပွဲတက်သင့်သလားဆိုတဲ့ အဓိပ္ပာယ် ရောက်သွားတယ်။

● ဒါဆို သံဃာတော်တွေဟာ ဧည့်ခံပွဲကို တက်တဲ့အဓိပ္ပာယ် မဟုတ်ရင် ဧည့်သည်တွေအတွက် စီမံထားတဲ့ပစ္စည်းကို ခံယူထိုက်တယ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ သံဃာတော်တွေကို ကိုယ့်အိမ်မှာ ဆွမ်းကျွေးဖိတ်ပြီး ကျွေးမွေးတာကိုတော့ ခံယူထိုက်တယ်ဆိုတာ သမီး သိပြီးသားပါ။ လောကမှာ ရိုးရာဧည့်သည်တွေကို စီမံပြီး ကျွေးမွေး ဧည့်ခံတဲ့ ပစ္စည်းမျိုးကို သံဃာတော်တွေဟာ ခံယူထိုက်တယ်။ အရိယာသံဃာ ဆိုတာက ဘုရားတစ်ဆူ ပွင့်တော်မူမှ ပေါ်ထွန်းကြတာ၊ တွေ့ရခဲ ကြုံရခဲတဲ့ ကမ္ဘာ့ဧည့်သည်တော်ကြီးများ ဖြစ်တာပေါ့ သမီးရဲ့။ ဒီတော့ ဒီလို တွေ့ရခဲတဲ့ ဧည့်ကောင်းစောင်ကောင်းကို သာမန်ရိုးရာ ဧည့်သည်တွေကို ကျွေးမွေး ဧည့်ခံတဲ့ ပစ္စည်းထက်တောင် ပိုပြီး မွန်မွန်မြတ်မြတ် ချက်ပြုတ်ဧည့်ခံတာကို ခံယူထိုက်တာကို ဆိုလိုတာပါ သမီးရဲ့။

● သမီး သဘောပေါက်ပါပြီ ဖေဖေ။ ရိုးရိုးဧည့်သည်တွေကို ဧည့်ခံဖို့ စီမံထားတဲ့ ပစ္စည်းမျိုးကိုလည်း သံဃာတော်တွေဟာ ခံယူထိုက်တယ်လို့ ဆိုလိုတာနော်။ ဥပမာ အိမ်တစ်အိမ်မှာ ဧည့်ခံကျွေးမွေးပွဲတစ်ခုလုပ်လို့ ဧည့်သည်တွေကို ဖိတ်ကြားထားတယ်။ ဧည့်သည်တွေက ရောက်မလာသေးဘူး ဆိုပါတော့၊ အဲဒီအချိန်မှာ သံဃာတော်တစ်ပါးဖြစ်ဖြစ်၊ နှစ်ပါး သုံးပါးပဲဖြစ်ဖြစ် ဆွမ်းခံဖို့ ရောက်လာတယ် ဆိုပါတော့၊ အိမ်ရှင်က ဧည့်သည်တွေကို ကျွေးဖို့ စီမံချက်ပြုတ်ထားတဲ့ ပစ္စည်းတွေကို သံဃာတော်တွေကို ဦးဦးဖျားဖျား လှူဒါန်းလိုက်တယ်။ အဲဒီလို လှူတာကို သံဃာတော်က ခံယူထိုက်တယ်လို့ နားလည်ရမှာပေါ့နော် ဖေဖေ။

○ သမီးက ခရေစေ့တွင်းကျ နားလည်ချင်တာကိုး၊ အဲဒီလို နားလည်နိုင်ပါတယ်။ ဧည့်သည်တွေအတွက် တမင်တကာ အမွန်အမြတ်ထားပြီး စီမံထားတဲ့ပစ္စည်း ဖြစ်ပါစေ၊ သံဃာတော်မှာ အဲဒီပစ္စည်းမျိုးကိုလည်း အလှူခံနိုင်တဲ့ဂုဏ်နဲ့ ပြည့်စုံတယ်လို့ ဆိုလိုတာပါ သမီးရဲ့။

● သမီး သဘောကျပါပြီ ဖေဖေ။ နောက် ဒက္ခိဏေယျဂုဏ်တော်ကို ဖွင့်ပါဦး။

○ ဒက္ခိဏာ ဆိုတာ လှူဖွယ်ဝတ္ထုကို ဆိုလိုတယ်။ ယျေဆိုတာက ခံယူတော်မူထိုက်တယ်။ အလှူကို ခံယူထိုက်တယ်လို့ ဆိုလိုတာပါ သမီးရဲ့။

http://www.dhammadownload.com



ဒါပေမယ့် အမှန်ကတော့ 'ဒက္ခိဏာ'ဆိုတာ နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာဖို့ အတွက် ရည်မှန်းပြီး လှူဒါန်းတဲ့ အလှူကို ဒက္ခိဏာလို့ ခေါ်တာ။ အရိယာသံဃာတော် တွေဟာ ရည်မှန်းတိုင်းသော အကျိုးကို ရစေနိုင်တဲ့အတွက် 'ဒက္ခိဏာ'ကို ခံယူခြင်းငှာ ထိုက်တယ်လို့ဆိုတာ။ ဒီမှာ တမလွန်ဘဝ ချမ်းသာကို ရည်မှန်းပြီး လှူဒါန်းတဲ့ ဒက္ခိဏာဟာ နှစ်မျိုး ရှိတယ်။

● ဘယ်လို နှစ်မျိုးလဲ ဖေဖေ။

○ တမလွန်ဘဝမှာ မိမိအတွက် ချမ်းသာရဖို့ လှူတာက တစ်မျိုး၊ ကွယ်လွန်ပြီးတဲ့ မိဘ ဆွေမျိုးများအတွက် ရည်မှန်းပြီး လှူဒါန်းတဲ့ ဒက္ခိဏာက တစ်မျိုး၊ ဒါကိုလည်း ဗဟုသုတအလို့ငှာ ခွဲခြား သိရမယ်။

● ရှင်းပြပါဦး ဖေဖေ။

○ အလှူဒါန ဆိုတာက သင့်ရာဘဝမှာ နိဗ္ဗာန် မရမချင်း အကျိုးပေးတယ် သမီးရဲ့။ ဗုဒ္ဓဘာသာမှ မဟုတ်ဘူး၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ်၊ ဘယ်အယူပဲ ယူယူ အလှူဒါန ပြုလို့ရှိရင် အဲဒီလူပုဂ္ဂိုလ်အတွက် သင့်ရာဘဝမှာ ဒီဒါနရဲ့ အကျိုးပေးခြင်းကို ခံကြရတယ်။ ခု မျက်မြင်လောကမှာ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ တခြားဘာသာအယူဝါဒကို ယူကြတဲ့ လူတွေကော ရှေးဘဝက သူတို့ပြုခဲ့ကြတဲ့ အလှူဒါန ကုသိုလ်ကောင်းမှုကံရဲ့အကျိုးကို ခံစားနေကြရတာ သမီး တွေ့ဖူးမှာပေါ့။

● တွေ့ဖူးပါတယ် ဖေဖေ၊ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်ဘဲနှင့် ကြိုကြိုတက်ချမ်းသာကြတဲ့ ဘီလျံနာတွေ အများကြီးရှိပါတယ် ဖေဖေ။

○ အေး ဟုတ်တယ်။ သူတို့ပြုခဲ့တဲ့ အတိတ်က ကောင်းမှုကံရဲ့ အကျိုးတွေကို ခံစားနေကြရတာပေါ့။ ရှေးရှေးဘဝက ဒါနကုသိုလ်ကောင်းမှု ပြုခဲ့လို့ရှိရင် ဘယ်သူပဲဖြစ်ဖြစ် နောက်နောက်ဘဝတွေမှာ ဒီဒါနရဲ့အကျိုးကို ခံစားကြရတာပါပဲ။ အေး၊ တစ်ခုပဲ ရှိတယ်။

● ဘာများလဲ ဖေဖေ။

○ သေလွန်ပြီးဖြစ်ကြတဲ့ မိဘဆွေမျိုးတွေအတွက် ရည်မှန်းပြီးပြုကြတဲ့ ဒါန မှာတော့ ဒီဒါနကောင်းမှုရဲ့ ကံသတ္တိကို တမလွန်ဘဝကို ရောက်သွားကြတဲ့ သတ္တဝါတိုင်း မရကြဘူး။

● ဘာဖြစ်လို့လဲ ဖေဖေ။

○ သေသွားတဲ့ပုဂ္ဂိုလ်ဟာ သေပြီး ငရဲကျသွားရင် ဒါနအကျိုးကို မရဘူး၊ တိရစ္ဆာန်အမိဝမ်းမှာ ပဋိသန္ဓေ ရသွားရင်လည်း မရဘူး၊ လူ အမိဝမ်းမှာ ပဋိသန္ဓေ ရသွားရင်လည်း မရဘူး၊ နတ်တွေ ဗြဟ္မာတွေ ဖြစ်သွားရင်လည်း မရဘူး၊

http://www.dhammadownload.com



ဒီလို ဒါနရဲ့အကျိုးကို ပြိတ္တာဘဝကို ရောက်သွားတဲ့ သတ္တဝါတွေပဲ ရကြတယ်၊ ဒါတောင်မှ ပြိတ္တာတိုင်း မရဘူး သမီးရဲ့။

● ဘာဖြစ်လို့ ပြိတ္တာတိုင်း မရတာလဲ ဖေဖေ။

○ သေသွားတဲ့ပုဂ္ဂိုလ်ဟာ ခု ဒါနပြုသူနှင့် အလွန်ကွာဝေးတဲ့ တော တောင်မြစ်၊ သမုဒ္ဒရာကမ်းမှာ ပြိတ္တာသွားဖြစ်နေရင် ဒီလိုလှူဒါန်းပြီး အမျှဝေတဲ့ ကုသိုလ်ကို သူတို့ မသိနိုင်ဘူး၊ ဒါကြောင့် သူတို့အနေနှင့် အကျိုးမခံစားရဘူးတဲ့။ ဒါပေမဲ့ လှူတဲ့ပုဂ္ဂိုလ်မှာတော့ ကုသိုလ်ရတာပေါ့။ အေး-သေသွားတဲ့ ပုဂ္ဂိုလ်ဟာ ဒါနပြုသူရဲ့ မြို့ရွာ အနီးအပါးမှာ စားရမဲ့၊ သောက်ရမဲ့ အစိမ်း သရဲ တစ္ဆေ ပြိတ္တာ ဖြစ်နေရင်တော့ ကျန်ရစ်တဲ့ သားသမီးဆွေမျိုးတွေက ဆွမ်း၊ သင်္ကန်းစသည်တို့ကို သံဃာတော်များကို ကပ်လှူပြီး အမျှအတန်းဝေရင် သူတို့ ဒီဒါနရဲ့အကျိုးကို ခံစားရတယ်တဲ့။

● ဒါဆို မေမေ နှစ်တိုင်းလုပ်နေတဲ့ တရုတ်ထုံးစံ 'ကျိုလီပွန်'ဆိုတာကကော ဖေဖေ။

○ တရုတ်ထုံးစံအရ ကျိုလီပွန်ဆိုတာကို တစ္ဆေကြီးပွဲလို့လည်း ခေါ်တယ်။ သေလွန်သွားတဲ့ ဆွေမျိုးမိဘတွေရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး သူတို့ စားရ သောက်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွေးမွေး ဧည့်ခံတာ ကျိုလီပွန်ခေါ်တာပဲ သမီးရဲ့။ ဖေဖေက သူ လုပ်ချင်လုပ်ပါလို့ ပြောတာ၊ တိရောကုဍ္ဍသုတ်မှာ ဗိမ္ဗိသာရမင်းကြီးကို မြတ်စွာဘုရားက အလှူအတန်း ပြုလုပ်တဲ့အခါ သေလွန်သွားတဲ့ မိဘဆွေမျိုးတွေကို သတိသတိကျွေးမွေးရမယ်လို့ ဟောထားတာရှိလို့ ခွင့်ပြုခဲ့တာ။ မိဘကျေးဇူးကို အောက်မေ့တာ သိပ်ကောင်းတယ် သမီး။

● ဒါပေမဲ့ သေသူတွေ ရအောင် မေမေက စားပွဲကြီး ပြင်ပြီး ကျွေးတာ၊ သံဃာတော်တွေကို လှူပြီး အမျှဝေတာမဟုတ်တော့ သေသူတွေ ရပါ့မလား။

○ ဒါကတော့ ဖေဖေလည်း တိတိကျကျ မပြောနိုင်ဘူး။ ဒါပေမဲ့ မင်းမေမေက ကွယ်လွန်ပြီးတဲ့ မိဘဆွေမျိုးတွေကို ကျိုလီပွန်ပွဲ မလုပ်ခင် တစ်ရက်ကတည်းက ကြိုပြီး ဖိတ်ထားတယ် မဟုတ်လား။ စားပွဲ တည်ခင်းတဲ့နေ့မှာ ဖိတ်ထားသူတို့ ရောက်လာ မရောက်လာကို ဆယ်ပြားစေ့နှစ်စေ့နှင့် ခေါင်းပန်းလှန်ပြီး စမ်းတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။ ဒါပေမဲ့ ဒီစားပွဲကို တိုက်ရိုက်ကျွေးတာထက် သံဃာတော် အရှင်မြတ်များကို ကျွေးပြီး အမျှအတန်းဝေတာက ပိုပြီး သေလွန်သွားကြတဲ့ ပုဂ္ဂိုလ်တွေမှာ အကျိုးရနိုင်မယ် ထင်ပါတယ် ဖေဖေ။

http://www.dhammadownload.com



○ ဒါကတော့ ယဉ်ကျေးမှုဓလေ့ထုံးစံ မတူလို့ လှူဒါန်းပုံ သဘောမတူကြတာ ပေါ့လေ။ သူတို့ကတော့ ကွယ်လွန်သူတွေ ငွေကြေးများ ရအောင်၊ အဝတ်အစား တွေ ရအောင်၊ ရွှေစက္ကူ၊ ငွေစက္ကူတွေကိုပါ မီးရှို့ကြတယ်။ အဲဒီလို မီးရှို့လိုက်ရင် ကွယ်လွန်သူတွေ ရတယ်လို့ သူတို့က ယုံကြည်ကြတယ်လေ။ ဘာပဲဖြစ်ဖြစ် လှူတဲ့ လူကတော့ လှူချင်တဲ့စေတနာ ပေါ်ကတည်းက အလှူဖြစ်သွားလို့ အကျိုးရှိပါတယ်။

● ဒါပေမဲ့ သေသွားတဲ့ လူတွေကျတော့ အမျှဝေသံ ကြားပြီး သာဓုခေါ်မှ ဒီအကျိုးကို ခံစားရမှာ မဟုတ်လား ဖေဖေ။

○ ဘုရား ဟောတာကတော့ သမီးပြောတဲ့အတိုင်း ဟုတ်ပါတယ်၊ အမှန်ကတော့ သမီးမေမေ အနေနဲ့ သူတို့ကို ကျွေးချင်ရင်လည်း ကျွေးပေါ့။ ပြီးတော့ စားဦးစားဖျား ဘုရားမှာလည်း ဆွမ်းတော်တင်ပြီး အမျှဝေရင် ပိုပြီး သေချာတာ ပေါ့ကွယ်။

● အဲဒီနေ့မှာ သံဃာတော်တွေကိုပါ ဆွမ်းပင့်ကျွေးရင် ပိုတောင်ကောင်းဦးမယ်နော် ဖေဖေ။

○ အင်း၊ သမီး ပြောတာ ပိုပြီး သဘာဝကျပါတယ်။

● နေဦး ဖေဖေ၊ မြန်မာဗုဒ္ဓဘာသာဝင်တွေဟာ လူသေပြီး ခုနစ်ရက်ကြာရင် ရက်လည်ဆွမ်းကျွေးကြတာကကော၊ သေသွားတဲ့လူတွေဟာ ပြိတ္တာဖြစ်နေ တယ်လို့ ယုံကြည်ကြလို့လား ဖေဖေ။

○ အဲဒါလည်း မြန်မာဗုဒ္ဓဘာသာဝင်တွေ လွဲချော်နေတာ တစ်ခုပဲ သမီးရဲ့။ လူတစ်ယောက် သေဆုံးပြီးရင် ကံပစ်ချရာ ဘုံဘဝတစ်ခုခုကို ချက်ချင်း မပြောင်းလဲသေးဘဲ ဘဝဟောင်းက မိဘဆွေမျိုးများရဲ့ အိမ်အနီးအပါးမှာ ခုနစ်ရက် ကြာအောင် လှည့်လည် ကြည့်ရှုနေကြတယ်လို့ ယုံကြည်နေကြတယ်။ ဒါကြောင့် ခုနစ်ရက်စေ့တဲ့အခါ ရည်လည်ဆွမ်း ကျွေးကြတာ။ အမှန်ကတော့ ဒီအစဉ်အလာဟာ ချွတ်ယွင်းချက် တစ်ခုပဲ သမီးရဲ့။ သေသူဟာ တရားအားထုတ်လို့ သူကိုယ့်သူ စုဋ္ဌသောတာပန်၊ သောတာပန်ဖြစ်နေပြီလို့ သိထားတယ်။ သေရင် သူဟာ အပါယ် မကျဘူး၊ ပြိတ္တာမဖြစ်ဘူးလို့ သိထားတယ်။ အဲဒီလူအတွက် ရက်လည်ဆွမ်းကျွေးရင် အရိယာဖြစ်နေတဲ့ အဲဒီလူကို အရှက်ခွဲသလို ဖြစ်နေတာပေါ့။ ဒါလည်း မကောင်းဘူး၊ အကယ်၍ ကံစီမံရာ ဘုံဘဝတစ်ခုကို ရောက်မသွားဘဲ ပြိတ္တာဖြစ်နေတဲ့ သတ္တဝါဆိုရင် လည်း သူတို့ အကျိုး ခံစားရအောင် ခုနစ်ရက် စောင့်မနေဘဲ သေတဲ့နေ့က စပြီး ကောင်းမှုကုသိုလ်တွေပြုပြီး အမျှဝေသင့်တာပေါ့။ သူတို့ စောစောစီးစီး သာဓုခေါ်ရရင် ကောင်းကျိုးချမ်းသာတွေ ရနိုင်ကြတာပေါ့။

http://www.dhammadownload.com



● သမီး သဘောပေါက်ပါပြီ ဖေဖေ။ သံဃာ့ဂုဏ်တော်တွေထဲက အဥ္စလိကရဏီယ ဂုဏ်တော်ကို ဖွင့်ပါဦး ဖေဖေ။

○ အဥ္စလီဆိုတာက လက်အုပ်ချီတာ၊ အရိုအသေပြုတာ။ ကရဏီယ ဆိုတာက ပြုထိုက်တယ်လို့ အဓိပ္ပာယ်ရတယ်။ အရိယာ သံဃာတော် အပေါင်းတို့ဟာ တစ်လောကလုံးရှိ လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ မြတ်နိုးပူဇော်သောအားဖြင့် နဖူးပေါ်ရောက် လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံယူတော်မူထိုက်ပေတယ်လို့ ဆိုလိုတယ် သမီးရဲ့။

● ဒါဆိုရင် အရိယာသံဃာတော်တွေပဲ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်သလား ဖေဖေ။ သမီးတို့ခေတ်မှာ ရှိကြတဲ့ ပုထုဇဉ်သံဃာ သမုတိသံဃာတော်တွေကော လက်အုပ်ချီမိုး ရှိခိုးခြင်းကို မခံထိုက်ဘူးလား ဖေဖေ။

○ ပုထုဇဉ် သမုတိ သံဃာတော်တွေလည်း အဲဒီလို ရှိခိုးခြင်း၊ ရိုသေခြင်းကို ခံထိုက်လောက်အောင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံရင် ခံထိုက်ပါတယ်။ အဲဒီလို သီလဂုဏ် မရှိ၊ သမာဓိဂုဏ် မရှိ၊ ပညာဂုဏ် မရှိဘဲနှင့် ဒကာ ဒကာမတွေရဲ့ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံလို့ရှိရင် အဲဒီသံဃာတော်တွေမှာ ကြီးလေးတဲ့တာဝန်တွေ ရှိလာနိုင်တယ် သမီးရဲ့။ သီလ သိက္ခာ ကောင်းစွာ မစင်ကြယ်တဲ့ ရဟန်းမျိုးဟာ ဒကာ ဒကာမတို့ သဒ္ဓါလို့ လှူဒါန်းတဲ့ ဆွမ်းကို စားရင် အဲဒီဆွမ်းဟာ အရှိန်ရဲရဲ မီးလျှံစွဲတဲ့ သံတွေခဲကို ဝါးမျိုရသလိုပဲ ဖြစ်တယ်တဲ့။ ဒကာ ဒကာမများ သဒ္ဓါလို့ လှူဒါန်းကြတဲ့ သင်္ကန်းကို ဝတ်ရုံရင်လည်း မီးလျှံထနေတဲ့ သံပြားကြီးကို ခြုံရတာနှင့် တူတယ်တဲ့။ ဒီလိုပဲ အဲဒီရဟန်းနေတဲ့ ကျောင်းဟာလည်း ပတ်ဝန်းကျင် တောက်ပြောင်ပြီး ရဲရဲလောင်တဲ့ သံအိုးကြီးနှင့် တူသတဲ့။ ဒါ ဝိသုဒ္ဓိမဂ်မှာ လာတဲ့ဂါထာ 'ပိဏ္ဍေပိသု အယောဂုဠော'ဆိုတဲ့ ဂါထာ ရှိတယ်။ တကယ်တမ်း ပြောကြရရင်တော့ သံဃာဆိုတာ သီလ သိက္ခာတောင် လုံအောင် မထိန်းနိုင်လို့ ရှိရင် ရဟန်းအဖြစ်နှင့်တောင် မနေသင့်ဘူးလို့ ကျေးဇူးရှင်တောင်မြို့ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက မိန့်တော်မူခဲ့တယ်။

● ဒါပေမဲ့ ဖေဖေရယ်၊ ခုခေတ် လူတွေကတော့ လူ့ဘောင်မှာ အချောင်နေ အချောင်စားပြီး ယောင်လည်လည်နှင့် ဘာမှ လက်ကြောတင်းအောင် မလုပ်တတ်ရင် ဘုန်းကြီးလုပ်နေတာကမှ ကောင်းသေးတယ်။ ဘာမှ မလုပ်ရဘဲ ဘုရားထူးခံ၊ ဦးချခံပြီး ကောင်းကောင်းစားပြီး နေရတယ်ဆိုပြီး ဘုန်းကြီးဝတ်နေကြတာတွေလည်း အများကြီးပါနော်။

○ အဲဒါတွေကြောင့် သာသနာမှာ ဝန်လေးနေကြတာပေါ့ သမီးရဲ့။ သူတို့ကို

http://www.dhammadownload.com



သာသနာ့ဝန်ထမ်းလို့ မခေါ်သင့်ဘူး၊ သာသနာ့ဝန်စီးတွေ၊ သာသနာ့ဝန်ထုပ်ဝန်ပိုးတွေလို့ပဲ ခေါ်ရမယ်တဲ့။ ခု သူတို့လို သာသနာ့ ဝန်ထုပ်ဝန်ပိုး ဝန်စီးတွေကို ကြည့်ပြီး ခုခေတ် လူငယ်တွေ စိတ်ထဲမှာ ဘာသာရေးကိုတောင် ပစ်ပယ်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာတာပေါ့။ ရင်လေးစရာ ကောင်းပါတယ်။ အမှန်ကတော့ သူတို့ မသိလို့ လူတွေ လက်အုပ်ချီမိုး ရှိခိုးခြင်းကို မခံထိုက်ဘဲ ခံတာဟာ ကိုယ့်ရင်ဝကို လှံစွပ်ကြီးနှင့် ချိန်ရွယ်ခံနေရတာဆိုတာ သူတို့မသိကြလို့။

● သမီး နားလည်ပါပြီ ဖေဖေ။ နောက် ဂုဏ်တော် တစ်ခုကို ပြောပါဦး။ အနုတ္တရံ ပုညခေတ္တံ ဆိုတာကကောဟင်။

○ ရဟန်း သံဃာဆိုတာ ကောင်းမှုမျိုးစေ့ကို ကြဲချ စိုက်ပျိုးဖို့ရန် လယ်ယာမြေကောင်းနှင့် တူတယ်လို့ ဆိုတာပဲ။ ဒီမှာလည်းပဲ အရိယာ သံဃာတော်တွေဆိုတာဟာ လယ်ယာမြေကောင်းနှင့် တူတယ်။ ကောင်းမှုကုသိုလ်ပြုကြတဲ့ ပုဂ္ဂိုလ်တွေ ပြုကြတဲ့ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုဆိုတာတွေဟာ အောင်မြင်ပြီး အနှစ်ပြည့်ဝတဲ့ မျိုးစေ့မျိုးကောင်းနှင့် တူတယ်။ ဒီလို မှတ်ရမယ်နော်။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ လယ်ယာ စိုက်ပျိုးတဲ့အခါ မြေကောင်း မြေသန့်ပေါ်မှာ စိုက်ပျိုးရတဲ့ လှူဒါန်းခြင်း အစရှိတဲ့ကောင်းမှုမျိုးစေ့တွေကို ကိလေသာ ပေါင်းမြက်ကင်းရှင်းတဲ့ အရိယာ သံဃာတော်တွေအပေါ်မှာ ကြဲချလို့ရှိရင် အကျိုးပေးသန့်တယ်။ ကြီးမားတဲ့ အကျိုးကို ခံစားကြရတယ်လို့ဆိုလိုပါတယ်။ ဒါကြောင့် အလှူအတန်းတွေ ပြုလုပ်ကြတဲ့အခါ အရိယာ သံဃာတော်တွေအားလုံး ပါဝင်တဲ့ သံဃာကို ရည်မှန်းပြီး လှူကြရတယ်။ တစ်ပါး နှစ်ပါး စသည် လှူဒါန်းကြရာမှာလည်း သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရွေးပြီး လှူဒါန်းမှသာ အကျိုးများတယ် သမီး။

● ဒီလို သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံတဲ့ ပုထုဇဉ် သံဃာတော်တွေနှင့် အရိယာ သံဃာတော်တွေကို ရည်မှန်းပြီး လှူဒါန်းမှသာ ညောင်စေ့ လောက်လှူရင် ညောင်ပင်လောက်ရတယ်လို့ပြောတာ ဖြစ်မယ်နော် ဖေဖေ။

○ အင်း၊ သမီးကတော့ တစ်ထွာလောက်ပြလိုက်ရင် တစ်လံလောက် မြင်တတ်ပလေတယ်။ ခုလောက်ဆိုရင် သမီးလည်း သံဃာတော် အရှင်ကောင်း၊ အရှင်မြတ်များရဲ့ ဂုဏ်တော်တွေကို သိရလို့ ကြည်ညိုတတ်ပြီပေါ့။

● ကြည်ညိုတတ်ပါပြီ ဖေဖေ။ သာဓုပါနော်၊ သာဓု၊ သာဓု။

http://www.dhammadownload.com

# ဒါနအဖွင့်

● ဖေဖေ့ကို သမီး တစ်ခု မေးပါရစေ ဖေဖေ။

○ ဘာမေးချင်လို့လဲ သမီးရဲ့။

● ထေရဝါဒ ဗုဒ္ဓဘာသာအယူဝါဒနှင့် ပတ်သက်ပြီး သမီး သိချင်တာတစ်ခု ရှိလို့ပါ ဖေဖေ။

○ ဘာများလဲ သမီးရဲ့၊ မေးစမ်းပါဦး။

● ဗုဒ္ဓဘာသာဝင် လူမျိုးတွေ အလှူဒါန ပြုကြတာနှင့် ပတ်သက်ပါတယ် ဖေဖေ။ သမီးတို့ အတန်းထဲက တခြား ဘာသာဝင် သူငယ်ချင်းတွေက မေးကြတယ် ဖေဖေ။ ဗုဒ္ဓဘာသာဝင်တွေ လှူနေကြတာဟာ မျက်ကန်းအလှူ Blind Donation နှင့် တူတယ်တဲ့။ အလှူဒါနဆိုတာဟာ လိုနေတဲ့ လူတွေ၊ လိုနေတဲ့ အများအကျိုးဆောင် ဌာနတွေ၊ ဆေးရုံတွေ၊ ပိဋကတိုက်တွေ၊ စာသင်ကျောင်းတွေ၊ လူအိုရုံတွေလို နေရာမျိုးမှာ လှူမှ အကျိုးဖြစ်မှာပေါ့တဲ့။ တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ လူသားအားလုံးအတွက် အကျိုးမရှိတဲ့ နေရာတွေမှာ လှူနေတာဟာ ဘာအဓိပ္ပာယ် ရှိသလဲတဲ့၊ မေးကြပါတယ် ဖေဖေ။

○ အဲဒီတော့ သမီးက ဘယ်လို ပြန်ဖြေလိုက်သလဲ။

● မဖြေသေးပါဘူး ဖေဖေ။ တစ်ခုပဲ ပြောခဲ့တယ်၊ တို့ ထေရဝါဒ ဗုဒ္ဓဘာသာ အယူဝါဒတွေကတော့ တခြား အယူဝါဒတွေနှင့် သိပ်မတူဘူး၊ ဒီတော့ ဒါနအပေါ်မှာ ရှုမြင်တဲ့ အမြင်ကလည်း တူမှာ မဟုတ်ဘူး၊ ဒီတော့ ငါ ခု မဖြေသေးဘူး၊ ဒါနနှင့် ပတ်သက်တဲ့ အယူအဆ သဘောတရားတွေကို လေ့လာပြီးမှပဲ ငါ ဖြေမယ်လို့ သူတို့ကို ပြောထားပါတယ် ဖေဖေ။

○ အေး၊ တို့ ထေရဝါဒ ဗုဒ္ဓဘာသာ အယူအဆတွေဟာ သဘောတရား အမြင်အားဖြင့် မြင့်မားတယ်။ ဒီတော့ တခြား လောကီ အယူဝါဒတွေ၊

http://www.dhammadownload.com



ဘာသာ အယူဝါဒတွေနှင့် သိပ်မတူဘူး။ သမီး ပြောခဲ့တာလည်း ကောင်းတယ်။ ဗုဒ္ဓဘာသာ အယူဝါဒကို နိုက်နိုက်ချွတ်ချွတ် မသိဘဲနဲ့ သူတစ်ပါး ဝေဖန်တာကို မခံချင်လို့ စိတ်ထဲရှိတာ ပြောမိရင် မှားသွားနိုင်တယ်။ ကျမ်းဂန်တွေထဲမှာ ဒါနနဲ့ ပတ်သက်တဲ့ အယူအဆတွေကို ဟောထားတာ အလွန်များတယ်။ ဒါနနဲ့ ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တာတွေကို စာတစ်အုပ်၊ ကျမ်းဂန် တစ်စောင်တည်းနဲ့ တောင် ကုန်အောင် ရေးနိုင်မှာ မဟုတ်ဘူး သမီးရဲ့။

● ဟုတ်ကဲ့ ဖေဖေ၊ သမီးလည်း ထင်ပါတယ်။ ဗုဒ္ဓဘာသာမှာ ဒါန၊ သီလ၊ ဘာဝနာ ဆိုပြီး အဆင့်ဆင့် ကျင့်စဉ်တွေ ရှိတယ် မဟုတ်လား။ မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါမှာလည်း ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာဆိုပြီး ဟောတော်မူတယ်လို့ ကြားဖူးတယ်လေ။ ဒါကြောင့် သမီးက ကိုယ် ရေရေလည်လည် မသိတဲ့ကိစ္စကို မပြောချင်ဘူး၊ ဒါပေမဲ့ သမီး စိတ်ထဲမှာ သူတို့ ပြောတဲ့ စကားတွေကို ကြားတော့ ခံပြင်းတဲ့ စိတ်ကလေး တစ်ခုတော့ ဖြစ်တယ် ဖေဖေ။

○ သမီးက ဘာကို ခံပြင်းတာလဲ။

● သူတို့ ပြောပုံက ဗုဒ္ဓဘာသာဝင်တွေဟာ တလွဲ သဒ္ဓါကောင်းနေတယ်။ ဒါန (အလှူ) လည်း မလုပ်တတ်ကြဘူး၊ မလှူတတ်ကြဘူး၊ ဘယ်သူ့ကိုမှ အကျိုးမပြုတဲ့ အလှူတွေကို အပြိုင်အဆိုင် လှူနေကြတယ်လို့ စွပ်စွဲချင်ပုံ ပေါ်ပါတယ် ဖေဖေ။ အဲဒါကို သမီးက ခံပြင်းတာပါ။

○ ခံပြင်းစရာ မလိုပါဘူး သမီးရယ်။ သူတို့က ဗုဒ္ဓဘာသာရဲ့ လေးနက်တဲ့ အသိအမြင်တွေကို သိလည်းမသိ၊ နားလည်း မလည်လို့ ပြောကြတာပါကွယ်။ ခု ဖေဖေ သမီးကို ဒါနအကြောင်း အကျယ်ချဲ့ပြီး ပြောပြမယ်။ သမီး နားလည် သဘောပေါက်သွားတဲ့ အခါကျတော့ သူတို့ မေးချင်တာမေး၊ ဖြေနိုင်မှာပေါ့။ သူတို့ စွပ်စွဲတာကိုလည်း သဘာဝကျကျ ပြန်လည် ချေပနိုင်မှာပေါ့။

● ဟုတ်ကဲ့ပါ ဖေဖေ။ ဒါနအကြောင်းအကျယ်ကို ပြောပြပါဦး ဖေဖေ။

○ ကောင်းပြီ သမီး၊ ဖေဖေ ပြောပြမယ်။ သမီး သိတဲ့အတိုင်း ဒါန ဆိုတာ ပုညကြိယာ ဝတ္ထု(၁၀)ပါးလို့ ခေါ်တဲ့ တရားအစုထဲမှာ ပါတဲ့ ပထမဆုံး တရားပါ။ ပုညကြိယာ ဝတ္ထုဆိုတာက ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်း၏ တည်ရာဖြစ်လို့ စင်စစ် ပြုသင့်ပြုထိုက်တဲ့ တရားအစုပေါ့ သမီးရယ်။ အဲဒီတရား (၁၀)ပါးထဲမှာ ဒါနက ပထမပေါ့။ ဒါနရဲ့ အဓိပ္ပာယ်ကတော့ စွန့်ကြဲတာ၊ ပေးကမ်းတာ၊ လှူဒါန်းတာပေါ့ကွယ်။ အဲဒီ ဒါန သဘောကို နားလည်ဖို့ဆိုရင် ထေရဝါဒ ဗုဒ္ဓဘာသာက လက်ခံထားတဲ့ အယူအဆတွေကို နားလည်ရမယ်။ ထေရဝါဒ

http://www.dhammadownload.com



သဘောတရားအရ ဒါနမှာ နှစ်မျိုးအပြားအားဖြင့် ရှိတယ်။ ပေးကမ်းစွန့်ကြဲတယ် ဆိုတာ ပစ္စည်းရှိရုံနဲ့ မပြီးသေးဘူး၊ အဲဒီပစ္စည်းကို အလှူခံတဲ့ ပုဂ္ဂိုလ်လည်း ရှိမှ၊ ပေးလှူတဲ့ ပုဂ္ဂိုလ်ရဲ့ စေတနာကလည်း အရေးကြီးတာပဲ။ ဒါကြောင့် ဒါနမှာ စေတနာဒါနနဲ့ ဝတ္ထုဒါနဆိုပြီး နှစ်မျိုး ခွဲခြား သိရမယ်။

● ဘာကို ဆိုလိုတာလဲ ဖေဖေ။ လှူတဲ့အခါ စေတနာနဲ့ ဝတ္ထုပစ္စည်း နှစ်ခုစလုံး ပါရတာကို ဆိုလိုတာလား ဖေဖေ။

○ မဟုတ်ဘူး သမီးရဲ့။ ဗုဒ္ဓဘာသာဝင်တွေဟာ လှူတဲ့အခါ စေတနာ(သုံး)မျိုး ထားပြီး လှူတတ်ကြတယ်။ အဲဒါက မလှူခင်ထားတဲ့ ပုဗ္ဗစေတနာ၊ လှူနေစဉ်ထားတဲ့ မုဥ္စစေတနာ၊ လှူပြီးထားတဲ့ အပရစေတနာ။ အဲဒီ စေတနာ သုံးတန် ပြဋ္ဌာန်းမှုအရ အလှူဒါနဟာ အကျိုးဖြစ်ထွန်းတယ်လို့ မြန်မာဗုဒ္ဓဘာသာဝင်တွေ နားလည်ထားကြတယ်။ ခု ဖေဖေ ပြောတာဟာ အလှူခံပုဂ္ဂိုလ်နဲ့ မဆိုင်သေးဘူး၊ လှူသူမှာ ထားရှိတဲ့ စေတနာသုံးမျိုးအကြောင်းပဲ ရှိသေးတယ်။ နောက်ပြီး ဒါနနဲ့ ကံသတ္တိနဲ့ ဆက်စပ်နေတဲ့ သဘောကိုလည်း တခြား ဘာသာဝင်တွေ၊ တခြားအယူရှိသူတွေ နားမလည်နိုင်ဘူး။ ဒါက ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်ရှိမှ သိနိုင်တယ်။

● ဒါနနဲ့ ကံသတ္တိနဲ့ ဆက်စပ်နေတယ်ဆိုတာကို သမီး နားလည်အောင် ရှင်းပြပါဦး ဖေဖေ။

○ ဒီလို သမီးရဲ့။ ဗုဒ္ဓဘာသာအယူမှာ စေတနာဟာ ကံဖြစ်တယ်။ ကျေးဇူးရှင် တောင်မြို့ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက 'စေတနာတွေသည် ဖြစ်ပြီးလျှင် ချုပ်ကြသော်လည်း တစ်ခါတည်း မျိုးပြုတ်အောင် ချုပ်ပျောက်ကြသည် မဟုတ်၊ နောင်အခါ အကျိုးပေးရန် မိမိတို့ သတ္တိကို မြှုပ်နှံ၍ ချုပ်သွားကြသည်'လို့ ရေးတော်မူခဲ့တယ်။ ဆိုလိုတာကတော့ စေတနာမှာ ဒါနမှာ ကံသတ္တိတွေ ရှိတယ်၊ အဲဒီ ကံသတ္တိတွေက နောင်အခါမှာ အကျိုးပေးတယ်။ ဒါကြောင့် ဒါန ပြုတဲ့အခါ ပုဗ္ဗ၊ မုဥ္စ၊ ပရ စေတနာ သုံးတန် ပြဋ္ဌာန်းပုံကို လိုက်ပြီး အကျိုးပေး မတူကြဘူး။

● ဘယ်လို မတူတာလဲ ဖေဖေ။

○ ဒါန ပြုရာမှာ စေတနာဟာ အဓိက ကျတယ်။ ဒါန စွန့်ကြဲမှုတစ်ခု ပြုလုပ်တိုင်းမှာ စေတနာသုံးမျိုး ပါတယ်ဆိုပါတော့၊ အလှူတစ်ခု ပြုလုပ်တော့မယ်ဆိုရင် လှူကြမယ်လို့ ကြံစည်တာကအစ အဲဒီ အလှူနဲ့ ဆိုင်တဲ့ပစ္စည်းတွေ ရှာဖွေ စုဆောင်းတဲ့ အခါကစပြီး မလှူခင် ရှေ့က ကြိုတင်ပြီး ဖြစ်တဲ့ စေတနာ၊ အဲဒါကို ပုဗ္ဗ စေတနာလို့ ခေါ်တယ်။ အဲဒီ ပုဗ္ဗ စေတနာဆိုတဲ့ နယ်ထဲမှာ စေတနာ

http://www.dhammadownload.com



ကြောင်ခြစ်တွေ ရှိနိုင်တယ်။ တချို့က အလှူ့ရှင် အလှူ့အမက ထင်ရှားကျော်စောလိုတဲ့ စိတ်၊ မိမိ လှူနိုင်ကြောင်း ကြွားလိုတဲ့ စိတ်၊ တချို့က ပစ္စည်းကြော်ငြာလုပ်ငန်း ကြော်ငြာချင်တဲ့ စိတ်၊ တချို့က အာဏာရှိသူတွေနှင့် ရင်းနှီး ကျွမ်းဝင်လိုတဲ့ စိတ်များနဲ့ လှူတယ်။ အဲဒီ ပုဗ္ဗ စေတနာ သန့် မသန့်ပေါ်မှာ မူတည်ပြီး ဒါန အကျိုးပေးချင်း ကွာတယ်။ တချို့လူများ လှူဖို့ရာ ပစ္စည်းတွေ ဝယ်ယူစုဆောင်း ခိုက်မှာ အိမ်သားချင်း၊ လင်မယားချင်း အလှူနှင့်စပ်ပြီး မကျေမနပ် ဒေါသဖြစ်၊ မာန ဖြစ်ကြတယ်။ ဒါတွေဟာ အကုသိုလ်တွေ မဟုတ်လား။ တချို့ကျတော့ လှူမယ်လို့ ကြံစည်ပြီးမှ တစ်စုံတစ်ခုအတွက် စိတ်ပျက်ပြီး တွန့်ဆုတ်တဲ့ စိတ်၊ မလှူလိုတဲ့ စိတ်တွေလည်း ဖြစ်တတ်ကြတယ်။ ဒီလို မဖြစ်စကောင်းဘူး။ ဒါနပြုမယ် ကြံစည်ကတည်းက ဝမ်းမြောက်ရွှင်လန်းတဲ့ စိတ်နှင့် အရာရာကို ကျေကျေနပ်နပ် စီမံနိုင်ရမယ်။

နောက် စေတနာက မုဉ္စ စေတနာတဲ့။ မုဉ္စ စေတနာဆိုတာက စွန့်လွှတ်ခြင်း အနက်ကို ဟောတယ်။ ဒီစေတနာက စွန့်လွှတ် လှူဒါန်းနေတုန်းမှာဖြစ်တဲ့ စေတနာ၊ ဒီလို လှူနေတုန်းမှာလည်း အကုသိုလ်စိတ်တွေ မဖြစ်ရဘူး၊ အလှူခံပုဂ္ဂိုလ်ကို ကပ်ငြိတဲ့ တဏှာလောဘစိတ် မဖြစ်ရဘူး၊ ဒီလို လှူဒါန်းတဲ့အတွက် ငါ့ကိစ္စကို ကူညီဆောင်ရွက်မှာပဲဆိုတဲ့ လောဘအကျိုးကိုလည်း မမျှော်ဘဲ ရက်ရက်ရောရော စွန့်လွှတ်တာကို မုဉ္စ စေတနာ ခေါ်တယ်။

နောက်တစ်ခုက အလှူ အထမြောက်သွားလို့ အဲဒီ ကုသိုလ်နှင့် ပတ်သက်ပြီး ဖြစ်တဲ့ စေတနာ၊ အဲဒါ အပရ စေတနာလို့ ခေါ်တယ်။ လှူလိုက်ရတာကို သတိရ တိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာ၊ နောက်ထပ် လှူချင်သေးတဲ့ စိတ်စေတနာတွေ ဖြစ်နေတာ၊ အဲဒါကို အပရ စေတနာလို့ ခေါ်တယ်၊ လှူမယ်လို့ စိတ်ကူး အကြံ ပေါ်ကတည်းက စေတနာ ဒါန ဖြစ်ပြီ။ လှူဖွယ် ဝတ္ထုကို ကိုင်ပြီး အလှူခံပုဂ္ဂိုလ်လက်သို့ ရောက်အောင် လှူရင် ဝတ္ထုဒါန ဖြစ်သွားတယ်။

အဲဒီ စေတနာသုံးတန်မှာ တွန့်တိုတဲ့ စိတ်၊ စေတနာ ပါသွားရင် အဲဒါ နဂ္ဂဟိတ စေတနာ ဖြစ်သွားတယ်။ မတွန့်တိုရင် အနဂ္ဂဟိတ စေတနာလို့ ခေါ်တယ်။ အဲဒီလို တွန့်တိုတဲ့ စေတနာနဲ့ လှူရင် လှူတဲ့အတွက် စည်းစိမ်ကိုတော့ ရတယ်။ ဒါပေမဲ့ သူဌေးဖြစ်ပြီး မစားရက်၊ မဝတ်ရက်၊ တင့်တောင့်တင့်တယ် မနေရက်ဘူး။အဲဒီလို သူဌေးကပ်စေးနဲတွေကို သမီး တွေ့ဖူးမှာပေါ့။ ဒီလို သူဌေးမျိုးတွေ ဘုရားရှင် လက်ထက်တော် အခါကလည်း ပေါ်ခဲ့ဖူးတယ်။ အာဂန္တုက သူဌေးဆိုတာ ကုဋေရှစ်ဆယ်မက ကြွယ်ဝတယ်။ ဒါပေမဲ့ ဝတ်တော့ လျှော်နှင့်ရက်တဲ့ အဝတ်

http://www.dhammadownload.com



ပုဆိုးကို ဝတ်တယ်၊ သူတစ်ပါးစွန့်ပစ်တဲ့ ရထားကျိုးကို ကောက်ယူပြီး စီးတယ်၊ ထန်းလက်ကို ထီးလုပ်ပြီး ဆောင်းတယ်၊ ဆန်ကွဲ ဟင်းနနွယ် ကန်စွန်းရွက်တွေကို ရောကျိုတဲ့ ယာဂုကို သောက်တယ်၊ သေတော့ သူ့ဥစ္စာ ပစ္စည်းတွေကို မင်းဘဏ္ဍာအဖြစ် သိမ်းယူတာခံရတယ်၊ သူကတော့ အပါယ်ကို ရောက်သွားတယ်။ အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ ရှေးဘဝက အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းကပ်လှူတဲ့အခါ ပရ စေတနာ တွန့်တို ခဲ့လို့ ဖြစ်ရတာလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

- ● ဒါဆို တချို့ ခြတ်ခါးတွေမှာ 'အလှူခံ မဝင်ရ'လို့ ရေးထားတာတွေဟာ ပုဗ္ဗစေတနာ တွန့်တိုတာပေါ့နော် ဖေဖေ။
- ○ ဟာ ဟုတ်ပ၊ ဟုတ်ပ၊ သမီးက တော်တော်မြင်တတ်တာပဲ။ အဲဒါ ရှေးတုန်းက သာဝတ္ထိပြည်က နန္ဒသူဌေးမျိုးပေါ့။ သူကလည်း ပုဗ္ဗစေတနာ တွန့်တိုလို့ သူ့ခြံထဲကို အလှူခံပုဂ္ဂိုလ် မဝင်နိုင်အောင် အစောင့်အရှောက်နဲ့ ထားတယ်လေ။ သူသေတော့ မြို့ပြင် ဒွန်းစဏ္ဍားအမျိုးမှာ ဖြစ်တယ်။ အိမ်ခြေငါးရာလုံးပင် ဆန်ကွဲ ဆန်ညာတောင် ရှာလို့ မရဘူးတဲ့။ ဒီတော့ ရွာသားတွေက ငါတို့ရွာမှာ သူယုတ်မာ ပဋိသန္ဓေ နေတယ်နဲ့ တူတယ်ဆိုပြီး ရွာသားတွေကို တစ်ဝက်စီ ခွဲခွဲပြီး ရှာလိုက်တာ လူယုတ်မာ ပဋိသန္ဓေနေတဲ့အိမ်ကို နောက်ဆုံး ရောက်တယ်။ ရွာက အဲဒီကိုယ်ဝန်ဆောင် လင်မယားကို နှင်ထုတ်ကြတယ်။ ရွာတံခါးဝ ဇရပ်မှာ ဒီကလေးကို မွေးရတယ်။ ဒီကလေး သွားလာ ဆော့ကစားတဲ့ အရွယ်တိုင်အောင် ထမင်း တစ်လုတ် မစားရဘူး၊ သစ်ရွက် သစ်သီး သစ်ဥတွေ ရှာစားရတယ်။ နောက်ဆုံးတော့ မိဘတွေလည်း မခံနိုင်တာနှင့် သူ့လက်ထဲ အိုးခြမ်းပဲ့ကို ထည့်ပြီး ထမင်း တောင်းစားချေဆိုပြီး လွှတ်လိုက်ရတယ်။ အဲဒီ ဝတ္ထုဟာ ပုဗ္ဗစေတနာ တွန့်တိုတဲ့လူရဲ့ အကျိုးပေးပဲ သမီးရဲ့။

- ● ကြောက်စရာကြီးပဲနော် ဖေဖေ။ တခြား ဘာသာဝင်တွေဟာ ဒီစေတနာ ဒါနရဲ့ သဘောတွေကို ဘယ်သိနိုင်ပါ့မလဲနော်။
- ○ ဟုတ်တယ် သမီး၊ စေတနာ ဒါနနှင့် ပတ်သက်ပြီး လေးနက်တဲ့ အယူအဆတွေ အများကြီး ရှိသေးတယ်။ သမီး နားရှုပ်သွားမှာစိုးလို့ ဖေဖေ မပြောတော့ဘူး။ ခု ဝတ္ထုဒါန အကြောင်းကို ဆက်ကြစို့။
- ● ဟုတ်ကဲ့၊ ပြောပါဦး ဖေဖေ။
- ○ ဝတ္ထုဒါနနှင့် ပတ်သက်ပြီး အယူအဆသုံးမျိုး ရှိတယ်။ လှူမယ့်ပစ္စည်းအပေါ် တည်ပြီး ဒါနမှာ အယုတ် အလတ် အမြတ် သုံးမျိုး ပြားတယ်။ ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါနလို့ ခေါ်တယ်။ တစ်နည်းအားဖြင့် ဒါသဒါန၊ သဟာယဒါန၊

http://www.dhammadownload.com



သာမိဒါနလို့လည်း ခေါ်တယ်။ ဒါက လှူတဲ့ ဝတ္ထုပစ္စည်း အယုတ် အညံ့ပေါ်မှာ တည်ပြီး ခွဲတာ။ မိမိ မသုံးဆောင်လိုတဲ့ပစ္စည်း၊ မိမိ သုံးတာလောက်မှ မကောင်းတဲ့ ပစ္စည်း အညံ့စားတွေကို လှူတာ။ အဲဒါ အောက်တန်းစား ဒါန၊ ကျွန်ဒါနလို့ ခေါ်တယ်။

မဇ္ဈိမဒါန ဆိုတာက ကိုယ်သုံးဆောင်တာနဲ့ တန်းတူကို လှူတာ၊ ဒါကို အဆွေခင်ပွန်း အလှူ၊ သဟာယ ဒါနလည်းခေါ်တယ်။ ပဏီတဒါန(သာမိဒါန) ဆိုတာက ကိုယ်သုံးဆောင်တာထက် သာလွန်မွန်မြတ်တဲ့ ပစ္စည်းကို လှူတာ အမြတ်ဆုံး ဒါနပေါ့။

● ဒါန ကထာကလည်း တော်တော်ကျယ်တာပဲနော်။

○ ဟုတ်တယ် သမီး၊ သိစရာတွေ ကျန်သေးတယ်။

● ဖေဖေ၊ ဒါနအကြောင်းကို ဆက်ပြောပါဦး။

○ အေး၊ ဖေဖေ ပြောချင်တာက ဗုဒ္ဓဘာသာအရ အလှူဒါနပြုတဲ့အခါ စေတနာကိုသာ ပဓာနထားတယ်၊ အကျိုးသက်ရောက်မှုကို ပဓာန မထားဘူး၊ ဒီသဘောကို နားလည်ရမယ်။ နောက် တစ်ချက် ရှိသေးတယ်၊ ဗုဒ္ဓဘာသာအရ ဒါန ပြုတဲ့အခါ တစ်ဦးတစ်ယောက် အကျိုးအတွက် မရည်ရွယ်ရဘူး၊ အများအကျိုး အတွက်သာ အဓိကထားပြီး ရည်ရွယ် လှူဒါန်းရမယ်။

● ရှင်းပြပါဦး ဖေဖေ။

○ သမီးကို ဒါနပြုတဲ့အခါ ပါဝင်တဲ့ စေတနာသုံးမျိုးအကြောင်းကို ဖေဖေ ပြောခဲ့ပြီးပြီ မဟုတ်လား။

● ဟုတ်ကဲ့ ဖေဖေ။ ပုဗ္ဗ၊ မုဥ္စ၊ ပရ စေတနာကို ပြောတာ မဟုတ်လား ဖေဖေ။

○ ဟုတ်တယ် သမီး၊ ဒီမှာ ဒါနနဲ့ ပတ်သက်တဲ့ စိတ်စေတနာ သဘောကို လေ့လာရမယ်။ လှူဒါန်းရာမှာ အလှူခံပုဂ္ဂိုလ် စိတ်ချမ်းသာပါစေ ဆိုတာက မေတ္တာသဘောကွယ့်။ ဗုဒ္ဓဘာသာက ဒါနဟာ မေတ္တာ စေတနာကို အခြေခံရမယ်လို့ မယူဘူး၊ ဒါနဟာ အလောဘ စေတနာကိုသာ အခြေခံရမယ်လို့ ယူတယ်၊ မုဥ္စစေတနာဆိုတာဟာ စွန့်လွှတ်တာ၊ အဓိကကတော့ ကိုယ်ရဲ့ တပ်မက်တဲ့စိတ်ကို သတ်တာ၊ မိမိရဲ့ လောဘကို စွန့်လွှတ်တာ၊ ဒါက အဓိကပဲ။ ဒီနေရာမှာ လှူတဲ့ ဝတ္ထု၊ အလှူခံ ပုဂ္ဂိုလ်ရဲ့ မွန်မြတ်မှုတွေဟာ လှူဒါန်းသူရဲ့ စေတနာကို ပိုမို ထက်သန်အားကောင်းစေတဲ့ အကြောင်းတွေပဲ ဖြစ်တယ်။

● ဘာကို ဆိုလိုတာလဲ ဖေဖေ။

http://www.dhammadownload.com



○ ဆိုလိုတာကတော့ ပစ္စည်းများများ လှူတာနဲ့ ပစ္စည်းနည်းနည်း လှူတာမှာ ထားတဲ့ စေတနာအတိုင်းအတာဟာ မတူဘူး။ ပစ္စည်းများများ လှူတဲ့သူ၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လှူတဲ့သူရဲ့ စေတနာဟာ ပစ္စည်းနည်းနည်း ပစ္စည်းနုပ်နုပ် လှူတဲ့လူရဲ့ စေတနာထက် အားကောင်းတယ်၊ ပိုပြီး ထက်သန်တယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင်တယ်။

● ညောင်စေ့လောက် လှူပေမယ့် ညောင်ပင်လောက် အကျိုးများတယ် ဆိုတာကကော ဖေဖေ။

○ အဲဒါလည်း စေတနာကို ပြောတာ၊ ပစ္စည်းက နည်းနေပေမယ့် စေတနာက ကြီးမားထက်သန်တာမျိုးလည်း ရှိတယ် သမီးရဲ့။ အဲဒီလို စေတနာအား ကြီးရင် ဒါနအကျိုးပေးလည်း ကြီးတယ်။ စေတနာဆိုတာ မိမိပိုင် ပစ္စည်းဥစ္စာအပေါ်မှာ တွယ်တာခြင်းမရှိဘဲ လွတ်လွတ် စွန့်လိုက်ရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တာကို ပြောတာ။ တချို့က ကြီးကြီးကျယ်ကျယ် လှူတယ်၊ မလှူခင်ကရော လှူတုန်းမှာရော စေတနာထက်သန်တယ်၊ ဝမ်းမြောက်တယ်၊ ဒါပေမဲ့ လှူပြီးမှ ငါ လှူတာ များသွားပြီ ထင်တယ်ဆိုပြီး ဝမ်းမမြောက်တော့ဘူး၊ နှမြောသလို ဖြစ်နေတယ်။ အဲဒီလို ဖြစ်ရင်လည်း အကျိုး မရဘူး၊ သီရိလင်္ကာက ဒုဋ္ဌဂါမဏိ အဘယမင်းဟာ စုတေခါနီးမှာ မဟာစေတီတော်ကြီးကို တည်ခဲ့တယ်။ အဲဒီ ဒါနဟာ အလွန် ကြီးကျယ်တာပေါ့။ ဒါပေမဲ့ အဲဒီ ဒါနအတွက် သူ သိပ်ပြီး ဝမ်းမမြောက်ဘူး၊ ဘယ်ဒါနကို ပိုပြီး ဝမ်းမြောက်သလဲဆိုတော့ သူ စစ်ရှုံးတုန်းက တောထဲမှာ ဆွမ်း တစ်နပ်စာကို လှူခဲ့ဖူးတယ်။ အဲဒီ ဒါနကို သာပြီး ဝမ်းမြောက်တဲ့အတွက် ဒီဆွမ်း ကုသိုလ်ကြောင့်ပဲ တုသိတာနတ်ပြည်ကို ရောက်ရတယ်။ ဆိုလိုတာကတော့ အလှူ ဝတ္ထုထက် စေတနာထက်သန်မှုဟာ ပိုပြီး အရေးကြီးတယ်ဆိုတာ သတိပြုဖို့ပဲ သမီးရဲ့။

● သမီးတို့ သူငယ်ချင်းတွေက ပြောပါတယ် ဖေဖေ၊ ဗုဒ္ဓဘာသာဝင်တွေဟာ လိုတဲ့နေရာတွေမှာတော့ အကျိုးရှိတဲ့ အလှူကို မလှူတတ်ဘူးတဲ့၊ အကျိုးမရှိတဲ့ နေရာတွေမှာ မလိုအပ်တဲ့ အလှူတွေကိုကျတော့ သိပ်လှူတတ်ကြတယ်တဲ့၊ ပြီးတော့ လှူတဲ့အခါမှာလည်း သူတစ်ပါးအကျိုးရှိဖို့ထက် ဘယ်လိုပုဂ္ဂိုလ်မျိုးကို လှူမှ ကိုယ့် အတွက် ပိုပြီး အကျိုးရှိတယ်ဆိုတာ ကြည့်ပြီး ကိုယ်ရဖို့အတွက်ပဲ လှူနေကြတယ်တဲ့၊ ပြောကြတယ် ဖေဖေ။

○ အင်း၊ ဒီစကားတွေဟာ ပြောစရာ ဖြစ်နေလို့ ပြောတဲ့ စကားတွေလည်း ဟုတ်ပါတယ် သမီး။ နောက်တစ်ချက်က ဒါနနဲ့ ပတ်သက်တဲ့ ဗုဒ္ဓဘာသာ

http://www.dhammadownload.com



အမြင်ကို ကျယ်ကျယ်ပြန့်ပြန့် နားမလည်လို့ ပြောတဲ့ စကားလည်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်ကွယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ လှူကြတန်းကြတဲ့အခါ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို လိုချင်လို့ လှူနေကြတာလည်း ရှိတယ်။ တချို့ ဘုန်းကြီးတွေကတောင် လှူတယ်ဆိုတာ ယူတာလို့ ဟောပြောနေကြတာ ရှိပါတယ်။ တကယ်တမ်း နိဗ္ဗာန်ကို ရည်စူးပြီး အာသဝေါတရားကုန်ခန်းချင်လို့ လှူတာက နည်းတယ်။ အမှန်ကတော့ ဒါနပြုတဲ့အခါ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေကြောင်း အထောက်အပံ့ ဖြစ်အောင် လှူတတ်မှ မြတ်ပါတယ်။

နောက်တစ်ချက်က ဗုဒ္ဓဘာသာ အယူအဆမှာ အလှူဒါနပြုတာဟာ မျိုးစေ့ စိုက်တာနှင့် တူတယ်လို့ လက်ခံ ယုံကြည်ကြတယ်။ ဒါကြောင့် ကျေးဇူးရှင် တောင်မြို့ ဆရာတော်ကြီး ရှင်ဇနကာဘိဝံသက 'အလှူခံမှာ လယ်ပမာ၊ လှူရှာသူများ လယ်သမား၊ အများလှူဖွယ် မျိုးစေ့နှယ်၊ နောင်ဝယ် အသီးစား'လို့ လင်္ကာသံပိုင်း ကလေးနဲ့ စပ်ဆိုပြီး ဆုံးမတော်မူခဲ့တယ်။

● အဲဒီ သဘောတရားကို ရှင်းပြပါဦး ဖေဖေ။

○ ပေတဝတ္ထုပါဠိတော်မှာ 'အလှူခံပုဂ္ဂိုလ်ဟာ လယ်ယာနှင့် တူတယ်၊ အလှူ့ဒကာ အလှူ့ဒကာမတို့က လယ်လုပ်သူနှင့်တူတယ်၊ လှူဖွယ်ဝတ္ထုတွေက မျိုးစေ့နှင့် တူတယ်၊ နောင်သံသရာမှာရနိုင်တဲ့ အကျိုးတို့ကတော့မျိုးစေ့က အပင်ပေါက်ပြီး အသီးသီးတာနှင့်တူတယ်'လို့ ဥပမာပြပြီး မြတ်စွာဘုရား ဟောကြားတော် မူထားတာ ရှိတယ်။ အဲဒီဥပမာကို သေသေချာချာ လေ့လာ ကြည့်ရမယ်။

● ရှင်းပြပါဦး ဖေဖေ၊ ရှင်းပြပါဦး။

○ ဒီလို သမီးရဲ့၊ လယ်ယာစိုက်ပျိုးတဲ့အခါ ကောက်ပဲသီးနှံ အောင်မြင်ဖို့ဆိုတာဟာ လယ်မြေ ကောင်း မကောင်းပေါ်မှာ မူမတည်ဘူးလား။

● မူတည်ပါတယ် ဖေဖေ။

○ အဲဒါ သဘာဝကျရဲ့လား။

● ဟုတ်ကဲ့၊ သဘာဝကျပါတယ် ဖေဖေ။

○ အေး၊ ဗုဒ္ဓမြတ်စွာဘုရားဟာ သဘာဝကျကျ ပုံနှိုင်းပြီး ဟောတော်မူခဲ့တာ။

လယ်ယာစိုက်ပျိုးရာမှာ အထွက်ကောင်းဖို့ဆိုရင် လယ်မြေက ကောင်းမှ ဖြစ်သလို ဒါနပြုရာမှာ အကျိုးပေးကောင်းဖို့ ဆိုတာဟာလည်း အလှူခံ ပုဂ္ဂိုလ်က မြတ်မှ ဖြစ်တယ်။ အလှူခံပုဂ္ဂိုလ်ဟာ မကောင်းရင် ဒုဿီလဖြစ်နေရင်၊ အလဇ္ဇီဖြစ်နေရင် သူ့ကို လှူတာဟာ အကျိုးမများဘူးလို့ ဗုဒ္ဓဘာသာက ယုံကြည်တယ်။

http://www.dhammadownload.com



● ဒါဆိုရင် အလှူခံ ပုဂ္ဂိုလ်ဟာ သီလရှိတဲ့ ပုဂ္ဂိုလ်၊ မွန်မြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်မှ လှူရမှာပေါ့နော်။

○ နေဦး၊ ဒီတစ်ချက်တည်းနှင့်လည်း မပြီးသေးဘူး။ လယ်မြေ ကောင်းပေမယ့် မျိုးစေ့ မကောင်းရင်လည်း အကျိုး မဖြစ်ထွန်းနိုင်ဘူး။

● အဲဒါက ဘာကို ပြောတာလဲ ဖေဖေ။

○ မျိုးစေ့ ဆိုတာဟာ လှူဖွယ်ဝတ္ထုကို ပြောတာ သမီး၊ လှူဖွယ် ဝတ္ထုက စင်ကြယ် မစင်ကြယ်၊ တရားသဖြင့် ရတာ ဟုတ် မဟုတ်နဲ့ အနည်းအများလိုက်ပြီး အကျိုးပေး ကွာခြားသေးတယ်။

● ဒါက သူများ အကျိုးဖြစ်ဖို့ထက် ကိုယ့်မှာ အကျိုးဖြစ်ဖို့ကို ကြည့်တာနဲ့ တူမနေဘူးလား။

○ အေး၊ အဲဒါက ဘာသာခြားတွေ မြင်တဲ့အမြင်၊ ဗုဒ္ဓဘာသာရဲ့ သဘောအမြင်ကို နားမလည်တာ။ သမီး စဉ်းစားကြည့်စမ်း၊ လယ်သမားက လယ်ယာစိုက်တဲ့ အခါ အထွက် များအောင် အောင်မြင်ပြီး အကျိုးရလဒ် များအောင် အားမထုတ်ဘူးလား။

● အားထုတ်ရပါတယ် ဖေဖေ။

○ ကောင်းပြီ၊ လယ်သမားက ဉာဏ်ဝီရိယကို စိုက်ထုတ်ပြီး မျိုးကောင်းကောင်းကို မြေကောင်းကောင်းပေါ်မှာ တမန်းညက်အောင်ထွန်ပြီး စိုက်တာဟာ ရလာတဲ့ အကျိုးတွေကို သူတစ်ယောက်တည်း စားဖို့လား၊ လူအများပါ စားရဖို့လား။

○ လူအများ စားရဖို့ပါ ဖေဖေ။

○ ဟုတ်တယ်၊ ဒါဟာ လူမှုဖွံ့ဖြိုးရေး ဥပဒေပဲ။ ဒီလိုပဲ ဒါနပြုရာမှာ ပြုလုပ်လိုက်တဲ့ အလုပ်က အကျိုးအမြတ် များများရတာဟာ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး၊ အများအကျိုးလည်း ပါတာပါပဲ။

● ဟုတ်ကဲ့၊ သမီး အမြင်ရှင်းပါပြီ။ ဆက်ရှင်းပါဦး ဖေဖေ။

○ အေး၊ လယ်မြေကောင်းမှာ မျိုးစေ့ကောင်းကို စိုက်ပေမယ့် လယ်သမားရဲ့ ဉာဏ် ဝီရိယ မပါရင်လည်း စပါးအထွက် မကောင်းနိုင်ဘူးနော်။

● ဟုတ်ပါတယ် ဖေဖေ။

○ ဒီတော့ လယ်လုပ်သူရဲ့ နားလည်မှု၊ လုံ့လဝီရိယရှိမှု မရှိမှုကို လိုက်ပြီးလည်း သီးထွက် ကွာခြားနိုင်တယ်။ ဒီလိုပဲ ဒါနအကျိုးပေးမှာလည်း အလှူ့ရှင်ရဲ့ ဉာဏ် ရှိမရှိ အားတက်သရော ဝမ်းမြောက်ဝမ်းသာ ရှိမှု မရှိမှုကို လိုက်ပြီး အကျိုးပေး ကွာတယ်လို့ တို့ဗုဒ္ဓဘာသာက ရှုမြင်တဲ့ သဘောကို ရှင်းရှင်းမြင်ရဲ့လား သမီး။

http://www.dhammadownload.com



● ရှင်းရှင်း မြင်ပါပြီ ဖေဖေ။

○ အေး၊ လယ်သမားဟာ မစိုက်ပျိုးခင် မျိုးစေ့ကို ပြုပြင်မှု မပြုပြင်မှုကို လိုက်ပြီး သီးထွက်ကွာခြားနိုင်သလို အလှူရှင်ရဲ့ မလှူခင်ကဖြစ်တဲ့ ပုဗ္ဗစေတနာ ထက်သန်မှုရှိအောင် ပြုမပြုပေါ် လိုက်ပြီးလည်း အကျိုးပေး ကွာပြန်တယ်။ပြီးတော့ လယ်သမားဟာ လယ်ပေါ်မှာ မျိုးစေ့ချပြီး ပစ်ထားလို့ မရဘူး၊ ရေသွင်း၊ ပေါင်းသင်၊ မြေဩဇာလိုက်၊ ပိုးမွှားကာကွယ်အလုပ်တွေကို လုပ်ရသေးတယ်။ ဒါမှ သီးထွက်ကောင်းသလို အလှူရှင်ဟာလည်း လှူဒါန်းပြီးရင် အဲဒီကုသိုလ်ကို အထပ်ထပ် သတိရတိုင်း ဝမ်းမြောက်မှုဆိုတဲ့ ပရစေတနာ ထက်သန်မှု မထက်သန်မှုကို လိုက်ပြီးလည်း အကျိုးပေး ကွာခြားပြန်တယ်။ အေး၊ လယ်သမားဟာ စိုက်ပျိုးပြီးမှ စိတ်ပေါက်ပေါက်ရှိပြီး ကောက်ပင်တွေကို ဖျက်ဆီးပစ်လိုက်သလို အလှူရှင်ဟာ လှူပြီးကာမှ 'ငါ လှူတာ မှားပေါ့'လို့ စိတ်ပျက်မိရင် အဲဒီဒါနဟာလည်း အကျိုး မရတော့ဘူး။

● ဗုဒ္ဓဘာသာမှာ လိုတဲ့နေရာမှာ လှူမှ အကျိုးရတဲ့ သဘောကော မပါဘူးလား ဖေဖေ။

○ ပါတာပေါ့ သမီးရဲ့။ လယ်သမားမှာ မျိုးစေ့ရော၊ လယ်မြေရော အားလုံး အဆင်သင့်ရှိပေမယ့် စိုက်ပျိုးသင့်တဲ့အချိန်မှာ စိုက်မှသာ အကျိုးဖြစ်ထွန်းသလို လှူရာမှာလည်း အလှူခံ၊ အလှူဝတ္ထု အဆင်သင့်ရှိပေမယ့် လှူသင့်တဲ့အခါ (လိုနေတဲ့ နေရာ)မှာ လှူမှသာ အကျိုးပေးသန်ဖွယ် ရှိတယ်ဆိုတာကို လက်ခံတယ်။ ဒါကြောင့် ကျေးရှူးရှင် တောင်မြို့ဆရာတော်ကြီးက ပေတဝတ္ထုပါဠိတော်ကို လေးလေးနက်နက် ဆင်ခြင်စဉ်းစားလိုက်တဲ့အခါ ညွှန်ကြားချက်တွေ ကွက်ကွက်ကွင်းကွင်း ပေါ်လာ တယ်တဲ့။ ဒါနပြုရာမှာ ဗုဒ္ဓဘာသာအလိုအရ အလှူခံကိုလည်း ရွေးသင့်တယ်၊ လှူဖွယ်ဝတ္ထုကိုလည်း ရွေးသင့်တယ်၊ (လိုအပ်တဲ့ ဌာနမှာလည်း လှူသင့်တယ်) မိမိတို့စိတ်ကိုလည်း ကြည်နူးစေသင့်တယ်။ လောကီစည်းစိမ်ကို တောင့်တတတ်တဲ့ တဏှာ လောဘ သဘော မရောနှောအောင်လည်း ဖြူစင်စေသင့်တယ်တဲ့။

● ဒီလိုဆိုရင် ဗုဒ္ဓ ဘာသာဝင်တွေရဲ့ အလှူဟာ မလိုအပ်တဲ့နေရာမှာ လှူနေ တယ်ဆိုတာ ဘယ်ဟုတ်ပါ့မလဲ။

○ ဒီလို ပြောလို့မရဘူး သမီး၊ တချို့ ဗုဒ္ဓဘာသာဝင်တွေက ဘာမှန်းမသိ၊ သူများ လှူလို့ လိုက်လှူနေတာတွေလည်း အများကြီး ရှိတယ်။ တကယ့် တကယ်ကတော့ မြတ်ဗုဒ္ဓက လှူတဲ့အခါ တစ်ဦး တစ်ယောက် အကျိုးရှိဖို့ ရည်စူး ပြီး ပုဂ္ဂလိက အလှူမျိုး လှူတာထက် အများ အကျိုးကို ရည်စူးပြီး သံဃိကဒါနကို

http://www.dhammadownload.com



လှူမှ ပိုပြီး အကျိုးရှိကြောင်း ဟောတော်မူခဲ့တယ်။ ငွေတစ်ကျပ်ကို လူတစ်ယောက်ကို လှူတာထက် တစ်သင်း တစ်ဖွဲ့ကို လှူလိုက်ရင် အဲဒီ တစ်ကျပ်ဟာ တစ်သင်းလုံးနှင့် ဆိုင်သွားတယ်။ ဥပမာ စနေပတ် ဆွမ်းလောင်းအသင်းကို ငွေတစ်ကျပ် သွားလှူလိုက်ရင် သံဃာအားလုံးကို ရည်စူးပြီး လှူလိုက်တာ ဖြစ်တယ်။ သံဃာအားလုံးနှင့် စပ်ဆိုင်သွားတယ်။ အဲဒီလို အများအကျိုးအတွက် လှူတာဟာ ပိုပြီး မြတ်ကြောင်းကို ဗုဒ္ဓဘာသာကလည်း နားလည် လက်ခံထားပါတယ် သမီးရဲ့။

● ဟုတ်ကဲ့ သဘောပေါက်ပါပြီ ဖေဖေ။ သမီး သူငယ်ချင်းတွေ ဒီတစ်ခါမေးရင် သမီး ဖြေနိုင်ပါပြီ။ ခု ဖေဖေ ပြောပြမှပဲ သမီးတို့ ဗုဒ္ဓဘာသာက မလှူတတ်ဘူး၊ အကျိုးမရှိတဲ့ အလှူတွေ လုပ်နေကြတယ်ဆိုတာ ဘယ်ဟုတ်မလဲ၊ သိပ်လှူတတ်တာပေါ့နော် ဖေဖေ။

○ ခု သမီး သိခဲ့ပြီးသမျှကိုပဲ ကြည့်၊ ဗုဒ္ဓဘာသာ အလှူဒါန ပြုရာမှာ ပိုပြီး အကျိုးရှိအောင် လုပ်တတ်တာ မထင်ရှားဘူးလား။ အလှူရဲ့ အကျိုးရှိမှု ဆိုတာက ဘာကို ပြောတာလဲ ဆိုတာကို ဖေဖေတို့ ဗုဒ္ဓဘာသာလောက် ဘယ်သူမှ ကျယ်ကျယ်ပြန့်ပြန့် မသိဘူး။ စေတနာ၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုပစ္စည်း စသည်တို့ မတူရင် မတူသလို အလှူရဲ့ အကျိုးပေးကွာခြားတယ်ဆိုတာ ဗုဒ္ဓဘာသာလောက် ဘယ်ဘာသာ၊ ဘယ်အယူဝါဒမှ သေသေချာချာ နားမလည်ပါဘူး။

● ဟုတ်ကဲ့ ဖေဖေ၊ ထားပါတော့။ သမီးသူငယ်ချင်း တချို့က ရွှေတိဂုံဘုရားမှာ ရွှေပြားကပ်တာ၊ ထီးတော်မှာ စိန်တွေ၊ ပတ္တမြားတွေ၊ ရတနာပစ္စည်း အဖိုးတန်တွေကို လှူပြီး ချိတ်ဆွဲထားတာ ဘာအကျိုးရှိသလဲတဲ့၊ ပြီးတော့ မကြာခင်က တရုတ်ပြည်က ပင့်လာတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ဗုဒ္ဓဘာသာဝင်တွေက လှူလိုက်ကြတာ ဘာအကျိုးရှိသလဲတဲ့၊ မေးကြတယ်။ အဲဒါ ဘယ်လို ဖြေမလဲ ဖေဖေ။

○ အေး၊ အဲဒါလည်း အဖြေ ရှိတယ်။ ဒီအကြောင်းကို မပြောခင် ဗုဒ္ဓဘာသာ အတွေးအခေါ်အရ အလှူဒါနကို နှစ်မျိုးနှစ်စား ခွဲခြားထားတယ်။ ဒါန တစ်မျိုးက ပုဂ္ဂလိက ဒါန၊ နောက်တစ်မျိုးက သံဃိက ဒါနလို့ ခေါ်တယ်။ ဒီမှာ ပုဂ္ဂလိကဒါနဆိုတာ ဘုရား၊ ပစ္စေကဗုဒ္ဓါကို သီးခြား ရည်စူးပြီး လှူတာ။ အလှူခံ ပုဂ္ဂိုလ်က ထောင်လောက် ရှိပါစေ၊ တစ်ပါး နှစ်ပါး စသော ပုဂ္ဂိုလ်ကိုသာ သီးခြား ရွေးချယ်ပြီး လှူရင် ပုဂ္ဂိုလ်ကို ရည်စူးတဲ့အတွက် ပုဂ္ဂလိက ဒါနချည်း ဖြစ်တယ်။ သို့သော် အလှူခံပုဂ္ဂိုလ် ရဟန်းတစ်ပါးတည်း ဖြစ်ပါစေ၊ လှူတဲ့ ပုဂ္ဂိုလ်က သံဃာ အဖွဲ့အစည်း တစ်ခုလုံးကို ရည်စူးပြီး လှူလိုက်ရင် အဲဒါ သံဃိကဒါန ဖြစ်သွားရော။ အဲဒီလို သံဃာကို ရည်မှန်းပြီး လှူလိုက်တာကြောင့် သံဃိကဒါန ဖြစ်သွားတဲ့အခါ

http://www.dhammadownload.com



သံဃာအတွင်းမှာ အရိယာသံဃာ၊ ရဟန္တာတွေပါ အကျုံးဝင်သွားတဲ့အတွက် သံဃိကဒါနက ပိုပြီး မြတ်တယ်၊ အကျိုးလည်း များတယ်။

- ဒါဖြင့် ရွှေတိဂုံကို လှူတာ၊ စွယ်တော်ကို လှူတာဟာ ပုဂ္ဂလိက ဒါနလား၊ သံဃိက ဒါနလား။

○ ဒါက မြတ်စွာဘုရားကို ရည်စူးပြီး လှူတာ၊ မြတ်စွာဘုရားရဲ့ ဓာတ်တော်စစ် မွေတော်စစ်များကို ပူဇော်ရာဌာနရဲ့ ကြီးပွား တိုးတက်ကြောင်းအတွက် ရည်စူးပြီး လှူတာလေ။ ဘုရား၊ ပစ္စေကဗုဒ္ဓါကို ရည်စူးပြီး လှူတာဟာ ပုဂ္ဂလိကဒါန ဖြစ်ပေမယ့် အတုမရှိ အကျင့်မြတ်သော ပုဂ္ဂိုလ်များဖြစ်လို့ ဒီအလှူဟာ အလွန်မြတ်တယ်၊ အကျိုးလည်း များတယ်။ ဒီနေရာမှာ ပညတ်တွေကြောင့် အယူအဆ လွဲသွားနိုင်တယ်။ ဥပမာ သမီးက ရွှေတိဂုံကို လှူတယ်လို့ ပြောတယ် မဟုတ်လား၊ အမှန်က ရွှေတိဂုံကို လှူတာ မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့ ဆံတော်ဓာတ် ကိန်းဝပ်ရာ ဌာနကြီးများ တိုးတက်ပြီး လူအပေါင်းတို့ရဲ့ ကြည်ညိုရာ ဝတ်ပြုရာဌာန စည်ပင်ရေးအတွက် စေတနာရှေ့ထားပြီး လှူတာပါ သမီးရဲ့။ ရွှေတိဂုံစေတီပေါ်မှာ ရွှေသင်္ကန်း ကပ်တာဟာ သိပ် အကျိုးကြီးတာပေါ့။ ဒီ ရွှေပြားသင်္ကန်းတစ်ချပ်ရဲ့ တန်ဖိုးနဲ့ နှိုင်းစာရင် မြတ်စွာဘုရားရဲ့ သာသနာတော်ပေါ်မှာ ယုံကြည်လေးစားတဲ့ သဒ္ဓါတရားရဲ့ တန်ဖိုးက အဆမတန် ကြီးမားတာပေါ့ကွယ်။ နောက်ပြီး ဒါနပြုတယ်ဆိုတာ လောဘကို သတ်တာ၊ အလောဘ စေတနာက အရင်းခံပဲ။ မိမိရဲ့ တန်ဖိုးရှိတဲ့ ပစ္စည်းကို မြတ်စွာဘုရားရဲ့ သာသနာတော်မှာ နိဗ္ဗာန် မဂ်ဖိုလ်ကို ရည်မှန်းပြီး လှူဒါန်းတာ၊ စွန့်လွှတ်တာဖြစ်လို့ အင်မတန် အကျိုးကြီးတယ်။ ဒီအလှူဟာ နိဗ္ဗာန် မဂ် ဖိုလ် ရကြောင်း အထောက်အပံ့ဖြစ်သွားတယ်။ လောကီအနေနှင့်လည်း ဒီအလှူဟာ အများအတွက် အကျိုးပြုတယ်။ ဒီ ရွှေပြားသင်္ကန်း ကပ်လှူတဲ့အတွက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ ကမ္ဘာမှာ အလွန် ထင်ရှားတဲ့ သာသနိက အဆောက်အအုံကြီး ဖြစ်လာရတယ်။ အများပြည်သူတို့ အလေး အမြတ်ပြုပြီး ဝတ်ပြုရာ ဌာနကြီး ဖြစ်လာရတာပေါ့ကွယ်။ ဒါတွေက အများပြည်သူတို့ ခံစားရတဲ့ အကျိုးတွေပေါ့။ ဒီလို လှူဒါန်းထားကြလို့လည်း ရွှေတိဂုံစေတီတော် မြတ်ကြီးဟာ ဗုဒ္ဓဘာသာဝင် လူသားအားလုံးရဲ့ အလေးအမြတ် တန်ဖိုးထားရာ မွန်မြတ်သောဌာနကြီး ဖြစ်လာရတာပေါ့။

- ဟုတ်ကဲ့ ဖေဖေ၊ သမီး သဘောပေါက်ပါပြီ။ ဒါဆို စွယ်တော်ကို လှူကြတာကကော။

http://www.dhammadownload.com



○ ဒါလည်း မြတ်ဗုဒ္ဓကို ရည်မှန်းပြီး လှူဒါန်းကြတာဖြစ်လို့ မွန်မြတ်လှပါတယ်။ ဒါက စေတနာပိုင်းလေ၊ နောက်ပြီး ဒီငွေတွေ၊ ဒီဒါနတွေနဲ့ ခု ရန်ကုန်နဲ့ မန္တလေးမှာ စွယ်တော်စေတီတော်တွေ တည်ထားမယ်ဆိုပြန်တော့ လူအများအတွက် ကြည်ညိုစရာဌာနတွေ ဖြစ်မလာဘူးလား၊ ဒါဟာ သာသနာပြုလုပ်ငန်းကြီးအတွက် အထောက်အပံ့ ဖြစ်မသွားဘူးလား၊ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက် အထောက်အပံ့ ဖြစ်သွားတာကြောင့် ဒီ ဒါနဟာလည်း အများအကျိုးရှိတဲ့ ဒါနပါပဲ။ လှူဒါန်းတဲ့ လူတွေရဲ့ စေတနာကတော့ နိဗ္ဗာန် မဂ်ဖိုလ်ကို ရည်စူးတာ၊ အာသဝေါတရား ကုန်ခန်းဖို့အတွက် ရည်မှန်းပြီး မိမိပိုင် ချွေးနဲ့စာတွေကို စွန့်တာ ဖြစ်တယ် သမီးရဲ့။

● ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဖေဖေ။

○ ဒီနေရာမှာ မြတ်စွာဘုရားရှင်အား ရည်မှန်းပြီး လှူဒါန်းကြရပုံကို ဖေဖေ ပြောပြဦးမယ်။ ရှေးတုန်းက မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ တုန်းကတော့ ဘုရားရှင်ကို တိုက်ရိုက် လှူဒါန်းနိုင်ကြတာပေါ့ကွယ်။ ဒါပေမဲ့ ခုချိန်ခါမှာတော့ ဘုရားရှင် သက်တော်ထင်ရှား မရှိတော့တဲ့အတွက် ဘုရားရှင်ကို ရည်မှန်းပြီး လှူဒါန်းကြရပုံကို ကျမ်းဂန်အတိုင်း သိထိုက်တာပေါ့ကွယ်။ ဖေဖေတို့ အိမ်မှာ မေမေကြီးက နေ့စဉ် နံနက်တိုင်း အိမ်ရှေ့ ဘုရားစင်မှာ ဆွမ်းတော် တင်လှူတယ်။ ရေစင် ဆက်ကပ်တယ်။ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတွေ လှူဒါန်းမယ်။ ဒါတွေအားလုံးဟာ သက်ရှိထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီး လှူဒါန်းတာပေါ့ကွယ်။ ဒါကို ကြည့်ရင် အိမ်ပေါ်မှာနေရင်း နေ့စဉ် အလွန်မွန်မြတ်တဲ့ အလှူဒါနတွေကို ပြုလုပ်နေခြင်းပဲ မဟုတ်လား။ တခြားအချိန်မှာ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်တွေကို အကြောင်းကြောင်းကြောင့် မအောက်မမေ့နိုင်ဘူး၊ သတိမရနိုင်ဘူးဘဲထား၊ ဒီလို ဆွမ်းတော်၊ ရေတော်၊ ပန်းတော်၊ အမွှေးနံ့သာ၊ ဆီမီး ကပ်လှူတဲ့ အချိန်မှာတော့ ဒါ မုချ သတိရမှာပဲ။ ဟုတ်ရဲ့လား သမီး။

● ဟုတ်ပါတယ် ဖေဖေ။

○ ကဲ ဒါဆိုရင် မြတ်စွာဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတွေကို သတိတရနဲ့ ဝတ်ပြု လှူဒါန်းတဲ့ဒီအချိန်မှာ မေမေကြီး စိတ်ထဲမှာ ကုသိုလ်ဖြစ်နိုင်မလား အကုသိုလ် ဖြစ်မလား၊ သမီး စဉ်းစားပြီး ဖြေစမ်း။

● ကုသိုလ်စိတ်ပဲ ဖြစ်မှာပေါ့ ဖေဖေ။

○ အေး၊ ဟုတ်တာပေါ့။ မေမေကြီးရဲ့ စိတ်ထဲမှာ ကုသိုလ်စိတ်တွေ ဖြစ်တယ်၊ အဲဒီအချိန်မှာပဲ ရတနာသုံးပါးအပေါ် စိတ်ရောက်ပြီး ဘုရားကို ရှိခိုး

http://www.dhammadownload.com



ဝတ်ပြုတယ်။ ဘုရား၊ တရား၊ သံဃာရဲ့ ဂုဏ်တော်တွေကို ရွတ်ဖတ် ပွားများတယ်။ ဒါတွေအားလုံး ကုသိုလ်ချည်းပဲ။

● ဟုတ်ကဲ့၊ သမီး ခု ကောင်းကောင်း သဘောပေါက်ပါပြီ ဖေဖေ။

○ ဒါပေမဲ့ ဒီနေရာမှာ ကျေးဇူးရှင် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့ဖူးတဲ့ စကားကို ဖေဖေက ပြောချင်တယ်။ ဆရာတော်ကြီးက သက်တော်ထင်ရှား ဘုရားအစစ်ကို ရည်မှန်းပြီး ဆွမ်းကပ်လှူတဲ့အခါမှာ ကြွက်စာ ကြောင်စာလောက်ကလေး မကပ်သင့်ဘူးတဲ့။ ရဟန်းတစ်ပါးကို ဆွမ်းကပ်သလောက် တစ်ပါးစာ ပြင်ပြီး အလုံအလောက် ကပ်ရမယ်တဲ့။ အဲဒီလို ဆွမ်းကပ်ပြီးရင် အဲဒီ ဆွမ်းကို ဘုရားရှင်ရဲ့ ဝေယျာဝစ္စလုပ်သူရှိရင် အဲဒီဆွမ်းကို ထိုသူ စားထိုက်တယ်တဲ့။ အကယ်၍ အဲဒီလို ဘုရားမှာ အမှိုက်လှည်း ဝေယျာဝစ္စ အမြဲလုပ်သူ မရှိရင် ယခု လုပ်နေသူ ရဟန်းဖြစ်စေ၊ လူဖြစ်စေ စားထိုက်တယ်တဲ့။ ဒါမှမဟုတ် ဥပုသ်သည် ရှိရင်လည်း ဥပုသ်သည်ကို မွန်းမတည့်မီ ဒီဆွမ်းကို ကျွေးပြီး ဥပုသ်သည်က ဘုရား ဝေယျာဝစ္စကို ပြုနိုင်တယ်တဲ့။ ဒါ့အပြင် တချို့အိမ်တွေမှာ ဘုန်းကြီး ဆွမ်းကပ်၊ အလှူကြီး ပေးရာမှာလည်း ဘုရားအတွက် ဒီလိုပဲ တစ်ပါးစာ အပြည့်အဝ ပြင်ဆင်ပြီး ကပ်ရမယ်တဲ့။

နောက်ပြီး ဘုရားရှင်ကို ရည်မှန်းပြီး သင်္ကန်းများ လှူဒါန်းရာမှာလည်း ဒီသင်္ကန်းကို ဘုရား ဝေယျာဝစ္စပြုတဲ့ ရဟန်း သံဃာများက ဝတ်ထိုက်တယ်တဲ့။ ဒါမှမဟုတ် ဒီသင်္ကန်းကို ကပ္ပိယ ဒါယကာက အခြားပစ္စည်းများနှင့် လဲလှယ်ပြီး ဘုရားအတွက် လိုတဲ့ အခြားကိစ္စတွေမှာ သုံးစွဲထိုက်တယ်တဲ့။ ပန်းကပ်တာတို့ အမွှေးနံ့သာ၊ ဆီမီး လှူဒါန်းပူဇော်ရာမှာတော့ ခုခေတ်လူတွေ လုပ်နေကျအတိုင်း လုပ်ရင်လည်း သင့်မြတ်ပါတယ်တဲ့။ ဒါ့အပြင် တချို့က ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်း ကပ်လှူရာမှာ ဘုရားစင်ရှေ့ ရှုပ်ပွပြီး မသန့်မရှင်းဖြစ်အောင် လှူကြတာမျိုးတွေ ရှိတယ်၊ အဲဒါကတော့ မသင့်မြတ်ပါဘူး၊ ဘုရားစင်ရှေ့မှာ သန့်ရှင်းကြည်လင်မှု ရှိအောင်လည်း ဂရုပြုသင့်တယ်လို့ ဆုံးမတော်မူခဲ့တယ်။ ဒီနေရာမှာ ဘုရားရုပ်ပွား တော်က ဒါတွေကို သုံးဆောင်နိုင်တာကမှ မဟုတ်တာ၊ အကျိုးရှိပါ့မလားဆိုတဲ့ မေးခွန်း ပေါ်လာနိုင်တယ်။ အဲဒါ ဗုဒ္ဓဘာသာနှင့် အခြားဘာသာရဲ့ ခြားနားချက်ပဲ။ အဲဒါက ဘုရားကို ရည်မှန်းပြီး လှူဒါန်းပူဇော်ရာမှာ ထားတဲ့စေတနာဟာ အရင်းခံပဲ။ ဒီစေတနာဟာ ကုသိုလ်စေတနာ မဟုတ်လားကွယ်။ ကုသိုလ်စေတနာ ဖြစ်တဲ့အတွက် အကျိုးကတော့ ရပြီးသားပဲဆိုတာ ယုံကြည်ရမယ်။

http://www.dhammadownload.com



● အလှူကြီးပေးတာနှင့် အလှူကလေးပေးတာ အကျိုးရတာချင်း တူသလား ဖေဖေ။

○ အဓိကကတော့ စေတနာပဲ သမီးရဲ့၊ အလှူကြီးတော့ ပေးပါရဲ့၊ အကြောင်းကြောင်းကြောင့် စေတနာပျက်သွားရင် အဲဒီအလှူဟာ အကျိုးပေး ညံ့မှာပဲ။ မရှိ ဆင်းရဲသားကို တစ်ကျပ်တစ်ပြား လှူတာ ဖြစ်ပါစေ၊ ခွေးတိရစ္ဆာန် စသည်တို့ကို လှူတာဖြစ်ပါစေ၊ လှူဖွယ်ဝတ္ထုအပေါ်မှာ မတွယ်တာဘဲ မုတ္တစာဂီဖြစ်အောင် စွန့်လှူနိုင်ရင် အကျိုးပေး သန်တာပဲကွယ့်။

● ဟုတ်ကဲ့၊ သာဓု၊ သာဓု၊ သာဓုပါ ဖေဖေ။ အင်း သမီးစိတ်ထဲ လှူတယ်ဆိုတာ ကိုယ့်ရှိတဲ့ ပစ္စည်းကို အလှူခံပုဂ္ဂိုလ် တစ်ယောက်ယောက်ကို စွန့်လိုက်ရင် ပြီးတာပဲ အောက်မေ့ခဲ့တယ်။ ခု ဖေဖေ ပြောပြမှ လှူတတ်ဖို့ ကိစ္စကလည်း မလွယ်ပါလား၊ သမီးတို့ ဗုဒ္ဓဘာသာ ခလေ့ထုံးစံတွေဟာ တော်တော်နက်နဲပြီး သိခက်တယ်နော် ဖေဖေ။ ဒါနအကြောင်း ဆက်ပြီး ဖွင့်ဟောပါဦး ဖေဖေ။

○ ဒါနဆိုတဲ့ ပေးကမ်း စွန့်ကြဲမှုကိစ္စမှာ သိစရာတွေ တော်တော်များသလို သတိပြုစရာတွေလည်း များတယ်။ တချို့က ထမင်းရည်ချောင်းစီး အလှူအတန်းကြီးပေးမှ အကျိုးများတယ် ထင်တယ်။ အမှန်က သူ ထင်သလို မဟုတ်ဘဲ တလွဲတချော်တွေ ဖြစ်သွားနိုင်တာတွေလည်း အများကြီး ရှိတယ်။

● ဘယ်လို လွဲချော်နိုင်တာလဲ ဖေဖေ။

○ ဒီလို သမီးရဲ့။ ကြီးကျယ်တဲ့ ဒါနကိစ္စမှာ အလှူခံပုဂ္ဂိုလ် မဟာန်လို့ဘဲဖြစ်ဖြစ်၊ သူတစ်ပါး အနှောင့်အယှက် ဝင်လို့ပဲဖြစ်ဖြစ် စေတနာ ပျက်သွားနိုင်တယ်။ စိတ်မထားတတ်တဲ့သူတွေ၊ သစ္စဉာဏ် မရှိတဲ့လူတွေပေါ့ သမီးရယ်။ ဒါကြောင့် အလှူကြီးအတန်းကြီး လုပ်မယ်ဆိုရင် ကိုယ်တိုင်စွမ်းနိုင်သလောက်ပဲ စဉ်းစားလှူသင့်တယ်။ အဆမတန် ဝန်နှင့်အား မမျှ လုပ်မိလို့ လှူပြီးကာမှ စိတ်မချမ်းမသာ ဖြစ်ရတယ်ဆိုရင် ပရစေတနာ ပျက်သွားမှာပဲ။ ဒီနေရာမှာ ရှေးပညာရှိ သူတော်ကောင်းများက အလှူကြီးအတန်းကြီး လုပ်မယ်ကြံရင် မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့်လည်း တိုင်ပင်ပါတဲ့၊ အလှူခံပုဂ္ဂိုလ်ကောင်းကိုလည်း ရွေးချယ်ပါတဲ့။ အနည်းအကျဉ်း လှူတဲ့ အလှူမှာတော့ ခွေးတိရစ္ဆာန်ကို လှူတာပဲဖြစ်ဖြစ် ရတယ်၊ အကျိုးရှိတာပဲ။ ပုဂ္ဂိုလ် မရွေးလည်း အရေးမကြီးဘူး၊ ဒီကိစ္စ ဖေဖေ ပြောခဲ့မိသေးသလား။

● ဟုတ်ကဲ့၊ အရိပ်အမြွက် ပြောခဲ့ပါတယ် ဖေဖေ။ သမီး မှတ်မိသလောက် မုတ္တစာဂီဖြစ်အောင် စွန့်လှူဖို့ကိစ္စအထိ ပြောခဲ့ပါတယ်။

http://www.dhammadownload.com



○ အေး၊ လှူတဲ့အခါ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရမယ်ဆိုတာကလည်း တစ်ပိုင်း၊ ဒါပေမဲ့ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ ရဟန်းသံဃာ နာမည်ကြီးတစ်ပါးပါးကို ပုဂ္ဂလိက ရည်မှန်းပြီး လှူဒါန်းတာထက် သံဃိက (အများအတွက်) ဖြစ်အောင် လှူဒါန်းတာက ပိုပြီး ကျေးဇူးများတယ်၊ ဒါလည်း သတိပြုဖို့ လိုပါတယ်။

● ဟုတ်ကဲ့ ဖေဖေ၊ သမီး မှတ်သား ထားပါပြီ။

○ အေး၊ နောက်တစ်ချက်က စောစောက သမီး ပြောခဲ့သလို မတွယ်မတာဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲသူ မုတ္တစာဂီဖြစ်ဖို့လည်း သိပ်အရေးကြီးတယ်။

● လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ အင်း၊ အဲဒီအမေးကို မေးတာ သိပ်ကောင်းတယ်။ ဒါ ကွဲကွဲပြားပြား သိဖို့ရာ သိပ်အရေးကြီးတယ်၊ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲတယ်ဆိုတာ ဘာကိုမှ မတွယ်တာဘဲ စွန့်ကြဲတာကို ဆိုလိုတယ်။ ဘာကိုမှ မတွယ်တာဘူးဆိုတာက အလှူခံပုဂ္ဂိုလ်ကိုလည်း မတွယ်တာဘူး၊ လှူဖွယ် ပစ္စည်းကိုလည်း မတွယ်တာဘူး၊ နောက်ဘဝမှာ လူနတ်ချမ်းသာ စည်းစိမ်ကိုလည်း မတွယ်တာ မတောင့်တာဘဲ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီး ကျွတ်ကျွတ်လွတ်လွတ် လှူတတ်တဲ့ ပုဂ္ဂိုလ်ကို မုတ္တစာဂီ ခေါ်တာပဲကွယ်။

● ကျေးဇူးတင်လိုက်တာ ဖေဖေရယ်၊ အများအားဖြင့် လှူနေကြ တန်းနေကြတာမှာ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို ရည်မှန်းပြီး လှူနေကြတာက များသလိုပဲနော်။ တချို့က လှူတယ်ဆိုတာ ပေးတာ မဟုတ်ဘူး ယူတာတဲ့။ ဘယ်ဘုန်းကြီးကို လှူရင် တစ်ရာလှူ နှစ်ရာ ရတယ်၊ တစ်ထောင်လှူ နှစ်ထောင် ရတယ်လို့ ပြောတာတောင် ကြားဖူးတယ်။

○ အေး၊ ဒါနကိစ္စမှာ ဥက္ကဋ္ဌ၊ ဩကမ္မ ဆိုပြီးလည်း ခွဲလို့ ရသေးတယ်။ ဥက္ကဋ္ဌဆိုတာက မြတ်တဲ့အလှူ၊ ဩကမ္မ ဆိုတာက ညံ့တဲ့ အလှူပေါ့။ တချို့က အလောဘ၊ အဒေါသဆိုတဲ့ ဒွိဟိတ်စိတ်နှင့် လှူတာ ရှိတယ်။ သူတို့မှာ အမောဟဆိုတဲ့ ဉာဏ်ပညာ မပါဘူး။ တချို့က အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ဉာဏ်ပညာ ပါတယ်။ တိဟိတ်အလှူပေါ့။ ဒီမှာ ဉာဏ်ပညာဆိုတာ တချို့က 'ကမ္မဿကတဉာဏ်' ကို ယူတယ်။ ယခု ပြောသော ကုသိုလ်ကံသည် မိမိသန္တာန်မှာ အဖတ်တင်ရစ်ပြီး နောက်နောင်မှာ အကျိုးပေးတယ်လို့ သိမြင် နားလည်တာမျိုး။

● ဒါဆိုရင် ဒီကမ္မဿကတဉာဏ်ဆိုတာ နောင်ဘဝမှာ လူ နတ် စည်းစိမ်ချမ်းသာ တောင့်တတာမျိုး ဖြစ်မသွားနိုင်ဘူးလား ဖေဖေ။

http://www.dhammadownload.com



○ ဟ-သမီးက ဉာဏ်သွားလှချည်လား၊ အဖိုးတန်လိုက်တဲ့ မေးခွန်းပဲကွယ်။ ဒါ အလွန်အရေးကြီးတဲ့ မေးခွန်းပဲ။ ဒီနေရာမှာ သစ္စာနုလောမိကဉာဏ်နှင့် ကမ္မဿကတဉာဏ်ကို ခွဲပြီး နားလည်ဖို့လည်း လိုတယ်။ သစ္စာနုလောမိကဉာဏ်ဆိုတာ သစ္စာနဲ့ လျော်တဲ့ဉာဏ်လို့ အဓိပ္ပာယ် ရတယ်။ သင်္ခါရတရားတိုင်းဟာ အနိစ္စပဲ၊ အနတ္တပဲလို့ သိမြင်ပြီး သင်္ခါရတို့ရဲ့ ဖြစ်ပျက်ကို ရှုမြင်နိုင်ရမယ်။ ဒါ ဝိပဿနာဉာဏ်ပဲ၊ ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကိုမုန်းမှ ဖြစ်ပျက်အဆုံး မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို တွေ့မယ်၊ မဟုတ်ရင် ကံတွေကို အတ္တဒိဋ္ဌိစွဲနှင့် ပြုလုပ်နေမှာပဲ။

● ကံကို အတ္တဒိဋ္ဌိစွဲနှင့် လုပ်ရင် ဘာဖြစ်သလဲ ဖေဖေ။

○ ဒါက သမီး ပဋိစ္စသမုပ္ပာဒ် တရားတော်ကို နားလည် သဘောပေါက်ဖို့ လိုတယ်။ ပဋိစ္စသမုပ္ပာဒ်တရားအရ ကံက ဇာတိကိုဖြစ်စေတယ်။ ဇာတိဖြစ်ရင် ဇရာမရဏ ရတယ်၊ ကုသိုလ်ကံတွေ ပြုလုပ်ရင် လူ၊ နတ်၊ ဗြဟ္မာ ဘုံဘဝတွေမှာ ဇာတိ ဖြစ်တယ်။ အကုသိုလ်ကံတွေ ပြုရင် အပါယ်ဇာတိကို ရတယ်။ ဒီတော့ ကံဟာ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ဘူး၊ သစ္စာနုလောမိကဉာဏ် မရှိဘဲနဲ့ ဒါနပြုရင် ဒီကုသိုလ်ကံဟာ သံသရာဇာတ်သိမ်းခန်း သံသရာပြတ်ခန်းအတွက် ကျေးဇူးမပြုဘူး၊ သံသရာဆက်ဖို့ အတွက်ပဲ ကျေးဇူးပြုတယ်။

● သြော် - ဒါကြောင့် တချို့က ဒါနပြုတာဟာ သံသရာရှည်တဲ့အလုပ်လို့ ပြောကြတာကိုး။

○ အဲဒီ စကားလည်း မှန်တာတော့ မဟုတ်ပါဘူးကွယ်။ ဒါနကြောင့် သံသရာ ရှည်တာ မဟုတ်ပါဘူး၊ ကံကိစ္စမှာ ဉာဏ်မပါလို့ သံသရာရှည်တာ။ ဒါကြောင့် ဒါနပြုတဲ့အခါ ဤကောင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်ပါစေ၊ အာသဝေါ ကုန်ရာကုန်ကြောင်း အထောက်အပံ့ ဖြစ်ပါစေလို့ ရေစက်ချ ဆုတောင်းကြတာတွေ သမီး ကြားဖူးတယ် မဟုတ်လား။

● ဒါဖြင့် ဒါန မလုပ်ကောင်းဘူးဆိုတာတော့ မဟုတ်ဘူးပေါ့နော် ဖေဖေ။

● ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ ဘုရားက တရား ဟောရင် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ ဆိုပြီး ဒါနကို ရှေ့ထားဟောတာပဲ။ ဒါပေမဲ့ ဒါနကိုချည်း အားကိုးလို့ မရဘူး၊ ဒါနဟာ ဉာဏ်နှင့် ယှဉ်မှ ကျေးဇူးများကြောင်းလည်း ဟောခဲ့တယ်။ ဒါကြောင့် ကျေးဇူးတော်ရှင် တောင်မြို့ဆရာတော် အရှင်ဇနကာ ဘိဝံသက ဆောင်ပုဒ်လင်္ကာကလေး ထားခဲ့တယ်။

● ပြောပြပါဦး ဖေဖေ။

○ အေး ပြောမယ်။

http://www.dhammadownload.com



(၁) ကုသိုလ် ပြုစဉ်၊ ကံကျိုး မြင်သိ ဉာဏ် ယှဉ်ဘိ၊ တိဟိတ် ကုသိုလ် ခေါ်တဲ့၊
(၂) ကုသိုလ် ပြုစဉ်၊ ကံကျိုး မြင်သိ၊ ဉာဏ် မရှိ၊ ဒွိဟိတ် ကုသိုလ် ခေါ်တဲ့၊
(၃) ရှေ့ နောက် နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌ အမြတ် ခေါ်တဲ့၊
(၄) ရှေ့ နောက် နှစ်တန်၊ အကုခြံ၊ ညံ့ဟန်ဩကမ္မ ခေါ်တဲ့။

● ရှေ့ နောက် နှစ်ရပ် ကုသိုလ်ညှပ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ ဒါလား၊ ဒါနပြုတဲ့အခါ ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာ ဆိုပြီး ကုသိုလ် မပြုခင် စေတနာ၊ပြုဆဲစေတနာ၊ပြုပြီးနောက် စေတနာသုံးတန် ပါတယ်မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ အေး၊ ရှေ့ နောက် နှစ်ရပ် ကုသိုလ်ညှပ်ဆိုတာ ဒါန ပြုတဲ့အခါ ပုဗ္ဗစေတနာလည်း ကုသိုလ်စေတနာ ဖြစ်ရမယ်။ ဒါနပြုပြီးတဲ့နောက်ဖြစ်တဲ့ ဝမ်းမြောက်တဲ့ ပရစေတနာလည်း ကုသိုလ်စေတနာ ဖြစ်ရမယ်။ ဒါဆိုရင် အဲဒီ ဒါနဟာ ဥက္ကဋ္ဌ မြတ်တယ်လို့ ဆိုလိုတာပေါ့။

● ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဖေဖေ။

○ ဒါဆိုရင် ရှေ့နောက်နှစ်တန် အကုခြံဆိုတာ ဒါနပြုတဲ့အခါ ပုဗ္ဗစေတနာနှင့် ပရစေတနာမှာ အကုသိုလ် ခြံရံရင် ဩကမ္မ၊ အညံ့စား ဒါန ဖြစ်တယ်လို့ ဆိုလိုတာပေါ့ကွယ်။

● အင်း၊ ခုမှ နားလည်ပါတယ် ဖေဖေ။

○ ဒါက ဒါနကို အယုတ်အလတ် အမြတ်ခွဲတဲ့ နည်းတစ်နည်းပဲ ရှိသေးတယ်။

● နောက်ထပ် ခွဲနည်း ရှိသေးလို့လား ဖေဖေ။

○ ရှိသေးတယ် သမီး၊ ဒါက လှူဖွယ်ဝတ္ထုပစ္စည်းကို အခြေခံပြီး ဒါနကို အယုတ်၊ အလတ်၊ အမြတ် ခွဲတာ။ ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါနဆိုပြီး ကျမ်းဂန်မှာ ခွဲပြထားတယ်။

● ဘယ်လို ခွဲတာလဲ ဖေဖေ။

○ ဟီန ဒါနဆိုတာ ဒါနအညံ့စား၊ မဇ္ဈိမဒါန ဆိုတာက ဒါန အလတ်စား၊ ပဏီတ ဒါနဆိုတာက ဒါန အမြတ်စားပေါ့။ ဒါက လှူဖွယ် ဝတ္ထုကို လိုက်ပြီး ခွဲတာ။

● ပြောပြပါဦး ဖေဖေ။

○ ဒီလို သမီးရဲ့။ တချို့ လူတွေက ပြောကြတယ် မဟုတ်လား၊ မကောင်း ကျောင်းပို့ ဆိုတာလေ။ မိမိ သုံးဆောင်တဲ့ ပစ္စည်းလောက် မကောင်းတဲ့ လှူဖွယ်ဝတ္ထု အညံ့စားကို ဈေးပေါပေါနှင့် ဝယ်လှူတာမျိုးကို ဟီနဒါန၊ အညံ့စားလို့

http://www.dhammadownload.com



ခေါ်တယ် သမီး။ အလတ်စား ဒါန ဆိုတာကတော့ မိမိ သုံးဆောင်တဲ့ပစ္စည်းနဲ့ တန်းတူပစ္စည်းကို လှူတာ၊ ဒါက အလတ်စား။ အမြတ်စား ပဏ္ဍိတဒါနကျတော့ ဒီလို မဟုတ်ဘူး၊ မိမိ သုံးဆောင်တဲ့ ပစ္စည်းထက် သာလွန် ကောင်းမြတ်တာကိုမှ ရှာဖွေပြီး လှူတာမျိုး။

● အင်း၊ ဟုတ်တာပေါ့နော်၊ တချို့ကျတော့ ကိုယ် အလွန်မြတ်နိုး တန်ဖိုးထားတဲ့ ရွှေတွေ၊ စိန်တွေ၊ ကျောက်သံပတ္တမြားတွေကို လှူကြတာပဲနော်။

○ နောက်တစ်နည်းလည်း ခွဲပြသေးတယ်။

● ဟုတ်လား ဖေဖေ၊ ပြောပြပါဦး။

○ ဒါက (၁) ဒါသဒါန–အောက်တန်းစားကျွန် အလှူမျိုး။ (၂) သဟာယဒါန– မိတ်ဆွေ သူငယ်ချင်း တန်းတူထားပြီး လှူတဲ့အလှူ၊ မဇ္ဈိမဒါနမျိုးပေါ့။ (၃) သာမဒါန–ဒါက အရှင်သခင်ကို လှူတဲ့အလှူ၊ ပဏ္ဍိတဒါနမျိုးပေါ့၊ အထက်တန်း အလှူမျိုးလေ။ ဒါက ဝတ္ထု၊ ပစ္စည်း၊ အလှူခံ ပုဂ္ဂိုလ်ကို လိုက်ပြီး ခွဲပြတာ၊ တစ်နည်းအားဖြင့် ဒါနပြုတုန်းအခါမှာထားတဲ့ စိတ်ဆန္ဒ၊ လုံ့လ ဝီရိယ၊ သဒ္ဓါတရားတို့ ညံ့ရင် အဲဒါ ဟီနဒါန–အညံ့စားအလှူ ဖြစ်တယ်။ စိတ်ဆန္ဒ၊ လုံ့လ ဝီရိယ၊ သဒ္ဓါတရား ပုံမှန်ရှိရင် အဲဒါ အလတ်စား မဇ္ဈိမအလှူ ဖြစ်တယ်။ စိတ်ဆန္ဒ၊ လုံ့လဝီရိယ၊ သဒ္ဓါတို့ ထက်သန်ရင်တော့ အဲဒါ ပဏ္ဍိတ ဒါန၊ အမြတ်စားဒါန ဖြစ်တာပဲ သမီးရယ်။

● အင်း၊ သမီးတို့ ဗုဒ္ဓဘာသာ ဒါနကထာကလဲ အင်မတန် လေးနက်တာပဲနော်။

○ လှူတယ်ဆိုတာ စွန့်တာ၊ လောဘသတ်တာ၊ တဏှာသတ်တာ၊ ဥပါဒါန်ကို သတ်တာ။ လှူတယ်ဆိုတာ သူများကိစ္စ မဟုတ်ဘူး၊ ကိုယ့်ကိစ္စ။ ကိုယ်က ကိုယ့်ရဲ့ လောဘ တဏှာကို သတ်ပြီး တပ်မက်တာတွေကို စွန့်တာ၊ ဘယ်သူ့ အတွက် ဘာအကျိုး ရှိစေတော့ဆိုတာက တခြား၊ ဝိပဿနာဉာဏ်၊ သစ္စာဉာဏ်နှင့် ကြည့်ရင် ဒါနဆိုတာ ကံကိစ္စ၊ ဒိကံဟာလည်း ဖြစ်ပျက် အနိစ္စပဲ၊ ကိုယ်က စွန့်တာ သူများမှာ တဏှာဥပါဒါန် ဖြစ်လျှင်လည်း မကောင်းဘူး။ ဒါကို ကောင်းကောင်း နားလည်ရမယ်။

● နေပါဦး ဖေဖေ၊ ဒါန ပြုရာမှာ ကိုယ်ကျိုးကို မမျှော်လင့်ဘူး ဆိုတာတော့ ဟုတ်ပါပြီ။ သူတစ်ပါးမှာ မိမိ အလှူကြောင့် ချမ်းသာရပါစေ ဆိုတာကို ပဓာန မထားရဘူးလား။

○ ဒါနပြုတာ နှစ်မျိုး ရှိတယ်။ ပါရမီဒါနက တစ်မျိုး၊ သံသရာပြတ်ဖို့ လှူတဲ့ ဒါနက တစ်မျိုး။ 'သူတစ်ပါး ချမ်းသာရင် ပြီးရော' ဆိုတဲ့ စေတနာဟာ

http://www.dhammadownload.com



အလွန် မွန်မြတ်ပါတယ်။ ဒါဟာ အလောင်းတော်တို့ရဲ့ စိတ်ထားမျိုးပဲကွယ့်။ ဒါကတစ်မျိုး၊ အမှန်ကတော့ ပါရမီဒါနဟာ အမြတ်ဆုံးပါပဲ။ သို့သော် ဒါက လှူတိုင်းနှင့် မဆိုင်ဘူး၊ အလောင်းတော်တွေ ပြုတဲ့ ဒါနမျိုး၊ သမီးတို့၊ ဖေဖေတို့လို ပုထုဇဉ်တွေကျတော့ ဤဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်အတွက် အခြေခံဖြစ်ပါစေလို့ သဘောထားပြီး လှူရတယ်။ ဒါကတော့ မဇ္ဈိမဒါနမျိုးပေါ့၊ သတ္တဝါအားလုံး သံသရာက လွတ်မြောက်ပါစေ ဆိုပြီး အလောင်းတော်တွေ ဖြည့်ကျင့်တဲ့ ဒါနပါရမီ ကတော့ ပဏီတဒါနပေါ့။

- ● ဒါနနဲ့ ပတ်သက်ပြီး သမီး တော်တော် ကျယ်ကျယ်ပြန့်ပြန့် နံ့နံ့စပ်စပ် သိသွားပါပြီ ဖေဖေ။ ဒါနနဲ့ ပတ်သက်ပြီး ပြောစရာကျန်သေးလား ဖေဖေ။
- ○ ပြောစရာ အများကြီး ကျန်သေးတယ် သမီး။ ဒါနရဲ့ အကျိုးပေးသဘော ကိုလည်း အသေးစိတ် သိဦးမှ ဖြစ်မယ်။ ဒါကတော့ နောက်တစ်ခါကျမှ

ဖေဖေ ပြောပြမယ်နော်။

- ● ဟုတ်ကဲ့ ဖေဖေ။

❑

http://www.dhammadownload.com

# သရဏဂုံ သီလအဖွင့်

ဖေဖေသည် ကျွန်မကို ဗုဒ္ဓဘာသာ အခြေခံတရားများကို ကျကျနန သိစေချင်သော ဆန္ဒရှိဟန် တူပါသည်။ အမှန်မှာ ကျွန်မ တစ်ယောက်တည်းကိုသာမက မြန်မာဗုဒ္ဓဘာသာ လူငယ် လူရွယ်တွေ အားလုံးကို ဖေဖေက ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် တန်ဖိုးများကို သိစေချင်ပါသည်။ ထို့ကြောင့် မအားမလပ်သည့် ကြားကပင် ဖေဖေသည် အချိန်ယူပြီး ကျွန်မအား သွန်သင် ဆုံးမပါသည်။

○ သမီးရေ၊ ဘုရား ရှိခိုးပြီး သရဏဂုံနှင့် ငါးပါးသီလကို တောင်းတဲ့အခါ ဆိုတဲ့ ပါဠိတော်ကို ရတယ် မဟုတ်လား။

● ဟုတ်ကဲ့၊ ရပါတယ် ဖေဖေ။

○ ပါဠိတော်ကိုတော့ ရပြီထား၊ အဓိပ္ပာယ်ကိုကော သမီး ကောင်းကောင်း နားလည်ရဲ့လား။

● အမှန်ကို ဝန်ခံရရင်တော့ သမီး ကောင်းကောင်း နားမလည်ပါဘူး ဖေဖေ။

○ ကောင်းပြီ၊ နားမလည်ရင် ဖေဖေ ပြောပြမှာပေါ့။ ကဲ–သရဏဂုံ သီလ ဆောက်တည်မယ်ဆိုရင် သမီး ဘယ်လို ဆိုရသလဲ။

● အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေလို့ ဆိုပါတယ် ဖေဖေ။

○ ဟုတ်ပြီ။ ဒီပါဠိတော်ကို ဆိုတတ်ရုံနဲ့ မပြီးသေးဘူး၊ ဘာကို ဆိုလိုတယ်၊ မိမိက ဘာကို တောင်းဆိုနေတယ်ဆိုတာလည်း တိတိကျကျ နားလည်မှ ဖြစ်မယ်။ မဟုတ်ရင် ဖေဖေတို့ ငယ်ငယ်တုန်းကလို အဓိပ္ပာယ်ကို မသိ နားမလည်ဘဲနဲ့ အာရဗီ ဘာသာစကားနဲ့ ရေးထားတဲ့ ဘုရားရှိခိုး စာတွေကို ရွတ်ပြီး ဘုရားရှိခိုးခဲ့

http://www.dhammadownload.com



ရသလို ဖြစ်နေမယ်။ ပါဠိလို ဆိုတတ်သလို မြန်မာလိုလည်း အဓိပ္ပာယ်ကို ရှင်းရှင်းသိရမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ အဟံ ဘန္တေ ရဲ့ အဓိပ္ပာယ်ကို ရှင်းပြပါဦး။

○ ကောင်းပြီ ရှင်းပြမယ်။ ဘန္တေ ဆိုတာက အရှင်မြတ်ဘုရားလို့ တိုင်တည်တာ၊ အဟံ (အကျွန်ုပ်) ဘုရား တပည့်တော်သည်၊ တိသရဏေန သုံးပါးသော သရဏဂုံနှင့်၊ သဟ အတူတကွ၊ ပဉ္စသီလံ ငါးပါးသီလဟု ဆိုအပ်သော၊ ဓမ္မံ ကျင့်ဝတ်သိက္ခာပုဒ်ကို၊ ယာစာမိ တောင်းပန်ပါ၏၊ ဘန္တေ အရှင်မြတ်ဘုရား၊ မေ ဘုရားတပည့်တော်အား၊ အနုဂ္ဂဟံ ချီးမြှောက်ခြင်းကို၊ ကတွာ ပြုတော်မူ၍၊ သီလံ ကျင့်ဝတ်သိက္ခာပုဒ် သီလကို၊ ဒေထ ပေးသနားတော်မူပါ ဘုရားလို့ သရဏဂုံ သုံးပါးနှင့်တကွ သီလတော်မြတ်ကို ပေးပါ ဘုရားလို့ တောင်းပန်တာ။

● ဪ-ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး နားလည်ပါပြီ။

○ သမီးက နှစ်ကြိမ်မြောက် သုံးကြိမ်မြောက် ဒီလို သီလကို တောင်းတဲ့အခါ ဘုန်းကြီး ရဟန်းများက ဘယ်လို ပြန်ဆိုသလဲ။

● ယမဟံ ဝဒါမိ တံ ဝဒေထ လို့ ဆိုပါတယ် ဖေဖေ။

○ အဲဒါ ဘာကို ပြောတာလဲ သမီး။

● မပြောတတ်ပါဘူး ဖေဖေ။

○ အင်း၊ သမီးလိုပဲ လူငယ်တွေဟာ ဘာမှန်းမသိဘဲ မိဘ ဆရာသမားများက ဆို ဆိုတာနဲ့ ဆိုနေကြတာနဲ့ တူပါတယ်။ အဲဒီလို ဘာမှန်း မသိဘဲ လိုက်လုပ်နေကြတာဟာ မကောင်းဘူး၊ လောကီ လောကုတ္တရာ ဘယ်မှ မတိုးတက်နိုင်ဘူး၊ ဘာပဲလုပ်လုပ် သိပြီး လုပ်ရမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီးတို့ကတော့ မိရိုးဖလာ ဖြစ်နေလို့ပါ။ .

○ အေး၊ အဲဒီ မိရိုးဖလာဟာ ကြာတော့ ဘာမှန်း မသိဘဲ ယုံတယ်ဆိုတဲ့ Blind Faith ဖြစ်သွားနိုင်တယ်။ ဒါကို အချိန်မီ ပြုပြင်ရမယ်နော်။ ဖေဖေ ပြောမယ်၊ သမီး အနေနဲ့ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ်၊ မိမိကိုယ်တိုင် မသိ နားမလည်ဘဲနဲ့ ဘာကိုမှ လက်မခံနဲ့ ကြားလား။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ဗုဒ္ဓဘာသာဟာ Blind Faith မဟုတ်ဘူးလို့ ပြောတာတော့ ကြားဖူးပါတယ်။

○ မှန်တယ်။ ဗုဒ္ဓဘာသာဟာ ဆင်ခြင်တဲ့တရားနှင့် ယှဉ်တဲ့ ယုံကြည်သက်ဝင်မှုမျိုး **rational belif** လို့ ခေါ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်ချင်ရင် တရားကို ကိုယ်တိုင် သိမြင် နားလည်အောင် လုပ်ရမယ်။

http://www.dhammadownload.com



● သမီး သဘောပေါက်ပါပြီ ဖေဖေ။

○ သဘောပေါက်ရမယ်။ အဲဒါ အရေးကြီးတယ်။ စောစောက စကားကို ဆက်ကြရအောင်၊ 'ယမဟံ ဝဒါမိ တံဝဒေထ'ဆိုတဲ့ ဘုန်းကြီးက အကြင်စကားကို ငါ ဆိုမယ်၊ ငါဆိုတဲ့ စကားအတိုင်း လိုက်ဆိုကြလို့ ပြောတာ။

● ဪ-သမီးတို့က အဲဒါ ဆုပေးတဲ့ စကားလို့ မှတ်နေကြတာ။

○ ကဲ-ဒီတော့ လွဲချော် မကုန်ဘူးလား။

● လွဲကုန်တာပေါ့ ဖေဖေရယ်။ ငါ့နောက်က လိုက်ဆိုကြ ဆိုတာကို ဆုပေးတယ် ထင်တာ ရယ်စရာကြီး ဖြစ်နေတော့တာပေါ့။

○ အဲဒါ အခြေခံ မရှိခဲ့တာကို ပြတယ်၊ အောက်သက် မကျေခဲ့တာ၊ ကဲ-ဒါထားတော့၊ ဘုန်းကြီးက ယမဟံ ဝဒါမိ တံဝဒေထ လို့ ပြောတော့ သမီးတို့က ဘယ်လို ပြန်ဆိုသလဲ။

● အာမဘန္တေပါ အရှင်ဘုရားလို့ ဆိုပါတယ် ဖေဖေ။

○ အာမဘန္တေဆိုတာ ဘာလဲ အဓိပ္ပာယ်က။

● ဝန်ခံတာ မဟုတ်လား ဖေဖေ။

○ ဟုတ်တယ်၊ ဘန္တေ အရှင်ဘုရား၊ အာမ လိုက်ဆိုပါ့မယ်လို့ ဝန်ခံတာ။

● အင်း ခုမှ ရှင်းတော့တယ်။ ဒီကိစ္စဟာ မသိ နားမလည်ဘဲ လုပ်လာခဲ့တာ၊ ကြာပါပြီ။ ပြင်ပေးမယ့် လူလည်း မရှိ၊ ပြင်ရကောင်းမှန်းလည်း သတိမပြုခဲ့မိကြတဲ့ အမှားကြီးတစ်ခု ဖြစ်နေပါတယ် ဖေဖေ။ သမီးတော့ ဝမ်းသာလိုက်တာ ခုမှ အမှောင်ထဲက အလင်းထဲကို ရောက်သွားသလို နှလုံးရှင်းသွားပါတော့တယ်။

○ အင်း၊ ဒါထားတော့ နောက်ပြီး သီလ မယူခင် ဘာကို ဆိုရသလဲ။

● နမောတဿကို သုံးကြိမ် ဆိုရပါတယ် ဖေဖေ။

○ နမောတဿ ဘုရားရှိခိုးရဲ့ အဓိပ္ပာယ်ကိုတော့ သမီး သိမှာပါ။

● ဟုတ်ကဲ့ သိပါတယ် ဖေဖေ။ အရဟတော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်း အထူးကို ခံယူတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူပြီးသော၊ တဿ ဘဂဝတော ထိုမြတ်စွာဘုရားအား၊ နမော ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရားလို့ ပြောတာ မဟုတ်လား ဖေဖေ။

○ ဟုတ်တယ် သမီး။ ဒီလို မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ထုတ်ဖော်ရှိခိုးပြီးရင် ဘာကို ဆိုရသလဲ။

http://www.dhammadownload.com



● ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ သုံးကြိမ် ဆိုရပါတယ် ဖေဖေ။

○ အဓိပ္ပာယ်ကကော။

● ဗုဒ္ဓ မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ မှီဝဲဆည်းကပ်ပါ၏၊ ဓမ္မံ ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ မှီဝဲ ဆည်းကပ်ပါ၏၊ သံဃံ အရိယာ သံဃာတော်မြတ် ရှစ်ပါးအား၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ မှီဝဲဆည်းကပ်ပါ၏လို့ ဆိုတာ မဟုတ်လား ဖေဖေ။

○ ဟုတ်ပါတယ် သမီး၊ ဒီလို သမီးတို့က ဆိုလိုက်တဲ့အခါ ဆရာ ဘုန်းကြီးက ဘယ်လို ပြန်ပြောသလဲ။

● တိ သရဏ ဂမနံ ပရိပုဏ္ဏံ လို့ ဆိုပါတယ် ဖေဖေ။

○ အဲဒါ ဘာပြောတာလဲ။

● မသိပါဘူး ဖေဖေ။

○ တိ သရဏ ဂမနံ သုံးပါးသော သရဏဂုံကို မှီဝဲဆည်းကပ်ခြင်းသည်၊ ပရိပုဏ္ဏံ ပြည့်စုံပြီလားလို့ မေးတာ။

● သြော်–ဟုတ်လား ဖေဖေ၊ အဲဒီ အဓိပ္ပာယ်လို့ သမီးစိတ်ထဲ လုံးလုံးမထင် ခဲ့မိဘူး၊ ဆုပေးတယ်ချည်း ထင်နေခဲ့ ပါတယ်။

○ အဲဒါက သရဏဂုံ ပြည့်စုံပြီလားလို့ မေးတာ၊ ဒီလို မေးတော့ သမီးတို့က အာမ ဘန္တေလို့ မဆိုဘူးလား။

● ဆိုပါတယ် ဖေဖေ။

○ အဲဒါ ဝန်ခံတာ၊ ဘန္တေ အရှင်ဘုရား၊ အာမ ပြည့်စုံပါပြီလို့ ပြောတာ။

● အမှန် ပြောရရင်တော့ ခုမှပဲ ရှင်းတော့တာပဲ ဖေဖေရယ်။ ခု ပြန်စဉ်းစား ကြည့်တော့ သမီးတို့လည်း ဘာမှန်းမသိ ရမ်းတုတ်ရတ်တန်း ဆိုတာမျိုး ဖြစ်နေပြီနော်။ ဘာသာခြားတွေနှင့် တွေ့လို့များ အမေးခံရရင် ရှက်စရာ ကောင်း လိုက်မယ် ဖြစ်ခြင်း။ သရဏဂုံနှင့် ပြည့်စုံပြီလားလို့ ဆရာတော်ဘုရားက မေးတော့ သမီးတို့က ဟုတ်ကဲ့ ပြည့်စုံပါပြီ ဘုရားလို့ ဖြေလိုက်တာ ဘာမှန်းမသိဘဲ ဖြေလိုက် တော့ လိမ်သလို ညာသလိုများ ဖြစ်သွားမလား ဖေဖေ။

○ မဖြစ်ပါဘူး သမီးရဲ့၊ ဒါက လိမ်တာမှ မဟုတ်တာ၊ လိမ်တယ်ဆိုတာ သိလျက်နဲ့ မသိဘူးလို့ တမင်တကာ စေတနာဆိုးနဲ့ ပြောတာပဲ။ ဒီမှာ စေတနာဆိုး မပါ ပါဘူး၊ ဒါကြောင့် အကုသိုလ်လည်း မဖြစ်ဘူး၊ သို့သော် ဘာမှန်း

http://www.dhammadownload.com



မသိ ညာမှန်း မသိဘဲ ဖြေတော့ အကျိုး မရှိသလိုတော့ ဖြစ်တာပေါ့။ ခု သမီးလို သိလာတဲ့ အခါကျတော့ စိတ်ထဲ ရက်သလို သံဝေဂမျိုး ဖြစ်ရတာပေါ့ ဒါပါပဲ။

● ဟုတ်ပါတယ် ဖေဖေ၊ ခု သမီးတို့ သရဏဂုံပိုင်းကို ရောက်ပြီနော်။ အဲဒီ 'သရဏဂုံ'ဆိုတာကိုလည်း သမီး ကျယ်ကျယ်ပြန့်ပြန့် သိရအောင် ရှင်းပြပါဦး။

○ ဟုတ်ပါတယ်၊ မကြာခင်မှာ သမီး နိုင်ငံရပ်ခြား တိုင်းတစ်ပါးကို သွားတော့ မယ်။ ဟိုရောက်ရင် ဘာသာခြားတွေက သမီးတို့ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ အကြောင်းတွေကို မေးမှာပဲ၊ မေးတဲ့အခါ သမီးမှာ သူတို့ ကျေနပ်လောက်အောင် ဖြေဖို့အတွက် အဖြေတွေ ရှိရမယ်။ နိုင်ငံခြားသားတွေဆိုပြီး သူတို့က ဗုဒ္ဓဘာသာ အကြောင်းကို သိမှာမဟုတ်ဘူးလို့ မထင်နဲ့နော်၊ သူတို့က ကိုယ့်ထက် အများကြီး ပိုသိထားတာတွေ ရှိတယ်လို့ မှတ်၊ သူတို့မှာ သမီးကို မေးစရာ ကတ်သီးကတ်သတ် မေးခွန်းတွေ အများကြီးရှိတယ်။ ဥပမာ တစ်ခု ဖေဖေပြောပြမယ်၊ ခရစ်ယာန်ဘာသာမှာ Prayer (ပရေယာ)ဆိုတဲ့ ထာဝရ ဘုရားသခင်ကို ဝတ်ပြုပြီး ဆုတောင်း ပတ္ထနာ ပြုတဲ့ သဘော ရှိတယ်။ ဗုဒ္ဓဘာသာမှာတော့ အရှင်ဘုရား တပည့်တော်အား ချမ်းသာခွင့် ပေးသနားတော်မူပါ၊ နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်ပေးသနားတော် မူပါလို့ ဆုတောင်းလို့ မရဘူး၊ ဗုဒ္ဓဘာသာစစ်စစ်က ဘယ်လို ပတ္ထနာကိုမှ မပြုဘူး၊ ဘုရားထံမှာ ဆုတောင်းနေလည်း ဘုရားက ဘာမှ မပေးနိုင်ဘူး၊ ကိုယ်လုပ်တဲ့ ကံ ကံ၏ အကျိုးအတိုင်းပဲ ရတယ်လို့ ယုံကြည်တယ်။ ဒီသဘောရှိတာကို နိုင်ငံခြားသား တွေက သိတယ်။ သို့သော် မြန်မာပြည်ကို လာပြီးတော့ ရွှေတိဂုံ၊ ဆူးလေ စတဲ့ စေတီပုထိုးတွေ သွားပြီး လေ့လာကြတဲ့အခါ စေတီပုထိုးပတ်ဝန်းကျင်မှာ ဂြိုဟ်တိုင် တွေထား၊ ပန်းတွေ ရေတွေ ဆီမီးတွေ လှူပြီး အော်ကြီးဟစ်ကျယ်နဲ့ နိဗ္ဗာန်ဆော် လုပ်တဲ့လူက ဆုတောင်းပေးနေတာတွေကို တွေ့သွားတယ်။ ဒီအခါကျတော့ ဘယ့်နှယ်လဲ၊ ဗုဒ္ဓဘာသာက ဆုမတောင်းဘူးဆို ဆုတောင်းနေပါကလားလို့ ကောက်ချက်ချကြတယ်။ ဒီတော့ သမီး အနေနဲ့ နိုင်ငံရပ်ခြားကို ရောက်တဲ့အခါ သူတို့မေးတဲ့ မေးခွန်းတွေကို အလွယ်တကူ ဖြေနိုင်အောင် တော်တော် ကြိုးစားပြီး လေ့လာ သွားရလိမ့်မယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး လေ့လာ မှတ်သား သွားပါ့မယ်။ စောစောက သရဏဂုံ ကိစ္စကို ပြောပါဦး။

○ အေး ပြောမလို့ပဲ၊ သမီးကို သတိပေးချင်တဲ့ စကားက ပေါ်လာလို့ အရင် ပြောလိုက်တာ၊ သရဏဂုံ အကြောင်းကို သမီးအနေနဲ့ တော်တော်ကျယ်ကျယ် ပြန့်ပြန့် သိမှ ဖြစ်မယ်။ ဗုဒ္ဓဘာသာ ဥပါသကာ စစ်စစ်ဖြစ်ဖို့ဆိုရင် သရဏဂုံတည်သူ

http://www.dhammadownload.com



ဖြစ်ရမယ်။ သာမန်အားဖြင့်တော့ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်းကို သရဏဂုံလို့ ခေါ်တာပဲ သမီးရဲ့။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့အတွက် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်သွားတယ်။ အဲဒီလို သိမြင်တဲ့အတွက် သံသရာမှာ ဘေးအပေါင်း ရန်အပေါင်း ဝဋ္ဋဒုက္ခအပေါင်းမှ ကင်းဝေးပြီး ချမ်းသာစစ် ချမ်းသာမှန်ကို ရတယ်။ ဒါကြောင့် တကယ် ကိုးကွယ်ထိုက်တဲ့ မှန်မြတ်တဲ့ ကိုးကွယ်ရာတွေ ဖြစ်တယ်လို့ သက်ဝင် ယုံကြည်ပြီး စိတ်ချခံယူခြင်း သဘောကို သရဏဂုံလို့ ခေါ်တာပဲကွယ့်။ သရဏဂုံအကြောင်း အကျယ်ကို သိရအောင် သမီးအနေနဲ့ ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားတော်မူထားတဲ့ 'ဥပါသကာ ဂုဏ်ရည်နှင့် သရဏဂုံ တရားတော်'ဆိုတဲ့ စာအုပ်ကို ဖတ်နော်၊ ခု ဖေဖေကတော့ သရဏဂုံအကြောင်းကို အကျဉ်းချုပ်သဘောပဲ ပြောမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သပြေကန်ဆရာတော် ဘုရားကြီးကို သမီး အလွန် ကြည်ညိုပါတယ်။ အရင် ပရိတ်ကြီး နိဿယသစ်ကို ဖတ်ပြီးကတည်းက ဆရာတော်ကြီးကို သမီး ဘယ်လို ကြည်ညိုမှန်း မသိဘူး။

○ အေး၊ ပထမ သရဏနှင့် ဂမနကို ပေါင်းပြီး သရဏဂုံလို့ ပါဠိပျက် မြန်မာစကား လုပ်ပြီး ခေါ်ထားတာ၊ အဓိပ္ပာယ်ကတော့ တိသရဏဆိုတာ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်ကို တိသရဏ (သရဏသုံးပါး)ပေါ့။ ဒါဖြင့် သရဏဆိုတာ ဘာတုန်းလို့ မမေးရဘူးလား။

● မေးရမှာပါ ဖေဖေ။

○ အေး မေးရမယ်။ သရဏဆိုတာ သရတိ ဟိံသတီတိ သရဏံ၊ အဓိပ္ပာယ် ကတော့ သရတိ ဟိံ သတိ ဖျက်ဆီးပယ်ပျောက်တတ်၏၊ ဣတိ ထို့ကြောင့်၊ သရဏံ သရဏ မည်၏လို့ ဖွင့်တယ်။ လိုရင်းကတော့ ဘုရား၊ တရား၊ သံဃာဟာ ဘေးအပေါင်း ရန်အပေါင်း ဝဋ္ဋဒုက္ခအပေါင်း ကြောက်ရွံ့ခြင်းအပေါင်းကို ဖျက်ဆီး ကာကွယ်တတ်တဲ့ တရား ဖြစ်တယ်၊ ဒါကြောင့် သရဏ မည်တယ်။ အကျဉ်းကတော့ ဘုရား၊ တရား၊ သံဃာကို သရဏလို့ ခေါ်တယ်။ ဂမန ဆိုတာကတော့ ကိုးကွယ် ဆည်းကပ်ခြင်း သဘောကို ဟောတာ၊ ဒီမှာ ပိုပြီး လေးနက်အောင် ဗုဒ္ဓဘာသာရဲ့ သဘောကို သမီး သိအောင် ပြောရရင် သရဏဆိုတဲ့ ဘုရား၊ တရား၊ သံဃာဟာ ကြောက်တဲ့စိတ်၊ သံသရာ ဝဋ္ဋဒုက္ခ ဘေးရန်တွေကို ဖျက်ဆီးတယ်ဆိုလို့ ဘုရား၊ တရား၊ သံဃာက ယုံကြည်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကို ကယ်တင်တယ်ဆိုတဲ့ အတွေးကို

http://www.dhammadownload.com



မတွေးရဘူး။ ဗုဒ္ဓဘာသာမှာ ကယ်တင်ခြင်း ဝါဒမျိုး လုံးဝ မရှိဘူး၊ သတ္တဝါဟာ သူ့ကိုယ်သူသာ ကယ်နိုင်တယ်၊ သူ့ကို ဘယ်ဘုရားမှ မကယ်နိုင်ဘူး၊ တရားလည်း မကယ်နိုင်ဘူး၊ သံဃာကလည်း မကယ်နိုင်ဘူး။ ဘုရား၊ တရား၊ သံဃာကို ယုံကြည် ကိုးကွယ် ဆည်းကပ်တဲ့အခါ ကိုးကွယ် ဆည်းကပ်သူမှာ ကုသိုလ်စိတ် ဖြစ်တယ်။ အဲဒီ ကုသိုလ်စိတ်ကသာ သူ့ကို အပါယ်ဘေးက လွတ်အောင်၊ အပါယ်တံခါး ပိတ်အောင် ဆောင်ယူနိုင်တယ်။ အဲဒီကုသိုလ်စိတ်ကိုပဲ သရဏဂုံလို့ ခေါ်တာ သမီးရဲ့။

● ရှင်းလိုက်တာ ဖေဖေရယ်၊ လေးနက်လိုက်တာ၊ သမီးဖြင့် နက်နဲလွန်းတဲ့ ဒီတရားကို အံ့သြလို့လည်း မဆုံးပါဘူး။ ဒီနေရာမှာ သမီး မေးပါရစေဦး ဖေဖေ။

○ အေး၊ မေးစမ်းကွယ်။

● သရဏဂုံဆိုတာ ကုသိုလ်စိတ်၊ ကုသိုလ်စေတသိက်တွေကို ဆိုတာဆိုတော့ ကိုယ့်စိတ်က ယုံကြည်လို့ ကိုးကွယ်တာတို့၊ အားကိုးလို့ ကိုးကွယ်တာတို့ကို ကော သရဏဂုံလို့ သတ်မှတ် ရမှာလား ဖေဖေ။

○ အေး ဒီမေးခွန်း သိပ် အရေးကြီးတယ်၊ ကိုးကွယ်တယ်ဆိုတိုင်း သရဏဂုံ မဖြစ်ဘူး သမီး။ စောစောက ဖေဖေ ပြောခဲ့သလို ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာလို့ မှတ်ယူလို့ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ်၊ သဒ္ဓါပညာ ပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ်ကိုသာ သရဏဂုံလို့ ခေါ်ရတယ်။ သဒ္ဓါပညာနဲ့ မယှဉ်တဲ့ ကုသိုလ် မဟုတ်တဲ့ စိတ်နဲ့ ကိုးကွယ်တာမျိုးကို သရဏဂုံလို့ မခေါ်ဘူး။ ဥပမာ အဇာတသတ် မင်းသားကို အထင်ကြီးအောင် တန်ခိုးပြပြီး စည်းရုံးခဲ့လို့ ပညာမရှိ သဒ္ဓါမရှိဘဲနဲ့ အဇာတသတ်က ဒေဝဒတ်ကို ကြောက်လို့ အထင်ကြီးလို့ ဆရာတင် ကိုးကွယ်တာ ကြားဖူးမှာပေါ့။

● ကြားဖူးပါတယ် ဖေဖေ။

○ အေး အဲဒါ သရဏဂုံ မဟုတ်ဘူး၊ ဒီလောက်ဆို သရဏဂုံရဲ့ သဘောကို ရိပ်စားမိလောက်ပြီ။ ခု သရဏဂုံ အမျိုးမျိုးရှိတဲ့ အကြောင်းကို ဖေဖေ အကျဉ်းလောက် ပြောဦးမယ်။

● ဟုတ်ကဲ့ ဖေဖေ၊ ပြောပါဦး။

○ ဖေဖေတို့ သာသနာတော်မှာ အစကနဦး ရဟန်းသံဃာ အဖွဲ့အစည်း မပေါ်ပေါက်ခင်က သရဏဂုံနှစ်ပါးပဲ ရှိသေးတယ်။ ဥပမာ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင် ခံယူဆောက်တည်ခဲ့တဲ့ သရဏဂုံမျိုး၊ အဲဒါ ဒွေဝါစိက

http://www.dhammadownload.com



သရဏဂုံ ခေါ်တယ်။ ဘုရားနှင့်တရား အပေါ်မှာသာ ယုံကြည်ကိုးကွယ် ဆည်းကပ်တာ၊ နောက် သံဃာ ပေါ်လာတော့မှ တေဝါစိက သရဏဂုံ ဖြစ်လာတယ်။ ဒါက သမိုင်းကြောင်းအရ ပြောတာ၊ တစ်နည်းအားဖြင့် သဘောတရားအရ ပြောရင် သရဏဂုံကို လောကီ သရဏဂုံ၊ လောကုတ္တရာ သရဏဂုံလို့ နှစ်မျိုးခွဲနိုင်သေးတယ်။

● ခု သမီးတို့ ခံယူ ဆောက်တည်နေကြတာ လောကီ သရဏဂုံလား၊ လောကုတ္တရာ သရဏဂုံလား ဖေဖေ။

○ ဒါက လောကီသရဏဂုံ သမီးရဲ့။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ် စတဲ့ မဂ်ဋ္ဌ တည်သော ပုဂ္ဂိုလ် လေးပါးတို့ရဲ့ စိတ္တုပ္ပါဒ် (လောကုတ္တရာစိတ်)ကိုသာ လောကုတ္တရာ သရဏဂုံလို့ ခေါ်ရတယ်။ လောကုတ္တရာ သရဏဂုံကတော့ တစ်မျိုးတည်းပဲ ရှိတယ်၊ နောက်တစ်မျိုး မရှိတော့ဘူး။

● လောကီ သရဏဂုံကကော ဖေဖေ။

○ လောကီ သရဏဂုံကတော့ လေးမျိုးလေးစားတောင် ရှိတယ်။

● ဟုတ်လား ဖေဖေ ပြောပါဦး။

○ (၁) သမဒါန သရဏဂုံတဲ့၊ (၂) သိဿဘာဂ ဂမန သရဏဂုံတဲ့၊ (၃) တပ္ပဏာ သရဏဂုံ၊ (၄) အတ္တသန္နိယျာတန သရဏဂုံဆိုပြီး လေးမျိုးရှိတယ်

● ရှင်းပြပါဦး ဖေဖေ။

○ ရှင်းပြမယ်၊ သမဒါန သရဏဂုံဆိုတာက ဆောက်တည်ခြင်းအားဖြင့် ဖြစ်တဲ့ သရဏဂုံကို ခေါ်တာ။ ခု သမီးတို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုပြီး ဆောက်တည်ရတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ အေး၊ အဲဒါကို သမဒါန သရဏဂုံ ခေါ်တာပဲကွယ်။

● သိဿဘာဂ ဂမန သရဏဂုံ ဆိုတာကကော ဖေဖေ။

○ တပည့်အဖြစ် ခံယူတာ၊ မြတ်စွာဘုရားဆီမှာ ရှင်မဟာကဿပကြီးက တပည့်တော်ဟာ အရှင်ဘုရားရဲ့ တပည့်ပါ၊ အရှင်ဘုရားသည်လည်း တပည့်တော်ရဲ့ ဆရာပါလို့ ဝန်ခံတာ၊ သိဿဘာဂ ဂမန သရဏဂုံ ခေါ်တယ်။

● သမီး ခုမှ ဒါတွေကို သိပါတယ် ဖေဖေ။ နောက် တပ္ပဏာ သရဏဂုံ ဆိုတာကကော ဖေဖေ။

○ ဗြဟ္မာယုဆိုတဲ့ ပုဏ္ဏားအိုကြီးဟာ မြတ်စွာဘုရားနဲ့ တွေ့တော့ နမောတဿ သုံးကြိမ်ဆိုပြီး ရှိခိုးတယ်၊ အဲဒီလို ရှိခိုးပြီး ဆည်းကပ် ကိုးကွယ်တာကိုလည်း

http://www.dhammadownload.com



သရဏဂုံ ခေါ်ရတယ်၊ ဒါကိုတော့ တပွေဟာ သရဏဂုံလို့ ခေါ်တယ်။ စတုတ္ထကတော့ အတ္တသန္နိယျာတန သရဏဂုံ၊ ဒါက မိမိကိုယ်ကို ရတနာသုံးပါးအား စွန့်လွှတ်လှူဒါန်းတာ၊ တရားအားထုတ်ခါနီးမှာ ယောဂီပုဂ္ဂိုလ်ဟာ မိမိရဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို တရားအား စွန့်လှူတာမျိုးကို ခေါ်တာပဲ သမီးရဲ့။

● ကျေးဇူးကြီးလိုက်တာ ဖေဖေရယ်။ သာဓု၊ သာဓု၊ သာဓု။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# ဥပုသ် အမျိုးမျိုး

● ဒီနေ့ သမီးမွေးနေ့လေ ဖေဖေ၊ ဒီနေ့ဟာ ဥပုသ်နေ့လည်း ကျတယ်။ သမီး သက်သတ်လွတ် စားပြီး ဥပုသ် စောင့်မယ်။

○ နေပါဦး သမီးရဲ့၊ သမီးရဲ့ ရည်ရွယ်ချက်ကို ပြောပါဦး။

● မွေးနေ့မှာ မေတ္တာစိတ်နှင့် ယှဉ်ပြီး နေမယ်၊ ဥပုသ် စောင့်မယ်၊ ကုသိုလ် ကောင်းမှု ပြုချင်တဲ့ သဘောပါပဲ ဖေဖေ။

○ ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်။ ဒါပေမဲ့ သမီးအနေနဲ့ ဥပုသ်ရဲ့ အဓိပ္ပာယ်၊ ဥပုသ် ဘယ်နှစ်မျိုး ရှိတယ်ဆိုတယ်ကိုကော သိရဲ့လား။

● အမှန်ကို ဝန်ခံရရင်တော့ ဥပုသ်စောင့်တယ်ဆိုတာ ညစာ မစားဘဲ နေမယ်၊ ရှစ်ပါးသီလ စောင့်ထိန်းတယ်၊ အိမ်ထောင်ရှင်များမှာ အဗြဟ္မ စရိယအကျင့်ကို ရှောင်ကြဉ်ရတယ်။ သမီး ဒါလောက်ပဲ သိပါတယ် ဖေဖေ။

○ မှန်တယ်၊ သမီးပြောတဲ့ အထဲမှာ ဥပုသ်ရဲ့ သဘောအဓိပ္ပာယ် အနည်းအကျဉ်းတော့ ပါတယ်။ အဓိကကတော့ ကုသိုလ်ရချင်လို့ ဥပုသ်စောင့်တယ်ဆိုတာက ထင်ရှားတယ်။ သို့သော် ဥပုသ်စောင့်တိုင်း ကုသိုလ်ရမယ်လို့တော့ မထင်နဲ့၊ ဥပုသ် စောင့်ပြီး ကုသိုလ် ရအောင် မနေတတ်ရင် ကုသိုလ် မရဘူး။ ဒါကြောင့် မြတ်စွာဘုရားက ပုဗ္ဗာရုံ ကျောင်းအမကြီး ဝိသာခါကို ဟောကြားတော်မူခဲ့တဲ့ လူ့ဝတ်ကြောင်တွေ ပြုတဲ့ ဥပုသ်သုံးမျိုး အကြောင်းကို ဖေဖေ ပြောပြမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး မကြားဖူးပါဘူး၊ ပြောပြပါဦး။

○ အဲဒါကို မပြောခင် သမီးပြောတဲ့ စကားထဲမှာ ဥပုသ်နေ့ ဆိုတာ ပါတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

http://www.dhammadownload.com



○ အေး၊ အဲဒီ ယဉ်ကျေးမှုအကြောင်းကို နည်းနည်း ပြောဦးမယ်။

● ဟုတ်ကဲ့၊ ပြောပါ ဖေဖေ။

○ အမှန်ကတော့ ဥပုသ်ပြုတာဟာ လူမှာလည်း ရှိတယ်၊ သံဃာမှာလည်း ရှိတယ်၊ မြန်မာပြက္ခဒိန်မှာ လပြည့် လကွယ်၊ ဆန်းရှစ်ရက် ဆုတ်ရှစ်ရက်တွေကို ဥပုသ်နေ့တွေလို့ အများအားဖြင့် သတ်မှတ်ထားကြတယ်။ ရဟန်း သံဃာတော်များမှာလည်း ၁၅ ရက်ပြု ဥပုသ်၊ ၁၄ ရက်ပြု ဥပုသ်ဆိုပြီး ရှိတယ်။ လူပြုတဲ့ ဥပုသ်နဲ့ ရဟန်းပြုတဲ့ ဥပုသ်က မတူဘူး၊ ရဟန်းတော်များမှာတော့ ဥပုသ်ပြုပုံ သတ်မှတ်ချက်တွေ များတယ်၊ ပါတိမောက်ကို ရွတ်ပြီး သိမ်ကို သွားပြီး ဥပုသ် ပြုတော်မူကြရတယ်။ လူမှာတော့ ဒီလို မဟုတ်ဘူး၊ ရဟန်းတော် တစ်ပါးပါးထံမှာ ရှစ်ပါးသီလ၊ ကိုးပါးသီလ ခံယူပြီး ဥပုသ်သီလကို ဆောက်တည်တာပဲလေ။

● ပုဗ္ဗာရုံ ကျောင်းအမကြီးကို ဟောကြားတော်မူခဲ့တဲ့ ဥပုသ်သုံးမျိုးအကြောင်းကို ပြောပါဦး ဖေဖေ။

○ အေး၊ အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်အနီးမှာ ဝိသာခါ ကျောင်းအမကြီး လှူထားတဲ့ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံး နေတော်မူတယ်။ အဲဒီအချိန် ဥပုသ်နေ့ တစ်နေ့မှာ ဝိသာခါ ကျောင်းအမကြီးက ပန်းများ လှူဖွယ် ဝတ္ထုများကို ယူဆောင်ပြီး မြတ်စွာဘုရားထံတော်ကို ရောက်လာတယ်၊ ဒီအခါ မြတ်စွာဘုရားက 'ဝိသာခါ နေမြင့်မှ ဘာကိစ္စ လာတာလဲ'လို့ မေးမြန်းတော်မူတယ်။

ဝိသာခါက 'ယနေ့ ဥပုသ်နေ့ဖြစ်လို့ တပည့်တော်မ ဥပုသ်စောင့် လာပါတယ် ဘုရား'လို့ လျှောက်တယ်။ အဲဒီတင် မြတ်စွာဘုရားက ဝိသာခါကို 'ဥပုသ်က သုံးမျိုး ရှိတယ်'ဆိုတဲ့ စကား အစချီပြီး ဥပုသ်သုံးမျိုး အကြောင်းကို ရှင်းလင်း ဟောကြားတော်မူခဲ့တယ်။

● ဥပုသ် သုံးမျိုးအကြောင်းကို ရှင်းပြပါဦး ဖေဖေ။

○ မြတ်စွာဘုရားက ဝိသာခါကို ဥပုသ်ဆိုတာ ဘာသာတိုင်းမှာ ရှိတယ်၊ ဥပုသ်စောင့်တိုင်း မမြတ်ဘူး၊ မြတ်တဲ့ ဥပုသ်ကို စောင့်မှ မြတ်တယ်။ တိတ္ထိ တက္ကဒွန်းတွေမှာလည်း ဥပုသ်ဆိုတာ ရှိတယ်၊ နိဂဏ္ဌာ ဥပုသ်လို့ ခေါ်တယ်။ နောက် မမြတ်တဲ့ ဥပုသ်တစ်မျိုး ရှိသေးတယ်၊ မြန်မာလို ပြန်ရင်တော့ နွားကျောင်းသား ဥပုသ်လို့ ခေါ်တယ်၊ ပါဠိလိုတော့ ဂေါပါလ ဥပုသ်တဲ့။ နောက်တစ်မျိုးကတော့ မြတ်သောဥပုသ်ပေါ့၊ ပါဠိလို အရိယဥပုသ်လို့ ခေါ်တယ်။

● နိဂဏ္ဌာဆိုတာ ဘယ်လိုလဲ၊ ဂေါပါလဥပုသ်ဆိုတာ ဘယ်လိုလဲ၊ အရိယဥပုသ် ဆိုတာ ဘယ်လိုလဲ သမီး နားလည်အောင် ရှင်းပြပါဦး။

http://www.dhammadownload.com



○ ကောင်းပြီ ရှင်းပြမယ်၊ သမီးလည်း ကြားဖူးမှာပေါ့။ တခြား ဘာသာဝင်တွေမှာလည်း ဥပုသ်လဆိုတာ ရှိတယ်၊ တစ်လလုံး ရေတောင်မသောက်ဘဲ ဥပုသ်စောင့်ကြတယ်။ မြတ်စွာဘုရား လက်ထက်တုန်းကလည်း တိတ္ထိတွေဟာ သူ့နည်းနှင့်သူ ဥပုသ်စောင့်ခဲ့ကြဟန် တူပါတယ်။ အဲဒီလို တိတ္ထိတွေ ညွှန်ပြတဲ့နည်းနဲ့ စောင့်ထိန်းတဲ့ ဥပုသ်ကို နိဂဏ္ဌဥပုသ်လို့ ခေါ်တယ်။

● ဂေါပါလ ဥပုသ်ဆိုတာကကော ဖေဖေ။

○ ဂေါပါလ ဥပုသ်ဆိုတာ နွားကျောင်းသား စဉ်းစားသလို တောင်တွေးမြောက်တွေးတွေနှင့် အချိန်ကုန်ခံတဲ့ ဥပုသ်ကို ဆိုလိုတယ်။ နွားကျောင်းသားများဟာ နေ့အခါ နွားတွေကို ဘယ်စားကျက်မှာ ကျောင်းခဲ့တယ်၊ ဘယ်ချောင်းမှာ ရေတိုက်ခဲ့တာတွေကို ညအခါမှာ ပြန်စဉ်းစားတယ်။ နောက်နေ့ကျရင် ဘယ်စားကျက်မှာ ကျောင်းမယ်၊ ဘယ်ချောင်း ဘယ်ကန်မှာ ရေသောက်စေမယ်လို့ ကြောင့်ကြစိုက် စဉ်းစားကြသလို ဥပုသ်သည်ဟာ စားရေး သောက်ရေးတွေ၊ နေရေးထိုင်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးတွေ၊ နိုင်ငံရေးတွေကို စဉ်းစားနေမယ်ဆိုရင် အဲဒါ ဥပုသ် စောင့်သော်လည်း မမြတ်ဘူး၊ နွားကျောင်းသား ဥပုသ်ဖြစ်တယ်လို့ မြတ်ဘုရားက ဝိသာခါကို ဟောတော်မူတယ်။

● ဒါဆိုရင်တော့ ခုခေတ် ဥပုသ်သည်တွေဟာ ဂေါပါလဥပုသ် ဖြစ်ဖို့က များတာပဲနော် ဖေဖေ၊ ဒါဆို မြတ်တဲ့ဥပုသ်ဖြစ်အောင် ဘယ်လို စောင့်ရမလဲ ပြောပါဦး ဖေဖေ။

○ ဘုရားကတော့ အရိယဥပုသ်ကို အမြတ်ဆုံးထားပြီး ဟောတော်မူတယ်၊ ဥပုသ်စောင့်တယ်ဆိုတာ စားချင်တဲ့စိတ်၊ လောဘ တဏှာ ကိလေသာစိတ်တွေကို လျော့နည်းအောင် စင်ကြယ်အောင် ကြိုးစားအားထုတ်တဲ့ ကျင့်စဉ်တစ်ရပ်ပဲ သမီးရဲ့။ အဲဒီလို လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စိတ်ရဲ့ အညစ်အကြေးတွေကို စင်ကြယ်အောင် အားထုတ်မှသာ အဲဒီ ဥပုသ်ဟာ မြတ်တဲ့ဥပုသ် ဖြစ်တယ်လို့ ဘုရားက ညွှန်ပြတော် မူတယ်လေ။

ဒီမှာ မေးစရာ ရှိတယ်၊ မြတ်သောဥပုသ် ဖြစ်အောင် ဘယ်လို လုပ်ရမလဲပေါ့၊ ဒါနဲ့ ပတ်သက်ပြီး ဘုရားက ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါကို အရိယဥပုသ်ဆိုတာ ခြောက်မျိုး ရှိကြောင်းကိုလည်း အကျယ် ဟောတော်မူခဲ့သေးတယ်။

● သမီးကတော့ ဗုဒ္ဓဘာသာလို့သာ နာမည်ခံတယ်၊ ဒီဥပုသ်အကြောင်းတွေကို လုံးလုံး မသိပါဘူး၊ ခု ဖေဖေ ပြောပြမှပဲ ကြားဖူးပါတော့တယ်။ သမီးလိုပဲ ဗုဒ္ဓဘာသာဝင်တိုင်းလည်း ဒါတွေကို သိကြပါ့မလားနော်။

http://www.dhammadownload.com



○ ကြားဖူးသူလည်း ရှိမယ်၊ မကြားဖူးသူလည်း ရှိမှာပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ် သမီးအနေနဲ့တော့ မှတ်သားထားရမယ်၊ ဒါမှ ဥပုသ်စောင့်တာ အဓိပ္ပာယ် အနှစ်သာရနဲ့ ပြည့်စုံမယ်၊ မြတ်သောအကျင့်ကို ကျင့်ရာ မည်လိမ့်မယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး မှတ်သားပါ့မယ်၊ ပြောပါ ဖေဖေ။

○ အရိယာဥပုသ်ကို ခြောက်မျိုး ပြတယ်။ (၁) ဗြဟ္မာ့ ဥပုသ်၊ (၂) ဓမ္မ ဥပုသ်၊ (၃) သံဃာ့ ဥပုသ်၊ (၄) သီလ ဥပုသ်၊ (၅) နတ် ဥပုသ်၊ (၆) အင်္ဂုတ္တိက ဥပုသ်တဲ့။

● တစ်ခုစီ ရှင်းပြပါဦး ဖေဖေ။

○ ကောင်းပြီ သမီး မှတ်ထားပါ။ (၁) ဗြဟ္မာ့ဥပုသ်ဆိုတာက ဗြဟ္မာဆိုတာ ဒီမှာ ဘုရားကို ရည်ညွှန်းတာ၊ အရဟံ စတဲ့ ဘုရားရဲ့ ဂုဏ်တော်တွေကို ဆင်ခြင် နှလုံးသွင်းပြီး စောင့်တဲ့ဥပုသ်ကို ဗြဟ္မာ့ဥပုသ်လို့ ခေါ်တယ်။

● ဒါဆို သမီးစောင့်တဲ့ ဥပုသ်ဟာ ဗြဟ္မာ့ဥပုသ် ဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးက ဂုဏ်တော်ကို ပုတီးစိပ်နေတာလေ။

○ အေး၊ ဥပုသ်စောင့်တဲ့ အချိန်မှာ အဲဒီလို ဘုရားဂုဏ်တော်ကို နှလုံးသွင်း ဆင်ခြင်ပြီး စိတ် တည်ငြိမ်အောင်၊ သမာဓိ ရအောင် အားထုတ်နေရမယ်၊ ဒါမှ စိတ်ရဲ့ အညစ်အကြေးတွေ စင်ကြယ်မှာပေါ့။

● ဓမ္မဥပုသ် ဆိုတာကကော ဖေဖေ။

○ ဓမ္မဥပုသ် ဆိုတာက မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဂုဏ်တော်တွေ၊ ဥပမာ သွာက္ခာတဂုဏ် စတဲ့ ဂုဏ်တော်တွေကို ဆင်ခြင် နှလုံးသွင်းပြီး စောင့်တဲ့ ဥပုသ်ကို ဆိုလိုတာပဲ သမီးရဲ့။ တရားဂုဏ်တော်တွေကို နှလုံးသွင်းပြီး စောင့်တဲ့ဥပုသ်ကို ဓမ္မဥပုသ်လို့ ခေါ်တယ်။

● ဒါဆိုရင် သံဃာ့ဂုဏ်တော်တွေကို နှလုံးသွင်း ဆင်ခြင်ပြီး စောင့်တဲ့ ဥပုသ်ကို သံဃာ့ဥပုသ် ခေါ်တာလား ဖေဖေ။

○ အေး၊ သမီးက အကင်းပါးသားပဲ။ သုပ္ပဋိပန္နော စတဲ့ သံဃာ့ဂုဏ်တော်တွေ ရှိတယ်။ အဲဒီဂုဏ်တော်တွေကို နှလုံးသွင်း ဆင်ခြင်ပြီး စောင့်တဲ့ ဥပုသ်ကို သံဃာ့ဥပုသ်လို့ ခေါ်တယ်။

● သီလဥပုသ် ဆိုတာကကော၊ ဥပုသ်စောင့်တာဟာ သီလကို ဆောက်တည် နေတာပဲ မဟုတ်လား ဖေဖေ။

http://www.dhammadownload.com



○ သီလကို ဆောက်တည်တာ မှန်ပါတယ်။ သို့သော်လည်း နှလုံးသွင်းမှုက လိုသေးတယ်၊ မိမိဟာ မပြောက်မကျား၊ မစွန်းမထင်းဘဲ စင်ကြယ်တဲ့ သီလကို ဆောက်တည်နေတယ်လို့ ကိုယ့်သီလကို နှလုံးသွင်း ဆင်ခြင်နေတာကို သီလဥပုသ်လို့ ခေါ်တယ်။

● နတ်ဥပုသ်ဆိုတာ ဘာလဲ ဖေဖေ။

○ ဒေဝဥပုသ်ကို ပြောတာ၊ နတ်တို့ဟာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရိ၊ ဩတ္တပ္ပ၊ ပညာ ဆိုတဲ့ သူတော်ကောင်း တရားတွေကြောင့် နတ်ပြည်ကို ရောက်ကြရတာလေ။ မိမိမှာလည်း ဒီလို သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ တရားများ၊ ကုသိုလ်တရားများ ရှိတာပဲလို့ ဆင်ခြင် နှလုံးသွင်း နေတာကို ဒေဝဥပုသ်လို့ ဆိုလိုတယ်။

● အဠင်္ဂိက ဥပုသ်ဆိုတာကကော ဖေဖေ။

○ လောကမှာ ရဟန္တာအရှင်မြတ်များဟာ အသက်ထက်ဆုံး သတ္တဝါတို့ရဲ့ အသက်ကို မသတ်ဘူး၊ အဲဒီလိုပဲ မိမိလည်း မသတ်ဘူးလို့ အရှင်မြတ်များကို အတုယူပြီး သိက္ခာပုဒ်ရှစ်ပါးကို စောင့်ထိန်းတာကို အဠင်္ဂိက ဥပုသ်လို့ ခေါ်တယ်။

● သမီး နားရှင်းပါပြီ ဖေဖေ၊ အမှန်တော့ နှလုံးသွင်း အရေးကြီးတာပေါ့နော် ဖေဖေ။

○ မှန်တယ် သမီး၊ နှလုံးသွင်း မမှန်ရင် အစာငတ်ခံပြီး ဥပုသ်စောင့်တာဟာ အကျိုး မများနိုင်ဘူး၊ ဒါကြောင့် ဘယ်အလုပ်ပဲလုပ်လုပ် ကုသိုလ်ဖြစ်အောင် အကျိုးများအောင် လုပ်ကြတဲ့အခါ နှလုံးသွင်းဆင်ခြင်ပုံဟာ သိပ်အရေးကြီးတယ်နော်၊ နှလုံးသွင်း မှားရင် အပြုအမူတွေအားလုံး မှားတော့တာပဲ။ ဥပုသ်စောင့်တယ်ဆိုတာ အစာငတ် ခံရုံနဲ့ မပြီးဘူး၊ စိတ်ကို စင်ကြယ်အောင်လုပ်ဖို့၊ နှလုံးသွင်း မမှားဖို့လည်း အလွန် အရေးကြီးတယ်ကွယ်။ နောက်ပြီး ဆယ်ပါးသီလကို ခံယူဆောက်တည်တဲ့ ဥပုသ်၊ ရှစ်ပါးသီလ၊ ကိုးပါး(နဝင်္ဂ)သီလကို ခံယူဆောက်တည်တဲ့ ဥပုသ်တွေလည်း ရှိတယ်။ ဒါတွေကိုတော့ သမီး ကြားဖူးနေတာပဲ။

● ကြားဖူးပါတယ် ဖေဖေ။

○ အေး၊ ငါးပါးသီလထဲမှာ 'ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ'ကို ထပ်ထည့်ရင် ကေဘတ္တိက ဆက္ကသီလ ဖြစ်တယ်၊ ဒီလို ခြောက်ပါးသီလ ခံယူပြီးလည်း ဥပုသ် ပြုနိုင်တယ်။

http://www.dhammadownload.com



● ခု ပြောပြတာတွေက လူ့ဝတ်ကြောင်တွေနှင့်ဆိုင်တဲ့ ဥပုသ်တွေနော် ဖေဖေ။

○ ဟုတ်တယ်၊ သံဃာတော်တွေပြုတဲ့ ဥပုသ်က သိမ်ကိုသွားပြီး ရဟန်းနှစ်ပါး၊ သုံးပါး၊ လေးပါး၊ ငါးပါး စသည်အားဖြင့် ပါတိမောက်ကို ရွတ်ဖတ်ပြီး ဥပုသ်ပြုတာမျိုး၊ လူတွေရဲ့ ဥပုသ်ပြုပုံနှင့်တော့ မဆိုင်ဘူး။

● ဒီလောက် သိရတာ ကျေးဇူးကြီးပါတယ် ဖေဖေ။

○ သာဓု သာဓု သာဓု။

❑

http://www.dhammadownload.com

# ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွင့်

## ပုညကြိယာဝတ္ထုဆယ်ပါး

မွေးကတည်းက ဗုဒ္ဓဘာသာဖြစ်လာသူ ဖြစ်ပါလျက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ အကြောင်းကို ကျွန်မ ကောင်းကောင်း မသိသောအရာတွေ အများကြီး ဖြစ်နေပါသည်။ ဆရာသမား လူကြီးမိဘများက ပုညကြိယာဆယ်ပါးရှိသည်ဟု မကြာခဏ ပြောသံကြားဖူးသော်လည်း ထိုဆယ်ပါးကို ပြည့်ပြည့်စုံစုံ ကျွန်မ မသိပါ။ ကျွန်မ မသိဟု ဆိုခြင်းမှာ ပုညကြိယာဆယ်ပါးကို ဆယ်ပါးပြည့်အောင် မရွတ်တတ်ခြင်း တစ်ရပ်၊ ရွတ်တတ်ပြန်သော်လည်း အဓိပ္ပာယ်ကို တိတိကျကျ မသိခြင်းလည်းတစ်ရပ် ဖြစ်ပါသည်။

တစ်ခါကမူ ကမ္ဘာအေးတွင် ဆရာတော် မာဂဓိသာစည်နှင့် တွေ့ဆုံကြရာ ဆရာတော်က ကျွန်မအား တနင်္ဂနွေနေ့တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတက်ဖို့ အမိန့်ရှိပါသည်။ သို့သော် ကျွန်မမှာ အိမ်မှုကိစ္စများ ရှုပ်ထွေးနေသဖြင့် မတက်ဖြစ်ပါ။ ထို့ကြောင့် ကျွန်မ သိချင်သော ကိစ္စမှန်သမျှကို ဖေဖေ အားလပ်သည့်အခါ စောင့်၍ မေးရပါသည်။

- ● ဖေဖေ၊ သမီး ကြားဖူးနေတာတော့ ကြာပြီ၊ ဒါပေမဲ့ ပြည့်ပြည့်စုံစုံ မသိတာတစ်ခု ရှိနေပါတယ်။
- ○ ဘာများလဲ သမီးရဲ့။
- ● ပုညကြိယာဆယ်ပါး ဆိုတာလေ ဖေဖေ။
- ○ သြော်–အေး၊ ပုညကြိယာ ဆယ်ပါးဆိုတာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုမှာ အရေးကြီးတယ်။ ဒါပေမဲ့ ဒီဆယ်ပါးကို သမီးသာမကဘူး၊ ပြည့်ပြည့်စုံစုံ မသိတဲ့လူတွေက အများကြီးပဲ။

http://www.dhammadownload.com



● အဲဒါ ပြောပြပါဦး ဖေဖေ။

○ ပုညကြိယာ ဆယ်ပါးဆိုတာ ၁–ဒါန၊ ၂–သီလ၊ ၃–ဘာဝနာ၊ ၄–အပစာယန၊ ၅–ဝေယျာဝစ္စ၊ ၆–ပတ္တိဒါန၊ ၇–ပတ္တာနုမောဒနာ၊ ၈–ဓမ္မဿဝန၊ ၉–ဓမ္မဒေသနာ၊ ၁၀–ဒိဋ္ဌိဇုကမ္မတဲ့ သမီးရဲ့။

● အဲဒါတွေကို ရှင်းပြပါဦး ဖေဖေ။ ဒါန၊ သီလ၊ ဘာဝနာ ဆိုတာတွေကိုတော့ နားလျှံအောင် ကြားဖူးနေပါတယ်။ ဒါပေမဲ့ ဒါနအကြောင်း ကောင်းကောင်း သိသလား၊ သီလအကြောင်း ကောင်းကောင်း သိသလား၊ ဘာဝနာ အကြောင်း ကောင်းကောင်း သိလားဆိုတော့ မသိပါဘူး။ အပစာယန ဆိုတာ ဘာကိုဆိုမှန်းကို မသိပါဘူး ဖေဖေ။

○ အေး၊ သမီးက မသိတာကို မသိဘူး၊ မတတ်တာကို မတတ်ဘူးလို့ ဝန်ခံတာ သိပ်ကောင်းတယ်။ ဘယ်ကိစ္စမှာဖြစ်ဖြစ် သိယောင်ကား တတ်ယောင်ကား မလုပ်ရဘူး၊ ခု ဖေဖေ တစ်ချက်ချင်း ရှင်းပြမယ်။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ ဒါန ဆိုတာ ဘာလဲ၊ အဲဒါ သိရမယ်။ ဒါနရဲ့ အဓိပ္ပာယ်ကတော့ စွန့်ကြဲတာပဲ။ မိမိရဲ့ ပိုင်ဆိုင်မှုကို သူတစ်ပါးအား အဖိုးအခ မယူဘဲ အခမဲ့ ပေးကမ်းတာ၊ တစ်နည်းအားဖြင့်ဆိုတော့ ဒါနဟာ မိမိမှာရှိတဲ့ ရလိုမှု ပိုင်လိုမှုဆိုတဲ့ လောဘကို သတ်တာပဲ၊ ဒါနမှာ နှစ်မျိုး ရှိတယ်။

● ဒါန နှစ်မျိုးကို ပြောပြပါဦး ဖေဖေ။

○ ဒါန နှစ်မျိုးဆိုတာ ၁–စေတနာဒါန၊ ၂–ဝတ္ထုဒါန ဆွမ်းတို့၊ သင်္ကန်းတို့၊ ဆေးတို့၊ ကျောင်းတို့ စသည့် ဝတ္ထုပစ္စည်းကို ပေးကမ်းတာ၊ အဲဒါ ဝတ္ထုဒါနပဲ။ အဲဒီလို ပေးကမ်းတဲ့အခါ အလှူရှင်ရဲ့ စိတ်ထဲမှာ ထက်သန်တဲ့ စွန့်ကြဲလိုမှု စေတနာ မဖြစ်ဘူးလား။

● ဖြစ်ပါတယ် ဖေဖေ။

○ အေး၊ အဲဒါကို စေတနာဒါနလို့ ခေါ်တယ်။ ဒီနေရာမှာ သမီး သိဖို့က နောင်သံသရာမှာ ဒီ ဒါနက အကျိုးပေးမယ်၊ ဒီလို အကျိုးပေးတဲ့အခါ ဆွမ်းတို့၊ ကျောင်းတို့၊ သင်္ကန်းတို့ဆိုတဲ့ ဝတ္ထုဒါနက အကျိုးပေးတာ မဟုတ်ဘူး၊ ပေးကမ်းစဉ်ဖြစ်ပေါ်တဲ့ ‘စေတနာဒါန’ကသာ အကျိုးပေးတယ် သမီးရဲ့။ အဓိကက ဝတ္ထုမဟုတ်ဘူး၊ စေတနာသာ ပဓာနဖြစ်တယ်။ ဒါကြောင့် တချို့က များများလှူမှ မဟုတ်ဘူး၊ နည်းနည်းလှူလည်း စေတနာပါရင် ပြီးတာပဲလို့ ပြောကြတယ်။ အမှန်ကတော့ နည်းနည်း လှူတဲ့အခါ ထားတဲ့ ပုဗ္ဗစေတနာနှင့် များများ လှူချင်တဲ့

http://www.dhammadownload.com



အခါ ထားတဲ့ ပုဗ္ဗစေတနာချင်း တူနိုင်ပါမလား၊ များများလှူဖို့အတွက် အလှူရှင်မှာ ထားခဲ့ရတဲ့ စိတ်ဟာ ဘယ်လောက်ပြင်းထန်မလဲ၊ ဘယ်လောက် ထက်သန်မလဲ၊ ပြီးတော့ များများလှူနေတဲ့ အချိန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်စေတနာ ပီတိဘယ်လောက် ပြင်းထန်မလဲ၊ လှူပြီးနောက်ဖြစ်တဲ့ ပရစေတနာကကော ဘယ်လောက် ကြီးမား ပြင်းထန်မလဲ။

ဒီနေရာမှာ အတင်းအကျပ် အလှူခံလို့ ထောင်မျိုးသောင်းမျိုး လှူလိုက်ရတာ ကျတော့ များများလှူပေမယ့် စေတနာက မပါဘူး နည်းတယ်၊ အတင်းလှူခိုင်းလို့သာ လှူရတာကိုး၊ ကိုယ်က သဒ္ဓါကြည်ဖြူလို့ လှူရတာ မဟုတ်ဘူးလေ၊ ဒီအခါကျတော့ အလှူဝတ္ထုက ကြီးမားပေမယ့် စေတနာက သိမ်ငယ်နေတယ်၊ အမှန်ကတော့ အလှူဝတ္ထု နည်းတာ များတာထက် စေတနာ ကြီးမားတာကသာ လိုရင်းအချက် ဖြစ်တယ်။

နောက်တစ်ချက် ဒါနပြုရာမှာ ဗုဒ္ဓဝါဒ အရကတော့ အကျိုးပေးသန်မှု မသန်မှုဟာ စေတနာပေါ်မှာ တည်သလို အလှူခံပုဂ္ဂိုလ်ပေါ်မှာလည်း တည်တယ်လို့ အယူရှိတယ်။ ဗုဒ္ဓမြတ်စွာက အလှူခံပုဂ္ဂိုလ်ဟာ လယ်မြေနှင့် တူတယ်လို့ မိန့်တော်မူ တယ်။ ယာမြေကောင်းမှာ စိုက်တဲ့မျိုးစေ့ဟာ ပိုပြီး အသီးသန်တဲ့သဘော ရှိတယ် မဟုတ်လား၊ ဒါနပြုတာဟာ မျိုးစေ့စိုက်သလိုပဲကွယ့်။ မြေကလည်း ကောင်းမှ၊ မျိုးစေ့ကလည်း အောင်မှ၊ စိုက်ပျိုးသူကလည်း လုံ့လစိုက်မှ အသီးသီးတဲ့အခါ အကျိုးပေးတဲ့အခါ အကျိုးပေးသန်နိုင်တယ်။ ဒါနမပြုမီက ကြိုတင်ဖြစ်ပေါ်တဲ့ စေတနာကို ပုဗ္ဗစေတနာလို့ ခေါ်တယ်၊ ဒါနပြုဆဲမှာ ဖြစ်ပေါ်တဲ့ စေတနာကို မုဉ္စစေတနာခေါ်တယ်၊ ပြုပြီးတဲ့နောက် သတိရတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ စိတ်စေတနာကို ပရစေတနာ ခေါ်တယ်။ ခြုံပြီး ပြောရရင်တော့ သမီးရယ် ဒါနပြုတတ်ဖို့လည်း လိုတယ်။ လှူတဲ့ပစ္စည်း၊ အလှူခံပုဂ္ဂိုလ်၊ လှူရာမှာ ထားတဲ့စိတ် အားလုံး အရေးကြီးတယ်။ ဒီနေရာမှာ စိတ်ထားတတ်မှုက တော်တော် အရေးကြီးတယ်။ လှူတဲ့အခါ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို ရည်ရွယ်ပြီး လှူတာကာထက် နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြုရပါလို၏ ရည်မှန်းပြီး လှူဒါန်းတာက ပါရမီကုသိုလ် ဖြစ်တယ်။ ပြီးတော့ လှူတဲ့အခါ အလှူခံပုဂ္ဂိုလ်ကိုကြည့်ပြီး လှူတာထက် သံဃာကို ရည်မှန်းပြီးလှူတာက ပိုပြီး မြတ်တယ်။

နောက်ဒါနနှင့် ပတ်သက်ပြီး သိသင့်တာ တစ်ချက် ရှိသေးတယ်။

- ပြောပြပါဦး ဖေဖေ။

http://www.dhammadownload.com



○ ဒါနမှာ အယုတ်၊ အလတ်၊ အမြတ် သုံးမျိုးသုံးစား ရှိတယ်သမီးရဲ့။ ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါနလို့ ခေါ်တယ်။ မိမိသုံးစားတဲ့ ပစ္စည်းလောက် မကောင်းတဲ့ပစ္စည်းကို လှူတာဟာ ဟီန(အညံ့စား)ဒါန၊ မိမိသုံးစွဲတဲ့ပစ္စည်းနဲ့ တန်းတူကိုလှူတာ မဇ္ဈိမဒါန(အလတ်စား)ဒါန ဖြစ်တယ်၊ မိမိသုံးစွဲတဲ့ ပစ္စည်းထက် ကောင်းတာကိုလှူရင် ပဏီတဒါန(အမြတ်စား)ဖြစ်တယ်။ ဒီနေရာမှာလည်း လှူဖွယ်ဝတ္ထု အခြေအနေနဲ့ စိတ်စေတနာနဲ့ အယုတ်၊ အလတ်၊ အမြတ် အခြေအနေက ဆက်စပ်နေတယ်။ နောက်ပြီး အကျိုးကို မျှော်ကိုးမှုနဲ့လည်း ဆိုင်တယ်။ ဘဝ စည်းစိမ်ချမ်းသာကို လိုချင်လို့ပြုတဲ့ ဒါနဟာ အောက်တန်းစား (အညံ့စား)ဒါန၊ ဟီနဒါန(ဒါသဒါန)လည်း ခေါ်တယ်။ သံသရာမှ လွတ်မြောက်ရေးအတွက် မဂ်ဖိုလ်ရဲ့ အခြေခံဖြစ်ပါစေလို့ ဆုတောင်းပြီး လှူတာက မဇ္ဈိမဒါန(သဟာယဒါန)လည်း ခေါ်တယ်။ သံသရာက လွတ်မြောက်ရေးကို မျှော်ကိုးပြီး ဘုရားအလောင်းတော်များ ပါရမီဖြည့်ကျင့်စဉ် လှူတဲ့ ဒါနမျိုးကတော့ အမြတ်စားဒါန၊ ပဏီတဒါန(သာမိဒါန) လည်း ခေါ်တယ်။

● ဖေဖေ ပြောပြမှ ဒါန တစ်ခုတည်းအကြောင်းကပဲ သိစရာတွေ တစ်ပုံကြီး ပဲနော်။

○ ဒါ့ပြင် ဒါနနဲ့ ပတ်သက်တဲ့ အယူအဆ တချို့ကိုလည်း သမီး သိထား သင့်တယ်။ တချို့က ဒါနဟာ သံသရာကို ရှည်စေတဲ့ ကုသိုလ်ကောင်းမှုမျိုး ဖြစ်တယ်ဆိုတဲ့ အယူသီးမှုရှိတယ်။ ကျေးဇူးရှင် တောင်မြို့ ဆရာတော်ကြီးကတော့ သံသရာ အရှည်အတိုဆိုတာ ဒါနနဲ့ မဆိုင်ဘူး၊ ဒါနပြုတဲ့အခါထားတဲ့ ကုသိုလ်ရှင်ရဲ့ စေတနာနဲ့ဆုတောင်းအပေါ်မှာ တည်တယ်၊ ဒါနက သံသရာရှည်စေတာ မဟုတ်ဘူး၊ ဒါနကြောင့် လူချမ်းသာ နတ်ချမ်းသာဘဝကို တောင့်တတဲ့ တဏှာကသာ သံသရာ ရှည်စေတာ ဖြစ်တယ်လို့ မိန့်တော်မူတယ်။ ဒီမှာ အရေးကြီးတာကတော့ ဒါနပြုတဲ့ အခါ လူချမ်းသာ နတ်ချမ်းသာကို ခံစားလိုတဲ့ ဝဋ္ဋနိဿိတ မဖြစ်ဖို့လိုတယ်၊ သံသရာဝဋ်က ကျွတ်ချင် လွတ်ချင်တဲ့ စိတ်ဖြစ်ပြီး လှူတဲ့ ဝိဝဋ္ဋနိဿိတ ဖြစ်ရင် ဒါနဟာ ပါရမီဒါန ဖြစ်သွားပါတယ်။

● ဒါနဟာ ပါရမီကုသိုလ်ဖြစ်ပုံကို ရှင်းပြပါဦး။

○ သမီး ဒီမေးခွန်းကို မေးတာ ကောင်းတယ်။ ဒီနေရာမှာ လောကီအလိုအားဖြင့် နားလည်နိုင်တယ်။ ဒါန ရှိတဲ့လူဟာ ဖြစ်လေရာ ဘဝတိုင်းမှာ ဥစ္စာ ပြည့်စုံတယ်။ ဥစ္စာပြည့်စုံပြီး စိတ်ရင်းကောင်း ရှိတဲ့လူ၊ ဝိဝဋ္ဋနိဿိတ ဒါန ပြုခဲ့တဲ့သူဟာ သီလလည်း လုံခြုံတယ်ကွယ့်။ လောကအလို အူမတောင့်မှ သီလ

http://www.dhammadownload.com



စောင့်နိုင်တယ်လို့ ဆိုတယ်မဟုတ်လား၊ ဒါနဟာ လောဘကို ပယ်သတ်တဲ့ သဘောလည်းဖြစ်တယ်။ လောဘမရှိတဲ့အခါ ဒေါသလည်း နည်းတယ်၊ မာနလည်း နည်းတယ်။ ပြီးတော့ မိမိမှာ ဥစ္စာပစ္စည်းပြည့်စုံတဲ့အတွက် ပေးကမ်း စွန့်ကြဲနိုင်တဲ့ အတွက် သဘောထားကြီးတယ်။ အမှန်မှာတော့ ဘုရားအလောင်းတော်များ ပါရမီ ဖြည့်ကျင့်တော်မူကြရာမှာ ဒါနပါရမီက စကြရတယ်။ ဒါနနှင့်ပတ်သက်ပြီး သိဖို့ ကောင်းတဲ့ အချက်တစ်ချက် ရှိသေးတယ်။

● ပြောပြပါဦး ဖေဖေ။

○ လောကမှာ ကောင်းမှုများအတွက် ဒါနဟာ အခြေခံဖြစ်တယ်လို့ ဆိုနိုင်တယ်။

ဒါပေမဲ့ ဒါနပြုဖို့မလိုတဲ့ ပုဂ္ဂိုလ်မျိုးလည်း ရှိတယ်။ အဲဒါကတော့ ဒီဘဝ မှာတင် ခန္ဓာဝန် ဇာတ်သိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်မင်္ဂဖိုလ်ကို မျက်မှောက်ပြုရအောင် အပတ်တကုတ် အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မျိုး ဖြစ်တယ်။ နက်ဖြန်မနက် တရားထူးရအောင် အားထုတ်နေတဲ့ ပုဂ္ဂိုလ်မျိုးအတွက် ဒါနပြုဖို့ မလိုဘူးလို့ ကျေးဇူးရှင် တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက သူ့ရဲ့ ကိုယ်ကျင့်အဘိဓမ္မာ ကျမ်းစာမှာ မိန့်တော်မူတယ်။ ဒါက ဝိပဿနာ ယောဂီပုဂ္ဂိုလ်ကို ပြောတာ၊ ကျန်ပုဂ္ဂိုလ်တွေကတော့ ဒါနကို နေ့စဉ်ပြုနိုင်လေ ကောင်းလေပဲတဲ့။ နောက်ထူးခြားမှု တစ်ခု ရှိသေးတယ် သမီးရဲ့။

● ဆိုပါဦး ဖေဖေ။

○ ဒါနပြုတဲ့ လူဟာ ခုနရှင် ဖြစ်တယ်၊ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝတယ်။

အဲဒီလို ပစ္စည်းဥစ္စာ ချမ်းသာတဲ့လူဟာ ပေးကမ်းစွန့်ကြဲရင် လူတိုင်းက သူ့ဒါနအတွက် မုဒိတာ ဖြစ်တယ်၊ ဝမ်းမြောက်တယ်၊ သာဓုခေါ်တယ်။ ဒီတော့ ဒါနပြုတာဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ အဆင့်ဆင့်ဖြစ်ပြီး မေတ္တာဘာဝနာကိုလည်း အထောက်အပံ့ ဖြစ်သွားတယ်။ ဒါနနဲ့ပတ်သက်ပြီး သိစရာ မှတ်စရာတွေက အလွန်များတယ်၊ ပြောလို့ မကုန်နိုင်ဘူး၊ ဒီမှာတော့ သမီး သိရဲ့၊ ဒါနကို တန်ဖိုးထားတတ်ရဲ့ ဖေဖေ ပြောတာ ပုညကြိယာ ဝတ္ထုဆယ်ပါးအထဲမှာ ဒါနဟာ မူလအခြေခံပါပဲကွယ်။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# ကံ ဉာဏ် ဝီရိယအဖွင့်

● ဖေဖေ၊ ဗုဒ္ဓဘာသာကို ယုံကြည်တဲ့ လူတစ်ယောက်ဟာ ကံကို ယုံကြည်ရမယ် ဆိုတာ ဘာကို ဆိုတာလဲ ဖေဖေ။

○ ကံဆိုတာ မိမိပြုတဲ့ အမှုပဲ သမီးရဲ့။ ကိုယ်နဲ့ပြုရင် ကာယကံ၊ နှုတ်နဲ့ပြောရင် ဝစီကံ၊ စိတ်နဲ့ပြုရင် မနောကံလို့ မှတ်ရမယ်။ အဲဒီလိုပြုကြရာမှာ အကျိုးသွား နှစ်မျိုး ပေါ်ပေါက်တယ်။ အကျဉ်းပြောရရင်တော့ ကောင်းတဲ့အကျိုး၊ မကောင်းတဲ့ အကျိုးပေါ့ သမီးရယ်။ ပါဠိပျက်နှင့် ပြောရရင် ကုသိုလ်၊ အကုသိုလ်ကံလို့ သမီး ကြားဖူးမှာပေါ့။

● ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဖေဖေ။

○ အေး၊ အဲဒီလို ကိုယ်၊ နှုတ်၊ နှလုံးနဲ့ ပြုကြရာမှာ ကောင်းသော စေတနာ၊ မကောင်းသော စေတနာကို မူတည်ပြီး ကောင်းသောကံ၊ မကောင်းကံဆိုပြီး ဖြစ်တယ်။ ကံကို ယုံကြည်တယ်ဆိုတာ ကောင်းသောကံက ကောင်းသောအကျိုးကို ပေးတယ်၊ မကောင်းသော ကံက မကောင်းသောအကျိုးကို ပေးတယ်ဆိုတာ ယုံကြည်ခြင်းပဲကွယ့်။

● နေပါဦး ဖေဖေရဲ့၊ သမီး ကိုယ်တွေ့တစ်ခုကို ပြောပါဦးမယ်။ သမီး စင်ကာပူက ပြန်ခါနီးမှာ ဖေဖေက ဖေဖေ့ တပည့်မတစ်ဦးရဲ့ သားတစ်ယောက် ကို စင်ကာပူကို လွှတ်ခဲ့တယ်လေ၊ သမီး တတ်နိုင်သလောက် ကူညီလိုက်ပါဆိုလို့ သမီး ကူညီခဲ့ပါတယ်။ သူ့မှာ စင်ကာပူမှာ ကျောင်းနေနိုင်လောက်အောင် ပိုက်ဆံ အပြည့်အစုံ ပါမလာဘူး၊ ဒါကြောင့် သမီးက သူ့ကို စင်ကာပူဒေါ်လာ ၁၂၀၀ ချေးပေးခဲ့ရတယ်။ ခုဆို ခြောက်လလောက် ရှိသွားပြီ၊ သူ ခုအလုပ်အကိုင်လည်း ရနေပြီ၊ ဒါပေမဲ့ သမီး ပိုက်ဆံကိုကျတော့ ပြန်မဆပ်ဘူး၊ သမီးမှာ သူ့ကို

http://www.dhammadownload.com



စေတနာနဲ့ ကူညီခဲ့ရပါလျက်နဲ့ ခုကျတော့ စိတ်ဆင်းရဲခံရတယ်လေ။ အဲဒါကျတော့ ကောင်းတဲ့စေတနာဟာ ကောင်းတဲ့အကျိုးပေးတယ်ဆိုတာ ဟုတ်ပါ့မလား၊ နောက်ပြီး သမီး ရန်ကုန်ပြန်ရောက်တဲ့အချိန်မှာ မေမေက အရင်တုန်းက သူ့ဆီမှာ ပလတ်စတစ်ခွက်တွေ လုပ်ပေးခဲ့ဖူးတဲ့ အလုပ်သမားတစ်ယောက်ကို သနားလို့ဆိုပြီး သူလုပ်ချင်တဲ့ မော်တော်ကားအလုပ်ကို လုပ်ရအောင်လို့ ဘတ်စ်ကားကြီးတစ်စီး ဝယ်ပေးခဲ့တယ်လေ။ သူက နောက်ထပ် တစ်သောင်းလောက်စိုက်ရင် ဒီကား ကောင်းမယ်ဆိုလို့လည်း ငွေတစ်သောင်းပေးခဲ့တယ်။ ကားက ကောင်းမလာဘူး၊ အဲဒီကားနဲ့ ပတ်သက်ပြီး မေမေ့မှာ နောက်ထပ် ငါးသောင်း၊ ခြောက်သောင်း ကုန်ခဲ့ပြီးပြီ။ ခုထိလည်း ဒီကားက အကျိုးမပေးဘူး၊ ဒုက္ခပေးနေတယ်။ သူသနားတယ်ဆိုတဲ့ လူတွေ၊ သူကယ်ခဲ့တဲ့ လူတွေကလည်း ခုကျတော့ ကားစုတ်ကြီးနဲ့ မေမေ့ကို ပစ်ထားခဲ့လို့ မေမေ စိတ်ညစ်နေရပြီလေ။ အဲဒါတွေကျတော့ ဘယ်လို ယူဆရမလဲ ဖေဖေ။

○ အေး၊ သမီးက ကိုယ်တွေ့ကြုံနေရတဲ့ ပြဿနာတွေကို သုံးသပ်တာ ကောင်းပါတယ်။ အဲဒီလို ကိစ္စတွေမှာ ကံ၊ ကံရဲ့အကျိုးပေးတဲ့ သဘောတွေကို နားလည်တတ်ဖို့ လိုတယ်။ ဗုဒ္ဓဘာသာ သဘောအရ ကံအကျိုးပေးကို နားလည်တဲ့အခါ နှစ်ပိုင်းခွဲပြီး နားလည်ရတယ်။ ဘယ်လိုလဲဆိုတော့ ကံဟာ (၁) ပစ္စုပ္ပန်ကံက တစ်မျိုး၊ (၂) အတိတ်ကံက တစ်မျိုး ရှိတယ်၊ သမီးက စင်ကာပူမှာ ဟိုသူငယ်ကို ဒုက္ခမရောက်အောင်လို့ စင်ကာပူဒေါ်လာ ၁၂၀၀ ချေးခဲ့တယ်၊ သူက လောလောဆယ် ပြန်မဆပ်ဘူး၊ ဒီတော့ သမီး စိတ်မချမ်းမသာ ဖြစ်ရတယ်။ ဒါက အတိတ်ဘဝတုန်းက သမီးပြုခဲ့တဲ့ ကံရဲ့အကျိုးပေး ဖြစ်လိမ့်မယ်။ ဘဝ တစ်ဘဝမှာ သူ့ဆီက သမီး ငွေချေးခဲ့မယ်၊ ပြီးတော့ အကြောင်းကြောင်းကြောင့် သူ အလိုရှိတဲ့အချိန်မှာ ပြန်မဆပ်နိုင်ဘဲ ဖြစ်ခဲ့မယ်၊ ဒီအကြောင်းကြောင်းကြောင့် ခု ဒီဘဝမှာ သမီး ဝဋ်လည်တာ ဖြစ်မယ်။

● ဒါဖြင့် မေမေ ဒုက္ခရောက်နေတာကကော။

○ ဒါလည်းပဲ ဝဋ်ကြွေး ဆပ်ရတာပဲ ထင်ပါတယ် သမီးရယ်။ ဒီကား ဝယ်ခါနီးတုန်းက သမီးမေမေကို ဖေဖေက အတန်တန်တားတယ်၊ မရဘူး၊ သူက သူ့အလုပ်သမားကို ယုံကြည်စိတ်ချတယ်၊ သနားတယ်ဆိုပြီး ဝယ်တာပဲ။ အမှန်ကတော့ ဖေဖေက သင့်တော်တဲ့ အလုပ်တစ်ခု လုပ်မယ်၊ ငွေထုတ်ပေးပါ ဆိုရင်တောင် သူက ထုတ်ပေးမှာ မဟုတ်ဘူး။ ခုကျတော့ ဘာမှ မဆိုင်တဲ့ လူတစ်ယောက်ကို သူက အားကိုးတယ်၊ ယုံတယ်ဆိုပြီး ဒီငွေကို ထုတ်ပေးတယ်။ သမီး စဉ်းစားကြည့်၊ အဲဒီအချိန်မှာ သူ့လက်ထဲ ငွေပိုငွေလျှံ မရှိဘူး၊ သူ့ အတွင်း

http://www.dhammadownload.com



ပစ္စည်းတွေကို တခြားတစ်နေရာမှာ သွားထားပြီး ဒီငွေကို ချေးပေးလိုက်တာနော်၊ စဉ်းစားတတ်ရင် ဒါ သူ ဝင်ငွေလည်တာပဲ၊ ဝင်ငွေကြွေး ဆပ်တာပဲ။ ဘဝ တစ်ခုမှာ ဒီသူငယ်ဟာ သူ့အလုပ်ရှင် ဖြစ်ခဲ့ဖူးမယ်၊ အဲဒီတုန်းက ဒီသူငယ်က သူ့ကို ဒီလိုပဲ ကြည့်ရှု စောင့်ရှောက်ခဲ့ဖူးမယ်၊ ဒါပေမဲ့ သူ့ကြောင့် ဟိုသူငယ်မှာ ခု သူ စိတ်ဆင်းရဲသလို စိတ်ဆင်းရဲရတဲ့ အဖြစ်နဲ့ ကြုံခဲ့လိမ့်မယ်။ ဒါတွေက ကြွေးဆပ်ရတဲ့ သဘောတွေပါ သမီးရယ်။ ဒီလို နားလည်တာကိုလည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ ကံကို မှန်မှန်ကန်ကန် နားလည် သိမြင်မှုပေါ့။ ဒီလို နားလည်တော့ ဘယ်သူ့ကို မကျေနပ်စရာ လိုသေးလဲ၊ ဘယ်သူ့ကို ဒေါသဖြစ်ရမလဲ၊ တရားခံက ကိုယ်လား၊ သူများလား၊ အဲဒီလို နားလည်ရင် စိတ်ချမ်းသာ မသွားလား၊ ဒါဟာ ကံကို မှန်မှန်ကန်ကန် နားလည်ခြင်းရဲ့ အကျိုးတစ်မျိုးပဲ။ အတိတ်ကံ အကျိုးပေးပုံတွေ အမျိုးမျိုးကို နားလည်သင့်တယ်။

● အင်း၊ ဖေဖေပြောမှ နည်းနည်း စိတ်ချမ်းသာသွားတယ်။ ဟုတ်တာပေါ့နော်၊ တခြားလူတစ်ယောက်ကို အကျိုးအမြတ်မရှိဘဲနှင့် ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

○ ကံ အကျိုးပေးကိစ္စမှာ ရှေးရှေးက ပြုခဲ့တဲ့ကံဟာ လိုရင်းအကြောင်းပဲလို့ နားလည်ရမယ် သမီးရဲ့။ ခု ဘဝပြုတဲ့ ကံက ရှေးဘဝကံကို အခွင့်ရအောင်၊ အားရှိအောင် ကူညီ ထောက်ပံ့တာလည်း ရှိတယ်။ ခု ဘဝပြုခဲ့တဲ့ ကံက နောက်ဘဝကျတော့ ဆိုင်ရာအကျိုးကို ပေးလိမ့်မယ်။ ဒီနေရာမှာ ရှေးကံဟာလည်း (၁) အလွန်အားကောင်းတဲ့ကံ၊ (၂) သာမန်လောက်သာ အားရှိတဲ့ ကံလို့လည်း နှစ်မျိုး ကွဲပြားပြန်သေးတယ်။ အဲဒီကံ နှစ်မျိုးမှာ အမှတ်(၁) ကံရဲ့ အကျိုးပေးပုံကတော့ အလွန် ထင်ရှားတယ်။ ရှေးဘဝမှာ အားကောင်းတဲ့ ကုသိုလ်ကံတွေ ရှိခဲ့ရင် ဒီဘဝမှာ ဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ် စသူတို့ ဖြစ်နိုင်တယ်။ အလွန် ထင်ရှားတယ်။ တချို့ကတော့ ဆင်းရဲသားအမျိုးမှာ ဖြစ်စေကာမူ တစ်နည်းနည်းနှင့် ရုတ်တရက် ချမ်းသာကြွယ်ဝတဲ့အဖြစ်ကို ရောက်သွားရတယ်။ ဒါတွေဟာ သမီး လောကထဲမှာ တွေ့မြင်နိုင်တဲ့ ထင်ရှားတဲ့ ကိစ္စတွေပဲကွယ့်။ ကံ–နံပါတ်(၂) ကံမျိုးအကြောင်းကို ပြောမယ်။ ဒီကံမျိုးရဲ့ အကျိုးပေးပုံကတော့ သိပ် မထင်ရှားဘူး၊ တစ်နည်းအားဖြင့် သာမန်လောက်သာ အားရှိတဲ့ အတိတ်ကံမျိုးက သူ့ချည်းသက်သက်လည်း ဒီဘဝမှာ အကျိုးပေးခဲတယ်။ ဒါကြောင့် ဒီကံမျိုး အကျိုးပေးခွင့်ရအောင် ဉာဏ်၊ ဝီရိယနဲ့ သတိ ဆိုတဲ့ ပယောဂတွေ ကူညီရတယ်။ ဒါကြောင့် ကံ၊ ဉာဏ်၊ ဝီရိယလို့ လူကြီးသူမများ ပြောကြတာ သမီး ကြားဖူးတယ် မဟုတ်လား။

http://www.dhammadownload.com



● ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဖေဖေ။ ဉာဏ်အကြောင်း ဝီရိယအကြောင်းကိုလည်း ပြောပါဦး ဖေဖေ။

○ ဉာဏ်ဆိုတာက အဘိဓမ္မာနည်းအရကတော့ အကုသိုလ်အပြစ်မရှိတဲ့ တတ်သိလိမ္မာမှုကို 'ဉာဏ်'လို့ ဆိုရတယ်။ သို့သော်လည်း ကံအကျိုးပေးမှု အခွင့်သာအောင် ကြံဆောင်ရတဲ့ ကိစ္စမှာတော့ အပြစ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ တတ်သိမှု၊ ပါးနပ်မှု၊ ဖျတ်လတ်သွက်လက်ချက်ချာမှုနဲ့ အရာရာ နှံ့စပ်မှုကို 'ဉာဏ်'လို့ ခေါ်တယ်။ ဒီဉာဏ်မှာလည်း နှစ်မျိုးရှိတယ်။ ကိုယ့်ဘာသာ တတ်သိနားလည်တဲ့ မွေးရာပါဉာဏ်က တစ်မျိုး၊ ဒါကို ဇာတိဉာဏ်လို့ ခေါ်တယ်။ နောက်တစ်မျိုးကတော့ နောက်မှ လေ့လာသင်ကြားပြီး တတ်မြောက်လာတဲ့ ဉာဏ်၊ ဒါက ပဝတ္တိဉာဏ်လို့ ခေါ်တယ်။ ဒီဉာဏ်နှစ်မျိုးအနက် ဇာတိဉာဏ်ကောင်းတဲ့ လူကတော့ လောကမှာ ထွန်းပေါက်ဖို့ လွယ်တယ်။ သူက ဇာတိဉာဏ်သတ္တိကို အခြေခံပြီး ပဝတ္တိဉာဏ်လည်း တိုးပွားအောင် ကြိုးစားအားထုတ်လို့ရှိရင် လူတွင်တစ်ယောက် ဆိုရလောက်အောင် ထွန်းထွန်းပေါက်ပေါက် ဖြစ်တာပေါ့ သမီးရယ်။ ဇာတိဉာဏ် အားနည်းတဲ့ လူတွေကျတော့ ပဝတ္တိဉာဏ် ရင့်သန်အောင် စာပေကျမ်းဂန်တွေကို တတ်သိ နားလည်တဲ့ ဆရာသမားများထံမှ နည်းခံပြီး သင်ယူရတယ်။ ဒေသန္တရ ဗဟုသုတတွေလည်း ရှာဖွေရတယ်။ ဒီအခါမှာတော့ ပဝတ္တိဉာဏ် တိုးပွားပြီးတော့ လောကီ သံသရာနှစ်ဖြာ ကြီးပွားတိုးတက်အောင် လုပ်နိုင်တာပေါ့။ ကဲ–ဉာဏ်အကြောင်း သဘောပေါက်ပြီလား သမီး။

● အတော်အတန် သဘောပေါက်ပါပြီ ဖေဖေ။

○ အေး၊ အတိတ်ကံထူး မပါတဲ့ ပုဂ္ဂိုလ်တွေမှာ အသိလိမ္မာ ဉာဏ်ပညာနဲ့ သာမန်ကံတွေ ရှိပါသော်လည်း လုံ့လဝီရိယ စိုက်ထုတ်ပြီး မလုပ်ရင်တော့ အကျိုးမပြီးဘူး၊ အကျိုးမခံစားရဘူး။ ဆိုလိုတာကတော့ အပျင်းအားကြီးပြီး တစ်အိပ်တည်းအိပ်နေတဲ့ ခြင်္သေ့မင်းရဲ့ ခံတွင်းထဲကိုတော့ ဘယ်သားသမင်မှ အလိုလျောက် ဆိုက်ရောက်မလာနိုင်ဘူးဆိုတာ သဘောပေါက်ရမယ်။ ကံ၊ ဉာဏ်ရှိရုံနဲ့လည်း မပြီးဘူး။ ဝီရိယနဲ့ အားထုတ်မှု လုံ့လလည်း ရှိမှ၊ ဒီတော့ ဝီရိယအကြောင်းကို ပြောဦးမှ။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ပြောပြပါဦး။

○ ကိစ္စတစ်ခု ပေါ်ပေါက်လာလို့ရှိရင် မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ်မှုကို 'ဝီရိယ' လုံ့လလို့ ခေါ်ရတယ်။ ဒီ ဝီရိယမှာလည်း ပင်ကိုအားဖြင့်ဖြစ်တဲ့ ဇာတိ ဝီရိယက တစ်မျိုး၊ နောက်မှ ဖြစ်အောင်လုပ်ယူရတဲ့ ပဝတ္တိ ဝီရိယလို့

http://www.dhammadownload.com



နှစ်မျိုးရှိတယ်။ ရှေးရှေးဘဝကတည်းက ဝီရိယ အထုံပါလာသူတွေ ရှိတယ်။ သူတို့ကိုတော့ ဇာတိ ဝီရိယ ရှိသူတွေလို့ ဆိုရမယ်။ ဒီလူမျိုးဟာ ဉာဏ်သာရှိရင်တော့ ဘယ်သူမှ မယှဉ်သာအောင် ကံရဲ့ အကျိုးကို ခံစားရတတ်တယ်။ သို့သော် လူတိုင်းမှာ ဇာတိအားဖြင့် ပင်ကိုဝီရိယ မရှိတတ်ဘူး၊ ဒီလို လူတွေဟာ အသိဉာဏ် ပညာ ရှိလာတဲ့အခါ ဝီရိယလည်း ရှိမှ ဖြစ်မယ်ဆိုတာ သဘောပေါက်ပြီး ပဝတ္တိ ဝီရိယရှိလာအောင် လေ့ကျင့် ပြုပြင်ကြရတယ်။ ကိစ္စတစ်ခု ပြီးမြောက် အောင်မြင်ပြီး အလိုရှိအပ် တောင့်တအပ်တဲ့ အကျိုးကို ရရှိဖို့ ကိစ္စမှာ ကံဘယ်လောက်ပဲ ရှိရှိ၊ ဉာဏ်ဘယ်လောက်ပဲရှိရှိ၊ ဝီရိယမရှိရင် ကိစ္စမပြီးနိုင်ဘူးဆိုတာ မှတ်ရမယ်။ ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့ ငါးသုံးကောင်အကြောင်း ဝတ္ထုကို သမီး ကြားဖူးသလား။

● မကြားဖူးသေးပါဘူး ဖေဖေ၊ ပြောပြပါဦး။

○ အေး၊ လုံ့လ ဝီရိယရှိရင် ရနိုင်တဲ့ အကျိုး၊ လုံ့လ ဝီရိယမရှိရင် ရနိုင်တဲ့ အကျိုးတွေ အကြောင်းကိုပါ နားလည်သွားအောင် ငါးသုံးကောင်အကြောင်း ဝတ္ထုကို ဖေဖေ ပြောပြမယ်။ နားထောင်။

အေး၊ ရှေးအခါက မြစ်တစ်စင်းမှာ ငါးသုံးကောင် ရှိတယ်တဲ့။ အဲဒီ ငါးသုံးကောင်ဟာ တစ်ကောင်က ကံကို ယုံတဲ့ ငါးပေါ့၊ ဒုတိယ ငါးကတော့ ဉာဏ်ကို ပိုပြီး ယုံကြည်တယ်၊ တတိယငါးကတော့ ဝီရိယကို အားကိုးတဲ့ ငါး၊ အဲဒီလို မှတ်ထားပေါ့ သမီးရယ်၊ ဒဏ္ဍာရီပေါ့။

● ဒဏ္ဍာရီဆိုတာ ဘာလဲ ဖေဖေ။

○ ဒဏ္ဍာရီဆိုတာက ယုံတမ်းစကား၊ ပုံပြင်ပေါ့ သမီးရဲ့။ သဘောတရား တစ်ခုကို နားလည်အောင်လို့ ဝတ္ထုကြောင်းကလေး ဖန်တီးပြီး ပြောတာပေါ့။ တကယ်ဖြစ်တာ ဟုတ်ချင်မှ ဟုတ်မှာပေါ့။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး သဘောပေါက်ပါပြီ။

○ ဒါဆို ဖေဖေ ပြောမယ်နော်။

● ဟုတ်ကဲ့၊ ပြောပါ ဖေဖေ။

○ အဲဒီ ကံယုံ ငါး၊ ဉာဏ်ယုံ ငါး၊ ဝီရိယယုံ ငါးသုံးကောင်ဟာ ဖြစ်ချင်တော့ တစ်နေ့မှာ တံငါသည်တွေနဲ့ ဆုံကြပါရောတဲ့။ ဒီအခါ ဝီရိယကို ယုံတဲ့ ငါးကတော့ တံငါသည်တွေ ရောက်လာမှန်းသိတယ်ဆိုရင် ကြိုတင်ပြီး လွတ်အောင် ပြေးတာပေါ့။ သူက ဝီရိယသမားလေ၊ တံငါသည်လက်ထဲ အရောက်ကို မခံဘူး။

● ဝီရိယသမားဆိုပေမယ့် ဉာဏ်လည်း ရှိလို့ပေါ့နော်၊ ကြိုတင်ပြီး ပြေးတဲ့ဥစ္စာ။

http://www.dhammadownload.com



○ ဟုတ်တယ်၊ ဉာဏ်နဲ့ ဝီရိယဟာ အမြဲ တွဲနေတယ်။ ဝီရိယရှိရုံနဲ့လည်း မပြီးဘူး၊ ဉာဏ်ရှိမှ ဖြစ်တယ်။ အဲ–ဒါပေမဲ့ ကံဆိုတာကလည်း ရှိသေးတယ်။ တစ်ခါတလေကျတော့ ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိဆိုတာလို မလုပ်ဘဲ ဝီရိယမထုတ်ဘဲနေရင် အကောင်းသား၊ ဝီရိယထုတ်မိခါမှ အကျိုးသက်ရောက်မှုက ပိုဆိုးသွားတာမျိုးလည်း ရှိသေးတယ်။

● သမီးကတော့ ကံရှိရင် ဖြစ်မှာပဲ ဆိုတာမျိုးတော့ သိပ် လက်မခံဘူး၊ ဒါကြောင့် ထီတောင် မထိုးဘူး။ စင်ကာပူလို နိုင်ငံမှာ နေလာလို့လား မသိဘူး၊ တိုးတက်ကြီးပွားနေတဲ့ နိုင်ငံတွေမှာရှိကြတဲ့ လူတွေဟာ ဉာဏ်ဝီရိယကို အားကိုးပြီး လုပ်ကြတဲ့ လူတွေချည်းပဲ။ အလုပ်မလုပ်ဘဲနဲ့ သူ့အလိုလို ဖြစ်လာမှာပဲလို့ ယုံနေတဲ့ လူမျိုးကို ဟိုနိုင်ငံက လူတွေက လူနုံ လူအ၊ လူဖျင်းတွေလိုပဲ သဘောထားကြတယ်။

○ ဘာပဲ ပြောပြော ကံလည်းပါတာပဲ သမီးရဲ့။ အလုပ်လုပ်တယ်ဆိုတာ ကံပဲပေါ့။ ကံဆိုတာ အလုပ်ကို ပြောတာ၊ ခု ဖေဖေတို့ဆီကလူတွေ ထင်နေတာက ကံလို့ပြောရင် ဘာမှ မလုပ်လည်း သူ့အချိန်ကျရင် သူ့အလိုလို ဖြစ်လာတဲ့ အတိတ်ကံရဲ့ အကျိုးသက်ရောက်မှု Fate ကိုပဲ စွဲလမ်းနေကြတယ်။ ဗုဒ္ဓဘာသာသဘောအရကတော့ ကံဆိုတာ ကမ္မ Action ကို ပြောတာပါ။ သို့သော် ကံမှာ အတိတ်ကံရဲ့ အကျိုးပေးမှု သဘော၊ ပစ္စုပ္ပန်ကံရဲ့ အကျိုးပေးမှုသဘောက ရှိနေတော့ အတိတ်ကံကို ယိုးမယ်ဖွဲ့တာလည်း ပါတယ်။ ခု ကံ၊ ဉာဏ်၊ ဝီရိယဆိုတာကတော့ ပစ္စုပ္ပန်ကံကို ဆိုလိုတာ ဖြစ်တယ်။ ကဲ–ထီပေါက်တာကိုပဲ ပြောကြစို့၊ အဲဒါ ပစ္စုပ္ပန်ကံက အကျိုးပေးတာလား၊ အတိတ်ကံက အကျိုးပေးတာလား စဉ်းစားရမယ်။

● ထီပေါက်တာ ရှေးက ကုသိုလ်ကံ အကျိုးပေးတာလို့ပဲ သမီးတို့ မြန်မာလူမျိုးတွေကတော့ ယုံကြည်တာပဲ ဖေဖေ။

○ ဒါဆိုရင် ထီမထိုးဘဲနဲ့ ထီပေါက်တဲ့ လူလို့ ရှိသလား။

● ဒါတော့ ဘယ်ရှိမလဲ ဖေဖေ။

○ ဒါဆိုရင် ထီထိုးတာဟာ အတိတ်ကံလား၊ ပစ္စုပ္ပန်ကံလား။

● အမ်း၊ ပစ္စုပ္ပန်ကံလို့ပဲ ဆိုရမှာပါ ဖေဖေ။

○ ပစ္စုပ္ပန်ကံပေါ့ သမီးရဲ့၊ ထီးထိုးတာဟာ အတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံမှ မဟုတ်တာ။

http://www.dhammadownload.com



● ဟုတ်ပါတယ် ဖေဖေ၊ ထိထိုးတာက ပစ္စုပ္ပန်ကံ၊ ပေါက်တာကတော့ အတိတ်ကံအကျိုးပေးနဲ့ တူတယ်နော် ဖေဖေ။

○ အေး၊ ဒါကို ခွဲသိရမယ်။ အတိတ်ကံက အကျိုးပေးတော့မယ့် အချိန်မှာ ကိုယ်ကလည်း ထိကို ထိုးမိလျက်သား ဖြစ်နေတယ်၊ ဒီတော့ တိုက်တိုက်ဆိုင်ဆိုင် ထီပေါက်တယ်၊ အတိတ်ကံအားက ကောင်းရင် ဆုကြီး ပေါက်တယ်။ တချို့ကျတော့ ထီပေါက်တယ်ဆိုတာ နာမည်ပဲ၊ ထောင့်ငါးရာဆုလို ငါးရာတစ်ထောင်ဆုလိုမျိုးပဲ ပေါက်တယ်။ ဒါတွေဟာ အတိတ်ကံ အကျိုးပေးအားသန်မှုနဲ့ ဆိုင်တယ်။

● ငါးသုံးကောင်ဝတ္ထုကို ဆက်ပါဦး ဖေဖေ။

○ အေး၊ စကားက ပြောရင်း ဘေးကို ရောက်သွားတယ်။ ငါးသုံးကောင်အနက် ဝီရိယ ငါးက ထွက်ပြေးလို့ တံငါသည်တွေလက်က လွတ်မြောက်သွားတယ်။ ကံငါးနှင့် ဉာဏ်ငါးကတော့ တံငါသည်တွေ ဖမ်းမိသွားတယ်။ ဉာဏ်ငါးကတော့ တံငါသည်လက်ထဲကို ရောက်ပါမှ ဉာဏ်ကို အသုံးပြုပြီး သေချင်ယောင်ဆောင်နေလိုက်တယ်။ ဒီတော့ တံငါသည်တွေကလည်း ဒီငါး သေပြီ ထင်ပြီး ဉာဏ်ငါးကို ရေစပ်နား ကုန်းပေါ်မှာ ပစ်ချထားလိုက်တယ်။ အဲဒီအခါကျမှ ဉာဏ်ငါးဟာ တံငါသည်အလစ်မှာ ရေထဲကို ခုန်ချပြီး ရေနက်ရာကို ဆင်းပြေးတော့တယ်။

● ဒါဆို ကံငါးဟာ ဘယ်လိုလုပ်သလဲ ဖေဖေ။

○ ကံငါးက 'ကံစီမံရာ ဖြစ်လိမ့်မယ်'ဆိုပြီး ဘာမှ မလုပ်ဘူး၊ တံငါသည်တွေ ပြုသမျှကို ခံနေတယ်တဲ့။

● ဒါဆို ကံယုံငါးဟာ တံငါသည်လက်ထဲမှာပဲ သေပွဲဝင်ရရှာမှာပေါ့နော်။

○ အေး၊ အဲဒါ ဉာဏ်၊ ဝီရိယ မပါဘဲ ကံကိုချည်းသာ ယုံသူတွေ ကြုံရတတ်တဲ့ ဘဝသင်ခန်းစာပဲ သမီးရဲ့။ စိုင်ကော်လို့ ချုံပေါ်ရောက်တယ်ဆိုတာ ကံကြောင့်လို့ ဆိုနိုင်ပေမယ့် အဲဒီအခြေအနေမှာ ကြာရှည် တည်တံ့အောင် လုပ်တတ်ဖို့ကျတော့ ဉာဏ်လည်း လိုတယ်၊ ဝီရိယလည်း လိုတယ်။ ငါးသုံးကောင်ကိုပဲ ကြည့်၊ ဝီရိယရှိတဲ့ ငါးက လွတ်အောင် ရုန်းကန်လှုပ်ရှားတဲ့ ပစ္စုပ္ပန်ကံလည်း ရှိတယ်၊ ဒီအချိန်မှာတော့ ပြေးမှဖြစ်မယ်လို့ ဆုံးဖြတ်တတ်တဲ့ ဉာဏ်လည်း ရှိတယ်၊ ပြေးရင် လွတ်မယ်ဆိုတာ သိတဲ့ ဉာဏ်ရှိတယ်လို့ ဆိုရတာပေါ့ကွယ်၊ ဉာဏ်ယုံငါးမှာလည်း သေကံမရောက် သက်မပျောက်လို့ လွတ်လောက်တဲ့ ကံလည်း ရှိတယ်၊ လွတ်အောင် ပြုတတ်တဲ့ ဉာဏ်လည်း ရှိတယ်၊ ရေထဲရောက်အောင်

http://www.dhammadownload.com



ခုန်ဆင်းတဲ့ ဝီရိယ အားထုတ်မှုကလည်း ထိုက်ထိုက်တန်တန် ရှိတယ်၊ ဒါကြောင့် အောင်မြင်မှုတွေ ရတယ်။ ကံယုံငါးကတော့ ကံတစ်ခုတည်းကိုပဲ အားကိုးတယ်၊ ဉာဏ်၊ ဝီရိယကို အသုံးမချတတ်ဘူး၊ ဒါကြောင့် တံငါလက်ထဲမှာ အသက်ဆုံးရှုံးရတယ်။

ဒါကြောင့် ဘဝကို ရှုမြင်သုံးသပ်တဲ့အခါ တစ်စုံတစ်ခုသော ကုသိုလ်ကံကြောင့် ပဋိသန္ဓေနေခဲ့ရပြီး လူဖြစ်လာတယ်၊ တစ်စုံတစ်ခု အကျိုးပေးတဲ့အခါ အတိတ်ကံရဲ့ သတ္တိက ပါတာတော့ မှန်တယ်၊ သို့သော် အဲဒီ ကံသတ္တိဟာ ဝေးသောအကြောင်း၊ အင်္ဂလိပ်လိုဆိုရင် Remote Cause ဖြစ်တယ် သမီးရဲ့။ ဉာဏ်ကတော့ အလယ်အကြောင်း Mediate Cause ပေါ့။ အဲ၊ ဝီရိယကတော့ အနီးဆုံးအကြောင်း Immediate Cause ဖြစ်တယ်လို့ မှတ်ရမယ်။

● ဟုတ်ပါတယ် ဖေဖေ။ ရေးကုသိုလ်ကံ ရှိခဲ့တယ်ပဲ ထားပါ၊ အဲဒီကံက ဘယ်လောက်ရှိခဲ့သလဲ၊ ဘယ်အချိန်မှာ အကျိုးပေးမလဲ ဆိုတာကိုမှ မသိနိုင်တာပဲနော်။

○ ဟုတ်တယ်။ ဒါကြောင့် အတိတ်ကံ အကျိုးပေးမှာကို စောင့်နေလို့ မရဘူး၊ အတိတ်ကံအကျိုးပေးကို မျှော်တဲ့အလုပ်ကို မလုပ်ရဘူး။ လောကီကိစ္စမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာကိစ္စမှာပဲဖြစ်ဖြစ် ဒီဉာဏ်ပညာ တိုးပွားအောင် ကြိုးစားလေ့လာသင်ကြားကြရမယ်၊ ပြီးရင် ကိုယ်နဲ့တန်တဲ့ လုံ့လကို ပြုရမယ်၊ အဲဒီလိုလုပ်ရင် ဘဝနဲ့ ပတ်သက်တဲ့ ကျက်သရေ မင်္ဂလာအပေါင်းက အလိုလို ခညောင်းပေါ်ပေါက်လာလိမ့်မယ်။ အဲဒါ ဟိတောပဒေသမှာဆိုတာ၊ ဥယျောဂိနံ ကြိုးစားအားထုတ်လေ့ရှိသော၊ ပုရိသိံဟံ ယောကျ်ားမြတ်ထံသို့ လက္ခီ ကျက်သရေမင်္ဂလာအပေါင်းတို့သည်၊ ဥပေတိ ကပ်ရောက်လာ၏ တဲ့။

● ဟုတ်ကဲ့ ဖေဖေ၊ သမီးကလည်း ဉာဏ်၊ ဝီရိယ ရှိရင် လောကီ လောကုတ္တရာ စီးပွားချမ်းသာဆိုတာ ဖြစ်လာမှာပဲလို့ ယုံပါတယ်။

○ သမီးပြောတာ မဟုတ်ဘူးလားဆိုတော့ မှန်သင့်သလောက် မှန်တယ်။ ဒါပေမဲ့ လောက အတွေ့အကြုံတွေထဲမှာ ဉာဏ်လည်း ရှိ၊ ဝီရိယလည်း ရှိတယ်။ ဒါပေမဲ့ ကံအကျိုးမပေးလို့ မကြီးပွားတဲ့လူတွေ၊ မအောင်မြင်တဲ့လူတွေကလည်း အနမတဂ္ဂပဲကွယ့်။ ဥပမာ–ခု ဖေဖေ ရေးနေတဲ့ Somo-Psychic Power'ဆိုမိုဆိုက်ခစ်တန်ခိုး'ဆိုတဲ့ စာအုပ်မှာ လူတစ်ယောက်ဟာ အစုစပ်လုပ်ငန်းတစ်ခုကို လုပ်တယ်၊ ကြိုးစားလုပ်ရင်းက အရှုံးပေါ်တယ်၊ နောက်ဆုံး ဒေဝါလီခံရတော့မယ့် အခြေအနေထိ ဆိုက်ရောက်သွားတယ်။ ဒီအခါ သူ့မှာ အသိဉာဏ်သစ်

http://www.dhammadownload.com



တစ်ခု ပေါ်လာတယ်။ လက်ရှိလုပ်နေတဲ့ အလုပ်လုပ်ပုံတွေကို ပြောင်းလဲပစ်ပြီး လုပ်မှဖြစ်မယ်၊ တီထွင်ဆန်းသစ်မှုတစ်ခု လုပ်မှဖြစ်မယ်ဆိုတဲ့ စိတ်ကူးသစ် ဉာဏ်သစ်လည်း ပေါ်တယ်။ သူ့အကြံသစ် ဉာဏ်သစ်ကို သူ့ရဲ့ ပါတနာတွေကို ကြိုးစားပြီး ရှင်းလင်း တင်ပြတော့ သူ့ပါတနာတွေက လက်မခံဘူး၊ ဒီတော့ သူလုပ်ချင်တာ မလုပ်ရဘူး၊ ကုမ္ပဏီက အခြေအနေ ပိုဆိုးလာတယ်။ နောက်တော့ ဒီလူဟာ ဆိုမိုဆိုက်ခစ် တန်ခိုးရအောင်လုပ်ပြီး ပြောမှ သူ့အစုစပ်သမားတွေက သူ့အကြံကို လက်ခံပြီး လုပ်ခွင့်ပြုတယ်။ ဒီလိုလုပ်တော့ အလုပ်သမားတွေက သူ့ကို ဘက်တိုက်ကြပြန်တယ်။ ဒီအလုပ်သမားတွေအပေါ်မှာ အနိုင်ရအောင် သူ ကြိုးစားရပြန်တယ်။ နောက်ဆုံး သူ့အကြံသစ် ဉာဏ်သစ်ကို ကုမ္ပဏီတစ်ခုလုံးက လက်ခံပြီး တက်ညီလက်ညီလုပ်ကြတော့ သုံးနှစ်အတွင်း အမြတ်အစွန်းတွေ သန်းချီရတယ်။ ဒီလိုအခါမှာ ဉာဏ်၊ ဝီရိယလည်း အရေးကြီးတယ်။ သို့သော် ဘယ်လိုမှ လုပ်မရတဲ့အခါမျိုးလည်း ရှိတယ်။ အဲဒီအခါမှာတော့ ကမ္မသကတာ သမ္မာဒိဋ္ဌိ ရှိဖို့ လိုတာပေါ့ သမီးရယ်။

- ● ဟုတ်ကဲ့ပါ ဖေဖေ၊ ပြုသူအသစ် ဖြစ်သူအဟောင်း ဆိုတာမျိုးပေါ့နော်။
- ○ အေး၊ ဟုတ်တယ်။ မလုပ်ဘဲဖြစ်တာ၊ ဖြစ်အောင် လုပ်လို့ မရတာတွေကို သတိနှင့် ဆင်ခြင်တတ်ရမယ်။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# သူတော်ကောင်း သူယုတ်မာ

တစ်နေ့သ၌ ဖေဖေသည် ကျွန်မအား ခေါ်ပြီး ဆုံးမစကား ဆိုပါသည်။ ထိုအချိန်သည် မုံလယ် ဝိပဿနာ တရားစခန်းဖွင့်ပြီး သင်္ကြန်ရက်များ ကုန်ဆုံးသော အချိန် ဖြစ်ပါသည်။

○ သမီးကို ဖေဖေ တစ်ခု မေးမယ်။

● ဟုတ်ကဲ့၊ မေးပါ ဖေဖေ။

○ မုံလယ် ဝိပဿနာ တရားစခန်းဖွင့်တဲ့ ရက်တွေတုန်းက ဆရာမဒေါ်ရင်ရင်မွှေးနဲ့ သမီးတို့ လူငယ်အမျိုးသမီးကလေးတွေ သာသနာ့ ဝေယျာဝစ္စ အလုပ်တွေကို လုပ်ခဲ့ကြတာ ပျော်ရဲ့လား။

● ပျော်ပါတယ် ဖေဖေ၊ အန်တီမွှေးက သိပ်တော်တာပဲ။ သမီးတို့ကို ခေါင်းဆောင်ပြီး မုံလယ်သာသနာတော် ပြန့်ပွားအောင် သူ လုပ်သွားတာ နမူနာယူစရာပါပဲ ဖေဖေ၊ သမီးတို့ အုပ်စုကလည်း တက်ညီလက်ညီ ရှိကြပါတယ်၊ မခိုမကတ်ကြဘူး၊ ဥပုသ်စောင့်ရက်တွေဆိုတော့ တရားပွဲစီစဉ်ဖို့အတွက် ပြေးကြလွှားကြရတယ်လေ၊ ဒါပေမဲ့ သမီးတို့ မောရမှန်း မသိဘူး၊ ပျော်နေကြတယ်။ ပြီးတော့ ယောဂီတွေအတွက် ညပိုင်း ကြံရည်တိုက်တာတို့၊ တရားပွဲမှာ တင်တဲ့ ပန်းအိုးကြီးတွေအတွက် ပန်းဝယ်တာတို့ကို သမီးတို့ မုန့်ဖိုးတွေနဲ့ ဝယ်ပြီး လှူကြတယ်၊ ကုသိုလ်လည်း ရပါတယ်။

○ အေး၊ ဖေဖေကလည်း တွေ့ပါတယ်၊ သာဓုလည်း ခေါ်ရတာပေါ့။ ဒါပေမဲ့ သမီးတို့ သင်္ကြန်ရက်မှာ အပျော်ရေကစားဖို့ သွားကြတယ်။ သင်္ကြန်ပြီးတဲ့ အခါကျတော့ သမီး အသားတွေ မည်းညစ်သွားတယ်။ အဆုတ် အအေးပတ်ပြီး

http://www.dhammadownload.com



ချောင်းတွေဆိုးတယ်၊ နေမကောင်းဖြစ်တယ်၊ ဆေးခန်းကို သွားရတယ်။ အဲဒီသကြိန်မှာ ပျော်တုန်းက သမီးတို့အန်တီမွေး ပါသလား။

● အန်တီမွေး မပါပါဘူး ဖေဖေ၊ အန်တီမွေးက ဖြူးတရားပွဲ အပြီးမှာ တောင်ငူကို ဆက်ပြီး ခရီးထွက်တယ်။ ဘိုင်အိုဆရာ ဦးမြမော်တို့၊ ဒေါက်တာ ဝေဝေလွင်ဦး တို့နဲ့အတူ ကျောက်ဝိုင်းမှာ တရားအားထုတ်ဖို့ လိုက်သွားပါတယ်။

○ အေး၊ ဖေဖေလည်း သိပါတယ်။ တမင်မေးတာ၊ ဆိုလိုတာကတော့ သမီးတို့ သကြိန်မှာ ကိလေသာတွေနဲ့ပျော်ဖို့ ကြိုးစားတဲ့အချိန်မှာ အန်တီမွေးက ကျောက်ဝိုင်း တောရရိပ်သာမှာ တရားဓမ္မနဲ့ ပျော်ဖို့သွားတယ်။ လောကမှာ ကိလေသာနဲ့ပျော်တာလည်း ရှိတယ်၊ ဓမ္မနဲ့ပျော်တာလည်း ရှိတယ်။ အဲဒီ နှစ်ခုမှာ ဘယ်လိုပျော်တာက ပိုကောင်းသလဲ သမီး။

● အန်တီမွေးက လူကြီးပဲ၊ သမီးတို့က လူငယ်ပဲ ဖေဖေ။

○ ဖေဖေ မေးတာကို အတည့်ပြောပါ သမီးရယ်၊ သမီးဆိုလိုတာက လူငယ်ဆိုတာ ကိလေသာနဲ့ပဲ ပျော်ချင်တယ်။ ကိလေသာနဲ့ ပျော်တာဟာ လူငယ်တွေအတွက် ပိုကောင်းတယ်လို့ ဆိုချင်သလား။

● မဆိုချင်ပါဘူး ဖေဖေ၊ တကယ်တော့ တရားတွေနဲ့ ပျော်တာက ပိုကောင်းပါတယ် ဖေဖေ။

○ သမီးက ဖေဖေ သဘောကျအောင် အလိုက်သင့် မဖြေနဲ့၊ တရားဓမ္မနဲ့ ပျော်တာဟာ ပိုကောင်းတယ်ဆိုတာ သမီးကိုယ်တိုင် ခံစားပြီးသိမှပိုကောင်းတာ။

● ဟုတ်ကဲ့၊ သမီးကိုယ်တိုင် ခံစားပြီး သိတာပါ ဖေဖေ၊ ဖေဖေ့ အလိုကျ လိုက်ဖြေတာ မဟုတ်ပါဘူး။

○ ကဲ၊ ဒါဖြင့် သမီးကိုယ်တိုင် ဘယ်လိုခံစားရသလဲ၊ ဖေဖေ သဘောကျအောင် ပြောစမ်းပါဦး။

● ဒီလိုပါ ဖေဖေ၊ သမီးတို့ တရားစခန်းဖွင့်တဲ့ ရက်တွေတုန်းက လုပ်ခဲ့တာတွေ အားလုံးဟာ ကုသိုလ်စိတ်နဲ့ လုပ်ခဲ့တာချည်းပဲ ဖေဖေ၊ ဒါကြောင့် သမီးတို့ အလုပ်ပင်ပန်းပေမယ့် စိတ်မပင်ပန်းဘူး၊ ဟိုသွားဒီသွားနဲ့ အလုပ်တွေ ရှုပ်နေကြတယ်။ အားတဲ့အချိန် တရားနာတယ်၊ တရားထိုင်တယ်၊ ယောဂီတွေရဲ့ ဝေယျာဝစ္စတွေကိုလည်း သမီးတို့ လုပ်ပေးကြတယ်၊ တစ်နေကုန် လှုပ်ရှားနေကြတာတွေ အားလုံးဟာ ကုသိုလ်စေတနာတွေချည်းပါပဲ။ စခန်းရက်တုန်းက အခါမဟုတ်မိုးက ရွာတယ်။ သမီးတို့ မိုးမိကြတယ်။ ဒါတောင်မဖျားဘူး၊ စမ်းရီသိန်းတစ်ယောက်ပဲ

http://www.dhammadownload.com



တစ်ရက်ဖျားတယ်။ ဒါပေမဲ့ နောက်နေ့မှာ အကောင်းပကတိ ဖြစ်သွားပါတယ်။ သင်္ကြန်ရက်မှာ လည်တုန်းက သမီးက မလိုက်ချင်ပါဘူး၊ အပေါင်းအသင်းတွေက၊ လိုက်ခဲ့ပါလို့ အတင်းခေါ်ကြတယ်။ သမီးပိုက်ဆံလည်း မကုန်ပါဘူး၊ ဒါပေမဲ့ ရေစိုလိုက် နေပူလိုက်နဲ့ သမီး အသားတွေ မည်းကုန်တယ်၊ နှာတွေမွန်ပြီး ချောင်းတွေ ဆိုးတယ်၊ ဆရာဝန်သွားပြရတယ်၊ ဆရာဝန်က အဆုတ်အအေးမိပြီး ဖျားနေတယ်လို့ ပြောပါတယ်၊ တစ်ပတ်လောက်ကြာအောင် တော်တော် ခံလိုက်ရပါတယ်။ ဖေဖေ ပြောသလို သင်္ကြန်ဆိုတာ ကိလေသာအပျော်ပဲဆိုတာ မှန်ပါတယ်။

○ ဖေဖေက သင်္ကြန်ပျော်လို့ အပြစ်တင်တာ မဟုတ်ပါဘူး၊ ပုထုဇဉ်ဟာ ပုထုဇဉ်လိုပဲ နေချင်မှာပဲဆိုတာ ဖေဖေ နားလည်ပါတယ်။ ဖေဖေ ပြောချင်တာက ပေါင်းသင်းဆက်ဆံရေး နယ်ပယ်မှာ ပေါင်းသင်းကြတဲ့အခါ သူတော်ကောင်းနဲ့ ပေါင်းမိရင် ကုသိုလ်ဖြစ်တယ်၊ ချမ်းသာတယ်ဆိုတာကို ပြောချင်တာပါ။

● ဟုတ်ကဲ့ ဖေဖေ၊ သမီးတို့က လူငယ်တွေဆိုတော့ သူတော်ကောင်းနဲ့ သူယုတ်မာကို မခွဲခြားတတ်ပါဘူး။ အမှန်ပြောရရင် ဘယ်လိုလူဟာ သူတော်ကောင်းလဲ၊ ဘယ်လိုလူဟာ သူယုတ်မာလဲ ဆိုတာတောင် မခွဲခြားတတ်သေးပါဘူး။

○ အေး၊ ခုခေတ်မှာ သူတော်ကောင်း အယောင်ဆောင်တွေကလည်း များသားကလား။ ပြီးတော့ လောကမှာ ရခဲတဲ့ ရတနာတွေလိုပဲ ပညာရှိ သူတော်ကောင်းကို သိဖို့လည်း အင်မတန် ခက်တယ်။

● ဟုတ်ကဲ့၊ ပြောပါဦး ဖေဖေ။

○ အင်း၊ ဒါ သိပ်အရေးကြီးတယ်။ လောကမှာ ပညာရှိ သူတော်ကောင်းကို တွေ့ရဖို့လည်း ခဲယဉ်းတယ်၊ ပညာရှိ သူတော်ကောင်းနဲ့ ပေါင်းသင်းရဖို့ အခွင့်အရေးကိုလည်း ရခဲတယ် သမီးရယ်။ တောတိုင်းမှာ စန္ဒကူးမရှိဘူး၊ တောင်တိုင်းမှာလည်း ပတ္တမြားရတနာ မရှိဘူး၊ ဆင်တိုင်းမှာလည်း အမြဲတော မရှိဘူး၊ အဲဒီလိုပဲ နေရာတိုင်းမှာလည်း ပညာရှိ သူတော်ကောင်း မရှိဘူးလို့ ရှေးပညာရှိများက ပြောခဲ့ဖူးတယ်။ ဒါကြောင့် သမီးတို့ လူငယ်တွေအနေနဲ့ သူတော်ကောင်း အင်္ဂါသုံးပါး၊ သူယုတ်မာ အင်္ဂါသုံးပါးကိုရော သူတော်ကောင်းလို့ သိကြောင်း လက္ခဏာတွေနဲ့ သူယုတ်မာလို့ သိကြောင်း လက္ခဏာတွေကို သိထားသင့်တယ်။

● ဟုတ်ကဲ့ ဖေဖေ၊ သမီး သိချင်ပါတယ်။

http://www.dhammadownload.com



○ အေး၊ သူတော်ကောင်း လက္ခဏာ၊ သူမြတ် လက္ခဏာ သုံးပါးဆိုတာကို အရင်ပြောမယ်။ အဲဒါတွေက-

(၁) သူတော်ကောင်းဟာ ကုသိုလ်ဖြစ်ကြောင်း ကောင်းမှုကိုသာ ကြံစည်တယ်တဲ့၊

(၂) စကားပြောတဲ့အခါမှာလည်း အပြစ်ကင်းတဲ့စကား၊ ကုသိုလ်ဖြစ်ကြောင်း ကောင်းတဲ့စကားကိုသာ ပြောဆိုတတ်တယ်တဲ့၊

(၃) ပြီးတော့ အလုပ်လုပ်တဲ့အခါမှာလည်း ကုသိုလ်ဖြစ်ကြောင်း ကောင်းမှုကိုသာ လုပ်တယ်တဲ့။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သူယုတ်မာကို သိကြောင်း လက္ခဏာတွေကို ပြောပြပါဦး။

○ (၁) သူယုတ်မာဟာ အကုသိုလ်ဖြစ်ကြောင်း မကောင်းမှုကိုသာ ကြံစည်တယ်၊

(၂) စကားပြောတဲ့အခါမှာလည်း အပြစ်မကင်းတဲ့စကား၊ အကုသိုလ်ဖြစ်ကြောင်း မကောင်းတဲ့စကားကိုပဲ ပြောတယ်၊

(၃) လုပ်တဲ့ အခါမှာလည်း အကုသိုလ်ဖြစ်ကြောင်း မကောင်းတဲ့ အလုပ်၊ အပြစ်မကင်းတဲ့ အလုပ်ကိုပဲ လုပ်တတ်တယ်တဲ့။

● ဟုတ်ကဲ့၊ မှတ်မိပါပြီ ဖေဖေ။ သူတော်ကောင်းလို့ သိကြောင်း လက္ခဏာတွေနဲ့ သူယုတ်မာလို့ သိကြောင်း လက္ခဏာတွေကိုလည်း ရှင်းပြပါဦး ဖေဖေ။

○ အေး၊ အဲဒါ အလွန် အရေးကြီးတယ်။ သမီးတို့ လူငယ်တွေ လူတစ်ယောက်ကို တွေ့တဲ့အခါ သူတော်ကောင်းလား၊ သူယုတ်မာလားဆိုတာကို ချက်ချင်း အကဲခတ်တတ်ဖို့ လိုတယ်။ ဒါကြောင့် သူတော်ကောင်းနဲ့ သူယုတ်မာကို သိနိုင်တဲ့ သိကြောင်းလက္ခဏာတွေကို ဖေဖေ ပြောပြမယ် နားထောင်။

● ဟုတ်ကဲ့၊ နားထောင်နေပါတယ် ဖေဖေ။

○ သူယုတ်မာလို့ သိနိုင်တဲ့ သိကြောင်း လက္ခဏာက လေးမျိုးရှိတယ်လို့ ဘုရားက ဟောတော်မူခဲ့တယ်။ အဲဒါတွေကတော့ (၁) သူယုတ်မာတို့မည်သည် သူတစ်ပါးရဲ့အပြစ်ကို ဘယ်သူကမှ မမေးဘဲနဲ့လည်း ပြောတယ်၊ မေးရင်တော့ ဒီထက်ပိုပြီး သာသာထိုးထိုး ပုံကြီးချဲ့ပြီး ပြောတတ်တယ်၊ ပြီးတော့ (၂) က ကိုယ့်အပြစ်ကိုကျတော့ တတ်နိုင်သလောက် ဖုံးထားတတ်တယ်၊ မေးရင်တောင်မှ အနည်းငယ်လောက်သာ မပြောမဖြစ်လို့ ပြောရတယ်၊ နောက်ပြီး (၃)က သူများရဲ့ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုဖို့ကျတော့ အလွန် ဝန်လေးတယ်၊ မေးတဲ့လူ

http://www.dhammadownload.com



မရှိရင် ပြောကို မပြောဘူး၊ မေးတဲ့လူရှိမှ မပြောရင် မကောင်းတတ်လို့ အနည်းအကျဉ်းပဲပြောတယ်၊ အေး (၄) အချက်က သူယုတ်မာဟာ ကိုယ့်ဂုဏ်ကျတော့ မမေးဘဲနဲ့ ထုတ်ဖော် ပြောဆိုချင်ကြတယ်၊ မေးတဲ့လူ ရှိရင်တော့ ပိုပိုလိုလို သာသာထိုးထိုး ပြောတော့တာပဲကွယ့်။ အဲဒါကြောင့် ရှေးလူကြီးများက 'ကိုယ့်ကို ကိုယ်ဖော် မသူတော်'လို့ သိကြောင်း လက္ခဏာကို ပြထားခဲ့ကြတယ်။ သူတော်ကောင်း မဟုတ်တဲ့လူဟာ ကိုယ့်ဂုဏ်ကို ကိုယ်ဖော်တတ်ကြတယ်။

● အင်း၊ ဟုတ်ပါတယ်။ သမီးတို့ ခဏခဏတွေ့ဖူးတဲ့ ချဉ်ဖတ်စိန်တွေဆိုတာ တကယ်တော့ သူယုတ်မာ လက္ခဏာရှိတဲ့ လူတွေပဲနော်။ ဒီ လူယုတ်မာတွေဟာ ကိုယ့်ကိုယ်ကို ဂုဏ်ဖော်သလား မပြောနဲ့၊ နားထောင်တဲ့လူ စိတ်ထဲမှာ ဘယ်လို ထင်နေသလဲဆိုတာကိုလည်း မသိတတ်ကြဘူး။

○ အပြစ်မတင်နဲ့ သမီး၊ သူတို့ဟာ သနားစရာကောင်းတဲ့ လူတွေပါ။ သူတို့မှာ အဓိကချွတ်ယွင်းနေတာက ဉာဏ်မရှိဘူးကွယ့်။ ပညာရှိ သူတော်ကောင်းတွေ ကျတော့ သူတစ်ပါးအပြစ်ကို ဘယ်တော့မှ မပြောဘူး၊ တစ်စုံတစ်ယောက်က မေးရင်တောင် သိပ်မပြောဘူး၊ နည်းနည်းပါးပါးပဲ ပြောတယ်၊ ခွင့်လွှတ်တဲ့ စိတ်သဘောထားနဲ့ပြောတယ်။ ပညာရှိသူတော်ကောင်းရဲ့ ထူးခြားချက်ကတော့ မိမိအပြစ်ကို ဘယ်သူကမှ မမေးတာတောင် ပြောသင့်ရင် ပြောတယ်၊ မေးတဲ့လူ ရှိရင်တော့ မိမိအပြစ်ကို ပြည့်ပြည့်စုံစုံ ဝန်ခံပြီး ပြောတတ်တယ်။ ပြီးတော့ ပညာရှိဟာ သူတစ်ပါးရဲ့ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဖို့ရာ ဝန်မလေးဘူး၊ ဘယ်သူမှ မမေးဘဲလည်း ပြောတယ်။ မေးရင်တော့ ပြည့်ပြည့်စုံစုံပြောတယ်။ ပညာရှိ သူတော်ကောင်းရဲ့ နောက်ထူးခြားချက် တစ်ခုကတော့ မိမိရဲ့ ဂုဏ်ကျေးဇူးကို မပြောလိုဘူး၊ လျှို့ဝှက်သိုသိပ်တတ်တယ်၊ သူများမေးလာရင်တောင် အနည်းအကျဉ်းသာ ပြောတယ်။ အဲဒါတွေဟာ သူယုတ်မာနဲ့ သူတော်ကောင်းကို ခွဲခြားသိနိုင်တဲ့ လက္ခဏာတွေပဲ သမီးရယ်။ ပြီးတော့ သူတော်ကောင်းရဲ့ အရည်အချင်းတွေကိုလည်း သိရမယ် သမီး။

● ပြောပါဦး ဖေဖေ။

○ ပညာရှိ သူတော်ကောင်းရဲ့ အရည်အချင်းတွေက ရတနာသုံးပါးနဲ့ ကံတရားကို ယုံကြည်တဲ့(သဒ္ဓါ)တရားနဲ့ ပြည့်စုံတယ်၊ ကုသိုလ်ကောင်းမှုတို့ကို မမေ့တဲ့(သတိ)နဲ့ ပြည့်စုံတယ်၊ မကောင်းမှုကို ပြုရမှာ သိပ်ရှက်တယ်(ဟိရီ)၊ မကောင်းမှုပြုရမှာကိုလည်း သိပ်ကြောက်တယ်(ဩတ္တပ္ပ)၊ အပြစ်ကင်းတဲ့ အကြားအမြင်

http://www.dhammadownload.com



(သုတ)နှင့်လည်း ပြည့်စုံတယ်၊ ကုသိုလ်ကောင်းမှုအတွက် အားထုတ်တဲ့(ဝီရိယ)လည်း ရှိတယ်၊ ပြီးတော့ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်ကို သိမြင်တဲ့(ပညာ)လည်း ရှိတယ်၊ မှတ်ထားနော်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး မှတ်ထားပါ့မယ်။

❑

http://www.dhammadownload.com

# ဝိဇ္ဇာ စရဏ အဖွင့်

● အဖေကြီး သမီး မရှင်းလို့ မေးပါရစေဦး။

○ အေး အေး၊ မရှင်းတာရှိရင် မေးရမှာပေါ့ သမီးရဲ့။ ‌မေး မေး၊ သမီးက ဘာကိစ္စ မရှင်းတာလဲ။

● ဝိဇ္ဇာနဲ့ စရဏ ဆိုတာပါ ဖေဖေ။ တလောက တက္ကသိုလ်က ဆရာတစ်ဦးက ပြောတယ်၊ ဝိဇ္ဇာနဲ့ စရဏဆိုတာ Theory နဲ့ Practice ပါတဲ့။ သမီး စိတ်ထဲမှာ သူပြောတာ မှာက်ဝါဒ ဆန်နေသလားလို့။

○ အင်း၊ ဖေဖေ့သမီးက ဗုဒ္ဓဝါဒီ ပီသလာပြီပဲ။ သမီးရဲ့နားက ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့နားမျိုး ဖြစ်လာပြီ တစ်စုံတစ်ခု ဖောက်လွဲဖောက်ပြန် ပြောတာ ကြားရင် ဒါ ထေရဝါဒ မဟုတ်ဘူးလို့ သဘောပေါက်တာမျိုးပေါ့။ သမီး မေးတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ပြောမယ်။ ဝိဇ္ဇာနဲ့ စရဏ ဆိုတာ Theory နဲ့ Practice ဆိုတဲ့သဘော လုံးဝ မဟုတ်ဘူး၊ ဝိဇ္ဇာဆိုတာက သဘောအယူအဆ (သီဝရီ)တစ်ခု မဟုတ်ဘူး၊ ဒါက သစ္စာတရားကို ထိုးထွင်းသိမြင်တတ်တဲ့ ဉာဏ်ကို ပြောတာ၊ သစ္စာကို ထိုးထွင်းသိမြင်တတ်တဲ့ ဉာဏ်ဆိုတာ သဘောအယူအဆတစ်ခု မဟုတ်ဘူး၊ ဒါက သဘာဝကို ဟုတ်တိုင်းမှန်စွာ သိမြင်တဲ့ မဂ်ပညာ၊ ဖိုလ်ပညာ ဖြစ်သွားပြီ။ ပြီးတော့ စရဏဆိုတာလည်း မှာက်ဝါဒက ဟောထားသလို လက်တွေ့ စမ်းသပ်တဲ့ သဘောကို ဆိုလိုတာ မဟုတ်ဘူး၊ စရဏထဲမှာ စောင့်ထိန်းမှုသဘောလည်း ပါတယ်၊ ချင့်ချိန်မှုသဘောလည်း ပါတယ်၊ သတိနှင့် ရှုပွားခြင်းသဘောလည်း ပါတယ်၊ နိုးကြားခြင်းသဘောလည်း ပါတယ်၊ ယုံကြည်ခြင်းသဘောလည်း ပါတယ်၊ အားထုတ်ခြင်းသဘော၊ ရှက်ခြင်းသဘော၊ ကြောက်ခြင်းသဘောအပြင် ဈာန်သဘော အထိ ပါတယ်။

http://www.dhammadownload.com



● ဒါဆိုရင် Practice ဆိုတဲ့ သူပြောတဲ့သဘော ဘယ်ဟုတ်ပါ့မလဲနော် ဖေဖေ။

○ ခက်တာက သဘောမပေါက်တာလည်း ပါတယ်၊ သူများပါးစပ်မှာ လမ်းဆုံးနေတာလည်းပါတယ်။ ခပ်ပေါ့ပေါ့ ပြောပြီး ပြီးတာပဲ သဘောနဲ့ ပြောတာလည်း ဖြစ်နိုင်ပါတယ် သမီးရယ်၊ အပြစ်မတင်ပါနဲ့၊ သဘောအမှန်ကို သမီးသိရင် ပြီးတာပါပဲ။

● ဒါဖြင့် ဗုဒ္ဓဝါဒအမြင်ကို ပြောပါဦး ဖေဖေ။

○ သမီး ဘုရားဂုဏ်တော်တွေ အကြောင်းကို ကြားဖူးပြီးပြီ မဟုတ်လား။

● ဟုတ်ကဲ့ ဖေဖေ၊ ကြားဖူးပြီးပါပြီ။

○ ဘုရားဂုဏ်တော်တွေထဲမှာ ဝိဇ္ဇာ စရဏ သမ္ပန္နော ဆိုတဲ့ ဂုဏ်တော် မပါဘူးလား။

● ပါပါတယ် ဖေဖေ၊ သမီးကို အရင်တစ်ခါ ဂုဏ်တော်ဖွင့်တုန်းက ဖေဖေ ရှင်းပြခဲ့တယ်လေ။

○ အေး ဟုတ်တယ်၊ အဲဒါ ဘုရားဂုဏ်တော်ကွယ့်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးနဲ့လည်း ပြည့်စုံတော်မူတယ်။ စရဏတရား ၁၅ ပါးနဲ့လည်း ပြည့်စုံတော်မူတယ်။ အဲဒီ သဘောကို ပြောတာ၊ အဲဒါကို သဘောတရားနဲ့ လက်တွေ့ကိုက်ညီရမယ်ဆိုတဲ့ မှာက်ဝါဒတွေး တွေးလို့က မဖြစ်ဘူး၊ အဲဒီသဘောနဲ့လည်း မဆိုင်ဘူး၊ ဝိဇ္ဇာနဲ့ စရဏကို သိက္ခာသုံးရပ်နဲ့ ခွဲကြည့်ရတယ်။

● သိက္ခာသုံးရပ်နဲ့ ခွဲကြည့်တယ်ဆိုတာ ဘာကို ပြောတာလဲ ဖေဖေ။

○ အေး၊ သမီး နားလည်အောင် ရှင်းပြမယ်။ ဒါကို ဖေဖေက ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားဖော်ပြခဲ့တာကို ကိုးကားပြီး ပြောမယ်။ ဗောဓိပက္ခိယ ဒီပနီကျမ်းမှာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက 'သီလ သမာဓိသည် စရဏမျိုးတည်းတဲ့၊ ပညာသည် ဝိဇ္ဇာမျိုးတည်းလို့ ဆိုတယ်။ အဲဒါကို ဝိဇ္ဇာ၊ စရဏလို့ ခေါ်တာပါတဲ့၊ ဝိဇ္ဇာသည် သတ္တဝါတို့၏ မျက်စိနဲ့ တူတယ်တဲ့၊ စရဏသည် ခြေလက်နဲ့ တူတယ်တဲ့၊ ဝိဇ္ဇာသည် ငှက်တို့မှာ မျက်စိနဲ့ တူတယ်တဲ့၊ စရဏသည် အတောင်နဲ့ တူတယ်တဲ့၊ သီလ သမာဓိနဲ့ ပြည့်စုံပြီး ဝိဇ္ဇာဉာဏ်ချို့တဲ့သောသူသည် ခြေလက်အင်္ဂါ ပြည့်စုံ၍ မျက်စိနှစ်ဖက် ချို့တဲ့သောသူနဲ့ တူတယ်တဲ့၊ ဝိဇ္ဇာဉာဏ်နဲ့ ပြည့်စုံ၍ စရဏတရား နည်းလှသော သူတို့သည် ခြေလက်အင်္ဂါပြည့်စုံ၍ မျက်စိနှစ်ဖက် ချို့တဲ့သောသူနဲ့ တူတယ်တဲ့၊ ဝိဇ္ဇာ စရဏ

http://www.dhammadownload.com



နှစ်ပါးနဲ့ ပြည့်စုံသောသူသည် ခြေအင်္ဂါ၊ လက်အင်္ဂါ၊ မျက်စိအင်္ဂါ အားလုံးနဲ့ ပြည့်စုံသော လူကောင်းသူကောင်း ပကတိနဲ့ တူတယ်တဲ့၊ ဝိဇ္ဇာ စရဏ နှစ်ပါးမှ ချို့တဲ့သော သူတို့သည် ခြေအင်္ဂါ၊ လက်အင်္ဂါ၊ မျက်စိအင်္ဂါ အကုန်ချို့တဲ့၍ အသက်ရှိသည်ဟူ၍ပင် မပြောစလောက်သော သူနဲ့ တူတယ်'လို့ ဟောတော်မူတယ်။ ရှင်းပြီလား သမီး။

● ခုမှ သမီးအမြင် တော်တော်ရှင်းသွားပါတယ် ဖေဖေ။

○ ဒါနှင့် မပြီးသေးဘူး သမီးရဲ့။ ဘုရားသာသနာအတွင်းမှာ စရဏနဲ့ပဲ ပြည့်စုံရုံနဲ့လည်း မပြီး၊ ဝိဇ္ဇာနဲ့ချည်း ပြည့်စုံရုံနဲ့လည်း မပြီးပုံကိုပါ လယ်တီဆရာတော်ကြီးက ဆက်ပြီး ဖွင့်ပြတော်မူတာ သိပ်ကောင်းတာပဲကွယ်။

● ရှင်းပြပါဦး ဖေဖေရယ်၊ သိပ်စိတ်ဝင်စားဖို့ ကောင်းပါတယ်။

○ အင်း၊ သမီးကတော့ ဒီတရားတွေ နာရတာကို ဝမ်းမြောက်နိုင်တာ ထူးပါတယ်။ တချို့များ ဒါတွေကိုကြားရင် သိပ်ပျင်းကြတာပဲ။

● သမီးကတော့ ဒီလို တရားစကားတွေကို ကြားနာနေရရင် ထမင်းတောင် မဆာဘူး ဖေဖေ။

○ အေး၊ ဖေဖေကလည်း ဒီသမီးမျိုးတွေရလို့ ဂုဏ်ယူပါတယ်ကွယ်။ ကဲ- ဆရာတော်ကြီးရဲ့ စရဏအဖွင့်၊ ဝိဇ္ဇာအဖွင့်ကို ရှင်းကြဦးစို့။

● ဟုတ်ကဲ့ ဖေဖေ၊ သမီး မှတ်သားချင်ပါတယ်။

○ ဒီလို သမီးရဲ့၊ ဆရာတော်ကြီးက 'ဤသာသနာတွင်း၌ ယခု ရှိနေကြကုန်သော သူအပေါင်းတို့တွင် အကြင်သူတို့သည် သီလ သမာဓိ ဟူသော စရဏနဲ့ ပြည့်စုံကုန်၏၊ ရုပ်နာမ်ခန္ဓာတို့၌ ဉာဏ်ကျက်စားခြင်းတည်းဟူသော ဝိဇ္ဇာမျိုးကား မရှိကြကုန်၊ ထိုသူတို့သည် စရဏတရား အားကောင်းလှသည့်အတွက် နောက် ဘုရားသာသနာကို တွေ့ကြရကုန်ရာ၏၊ တွေ့ကြကုန်သော်လည်း ဝိဇ္ဇာမျိုး မရှိသည့် အတွက် နောက်ဘုရား တရားကို နာကြားကြရသော်လည်း သစ္စာဉာဏ် အလင်း မပေါက်နိုင်ကြ၍ကုန်၊ ငါတို့ ဘုရားလက်ထက်၌ ကာဠုဒါယီ မထေရ်၊ ဥပနန္ဒ မထေရ်၊ ဆဗ္ဗဂ္ဂီရဟန်း၊ ကောသလမင်းကြီး စသူကဲ့သို့တည်း၊ ထိုသူတို့သည် ဒါန၊ သီလ၊ စရဏနဲ့ ပြည့်စုံခဲ့သည့်အတွက် အသက်ထက်ဆုံး မြတ်စွာဘုရားနဲ့ တွေ့ဆုံ၍ ပေါင်းဖက်ကြရကုန်၏၊ ရှေးဘုရားသာသနာ၌ ဝိဇ္ဇာမျိုး မရှိခဲ့သည့်အတွက် ငါတို့ ဘုရားတရားတော်ကို အခါအခါ ကြားနာကြရကုန်သော်လည်း အသက်ထက်ဆုံး ကျွဲပါးစောင်းတီးနဲ့ ပြီးသွားကြရကုန်၏'တဲ့ သမီးရဲ့။

● ဟင်၊ သနားစရာပဲနော် ဖေဖေ။

http://www.dhammadownload.com



○ ဟုတ်တယ်၊ သနားစရာပဲ။ ကောသလမင်းကြီးဆို ဘုရားထံကို အခေါက်ခေါက် အခါခါ သွားတယ်၊ တရားစကား မေးမြန်းတယ်၊ လျှောက်ထားတယ်၊ ဒါပေမဲ့ တရားမရရှာဘူး၊ အဲဒါ ဝိဇ္ဇာမျိုး မပါခဲ့လို့ပေါ့။

○ စရဏ မပြည့်စုံရင်လည်း ဒီလိုပဲ ဆုံးရှုံးမှာပဲနော် ဖေဖေ။

○ ငါ့သမီးက ထိုးထွင်းသိတဲ့ဉာဏ်လည်း ရှိနေပြီပဲ။ သမီးပြောတာ မှန်တယ်။ စရဏမပြည့်စုံဘဲ ဝိဇ္ဇာသာပြည့်စုံရင်လည်း ဘာဖြစ်မလဲဆိုတော့ ဆရာတော်က 'အကြင်သူသည် ရုပ်နာမ်ခန္ဓာတို့၌ ကျက်စားခြင်းဟူသော ဝိဇ္ဇာမျိုးနဲ့ ပြည့်စုံကြကုန်၏။ ဒါနမှု၊ နိစ္စသီလမှု၊ ဥပေါသထ သီလမှု ဟူသော စရဏ နည်းပါးကြကုန်၏။ ထိုသူတို့သည် ဝိဇ္ဇာမျိုးရှိသည့်အတွက် နောက် ဘုရားတရားကို ကြားနာခွင့် ရကြပါကုန်မူကား သစ္စာဉာဏ်အလင်းသို့ ပေါက်ရောက်နိုင်ကြကုန်၏။ စရဏတရား နည်းပါးကြကုန်သည့်အတွက် နောက်ဘုရားနဲ့ တွေ့ကြုံကြနိုင်ရန် အခွင့်မူကား အလွန် ခဲယဉ်းလှကုန်၏'တဲ့။ ဝိဇ္ဇာသာရှိပြီး စရဏ မရှိပြန်ရင်လည်း နောက် ဘုရားသာသနာနဲ့ တွေ့ဖို့ ခဲယဉ်းတယ်တဲ့။ ပြီးတော့ လယ်တီဆရာတော်ကြီးက လိုရင်းအချုပ်ကို ပြောရရင် ဝိဇ္ဇာ စရဏ နှစ်ပါးနဲ့ ပြည့်စုံသူမှ နောက်ဘဝ၌ ကျွတ်နိုင်တယ်။ ဝိဇ္ဇာမျိုးသာပါပြီး ဒါန သီလ စရဏမျိုးနည်းပါးခဲ့ရင် နောက် ဘုရားသာသနာနဲ့ တွေ့ခွင့်မရဘဲ လွဲချော်သွားနိုင်တယ်တဲ့။ စရဏမျိုးပဲရှိပြီး ဝိဇ္ဇာမျိုး မရှိပြန်ရင် နောက်ဘုရားသာသနာနဲ့ တွေ့ရတာတောင်မှ တရားမရဘူး၊ မကျွတ်ဘူးတဲ့။ ဒါကြောင့် ဥပမာ ပဒပရမ ပုဂ္ဂိုလ်တွေနော်၊ ဒီဘုရားသာသနာမှာ ဘယ်နည်းနဲ့မှ တရားမရဘူး၊ မကျွတ်နိုင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ပေါ့။ အဲဒီလို ပုဂ္ဂိုလ်မျိုး ဖြစ်ပါစေ၊ ဒါန သီလရော၊ သမထ ဝိပဿနာရော ဝိဇ္ဇာ စရဏ နှစ်မျိုးအစုံရအောင် အားထုတ်ကြရမယ်တဲ့။ သဘောကျပြီလား သမီးရဲ့။

● ကောင်းကောင်းကြီး သဘောပေါက်သွားပါပြီ ဖေဖေ။ စောစောက ဖေဖေ ပြောတဲ့အထဲမှာ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးဆိုတာ ကြားလိုက်တယ်။ အဲဒါ ကကော။

○ အဲဒါ ဘုရားဉာဏ်တွေကို ပြောတာပါ သမီး။ ဝိဇ္ဇာသုံးပါးဆိုတာ ၁။ ပုဗ္ဗေ နိဝါသာနုဿတိဉာဏ် (ရှေးရှေးဘဝတုန်းက ဖြစ်ခဲ့သမျှကို ပြန်ပြီး သတိရနိုင်၊ သိနိုင်တဲ့ ဉာဏ်)၊ ၂။ ဒိဗ္ဗစက္ခုဉာဏ်(နတ်မျက်စိလို အဝေး၌ရှိသောအရာ၊ အလွန်သေးတဲ့အရာတွေကို မြင်နိုင်တဲ့ဉာဏ်)၊ ၃။ အာသဝက္ခယဉာဏ်(ကိလေသာ အာသဝေါတို့ကို ကုန်ခန်းစေတဲ့ဉာဏ်)။ ဝိဇ္ဇာရှစ်ပါးဆိုတာက ၁။ ပြောခဲ့တဲ့ ပုဗ္ဗေ နိဝါသာနုဿတိဉာဏ်၊ ၂။ ဒိဗ္ဗစက္ခုဉာဏ်၊ ၃။ အာသဝက္ခယဉာဏ်၊ ၄။ ဝိပဿနာ

http://www.dhammadownload.com



ဉာဏ်(နာမ်တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို သိတာ)၊ ၅။ စေတော ပရိယဉာဏ်(သူတစ်ပါးစိတ် အကြံအစည်ကို သိတဲ့ဉာဏ်)၊ ၆။ မနောမယိဒ္ဓိ (မိမိခန္ဓာအတွင်း၌ အခြားခန္ဓာကိုယ် တစ်ခုကို စိတ်နှင့်ဖန်ဆင်းနိုင်တဲ့ ဉာဏ်)၊ ၇။ ဒိဗ္ဗသောတဉာဏ်(အဝေးမှအသံ၊ အလွန်သေးငယ်တဲ့ အသံတွေကို နတ်တွေလို ကြားနိုင်တဲ့ဉာဏ်)၊ ၈။ ဣဒ္ဓိဝိဓဉာဏ်(တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ဉာဏ်)၊ အဲဒါ ဝိဇ္ဇာရှစ်မျိုးကွယ့်၊ စရဏတရားက ၁၅ ပါး ရှိတယ်။

● ပြောပြပါဦး ဖေဖေ။

○ ၁။ သီလ–ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ပါတိမောက္ခ သံဝရသီလ စတဲ့သီလတွေ၊ ၂။ ဣန္ဒြိယသံဝရသီလ–အာရုံခြောက်ပါးတံခါးဝမှာ ပေါ်လာသမျှ စိတ်တွေကို ကိလေသာမဖြစ်ရအောင် သတိနှင့် ရှုသိနေတဲ့ ဉာဏ်၊ ၃။ ဘောဇနေမတ္တညုတာ–ဆိုတာဟာ အစားအသောက်ကို သင့်တင့်အောင် ချင့်ချိန်ပြီး စားတာ။ ၄။ ဇာဂ ရိယာနုယောဂ–ဆိုတာက နိုးနိုးကြားကြားရှိတာ၊ သတိ အမြဲရှိနေတာ၊ ၅။ သဒ္ဓါ–ရတနာသုံးပါးမှာ ယုံကြည်မှုရှိတာ၊ ၆။ သတိ–ကုသိုလ်ကောင်းမှုကို သတိရတာ၊ ၇။ ဟိရီ–မကောင်းမှု ပြုရမှာကို ရှက်တာ၊ ၈။ သြတ္တပ္ပ–မကောင်းမှု ပြုရမှာကို ကြောက်တာ၊ ၉။ ဝီရိယ၊ ကုသိုလ်ရေးမှာ လုံ့လရှိတာ၊ ၁၀။ သုတ–အပြစ်ကင်းတဲ့ အကြားအမြင်များတာ၊ ၁၁။ ပညာ–ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ကိုသိမြင်တဲ့ ထိုးထွင်းတဲ့ ပညာရှိတာ၊ ၁၂–၁၃–၁၄–၁၅– ကတော့ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဆိုတဲ့ သမထဈာန်တွေကိုရတာ ဖြစ်တယ်။ သမီး နားလည်ပြီနော်။

● နားလည်ပါပြီ ဖေဖေ။ သာဓုပါ၊ သာဓု၊ သာဓု။

❑

http://www.dhammadownload.com

http://www.dhammadownload.com

# ပါရမီအဖွင့်

● အဖေကြီး၊ သမီးတို့ ဗုဒ္ဓဘာသာမှာ 'ပါရမီ'ဆိုတာ ခဏခဏ ကြားရတယ်။ အဲဒါ ဘာလဲဟင်၊ တခြား ဘာသာတွေမှာကော ပါရမီဆိုတာ ရှိလား။

○ အင်း၊ သမီးကတော့ နိုက်နိုက်ချွတ်ချွတ် မေးတတ်လာပြီ။ ပါရမီဆိုတဲ့ အယူအဆဟာ တခြား ဘာသာဝင်တွေမှာ မရှိဘူး သမီးရဲ့။ ဒါဟာ ဗုဒ္ဓဘာသာရဲ့ အလွန်ထူးခြားတဲ့ အယူအဆ တစ်ရပ်ပဲကွယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားဘာသာတွေမှာက လူသားဟာ ဘုရားမဖြစ်နိုင်ဘူး၊ လူသားဟာ ဘုရားကို အမြဲခစားပြီး ကိုးကွယ်နေရတဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးသာဖြစ်တယ်။ ဗုဒ္ဓဘာသာမှာကတော့ လူသားဟာ ဘယ်သူ့ကျွန်မှ မဟုတ်ဘူး၊ လူသားမှာ လောကရဲ့ အထွတ်အထိပ်ကို ရောက်နိုင်တဲ့ အခွင့်အလမ်း အပြည့်အဝ ရှိတယ်၊ ဘုရားဖြစ်နိုင်တယ်၊ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်တယ်၊ အဂ္ဂသာဝက မဟာသာဝက ဖြစ်နိုင်တယ်။ အဲဒီလို ဖြစ်နိုင်ဖို့ရာအတွက် ဖြည့်ကျင့်ရတဲ့အကျင့်ကို ပါရမီလို့ ယေဘုယျယူဆနိုင်တယ်။

● ပါရမီရဲ့ အဓိပ္ပာယ်က ဘာလဲဖေဖေ။

○ ပါရမီရဲ့ စကားလုံးအတွက် အနက်အဓိပ္ပာယ်ကို အဘိဓာန်မှာကတော့ အထွတ်အမြတ်၊ မြတ်သောသူရဲ့ အဖြစ်လို့ ဆိုတယ်။ ဒီအဓိပ္ပာယ်ကိုတော့ သမီး ချက်ချင်း နားလည်မှာ မဟုတ်ဘူး၊ အင်္ဂလိပ်-ပါဠိ အဘိဓာန်မှာတော့ ပါရမီကို Completeness, perfection, highest stateလို့ အဓိပ္ပာယ် ဖော်ပြတယ်။ ပထမနှင့် ဒုတိယ စကားနှစ်ခုရဲ့ အနက်ကတော့ ပြီးပြည့်စုံခြင်းလို့ သဘောရတယ်။ အမြင့်ဆုံးဘဝ၊ အမြတ်ဆုံးဘဝကို ရစေနိုင်တဲ့ ဖြည့်ကျင့်ရတဲ့ အကျင့်ဟာ ပါရမီပဲလို့ သမီး နားလည်သင့်တယ်။ တစ်နည်းအားဖြင့် 'တဏှာ၊ မာန အစရှိတဲ့ တရားတွေ မကပ်နိုင်၊ မနိုပ်စက်နိုင်ဘဲနဲ့ သတ္တဝါတွေကို သနားလို့ အသိအလိမ္မာ ဉာဏ်အမြင်

http://www.dhammadownload.com



ရင့်ကျက်လာအောင် ကျင့်ရတဲ့ အကျင့်တွေကို ပါရမီလို့ ခေါ်ကြောင်း’ကို မော်လမြိုင်မြို့ တောင်လုံးလုံးဆရာတော် အရှင်နာဂသေနာဘိဝံသက ရေးသားတော်မူတဲ့ ပါရမီ အလင်းပြကျမ်းမှာ ဖော်ပြထားတယ်။

● ဟုတ်ကဲ့၊ သမီး နည်းနည်း သဘောပေါက်ပါပြီ ဖေဖေ။ ဒါနဲ့ ‘ပါရမီဆယ်ပါး အပြားသုံးဆယ်’ဆိုပြီး ပြောကြတာကကော ဟင်။

○ အေး၊ စောစောက ပြောသလို ဘဝရဲ့ အမြင့်ဆုံး၊ အမြတ်ဆုံးကိုရောက်အောင် ကျင့်ရတဲ့ အကျင့်တွေဟာ ၁၀ မျိုး ရှိပါတယ်။ အဲဒါကို ပါရမီ ၁၀ ပါးလို့ ခေါ်တယ်။

● ပါရမီ ဆယ်ပါးကို ပြောပြပါဦး။

○ ပါရမီ ၁၀ ပါးဆိုတာ အကျဉ်းအားဖြင့် (၁) ဒါနပါရမီ၊ (၂) သီလပါရမီ၊ (၃) နေက္ခမ္မပါရမီ၊ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) အဓိဋ္ဌာန်ပါရမီ၊ (၉) မေတ္တာပါရမီ၊ (၁၀) ဥပေက္ခာပါရမီတို့ ဖြစ်တယ်။ သမီး ကြားဖူးမှာပေါ့။

● ဟုတ်ကဲ့၊ ကြားဖူးပါတယ်။ ဒါပေမဲ့ ခု ဖေဖေ ပြောမှ သတိရတယ်၊ ပါရမီ ၁၀ ပါးကိုတော့ သိပါပြီ ဖေဖေ၊ အပြား ၃၀ ဆိုတာကကောဟင်။

○ ဪ–ဒါလား၊ အပြားသုံးဆယ်ဆိုတာက ပါရမီ ၁၀ ပါးဟာ တစ်မျိုးမှာ သုံးမျိုးစီ ရှိတယ်၊ ဆယ်မျိုးဆိုတော့ ကွဲပြားသွားတဲ့ သဘောဟာ ၃၀ ဖြစ်သွားတာပေါ့။

● ဘယ်လို ကွဲပြားသွားတာလဲ ဖေဖေ၊ ပြောပြပါဦး။

○ ဒီလို သမီးရဲ့၊ ဒါက ပါရမီ တစ်ခုစီရဲ့ အနအရင့် ကွာခြားသွားတဲ့ သဘောပါ။ ဥပမာ ဒါနပါရမီ ဆိုပါတော့ မိမိကိုယ်အင်္ဂါမှ အပဖြစ်တဲ့ သားမယားနှင့်တကွ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာတွေကို ပေးလှူခြင်းဟာ ရိုးရိုးပါရမီပဲ ဖြစ်တယ်။

ဒီထက်လွန်ပြီး မိမိရဲ့ ခြေ၊ လက်၊ မျက်စိ၊ သွေး၊ အင်္ဂါကြီးငယ်ကို ပေးလှူခြင်းမျိုးကိုတော့ ဒါနဥပပါရမီလို့ ခေါ်တယ်။ ဒါက ကိုယ်လက်အင်္ဂါတွေကို လှူတာနော်။ ဒီထက်လွန်ပြီး မိမိအသက်ကိုပါ စွန့်လှူလိုက်တာမျိုးကို ဒါနပရမတ္ထ ပါရမီလို့ ခေါ်တယ်။ ဒီတော့ ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ သုံးမျိုး ဖြစ်မသွားဘူးလား။

● ဟုတ်ကဲ့၊ ဖြစ်သွားပါတယ် ဖေဖေ။

http://www.dhammadownload.com



○ အေး၊ ဒီလိုပဲ သီလမှာလည်း သီလပါရမီ၊ သီလဥပပါရမီ၊ သီလပရမတ္ထပါရမီ ဆိုပြီး သုံးမျိုးရတယ်။ နေက္ခမ္မမှာလည်း နေက္ခမ္မပါမီ၊ နေက္ခမ္မဥပပါရမီ၊ နေက္ခမ္မပရမတ္ထပါရမီဆိုပြီး သုံးပါး ရတယ်။ ပါရမီ ၁၀ ပါးလုံးမှာ ဒီလို အနအရင့်သဘောအားဖြင့် သုံးမျိုးစီ ကွဲပြားသွားတယ်။ ပေါင်းလိုက်တော့ အပြား သုံးဆယ် ဖြစ်သွားတာပေါ့ သမီးရဲ့။

● ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဖေဖေ။ သဘောပေါက်ပြီ ဆိုတာက ပါရမီ တစ်ခုမှာ သုံးမျိုးသုံးစားကွဲတယ်၊ ပါရမီ ၁၀ ခုဆိုတော့ အမျိုးသုံးဆယ် ကွဲသွားတယ်လို့ နားလည်လိုက်တာကို ပြောတာပါ ဖေဖေ။ ပါရမီတစ်ခုချင်းရဲ့ အနအရင့်သဘောကို သိချင်ပါသေးတယ်။

○ ဟေ အေး ဟုတ်တယ်။ အဲဒါ ကွဲကွဲပြားပြား သိသင့်တယ်။ ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီကိုတော့ သိပြီးပြီ။ သီလမှာလည်း ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို မကျိုးမပေါက် မပြောက်မကျားရအောင် စောင့်ထိန်းခြင်းသည် သီလပါရမီ ဖြစ်တယ်။ အဲဒီလို စောင့်ထိန်းလို့ ခြေလက်အင်္ဂါ ချွတ်ယွင်းသွားမယ်၊ မျက်စိ ချွတ်ယွင်းသွားမယ်၊ ဒါမှမဟုတ် ခန္ဓာကိုယ် တစ်ခုခု ချွတ်ယွင်းသွားမယ် ဆိုဦးတော့ ချွတ်ယွင်းချင် ချွတ်ယွင်းသွားပါစေ၊ ငါ့သီလကိုတော့ မဖျက်ဘူးလို့ စောင့်ထိန်းတာဟာ သီလဥပပါရမီပဲ သမီးရဲ့။

○ ဪ- သိပြီ သိပြီ၊ ဟို ဆရာကြီး ဦးသုခရဲ့ သီလဝိသုဒ္ဓိ ဇာတ်ကားထဲမှာ ကြိုးကြာငှက်ဟာ ပတ္တမြားမျိုချလိုက်တာကို မြင်တဲ့ ရဟန်းက သူပြောလိုက်ရင် သူ့ကြောင့် ကြိုးကြာငှက် အသတ်ခံရမှာဖြစ်လို့ ကြိုးကြာငှက်မျိုထားတယ်လို့ မပြောဘဲနဲ့ ရဟန်း မယူတာတော့ အမှန်ပဲလို့သာ အရိုက်အထုခံပြီး ပြောနေတာမျိုး ပေါ့နော် ဖေဖေ။

○ အင်း၊ သမီးက သဘောပေါက်လွယ်တယ်။ ရဟန်းဟာ ဦးခေါင်းကို အရိုက်ခံရတယ်၊ ခေါင်းက သွေးစိမ်းရှင်ရှင်ကျနေတာတောင် သူ့သီလကို အပျက်မခံဘဲ စောင့်ထိန်းတာမျိုးဟာ သီလဥပပါရမီ ဖြစ်သွားပြီ သမီးရဲ့။ ဒါတင် ဘယ်ကမလဲ အဲဒီဇာတ်ကားထဲမှာ ညောင်လေးပင်တောရ ဆရာတော်ကြီးဟာ ရောဂါဖြစ်ပြီး ဆေးရုံတက်နေရတဲ့အချိန်မှာ ဒကာတွေက အချိန်လွန်မှ အားရှိအောင် ယာဂုကျွေးတာ မဘုဉ်းဘဲနှင့် ပါးစပ်တော်ကို စေ့ထားတာ မြင်တယ်မဟုတ်လား၊ အဲဒါကျတော့ အသက်ကိုပဲ အသေခံမယ်၊ သီလကို အပျက်မခံဘူးဆိုတဲ့ သီလပရမတ္ထပါရမီ ဖြစ်သွားပြီ။ ဘယ်လောက် ကြည်ညိုဖို့ ကောင်းသလဲနော်။

http://www.dhammadownload.com



● ဟုတ်ပါတယ် ဖေဖေ။ သမီးကတော့ ဆရာသုခရဲ့ အဲဒီဇာတ်ကားကို အရင် 'ရဟန်းစားသော ဆွမ်းတစ်နပ်'ထက်ပိုပြီး ကြိုက်တယ်။ စိတ်ထဲမှာ ဘယ်လို ကြည်ညို သဒ္ဓါဖြစ်မှန်း မသိဘူး၊ ရဟန်း သိက္ခာပုဒ်တွေကို အသက်နဲ့လဲပြီး စောင့်ထိန်းတော်မူနေကြတဲ့ သံဃာတော်များကိုလည်း ဆတက်ထမ်းပိုးတိုးပြီး ကြည်ညိုတတ်သွားပါတယ် ဖေဖေ။ သမီး အားရလိုက်တာ ဖေဖေရယ်၊ ဖေဖေ ပြောပြတဲ့ ဒီအဖွင့်စကားတွေဟာ သမီးတို့လို လူငယ်တွေ ဗုဒ္ဓဘာသာဝင်တွေအတွက် တန်ဖိုးကြီးလှပါတယ်။ တရားတော်ရဲ့ လေးနက်တဲ့သဘောတွေဟာ ဉာဏ်မှာ ကွက်ကွက်ကွင်းကွင်း ထင်လာပါတယ် ဖေဖေရယ်။

○ အေး၊ ဖေဖေက ဗုဒ္ဓဘာသာဆိုတဲ့ ရတနာမြတ်ကြီးကို ရဖို့အတွက် တန်ဖိုးတွေ အများကြီးပေးခဲ့ရတော့ သိပ် တန်ဖိုးထားတယ်။ သမီးတို့ကိုလည်း သာသနာတော်အပေါ်မှာ ပေါ့ပေါ့တန်တန် သဘောမထားစေချင်ဘူး။

● သမီး သဘောမထားပါဘူး ဖေဖေ၊ သမီးကလည်း နှိုက်နှိုက်ချွတ်ချွတ် သိချင်လို့ မေးနေတာပါနော်။

○ အေးပါ၊ သမီးက နှိုက်ချွတ်တယ်ဆိုတာ သိလို့ ဖေဖေကလည်း စိတ်ရှည်လက်ရှည် ဖြေနေတာပေါ့ကွယ်။ ကဲ–ဘာသိချင်သေးလဲ။

● ကျန်တဲ့ ပါရမီတွေရဲ့ သုံးပါးပြားပုံကိုလည်း ဆက်ပြောပါဦး၊ သမီးက မှတ်တမ်းကလေး လုပ်ထားချင်လို့။ သမီးနဲ့ ဖေဖေနဲ့ ဆွေးနွေးခဲ့ကြတာတွေ တစ်နေ့ကျရင် မှတ်တမ်းတင်ရမယ့် စာတစ်ခု ဖြစ်ချင်ဖြစ်သွားမယ်လို့ သမီး စိတ်ထဲထင်တယ် ဖေဖေ၊ ဒါကြောင့် ပြည့်ပြည့်စုံစုံ ပြောပြပါ ဖေဖေ။

○ အင်း၊ သမီး အတွေးက မဆိုးဘူး။ မကြာခင်က ဖေဖေ့ဆီကို ဆရာကြီး နန်းညွန့်ဆွေက စာကလေးတစ်စောင် ရေးလိုက်တယ်၊ အဲဒီ စာထဲမှာ 'ဓမ္မရုပ်စုံမှာ သုတဆောင်းပါးတွေ ကောင်းလှပါတယ်၊ ဒဿနလည်း ပါပါတယ်၊ စာမြတ်ကလျာဆန်းကို လုံးချင်းပြန်ထုတ်သင့်ပါတယ်'လို့ အကြံပေးထားတယ်။

● ဟုတ်လား ဖေဖေ၊ ဆရာကြီး နန်းညွန့်ဆွေက ဒီစာတွေဟာ အကျိုးရှိမယ်လို့ ထင်လို့ တိုက်တွန်းတာနဲ့ တူတယ်နော်။

○ ဩော်–ဆရာကြီးနဲ့ ဖေဖေနဲ့က ဟိုခေတ်တုန်းက ဖေဖေက ပုညစာပေဆိုပြီး စာအုပ်တွေ ထုတ်ခဲ့ဖူးတယ်။ အဲဒီတုန်းကတည်းက တွဲခဲ့ကြတာ၊ စာပေမှာ သမ္မာကြီးတဲ့ လူကြီးတွေပဲကွယ်၊ အမြော်အမြင်ကြီးတာပေါ့။ မျက်မှောက်အကျိုး၊ အနာဂတ်အကျိုး ချင့်ချိန်တတ်တာပေါ့။ ကဲ–ဆက်ပြောမယ်။

● ဟုတ်ကဲ့၊ ဆက်ပြောပါ ဖေဖေ။

http://www.dhammadownload.com



○ သီလပါရမီ ပြီးတော့ နေက္ခမ္မပါရမီနော်၊ နေက္ခမ္မဆိုတာက တောထွက်ခြင်း၊ ကာမဂုဏ်မှ လွတ်မြောက်ခြင်း၊ ကိလေသာမှ ထွက်မြောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ တောင်လေးလုံး ဆရာတော်ကြီးကတော့ တဏှာ၊ ရာဂ၊ လောဘဖြစ်ကြောင်း ဝတ္ထုအာရုံမှန်းသိ၍ ထိုဝတ္ထုအာရုံ၌ မတင့်တယ်သော အာရုံ၊ စက်ဆုပ်ဖွယ်သော အာရုံလို့ နှလုံးသွင်းလျက် တဏှာ၊ ရာဂ၊ လောဘကို ပယ်ရှား၍ နေခြင်းသည် နေက္ခမ္မပါရမီပါပဲတဲ့။ ဒီမှာလည်း မိမိရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ဘာပဲဖြစ်သွားသွား ဖြစ်ပါစေ၊ ဒီလို စက်ဆုပ်ဖွယ်ကောင်းတဲ့ တဏှာ၊ ရာဂ၊ လောဘတွေကို ပယ်ထားပြီး နေမယ်ဆိုတာ နေက္ခမ္မဥပပါရမီ ဖြစ်သွားတယ်။ ဒီထက်ပိုပြီး အသက်ကို စွန့်ချင် စွန့်ရပါစေ၊ ငါကတော့ ကိလေသာတွေကို စွန့်ပြီး တောထွက်မှာပဲဆိုပြီး အသက်ကို စွန့်ထွက်တာဟာ နေက္ခမ္မပရမတ္ထပါရမီလို့ မှတ်ပါကွယ်။

● ဟုတ်ကဲ့ ဖေဖေ၊ သဘောပေါက်လာပါပြီ။ ဒီအတိုင်းပဲ အခြား ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီ၊ သစ္စာပါရမီတွေမှာလည်း ကိုယ်နဲ့ ရင်းပြီး အသက်နဲ့ရင်းပြီး ကျင့်ကြံပွားများ အားထုတ်တာကို ဥပပါရမီ၊ ပရမတ္ထ ပါရမီလို့ ခေါ်မှာပေါ့နော်။

○ ဟုတ်တယ်၊ အဲဒါ သမီး သဘောပေါက်သွားပြီ။

● ဒါပေမဲ့ ပါရမီတစ်ခုစီရဲ့ အနှစ်သာရ သဘောတွေကိုတော့ မသိသေးပါဘူး ဖေဖေ။

○ သမီး မေးတာက ပါရမီဆယ်ပါးတို့ရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန်တွေကို မေးတာပဲ။ အေး၊ အဲဒါကိုလည်း ရှင်းရှင်းသဘောပေါက်ဖို့ လိုတယ်။ အဲဒါကို အရင် ရှင်းပြမယ်နော်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ရှင်းပြပါဦး။

○ ဒါနပါရမီက စရအောင်၊ ဒီမှာ တစ်ခုသတိထားရမှာက ပါရမီတွေဟာ အစဉ်အတိုင်းထားပြီး လေ့လာရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့တစ်ခုကို နောက်တစ်ခုက အကျိုးပြုလို့ပဲကွယ့်။ ဒါထား၊ ခု ဒါနပါရမီရဲ့ လက္ခဏာ၊ ရသတွေကို ရှင်းပြမယ်။

● ဟုတ်ကဲ့။

○ ဒါနပါရမီဆိုတာ မိမိရှာဖွေလို့ရတဲ့ ပစ္စည်းဥစ္စာတွေကို ကိုယ်တစ်ဦးတည်း မခံစား၊ မစံစားဘဲ အများနဲ့ မျှဝေ ခံစားနိုင်အောင် စွန့်ကြဲခြင်းဆိုတဲ့ လက္ခဏာရှိတယ်။ ဒါနပြုတယ်ဆိုတာ စွန့်လွှတ်တာပဲ၊ အဲဒါ သူ့လက္ခဏာပဲ။

http://www.dhammadownload.com



အဲဒီလို ဘာဖြစ်လို့ စွန့်ကြဲပစ်ရသလဲဆိုတော့ ဝတ္ထုပစ္စည်းအပေါ်မှာ ကပ်ငြိနေတဲ့ မိမိရဲ့ လောဘ တဏှာကို သတ်ချင်လို့ ဖျက်ဆီးပစ်ချင်လို့ပဲ၊ အဲဒါ ဒါနရဲ့ကိစ္စပဲကွယ်။ ဒီလို လှူတဲ့အခါ အလှူရှင်ရဲ့ စိတ်ထဲမှာ ဉာဏ်ထဲမှာ ဝတ္ထုပစ္စည်း အပေါ်မှာ မငြိတွယ်ဘူးဆိုတဲ့ သဘောပေါ်လာတယ်၊ အဲဒါ ပစ္စုပ္ပဋ္ဌာန်လို့ ခေါ်တယ်။ ဉာဏ်ထဲမှာ ထင်ရှားပေါ်လာတဲ့ သဘော၊ နောက်တစ်ခုက လှူတဲ့အခါ လှူဖွယ်ဝတ္ထုပစ္စည်း ရှိရမယ်။ အဲဒါက နီးသောအကြောင်း ပဒဋ္ဌာန်လို့ခေါ်တယ်၊ ရှင်းပြီလား။

● ဟုတ်ကဲ့၊ ခုမှ ရှင်းပါတယ် ဖေဖေ။

○ သီလမှာလည်း လက္ခဏာ၊ ရသ၊ ကိစ္စတွေရှိတယ်။ သီလစောင့်တယ်ဆိုတာ စိတ်နဲ့မဆိုင်ဘူး။ ကာယကံ၊ ဝစီကံနဲ့ပဲ ဆိုင်တယ်။ ကိုယ်နှုတ်နှစ်ပါးကို ကောင်းစွာ စောင့်ထိန်းခြင်းဟာ သီလရဲ့ လက္ခဏာပဲ။ မှတ်ထားနော်။ နောက်ပြီး ကိုယ်(ကာယကံ)၊ နှုတ်(ဝစီကံ)ကြောင့်ဖြစ်တဲ့ အကုသိုလ်တွေကို ဖျက်ဆီးခြင်းဟာ သီလရဲ့ကိစ္စ၊ ရသပဲ။ ဒီလို ကိုယ်နှုတ်ကို စောင့်ထိန်းလိုက်တဲ့အခါ စောင့်ထိန်းသူရဲ့ ဉာဏ်မှာ ကိုယ်နှုတ် ဖြူစင်သန့်ရှင်းလာတယ်လို့ ခံစား သိမြင်လာရတယ်။ အဲဒါ သီလနဲ့ပြည့်စုံသူမှာ ရှေးရှုထင်လာတဲ့ ပစ္စုပ္ပဋ္ဌာန် ဖြစ်တယ်။ သီလစောင့်သူဟာ မကောင်းမှုပြုရမှာ ပြောရမှာကို ရှက်လည်း ရှက်တယ်၊ ကြောက်လည်း ကြောက်တယ်။ အဲဒီလို ရှက်ကြောက်ခြင်းဟာ သီလရဲ့ နီးသောအကြောင်း ပဒဋ္ဌာန်ပါပဲ သမီးရဲ့။

● သိပ်ရှင်းတာပဲ ဖေဖေရယ်။

○ နေက္ခမ္မပါရမီ ဆိုတာက ကိလေသာက ထွက်မြောက်တာ၊ တောထွက်တာ။ ဘာဖြစ်လို့ တောထွက်သလဲ၊ ကိုယ့်အိမ်မှာ စည်းစိမ်တွေ တစ်ပုံကြီးနဲ့ ဓိမ်ခံနေနိုင်ရက်နဲ့ ဘာဖြစ်လို့ တောထွက်သလဲ၊ အဲဒါ အဓိကကတော့ ဘဝဆိုတဲ့ ခန္ဓာဒုက္ခသစ္စာက ကျွတ်ချင် လွတ်ချင်လို့ပေါ့ကွယ်။ အဲဒီ လွတ်ချင် ကျွတ်ချင်တဲ့ သဘော လက္ခဏာဟာ တောထွက်တဲ့ ပုဂ္ဂိုလ်မှာ ထင်ရှားရှိတယ်။ နေက္ခမ္မပါရမီမှာ ကာမဂုဏ်ငါးပါးရဲ့အပြစ်၊ ဘဝသုံးပါးရဲ့အပြစ်ကို ထင်ရှားစွာ ပြခြင်းကိစ္စ ရှိတယ်။ အဲဒီ ကာမဂုဏ်ငါးပါးကို မခံစားချင်ဘူး၊ ဘဝသုံးပါးမှာလည်း မဖြစ်ချင်တော့ဘူး၊ မျက်ကွယ်ပြုချင်တယ်၊ ထွက်မြောက်ချင်တဲ့ စိတ်ဟာ ဉာဏ်မှာ ရှေးရှုထင်တယ်၊ အဲဒါ ပစ္စုပ္ပဋ္ဌာန်ပဲ။ ကာမဂုဏ်ဘေး၊ ဘဝဘေးတို့မှ ထိတ်လန့်ခြင်းနှင့်တကွ ဖြစ်တဲ့ဉာဏ်ဟာ တောထွက်ခြင်းရဲ့ နီးသောအကြောင်း ပဒဋ္ဌာန်ပဲ သမီးရဲ့။

● အင်း၊ ခုမှ သမီး သဘောပေါက်တယ်။ ဖေဖေက ကျောက်ဝိုင်းက ပြန်လာကတည်းက ဘုန်းကြီး ဝတ်ပြီး အပြီးအပိုင် တောထွက်တော့မယ် ဆိုတာ သမီးက ဖေဖေ့ကို နားမလည်ဘူး။ ဖေဖေဟာ စည်းစိမ်ဥစ္စာတွေ၊ သားမယား

http://www.dhammadownload.com



သံယောဇဉ်တွေ၊ သာသနာပြုလုပ်ငန်းတွေကို ဘာဖြစ်လို့ စွန့်ချင်တာလဲဆိုတာ စဉ်စားလို့ မရဘူး၊ ခုမှ နည်းနည်း သဘောပေါက်တယ်။ သဘောပေါက်တယ် ဆိုပေမယ့် ဖေဖေ့ဉာဏ်မျိုး မရသေးတော့ သဘောပေါက်တယ်လို့ ဆိုနိုင်ပါ့မလား၊ ဘဝကို ဘေးလို့ မြင်တယ်ဆိုတာ တော်တော် လေးနက်တာပဲနော်။ သမီးတို့က ဘဝကို ခံစား စံစားစရာအဖြစ်နဲ့ပဲ မြင်နေသေးတာကိုး။

○ အေး၊ အဲဒါ ပုထုဇဉ်နဲ့ အရိယာတို့ရဲ့ အမြင်ချင်း ကွာခြားမှုပဲ။ ခန္ဓာရဲ့ ဒုက္ခသစ္စာကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ မသိမချင်း ဘဝကို ဘေးလို့ မမြင်နိုင်သေးဘူးကွယ့်။ ကနေ့ သမီး ဝိပဿနာတရား အားထုတ်ပြီး ခန္ဓာရဲ့ အမှန်တရားကို သိမြင်သွားလို့ တရားထူး ရတဲ့အခါ ဖေဖေ ဘာကြောင့် တောထွက်သလဲဆိုတာကို နားလည်လိမ့်မယ်။

● ပါရမီအကြောင်းကို ဆက်ဟောပါဦး ဖေဖေ။

○ အေး၊ နေက္ခမ္မပါရမီ ပြီးရင် ပညာပါရမီကို ဆက်ပြောရမယ်။ မြတ်စွာဘုရားဟာ ပါရမီတွေကို ဟောကြားတော်မူတဲ့အခါ အစဉ်အတိုင်း ဟောကြားတော်မူခဲ့ တယ်။ အဲဒီအစဉ်ကို ကျော်လို့မရဘူး။

● ဘာဖြစ်လို့ အစဉ်ကို ကျော်လို့မရတာလဲ ဖေဖေ။

○ အဲဒီအကြောင်းကို နောက်မှ သီးသန့် ပြောမယ်။ ပါရမီအကြောင်းနဲ့ ပတ်သက်ပြီး ပထမ ပါရမီ ဆယ်ပါးအပြားသုံးဆယ် သဘောလောက်ကို အရင်သိအောင်လုပ်၊ နောက် သိစရာတွေ ပြောစရာတွေက များတယ်။ အကြောင်း အရာတစ်ခု မပြီးခင် အခြားအကြောင်းအရာတွေကို ကြားဖောက်ပြီး ပြောရင် သမီး ခေါင်းရှုပ်သွားလိမ့်မယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ ပြောသင့်တဲ့အတိုင်းသာ ပြောပါ။

○ ဒါဆို ပညာပါရမီရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် အကြောင်းကို ဆက်ပြောမယ်။ နောက်ပြီးမှ ပါရမီတစ်ခုစီနဲ့ စပ်ဆိုင်ရာ သိသင့် သိထိုက်တဲ့အကြောင်းတွေကို ပြောပြမယ်။

● ဟုတ်ကဲ့၊ ကောင်းသလိုသာ ပြောပါ။

○ ပညာပါရမီရဲ့ လက္ခဏာက ဘာလဲဆိုတော့ ဟုတ်မှန်တိုင်းသော သဘော တို့ကို ထိုးထွင်း၍ သိမြင်ခြင်း လက္ခဏာ ရှိတယ်။ ဉာဏ်ရဲ့ အရာဖြစ်တဲ့ အာရုံသဘောကို ထွန်းပြခြင်းကိစ္စ ရှိတယ်။ အာရုံ၌ မတွေဝေခြင်းဆိုတဲ့ ပညာရှိပုဂ္ဂိုလ်ရဲ့ ဉာဏ်မှာ ရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန် ရှိတယ်။ စိတ်ရဲ့ တည်ငြိမ်ခြင်းဆိုတဲ့ သမာဓိဟာ ပညာပါရမီရဲ့ ဦးစွာအကြောင်း ပဒဋ္ဌာန်ဖြစ်တယ် သမီးရဲ့။

http://www.dhammadownload.com



● နေပါဦး ဖေဖေရဲ့၊ အံ့ရုံ၌ မတွေဝေခြင်းဆိုတဲ့ ပညာရှိပုဂ္ဂိုလ်ရဲ့ ဉာဏ်မှာ ရှေးရှုထင်ခြင်းဆိုတာ ဘာကို ဆိုတာလဲ။

○ အေး၊ ရှင်းရှင်း နားမလည်ရင် အဲဒီလို ခေါင်းရှင်းအောင် မေးတတ်ရမယ်။ သမီး မဟောသဓာ ပညာရှိ ဇာတ်ဝတ္ထုကို ဖတ်ဖူးတယ် မဟုတ်လား။

● ဖတ်ဖူးပါတယ် ဖေဖေ။

○ အဲဒီ မဟောသဓာ ဇာတ်တော်ထဲမှာ မဟောသဓာ ပညာရှိဟာ ပြဿနာတွေကို အမှားမရှိ အမှန်တရားပေါ်အောင် ဖော်ထုတ်သွားပုံတွေကို သမီး မှတ်မိမှာပေါ့။

● ဟုတ်ကဲ့၊ အကုန်လုံးတော့ မမှတ်မိဘူး၊ နည်းနည်းပါးပါး မှတ်မိပါတယ်။

○ မဟောသဓာ သူခမိန် ပညာရှိတယ်ဆိုတာ ဟုတ် မဟုတ်သိရအောင် ဝိဒေဟရာဇ်မင်းကြီးက ပြဿနာအမျိုးမျိုး မေးခဲ့တယ်။ ဥပမာ ရှားလုံတံ ပြဿနာ၊ ဦးခေါင်းခွံပြဿနာ၊ မြွေပြဿနာ၊ ကြက်ပြဿနာ၊ ပတ္တမြားပြဿနာတွေ အများကြီးပဲ။

● ဟုတ်ကဲ့၊ နည်းနည်းပါးပါးတော့ မှတ်မိပါတယ်။

○ ဆိုကြပါစို့၊ ရှားလုံတံကို မင်းကြီးက အဖျားအရင်း ညီအောင် ပွတ်တိုက်ပြီး အသေအချာ ပြုလုပ်ထားတယ်။ ပြီးမှ ဘယ်ဟာ အရင်းလဲ၊ ဘယ်ဟာ အဖျားလဲ ခွဲဝေခိုင်းတယ်။ ဦးခေါင်းခွံပြဿနာမှာ ယောကျ်ားဦးခေါင်းခွံတစ်ခုနှင့် မိန်းမခေါင်းခွံတစ်ခုကို ပို့ပြီး ဘယ်ဟာ ယောကျ်ားလဲ၊ ဘယ်ဟာ မိန်းမလဲ ခွဲခိုင်းတယ်။ မြွေပြဿနာမှာတော့ မြွေဖိုနှင့် မြွေမတစ်ကောင်စီကို ပို့ပြီး ဘယ်ဟာ မြွေဖို၊ ဘယ်ဟာ မြွေမ ခွဲခိုင်းတယ်၊ မှတ်မိမှာပေါ့။

● ဟုတ်ကဲ့၊ နည်းနည်း မှတ်မိပါပြီ ဖေဖေ။

○ မှတ်မိတယ်ဆိုရင် ရှားလုံတံဟာ ပွတ်တိုက်ပြီး သေသေချာချာ အဖျားအရင်း ညီနေပေမယ့် မဟောသဓာ ပညာရှိက ကိုင်ကြည့်လိုက်တာနှင့် သူ့အာရုံမှာ တွေဝေခြင်းမရှိဘူး၊ ဘယ်ဟာအရင်း၊ ဘယ်ဟာအဖျားဆိုတာကို ချက်ချင်းသိတယ်။ ဒါပေမဲ့ ကိုယ်သိရုံနဲ့ မပြီးဘူး၊ အများကလည်း ယုံကြည်လက်ခံမှ ဖြစ်မယ်။ ဒါကြောင့် ရေတစ်ခွက်ကို ယူစေပြီး ရှားလုံတံရဲ့ အလယ်က ချည်ကြိုးတစ်ခုနဲ့ ချည်ပြီး ရေပေါ်ချလိုက်တယ်။ အရင်းက ပိုလေးတော့ အရင်းဘက်ကစပြီး နစ်သွားတာပေါ့။ အဲဒီလို ဟုတ်မှန်တိုင်းသော သဘောကို သိတာ၊ ဉာဏ်အရာဖြစ်တဲ့ အာရုံသဘောကို သူများသိအောင် လုပ်ပြတာ၊ ထွန်းပြတာ၊ အာရုံမှာ မတွေဝေဘဲနဲ့ ပညာရှိရဲ့ ဉာဏ်မှာ ရှေးရှုထင်တာ၊ ရှင်းပလား။ အခြား ပြဿနာတွေမှာလည်း

http://www.dhammadownload.com



အဖြေမှန်ကို ချက်ချင်းသိတယ်၊ တွေဝေစိတ် မရှိဘူး၊ အမှန်ကိုသိတဲ့ ဉာဏ်က ချက်ချင်းပေါ်တယ်။ ပြီးတော့မှ လူများသိအောင်လည်း ထွန်းပြနိုင်တယ်။ အဲဒါ ပညာပါရမီရဲ့ သဘောလက္ခဏာတွေပဲ။

● ပညာပါရမီပြီးရင် ဘာလဲ ဖေဖေ။

○ ပညာပြီးရင် ဝီရိယပါရမီ လာတယ်။ ပညာပါရမီ ပြည့်စုံဖို့အတွက် ဝီရိယက အထောက်အကူပြုတယ်။ ဒါကြောင့် ပညာနောက်မှာ ဝီရိယကို စဉ်ထားရတယ်။

● ဝီရိယဆိုတာ ကြိုးစားအားထုတ်ခြင်း မဟုတ်လား ဖေဖေ။

○ ဟုတ်တယ်၊ ဝီရိယပါရမီရဲ့ လက္ခဏာဟာ အမှုကိစ္စတို့၌ အားထုတ်ကြိုးပမ်းခြင်းပဲ။ အားထုတ်တဲ့အခါမယ် စိတ်ကို မလျှော့ရဘူး၊ ခိုင်မာအောင်ပြုလုပ်ရတယ်။ အဲဒါဟာ ဝီရိယရဲ့ ကိစ္စပဲ။ အမှုကိစ္စ၌ မတွန့်ဆုတ်တဲ့စိတ် ရှိရမယ်လို့ လုံ့လရှိတဲ့ သူ့ရဲ့ ဉာဏ်အသိမြင်ခြင်း သဘောဟာ ဝီရိယရဲ့ ပစ္စုပ္ပဋ္ဌာန်ပဲ။ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးကို တွေးမိတဲ့အခါ ဒီဝဋ်ဒုက္ခကြီးထဲက လွတ်ချင်တဲ့စိတ်နှလုံး တုန်လှုပ်ခြင်းပြင်းစွာ ဖြစ်တယ်။ အဲဒါ ဝီရိယရဲ့ ဦးစွာသောအကြောင်းပဒဋ္ဌာန် ဖြစ်တယ်။

● သမီးတို့ ကျောင်းသားတွေ စာမေးပွဲနီးလာပြီဆိုရင် နှလုံးတုန် ရင်တုန်ဖြစ်ပြီး ငါကြိုးစားမှ ဖြစ်မယ်ဆိုပြီး အားထုတ်တာမျိုးလည်း ဖြစ်မှာပေါ့နော် ဖေဖေ။

○ ဟုတ်တယ်၊ လောကီရေးမှာလည်း ဒီအတိုင်းပဲ။ ငါ့မှာ ပိုက်ဆံလည်း မရှိသေးဘူး၊ ပိုက်ဆံမရှိရင် ဒုက္ခရောက်တော့မှာဆိုတဲ့ စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာတဲ့အခါ ပိုက်ဆံရအောင် နေ့မအား ညမအား ကြိုးစားချင်တဲ့စိတ် ဖြစ်လာတော့တာပေါ့ကွယ်။ ဒီလိုပဲ ဉာဏ်ပညာရှိတဲ့ လူဟာ အသက် ၅၀ ကျော် ၆၀ ထဲ ဝင်လာတဲ့အခါ အိုဘေး၊ နာဘေး၊ သေဘေးတွေကို မြင်လာတယ်။ တစ်သက်လုံး ကိုယ်ရှာဖွေနေခဲ့တဲ့ ပညာတွေ၊ ဥစ္စာတွေက အိုနာ သေဘေးက လွတ်အောင် မတတ်နိုင်ဘူး၊ သေရင် အပါယ်ဘေးကျအောင်ပဲ ဆွဲချသွားနိုင်ပါကလား ဆိုတာကို မြင်လာတယ်။ အဲဒီအခါ ငါ လောကုတ္တရာအလုပ် လုပ်ဦးမှပဲ။ ငါ့မှာ အချိန် သိပ်မရှိတော့ဘူးဆိုပြီး ထိတ်လန့်တဲ့ သံဝေဂတွေ ဖြစ်ပေါ်လာတယ်။ ဒီအခါ တရားကို အားထုတ်ပြီး လုပ်ချင်တဲ့စိတ် ဖြစ်လာတော့တာပေါ့။ ဒါဟာ ဝီရိယရဲ့ ဦးစွာသောအကြောင်းပေါ့။

● ဝီရိယပါရမီ ပြီးရင် ဘာလဲ ဖေဖေ။

http://www.dhammadownload.com



○ ခန္တီလေ သမီးရဲ့၊ ဝီရိယပါရမီ ပြည့်မြောက်ရေးမှာ ခန္တီဟာ ကျေးဇူးပြုတယ်။ ခန္တီပါရမီဆိုတာ ကောင်းတဲ့အာရုံ(ဣဋ္ဌာရုံ)မှာပဲဖြစ်ဖြစ်၊ မကောင်းတဲ့အာရုံ (အနိဋ္ဌာရုံ)မှာပဲဖြစ်ဖြစ် စိတ်မပျက်ဘူး၊ သိပ်လည်း ဝမ်းမသာဘူး၊ စိတ်ခိုင်ခဲ့တဲ့ သဘောလက္ခဏာရှိတယ်။ အဲဒီလို နှစ်သက်စရာအာရုံ၊ မနှစ်သက်စရာအာရုံတွေနဲ့ တွေ့ရသော်ငြားလည်း ဒါဟာ လောကဓလေ့ပဲ၊ သတ္တဝါတွေမှာ တွေ့ရတတ်တဲ့ သဘောတွေပဲလို့ မရွေ့မယိုင် သည်းခံနိုင်တယ်။ အဲဒါ ခန္တီရဲ့ ကိစ္စပဲ။ နောက်ပြီး သူတစ်ထူးက ကျူးကျူးလွန်လွန် ပြုရင်လည်းပဲ အဲဒီလူကို ပြန်ပြီး အမျက်ဒေါသနဲ့ လက်စားချေ တုံ့ပြန်ခြင်းမပြုဘဲ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနေလိုက်တဲ့ သဘောဟာ ဉာဏ်မှာပေါ်လာတဲ့ ခန္တီရဲ့ ပစ္စုပ္ပဋ္ဌာန်ပဲ။

● ခန္တီပါရမီပြီးရင် သစ္စာပါရမီနော် ဖေဖေ။

○ ဟုတ်တယ် သမီး။

● သစ္စာပါရမီရဲ့ လက္ခဏာ၊ ကိစ္စ၊ ပစ္စုပ္ပဋ္ဌာန်တွေကို ပြောပါဦး ဖေဖေ။

○ သမီး သိမှာပေါ့။ သစ္စာဆိုတာဟာ မှန်ကန်တာကို ပြောတာ။ မှန်ကန်တယ် ဆိုတာ သူတစ်ပါးကို အမှတ်မှား အယူမှား တိမ်းပါးချွတ်ချော်အောင် မလုပ်ရဘူး။ အဲဒါ သစ္စာပါရမီရဲ့ လက္ခဏာပဲ။ ပြီးတော့ သစ္စာရဲ့ ကိစ္စက မိမိသိတိုင်း၊ မြင်တိုင်း၊ ဟုတ်မှန်တိုင်းကိုသာ ပွင့်ပွင့်လင်းလင်း ပြုခြင်းဖြစ်တယ်။ သစ္စာပါရမီကို ဖြည့်ကျင့်သူရဲ့နှုတ်က ပြောဆိုသမျှ စကားဟာ ယုံကြည်ရတယ်၊ စိတ်ချရတယ်၊ သြဇာ အဆီအနှစ်နဲ့လည်း ပြည့်စုံပြီး ချိုဆိမ့်တဲ့သဘော ရှိတယ်။ အဲဒီလို သဘောတွေဟာ မှန်ကန်စွာ ပြောဆိုသော သူ့ရဲ့ဉာဏ်မှာ ထင်တယ်။ အဲဒါ သစ္စာရဲ့ ပစ္စုပ္ပဋ္ဌာန်ပဲ။ ကိုယ်နှုတ်အမူအရာရဲ့ သိမ်မွေ့ခြင်းကို အလေးပြုတဲ့ သဘောဟာ သစ္စာရဲ့ ဦးစွာသောအကြောင်း ပဒဋ္ဌာန်ပဲ ဖြစ်တယ်။ သဘောပေါက် ရဲ့လား။

● သဘောပေါက်ပါတယ် ဖေဖေ၊ ရှင်းပါတယ်။

○ ဒါဆို အဓိဋ္ဌာန်ပါရမီအကြောင်းကို ဆက်ပြောမယ်။ အဓိဋ္ဌာန်ဆိုတာ ဆုံးဖြတ်ချက် ခိုင်မြဲတာ။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကဆိုတဲ့ ဗောဓိသုံးမျိုးတို့ရဲ့ အခြေခံမူလဖြစ်တဲ့ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ စတဲ့ အမှုကိစ္စတွေမှာ မရွေ့မယိုင် ကြံ့ခိုင် စွဲမြဲခြင်း လက္ခဏာရှိတယ်။ ထိုမူလ အခြေခံဖြစ်တဲ့ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ စတဲ့ အမှုကိစ္စတို့ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အကုသိုလ်တရားတို့ကို နှိမ်နင်း ပယ်ရှားခြင်းကိစ္စ ရှိတယ်။ ထိုအခြေခံ မူလဖြစ်တဲ့ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ စတဲ့ အမှုကိစ္စတို့၌ မလှုပ်မရှားသည်၏ အဖြစ်ဟာ အဓိဋ္ဌာန်ပြုသော သူရဲ့ဉာဏ်မှာ

http://www.dhammadownload.com



ရေးရှုထင်တဲ့ ပစ္စုပ္ပဋ္ဌာန် ဖြစ်တယ်။ အဲဒီ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ စတဲ့ ဗောဓိသုံးပါးတို့ရဲ့ အခြေခံမူလများဟာ နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိတယ်။

● ကောင်းမှုကုသိုလ်တွေကို ပြုဖို့အတွက် စိတ်ကို ခိုင်ခိုင်မာမာ ထားပြီး ဆုံးဖြတ်ချက်ချတာ စိတ်ကို ယတိပြတ် ပိုင်းခြားတာပဲပေါ့နော် ဖေဖေ။

○ ဟုတ်ပါတယ်၊ စိတ်ကို ကျောက်တိုင်စိုက်သလို ထူထောင်တာမျိုးပါပဲ။ ဒါ နားလည်ရင် မေတ္တာပါရမီကို ဆက်ပြောမယ်။

● ပြောပါ ဖေဖေ။

○ မေတ္တာပါရမီဆိုတာ သတ္တဝါတစ်ပါးအား ကျေးဇူးများစေလိုတဲ့ သဘော လက္ခဏာရှိတယ်။ သူတစ်ပါးရဲ့ အကျိုးစီးပွားအတွက် များစွာဆောင်ရွက်ခြင်း ကိစ္စ ရှိတယ်။ အလွန် အေးမြကြည်လင်ပြီး ငြိမ်းချမ်းတဲ့ စိတ်သဘောသာလျှင် မေတ္တာထားသူရဲ့ ဉာဏ်မှာ ရေးရှုထင်တဲ့ ပစ္စုပ္ပဋ္ဌာန် ရှိတယ်။ သတ္တဝါတို့ရဲ့ နှစ်သက်ဖွယ်သော ဂုဏ်ကိုသာ ရှုမြင်တဲ့ဉာဏ်သည် ဦးစွာသောအကြောင်း ပဒဋ္ဌာန် ဖြစ်တယ်။

● မေတ္တာသဘောက နားလည်ရ လွယ်ပါတယ်။ ဥပေက္ခာကို ပြောပြပါဦး။

○ ဥပေက္ခာ ပါရမီဆိုတာ ချီးမြှောက်တာပဲဖြစ်ဖြစ်၊ ရှုတ်ချတာပဲဖြစ်ဖြစ် အတူတူ သဘောအားဖြင့် ရှုတာ။ အဲဒါ လျစ်လျူခြင်း လက္ခဏာပဲ။ မိမိ အကျိုးကို လိုလားသူကိုရော၊ မလိုလားသူကိုရော မခွဲခြားဘဲ အတူတူ သဘော ထားခြင်း၊ ညီမျှတဲ့သဘောထားဖြင့် ရှုခြင်းကိစ္စ ရှိသည်။ မုန်းသည်၊ ချစ်သည်၊ နှစ်မည်နှစ်သင်း ကင်းငြိမ်းခြင်းသဘောသာလျှင် ဥပေက္ခာရှုသူရဲ့ ဉာဏ်မှာ ရေးရှု ထင်ခြင်း ပစ္စုပ္ပဋ္ဌာန်ရှိတယ်။ ဖြစ်လာသမျှဟာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်လို့ အပြစ်မတင်ဘူး၊ ဘယ်သူမပြု မိမိမှုပဲလို့ ဆင်ခြင်ပြီး ကောင်းစွာမြင်တဲ့ ဉာဏ်လျှင် ဦးစွာသောအကြောင်း ပဒဋ္ဌာန် ရှိတယ်။

● နေပါဦး ဖေဖေရဲ့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ အထဲမှာပါတဲ့ ဥပေက္ခာနဲ့ ဥပေက္ခာပါရမီနဲ့ အတူတူပဲလား။

○ နည်းနည်းတော့ ထူးခြားတယ်။ ဗြဟ္မဝိဟာရ ဥပေက္ခာက သတ္တဝါတို့ရဲ့ အကျိုးစီးပွားဒွ ကြောင့်ကြမှုကို ပယ်၍ ဖြစ်တယ်။ ပါရမီဥပေက္ခာကတော့ မိမိကို ပူဇော်ချီးမြှောက်သူ၊ နှိပ်စက်ကဲ့ရဲ့သူ နှစ်ဦးစလုံးရဲ့ အကျိုးစီးပွားကို အထူး မရှိ၊ မခွဲခြားဘဲနဲ့ အတူတူသဘောထားပြီး ဖြစ်ထွန်းအောင် ဆောင်ရွက်တဲ့ 'တရား ဖြစ်တယ်ကွယ့်။ ပါရမီနဲ့ပတ်သက်ပြီး ခု ပြောခဲ့တာတွေက အကျဉ်းချုပ်ပဲ ရှိသေး တယ်။ အကျယ်သိစရာ အများကြီးကျန်သေးတယ်။ အဲဒါတွေကို ဆက်ပြီး ပြောမယ်။

http://www.dhammadownload.com



● ဟုတ်ကဲ့ ဖေဖေ။

○ ပါရမီဆိုတာ ဘာလဲ၊ သမီး မှတ်မိသလောက် ပြန်ပြောပါဦး။

● သမီး မှတ်မိသလောက် အကျဉ်းချုပ်ပြီး ပြောမယ်နော်။

○ အေး၊ ပြောစမ်း။

● ပါရမီဆိုတာ ပရမလို့ခေါ်ရတဲ့ အလောင်းတော်ကြီးတို့ရဲ့ အလုပ်၊ အလောင်းတော်ကြီးတို့ရဲ့ ဥစ္စာဖြစ်လို့ ပါရမီလို့ ခေါ်တယ်လို့ နားလည်ပါတယ် ဖေဖေ။

○ ဟုတ်တယ်၊ အဲဒါ လိုရင်းပဲ သမီးရဲ့။ ပါရမီဆိုတာ အမှန်ကတော့ ဆုကြီးပန်တွေ၊ ဘုရားအလောင်းတော်တွေ၊ ပစ္စေကဗုဒ္ဓါအလောင်းတော်တွေ အဂ္ဂသာဝက၊ မဟာသာဝက အလောင်းတော်ကြီးတွေ ဖြည့်ကျင့်အပ်တဲ့ တရားလို့ မှတ်ထားပေါ့ကွယ်။

● နေပါဦး ဖေဖေရဲ့။ တချို့လူတွေကို တရားအားထုတ်ဖို့ပြောရင် တို့က ပါရမီ မရှိဘူးနဲ့တူတယ်၊ တရားအားထုတ်ရင် အဆင်မပြေဘူး၊ အနှောင့်အယှက် တစ်ခုခုဖြစ်ပြီး ပျက်တတ်တယ်၊ တရားရတယ်ဆိုတာ ပါရမီရှိမှ ရမှာပေါ့လို့ ပြောနေကြတာကကော ဖေဖေ။

○ အဲဒါတွေကို သမီးခေါင်းထဲ မထည့်နဲ့နော်။ အဲဒါ ဗုဒ္ဓဘာသာဖြစ်နေပြီး ဗုဒ္ဓဘာသာရဲ့ သဘောသဘာဝကိုလည်း နားမလည်တဲ့၊ တရားအားမထုတ်ချင်တဲ့ အန္ဓပုထုဇဉ်တွေရဲ့ ဆင်ခြေတွေပါ သမီးရယ်။ တရားရတာဟာ ပါရမီနဲ့ ဘာမှ မဆိုင်ဘူး၊ ပဲကြီးရေစိမ် အချိန်တန်ရင် ပွတာပဲ။ ရေနွေးပူအောင်တည်ရင် အချိန်ကျရင် ဆူမှာပဲ။ ဒါ ဓမ္မနိယာမ ဖြစ်သလိုပဲ တရားအားထုတ်ရင် သဒ္ဓါ ဝီရိယပေါ် မူတည်ပြီး အချိန်တန် တရားရမှာပဲ။

● ဒါဆိုရင် တရားအားထုတ်တဲ့ လူတွေ၊ ဝိပဿနာအလုပ်ကို လုပ်တဲ့လူတွေဟာ ပါရမီအကြောင်း ပြောစရာ မလိုဘူးပေါ့နော် ဖေဖေ။

○ ဟုတ်တယ်၊ ဝိပဿနာနဲ့ ပါရမီဟာ ဘာမှမဆိုင်ဘူး။ ပါရမီဆိုတာ ဆုကြီးပန်တဲ့ အလောင်းတော်များနဲ့ပဲ သက်ဆိုင်တယ်ဆိုတာ သမီး မြဲမြဲ မှတ်ထားပါ။ ဒီကိစ္စကို မိုးကုတ်ဆရာတော်ဘုရားကြီး အများကြီး ဟောတော်မူခဲ့တယ်။

● သမီး ကောင်းကောင်းသဘောပေါက်ပါပြီ ဖေဖေ။ တစ်ခါတစ်ရံ အယူအဆ လွဲမှား ချွတ်ချော်တာဟာ တော်တော်ချောက်ကျနိုင်တဲ့ ကိစ္စပဲနော် ဖေဖေ။ ကိုယ့်ကိုယ်ကိုယ် ပါရမီ မရှိဘူး မှတ်ပြီး တရားအားမထုတ်တဲ့ လူတွေ သံသရာဝဲဩဃထဲ နစ်မြုပ်သွားနိုင်တယ်နော်၊ ကြောက်စရာကြီးပါလား ဖေဖေရယ်။

http://www.dhammadownload.com



○ ဖေဖေတို့ မြန်မာ ဗုဒ္ဓဘာသာဝင်တွေမှာ အဲဒီလို အယူအဆ ချွတ်ချော်မှုတွေ တော်တော်များများ ရှိတယ်။ အဲဒါတွေကို သမီးတို့ လူငယ်တွေ သိဖို့ သိပ်အရေးကြီးတယ်။

● ပါရမီအဖွင့်ကို ဆက်ပါဦး ဖေဖေ။

○ အေး၊ သမီးက သတိရှိတယ်။ မဟုတ်ရင် စကားက ဘေးရောက်သွားလိမ့်မယ်။ ပါရမီအကြောင်းကို ပြောနေကြတာ၊ ပါရမီနဲ့ ပတ်သက်ပြီး ပါရမီအပြား ကိုလည်း ဖေဖေ ပြောခဲ့ပြီ မဟုတ်လား။

● ဟုတ်ကဲ့၊ ပါရမီဆယ်ပါး အပြားသုံးဆယ် သဘောကို ပြောပြခဲ့ပြီးပါပြီ။

○ ပါရမီတို့ရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် အကြောင်းတွေကိုကော ပြောခဲ့ပြီလား။

● ဟုတ်ကဲ့၊ ပြောခဲ့ပါပြီ ဖေဖေ။

○ ဒါဆိုရင် ပါရမီ အခြေခံ အကြောင်းတရားတွေကို ဆက်ပြောမယ်နော်။

● ပြောပါ ဖေဖေ။

○ သမီး မှတ်ထားနော်၊ ပါရမီတို့ရဲ့ အခြေခံအကြောင်းတို့ဟာ ခြောက်ခု ရှိတယ်။ အဲဒီ အခြေခံအကြောင်းတရားတွေကို ပြောပြရင် ပါရမီဆိုတာဟာ လူသာမန်တွေရဲ့ အရာမဟုတ်ဘူး၊ အလောင်းတော်တွေရဲ့ အရာသာဖြစ်ကြောင်း ပေါ်သွားမယ်။

● ဟုတ်လား ဖေဖေ၊ ပြောပြပါဦး။ ဖေဖေ သမီးကို ပြောပြတဲ့ ဗုဒ္ဓဘာသာ အဖွင့်တွေဟာ သမီးတို့ လူငယ်တွေအတွက် သိပ်ကျေးဇူးများပါတယ် ဖေဖေ။

○ အေး၊ ဖေဖေက သမီးကို ပြောပြနေတာဟာ သမီးတို့ ဗုဒ္ဓဘာသာ လူငယ်တွေ အားလုံးအတွက် ရည်ရွယ်ချက်ထားပြီး ပြောနေတာ၊ သမီးက ဒါတွေ ကို ပြန်ပြီး ရေးပြနေတော့ ပိုပြီး ခရီးရောက်တာပေါ့။ ကဲ-ဒါထား၊ ပါရမီရဲ့ အခြေခံအကြောင်းတရား ခြောက်ပါးကို ပြောပြမယ်နော်။ သမီး မှတ်ထား။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ ပါရမီအခြေခံခြောက်ပါးဆိုတာက (၁) အဘိနီဟာရ၊ (၂) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ်၊ (၃) ဗုဒ္ဓဘူမိတရားလေးပါး၊ (၄) အဇ္ဈာသယ ဓာတ်ကောင်း ၁၆ ပါး၊ (၅) ပစ္စဝေက္ခဏာဉာဏ်တွေနှင့် (၆) စရဏ ၁၅ ပါး အဘိဉာဏ်ငါးပါးလို့ အကျဉ်းအားဖြင့် မှတ်ထားရမယ်။

● သမီးတော့ အဲဒါတွေ တစ်ခုမှ မသိပါဘူး ဖေဖေ၊ တစ်ခုချင်း ရှင်းပြပါဦးနော်။

http://www.dhammadownload.com



○ သမီးတို့ ဘယ်သိမလဲ၊ ဟုတ်တာပေါ့။ ဒီတရားတွေက လေးနက်တယ်၊ ကျယ်လည်း ကျယ်ဝန်းတယ်။ ဖေဖေ တစ်ခုချင်း ပြောပြမယ်။

● ဟုတ်ကဲ့၊ ပြောပြပါ ဖေဖေ၊သမီး မှတ်ထားပါ့မယ်။

○ ကဲ–ဒါဆို အဘိနီဟာရက စပြောမယ်နော်။

● ဟုတ်ကဲ့၊ အဘိနီဟာရ၊ ဟုတ်ကဲ့ ဖေဖေ။

○ အဘိနီဟာရ ဆိုတာက သဗ္ဗညုတဉာဏ် ရဖို့အတွက် 'ဆုပန်ခြင်း'လို့ အဓိပ္ပာယ်ရတယ်။ ပါရမီစခန်းကို သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ပထမ ဆုပန်ခြင်းအမှုကို ပြုကြရတယ်။

● ဒါဖြင့် ခုပြောတဲ့ အဘိနီဟာရခေါ်တဲ့ ဆုပန်ခြင်း သဘောတရားလည်း ဘယ်ရှိတော့မှာလဲ။

○ တစ်ခုတော့ ရှိတယ်၊ ဆုပန်ခြင်းကို တချို့က ဆုတောင်းခြင်းလို့လည်း ခေါ်တယ်။ ဆုတောင်းခြင်းသဘော Prayer ဆိုတာတော့ တခြား ဘာသာတွေမှာလည်း ရှိတယ်။ သမီး နားလည်အောင် ပြောရရင် Religion ဆိုတာဟာ ကိုယ်ဖြစ်ချင်တာကို ထာဝရဘုရားသခင်ဆီမှာ ဝတ်ပြုပြီး ဆုတောင်းပတ္ထနာပြုတာ၊ အဲဒီ ဆုတောင်းကို ဘုရားက ပြည့်စုံအောင် ဖြည့်ပေးတယ်လို့ ယုံကြည်ကိုးကွယ်တာကို ပြောတာ၊ အဲဒီလို ဘုရားဆီမှာ ဆုတောင်းတာမျိုးကတော့ ဗုဒ္ဓဘာသာရဲ့ စစ်မှန်တဲ့ သဘောမှာ မရှိဘူး။ ဗုဒ္ဓဆီမှာ ဘာပေးပါ၊ ညာပေးပါလို့ လက်ဖြန့်ဆုတောင်းလို့ မရဘူး၊ ကိုယ်လုပ်မှ ကိုယ်ရတယ်လို့ ကမ္မနိယာမက ဟောထားတယ်။

● အဲဒါ ဟုတ်ပါ့မလား ဖေဖေရယ်၊ ဗုဒ္ဓဘာသာဝင်တွေလည်း ရွှေတိဂုံဘုရား ပေါ်မှာ ဝတ်ပြုပြီး ဆုတောင်းနေကြတာပဲဟာ။

○ သမီး ဘာကို ဆိုလိုတာလဲ။

○ ဖေဖေ ရွှေတိဂုံဘုရားကို သွားကြည့်ပါ။ ဂြိုဟ်တိုင်တွေမှာ ယတြာချေပြီး ဆုတောင်းနေကြတာ နားမဆံ့အောင် ကြားရလိမ့်မယ်။ ခု ပိုပြီး ထူးခြားတာတွေလည်း တွေ့ရတယ်။ ရွှေတိဂုံ ရာဟုထောင့်က ရှင်စောပုဘုရားမှာ လူတွေ ကြိတ်ကြိတ်တိုးပြီး ဆုတောင်းနေကြတာ တွေ့ရမယ်။ နောက်ပြီး စနေထောင့်က နေလဘုရားကိုလည်း သွားကြည့်ပါဦး၊ ငှက်ပျောပွဲ အုန်းပွဲတွေပါ ထိုးပြီး နိုင်ငံခြား သွားချင်တဲ့လူတွေ၊ သင်္ဘောသားဖြစ်ချင်တဲ့လူတွေ၊ သင်္ဘောတက်ချင်တဲ့လူတွေ၊ ရာထူးတိုးချင်လို့၊ ဈေးရောင်းကောင်းချင်လို့၊ ထီပေါက်အောင်လို့ ဆုတောင်း နေကြတဲ့လူတွေ ရာနဲ့ချီ ထောင်နဲ့ချီ ရှိနေပါတယ် ဖေဖေ။ ပြီးတော့ အရှေ့တောင် ထောင့်နားက ဓမ္မစေတီဘုရားမှာလည်း ဒီအတိုင်းပဲ ငှက်ပျောပွဲ၊ အုန်းပွဲတွေ ထိုးပြီး

http://www.dhammadownload.com



ဆုတောင်းနေကြတဲ့လူတွေ ပြည့်ကျပ်နေတာပဲ။ ကိုယ်က ဝင်ပြီး ဘုရားဝတ်ပြုဖို့ရာ နေရာတစ်နေရာတောင် ရဖို့ မလွယ်ဘူး။

● အဲဒါကြောင့် ဖေဖေက (ဗုဒ္ဓဘာသာရဲ့ စစ်မှန်တဲ့ သဘောမှာ) ဆိုတဲ့ စကားကို ခံပြီး ပြောခဲ့တာပေါ့။ ဗုဒ္ဓဘာသာရဲ့ သိမ်မွေ့နက်နဲတဲ့ သဘောတွေကို သမီးတို့ လူငယ်တွေ သိသင့်တယ်လို့ ဖေဖေ ပြောခဲ့တာ မှတ်မိလား။ ခု ကာလရွေ့လျောလာတော့ မြန်မာဗုဒ္ဓ ဘာသာမှာ မစစ်မမှန်တဲ့ သဘောတွေ (တခြား ဘာသာတွေ၊ တခြားဂိုဏ်းတွေရဲ့ ဩဇာ သက်ဝင်မှုတွေ) ဖြစ်ပေါ်လာတယ်။ လူမှာ ကိုယ် အလိုရှိတာကို တမ်းတတဲ့ စိတ် ရှိတယ်။ အဲဒီ ဇာမ်းတချက်ကို တန်ခိုးရှင်တွေက ဖြည့်ပေးနိုင်တယ်လို့ ယုံကြည် ချင်တဲ့ စိတ်၊ အားကိုးတဲ့ စိတ်မျိုးလည်း ရှိတယ်။ အဲဒီစိတ်ကို အခွင့်ကောင်းယူပြီး ဝိဇ္ဇာမဟိဒ္ဓိ ဂိုဏ်းဆရာတွေက ဆုတောင်းတဲ့ အလေ့အထကို တီထွင်လာခဲ့ကြတယ်။ ဂြိုဟ်တိုင်တွေမှာ ဆုတောင်းလာကြတာလည်း ဗြဟ္မဏဝါဒရဲ့ ဩဇာ သက်ရောက်မှုပဲ ဖြစ်နိုင်တယ်။ တခြား ဆုတောင်းပတ္ထနာ ပြုနေကြတဲ့ ဘာသာတွေကလည်း ထိုးဖောက် လာတော့ ဗုဒ္ဓဘာသာဝင်တွေကပါ အတုမြင် အတတ်သင် လုပ်လာကြတာ ဖြစ်လိမ့်မယ် သမီး။ နောက်တစ်ခုက ဖေဖေ သတိထားမိတာ ရှိတယ်။ တချို့ ဘုရားဂေါပကတွေက သူတို့ဘုရားမှာ လူစည်ကားအောင်၊ လာဘ်လာဘ ပေါများအောင်လို့ 'ဆုတောင်းပြည့်' ဆိုတဲ့ နာမည်တွေ တပ်ပြီး မက်လုံးပေးကြတာတွေလည်း ရှိတယ်။ ဒါတွေအားလုံးဟာ လောကီချမ်းသာနဲ့ နွယ်တယ်။

● အဘိနီဟာရဆိုတဲ့ ဆုပန်ခြင်းကတော့ လောကုတ္တရာ သဘောပဲ မဟုတ်လား ဖေဖေ။ ပြီးတော့ ဒီအဘိနီဟာရကို လူတိုင်း လုပ်နိုင်သလားလို့ သမီး မေးခဲ့ပါတယ်။

ဝ ဟုတ်သားပဲ။ အဲဒါ ဖြေရဦးမယ်။ သဘောတရား အရသာ လူတိုင်း ဘုရားဆု ပန်နိုင်တယ်လို့ ဆိုပေမယ့် ဒါဟာ လူတိုင်း လုပ်နိုင်တဲ့ ကိစ္စတော့ မဟုတ်ဘူးကွယ့်။ သဗ္ဗညုတ ဘုရားဖြစ်ချင်တဲ့ မဟာကုသိုလ်စိတ် စေတသိက်ရှိမှသာ အဘိနီဟာရဆိုတဲ့ ဆုကြီးကို ပန်နိုင်တယ်။ အဲဒီစိတ်ကို ဗုဒ္ဓက ငရပ်ဖော် ဟောကြားထားပုံက 'ကိံ မေ ဧတေန တိဏ္ဏေန၊ ပုရိသေနထာမဒဿိနာ၊ သဗ္ဗညုတံပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ' ဆိုပြီး နှုတ်ပဋိညာဏ်၊ စိတ်ပဋိညာဉ်ကို ပြုရတယ်။

● အဲဒါ အဓိပ္ပာယ်က ဘာလဲ ဖေဖေ။

http://www.dhammadownload.com



○ ကိုယ်စွမ်း ကိုယ်ရည်ကို မြင်သော ငါယောက်ျားကောင်း ဖြစ်ပါလျက် တစ်ကိုယ်တည်း နိဗ္ဗာန်ကူးသဖြင့် ဘာအကျိုးရှိမလဲ၊ သဗ္ဗညုတဉာဏ်တည်း ဟူသော မဟာဗောဓိသို့ ရောက်ပြီးမှ နတ်ဗြဟ္မာနဲ့တကွ လူအပေါင်းကို နိဗ္ဗာန် ရောက်အောင် ပို့ဆောင်အံ့ ဆိုတဲ့ ပဋိညာဉ်ကြီးပြုတာ၊ အဲဒါကို မဟာအဘိနီဟာရ (ဆုတောင်းကြီး)လို့ ခေါ်ရတယ်။ အဲဒီလို ဆုတောင်းကြီးပြုဖို့ ဆိုတာကလည်း မလွယ်ပါဘူး၊ ဟေတုဆိုတဲ့ ပစ္စယလေးပါး၊ ဟေတုလေးပါးနဲ့လည်း ပြည့်စုံရတယ်။ အဓိကာရ ဆိုတဲ့ အသက်ကိုစွန့်ပြီး ပြုရတဲ့ ပူဇော်သက္ကာရကို ပြုရမယ်ဆိုတဲ့ စိတ်ရှိရမယ်။ ပြီးတော့ ကြီးမားတဲ့ ဆန္ဒလည်း ရှိရတယ်။ အဲဒီဆန္ဒ ဘယ်လောက် ကြီးသလဲဆို အချင်းယူဇနာ ၁၂၀၃၂၅၀ ကျယ်တဲ့ စကြဝဠာအတွင်းမှာ အလွန် ချွန်ထက်တဲ့ လှံသွားတွေကို အပြည့်စိုက်ထူထား၊ အဲဒီ လှံသွားတွေကို နင်းပြီး ဟိုဘက်ကိုရောက်အောင် သွားနိုင်မှ မဟာဗောဓိဆုကို ရမယ်ဆိုတာ မှန်ခဲ့ရင် ဘာမှ စိတ်မတွန့်ဘဲနဲ့ ချက်ချင်း နင်းသွားမယ်ဆိုတဲ့ ထက်သန်တဲ့ဆန္ဒမျိုး ရှိရမယ်။ ကျမ်းဂန်မှာ ရှားမီးကျီး အပြည့်ထည့်ထားတဲ့ စကြဝဠာတိုက်ကြီးကို ဖြတ်သွားမှ မဟာဗောဓိဆုကို ရမယ်ဆိုတာ အမှန်ဖြစ်ရင်လည်း ချက်ချင်း မတွန့်မရွံ့ဘဲ ဖြတ်သွားမယ်ဆိုတဲ့ ထက်သန်တဲ့ ဆန္ဒရှိသူ ဖြစ်ရမယ်။

● ဟင်–ဒါဆို ဆုကြီးပန်ဖို့ ဘယ်လွယ်ပါ့မလဲ ဖေဖေရယ်။

○ သူလို ငါလို စိတ်မျိုးနဲ့ကတော့ ဘုရားဆုပန်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ သမီးရယ်။ ပြီးတော့ အဲဒီလို ဆုကြီးပန်တယ်ဆိုတာကလည်း ကိုယ့်ဘာသာ ကိုယ် စိတ်နဲ့ တမ်းမှန်းပြီး ဆုတောင်းလို့ ရတာမျိုး မဟုတ်ပါဘူး။ ဗောဓိဆုဆိုတာ ဘုရားနှင့် ကိုယ်တိုင်တွေ့ပြီး ဆုပန်မှရတယ်။ သာဝကဆုတောင်မှ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့နှင့် တွေ့ပြီး လှူဒါန်းပြီး ဆုတောင်းမှသာ ရနိုင်တယ်လို့ လယ်တီဆရာတော် ဘုရားက ဥတ္တမပုရိသဒီပနီမှာ ရှင်းရှင်း ဟောထားတော်မူတယ်။

● နည်းနည်းတော့ ရှင်းသွားပါပြီ ဖေဖေ။ ရှေးက ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများထံမှာ လှူပြီး ဆုတောင်းခဲ့ကြတာတွေ ပြည့်တယ်၊ အကျိုးပေး တယ်လို့ ကြားဖူးပါတယ်။

○ ဟုတ်တယ်၊ ရှေးတုန်းကတော့ သက်ရှိဘုရားထံမှာ၊ သက်ရှိပစ္စေကဗုဒ္ဓါထံ မှာ၊ သက်ရှိ ရဟန္တာထံမှာ လှူဒါန်းပြီး ဆုတောင်းကြတာ ပြည့်ကြတယ်။ အဲဒါကို ခုခေတ်ကတော့ ဘုရားဆင်းတုတော်ရှေ့မှာ နတ်ရုပ်ရှေ့မှာ၊ တန်ခိုးကြီးဘုရား၊ တန်ခိုးကြီးနတ်၊ ဘိုးဘိုးကြီးနတ် ဆိုပြီး ဆုတောင်းနေကြတယ်။ ကျိုက္ကစံဘုရားမှာဆို အနောက်ဘက်က ဘီလူးကြီးနှစ်ကောင်မှာ ဆုတောင်းနေကြတာလည်း ဖေဖေ

http://www.dhammadownload.com



တွေ့တယ်။ လူတွေရဲ့ ရသေ့စိတ်ဖြေ လုပ်နေကြတာပါကွယ်။ တိုက်ဆိုင်တာလည်း ရှိမှာပေါ့။ မတိုက်ဆိုင်တာတွေလည်း အများကြီးပေါ့။ တချို့က လူများလုပ်လို့ လိုက်လုပ်နေကြတာ၊ လိုရင်းကတော့ လောဘပဲ၊ ပါရမီနဲ့ မဆိုင်ဘူး။

● ဖေဖေ၊ ပါရမီအဖွင့်ကို ဆက်ပြောပါဦး။ ပါရမီတို့ရဲ့ အခြေခံအကြောင်းကို ရှင်းပြပြီးပြီ ဖေဖေ။ အဲဒီအထဲမှာ (၁) အဘိနီဟာရ ဆိုတဲ့ ဘုရားဖြစ်ဖို့ ဆုပန်ရတဲ့ အကြောင်းကို ရောက်ခဲ့ပါတယ်။

○ အင်း၊ ပြောရမှာပေါ့။ အကျဉ်းချုပ်ပြောရရင်တော့ ပါရမီဆိုတာ အဲဒီလို ဆုကြီးပန်တွေ လုပ်အပ်တဲ့ ကိစ္စလို့ ဆိုရမှာပေါ့။ အဲဒါ ကွဲဖို့လိုတယ်။ တချို့က မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် အားထုတ်တဲ့နေရာမှာ တို့က ပါရမီ မရှိပါဘူး၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့တော့ အဝေးကြီးပါ၊ ပါရမီမရှိဘဲနဲ့တော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုပြီး ပြောနေကြတာလည်း ကြားရတယ်။ အဲဒါ မဟုတ်ဘူးကွယ့်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကတခြား၊ ပါရမီက တခြားပါ။

● အခြေခံကတော့ ပါရမီဆိုတာက ဆုကြီးပန်များ ဖြည့်ဆည်းအပ်တဲ့ တရား၊ ဗောဓိဆုပန်ထားသူများသာ ပါရမီဖြည့်ရမယ်၊ ပါရမီအကျင့်ကို ကျင့်ရမယ် ဆိုရင်ကော ရမလား ဖေဖေ။

○ ရတာပေါ့ သမီးရဲ့၊ အဲဒါ အမှန်ဆုံးပဲ။ ကဲ–ဒါထား၊ ဖေဖေတို့ အဘိနီဟာရ ဆိုတဲ့ ဆုပန်ခြင်းအကြောင်းကို ပြောခဲ့ပြီးပြီ ထင်တယ်။

● ပြောခဲ့ပြီးပါပြီ ဖေဖေ။ ဒါပေမဲ့ ပြည့်စုံပြီလား၊ မပြည့်စုံသေးဘူးလား၊ ဒါတော့ သမီး မသိဘူး။

○ ဆုပန်ခြင်း အဘိနီဟာရအကြောင်း ပြောမယ်ဆိုရင်တော့ အများကြီး ပြောစရာကျန်သေးတယ်။ ဆုကြီးပန်ရာမှာ (၁) ပစ္စယအကြောင်း လေးပါး၊ (၂) ဟေတုအကြောင်း လေးပါး၊ (၃) အားအစွမ်းလေးပါးနဲ့လည်း ပြည့်စုံဖို့ လိုသေးတယ်။ ဒါတွေကိုကော ပြောပြီးပြီလား မသိဘူး။

● မပြောတတ်ဘူး၊ သမီး ကောင်းကောင်း မမှတ်မိဘူး၊ နည်းနည်း ပြန်ပြောပါဦး။

○ ကောင်းပြီ၊ ဒါဆို ဖေဖေက အကျဉ်းချုပ်ပြီး လိုရင်းကိုပဲ ပြောတော့မယ်။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ ပစ္စယ လေးပါးဆိုတာက (၁) ဆုကြီးပန်သူဟာ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုယ်တိုင်ဖူးမြင်ရပြီး ဘုရားဖြစ်ချင်တဲ့စိတ် ညွတ်ကိုင်းခြင်း ပစ္စယတစ်ပါး၊ (၂) ဒါမှမဟုတ် မြတ်စွာဘုရားကို ကိုယ်တိုင်ဖူးမြင်ရသူထံက သတင်းစကား ကြားရခြင်း ပစ္စယတစ်ပါး၊ (၃) ဘုရား အာနုဘော်နှင့် စပ်သောတရားကို

http://www.dhammadownload.com



မြတ်စွာဘုရား ဟောကြားသည်ကို ကြားနာရခြင်း ပစ္စယတစ်ပါး၊ (၄) ကိုယ်တိုင်က အလွန် မြင့်မြတ်တဲ့ အဇ္ဈာသယ ခါတ်ခံရှိခြင်းဆိုတဲ့ ပစ္စယတစ်ပါး။

● ဟုတ်ကဲ့ မှတ်မိပါပြီ ဖေဖေ၊ ဟေတုအကြောင်း လေးပါးကို ပြောပြပါဦး။

○ အင်း၊ (၁) ဆုကြီးပန်တဲ့ ယောက်ျားဟာ ရှေးရှေးဘုရားရှင်တို့ထံမှာ အဓိကာရ(အထိကာရ) ကုသိုလ်ထူးကို ပြုခဲ့ဖူးခြင်းဆိုတဲ့ **ဥပနိဿယသမ္ပဒါ**နှင့် ပြည့်စုံရမယ်၊ (၂) ပကတိအားဖြင့် ကရုဏာခါတ်ခံ ကြီးမားတဲ့အတွက် ကိုယ့်အသက်ကို စွန့်ပြီး သတ္တဝါရဲ့ဒုက္ခကို ဖယ်ရှားလိုခြင်းဆိုတဲ့ **ကရုဏာသမ္ပဒါ** ပြည့်စုံရမယ်၊ (၃) ဘုရားဖြစ်ဖို့ ရည်မှန်းထားတဲ့ ရည်မှန်းချက်အောင်မြင်ဖို့ ဘယ်လောက်ပဲကြာကြာ စိတ်မပျက်ဘဲ မကြောက်မရွံ့၊ မတွန့်မဆုတ် အားထုတ်ခြင်းဆိုတဲ့ **ဥဿာဟသမ္ပဒါ** ပြည့်စုံခြင်း၊ (၄) မိတ်ဆွေကောင်းကို ပေါင်းသင်းခြင်းဆိုတဲ့ **ကလျာဏမိတ္တာ** ပြည့်စုံခြင်း။

● မှတ်မိပါပြီ ဖေဖေ၊ အားအစွမ်းလေးပါး ဆိုတာကို ပြောပြပါဦး။

○ (၁) **အဇ္ဈတ္တိကဗလ**၊ ဒါက အလွန်စိတ်အား ထက်သန်ခြင်းကို ပြောတာ၊ ခေတ်စကား အင်္ဂလိပ်လိုပြောရင်တော့ Seriousness ရှိရမယ်၊ (၂) က **နာဟိရဗလ** ဆိုတာကတော့ အပြင်အားပေါ့၊ အဇ္ဈတ္တိကဗလက အတွင်းအား၊ အတွင်းအားကိုရပြီး အပြင်အား(ကိုယ်အား)နဲ့လည်း ပြည့်စုံတာကို ပြောတာ၊ အချုပ်အားဖြင့်တော့ စိတ်အင်အား၊ ကိုယ်အင်အား နှစ်ခုစလုံး ပြည့်စုံခြင်းကို ပြောတာပဲကွယ်၊ (၃) ကတော့ **ဥပနိဿယဗလ** ဆိုတာလ ဥပနိဿယ သမ္ပဒါ ကုသိုလ်ထူးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ထက်မြက်တဲ့ ဉာဏ်ကို ပြောတာ၊ (၄)က **ပယောဂဗလ**၊ ဒါကတော့ ဘုရားဖြစ်အောင် ကျင့်ကြံနိုင်တဲ့ လုံ့လ ဝီရိယနဲ့ ပြည့်စုံခြင်းပဲ သမီးရယ်။

● သမီး သဘောပေါက်ပါပြီ ဖေဖေ။ ဆုကြီးပန်တွေရဲ့ ပင်ကို သဘောကိုက သာမန်လူနဲ့မှ မတူဘဲနော် ဖေဖေ၊ သူတို့က သိပ်ထူးခြားတာပဲ။

○ သိပ်ဟုတ်တာပေါ့ သမီးရယ်၊ အဘိနီဟာရ ကုသိုလ်ကြီး ဖြစ်ပွားရပြီဆိုမှဖြင့် အလောင်းတော်ကြီးများမှာ (၁) သတ္တဝါတွေကို ရင်ဝယ်သားလို သဘော ထားကြတယ်၊ (၂) အကုသိုလ်ရဲ့ အစွမ်းကြောင့် စိတ်ညစ်တာမျိုး၊ စိတ်ပျက်တာ မျိုးလည်း မရှိကြတော့ဘူး၊ (၃) အလောင်းတော်ကြီးများရဲ့ စိတ်ထဲမှာ သတ္တဝါတွေ၊ ချမ်းသာဖို့၊ သတ္တဝါတွေ ကြီးပွားဖို့ကိုသာ ဆောင်ရွက်ချင်တဲ့စိတ် ရှိကြတော့တယ်၊ (၄) ဒီအချိန်ကစပြီး ပါရမီ၊ စာဂ စရိယ တရားတွေ ဆုတ်နစ်ခြင်း မရှိတော့ဘူး၊ တစ်ဆုထက်တစ်ဆ တိုးတက်ရင့်သန်လို့သာ လာတယ်။

http://www.dhammadownload.com



● အံ့သြစရာပဲနော် ဖေဖေ။

○ ဟုတ်တယ်၊ အဲဒါ အံ့ဖွယ်ကြီးတွေပဲ သမီးရဲ့။

● ပါရမီရှင်တွေအကြောင်း ပြောစရာ ကျန်သေးလား ဖေဖေ။

○ ကျန်သေးတယ် သမီး၊ ပါရမီ ဖြည့်ဆည်းကြရာမှာ မဟာကရုဏာနဲ့ ဥပါယကောသလ္လ ဉာဏ်တွေဟာလည်း ပါရမီရဲ့ အခြေခံတွေ ဖြစ်ကြတယ်ကွယ့်။ မဟာကရုဏာနဲ့ ဥပါယကောသလ္လဉာဏ် အကြောင်းကိုတော့ အကျယ်မပြောတော့ဘူး၊ သမီး နားရှုပ်သွားမှာစိုးလို့၊ နောင်အခါ အခွင့်သင့်တဲ့အခါကျရင် ဖေဖေ သတ်သတ်ပြောပြမယ်နော်။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ ဒီတော့ကာ မဟာကရုဏာနဲ့ ဥပါယကောသလ္လဉာဏ် ပြည့်စုံတဲ့ အလောင်းတော်ကြီးများရဲ့ သဘောကို ပြောပြမယ်။

● ဟုတ်ကဲ့။

○ အဲဒီ အလောင်းတော်ကြီးများဟာ ကိုယ်ကျိုးကို မငဲ့ဘူး၊ သူများအကျိုးအတွက်ချည်း အားထုတ်တယ်။ လူသာမန်တွေ မလုပ်နိုင်တဲ့ အလုပ်ကို လုပ်ရသော်လည်း ပင်ပန်းလိုက်တာလို့ ဘယ်တော့မှ မပြောဘူး၊ မညည်းညူဘူး၊ အလောင်းတော်များမှာ မဟာကရုဏာနဲ့ မဟာပညာ ပြည့်စုံကြတယ်။ ဒီလို ပြည့်စုံတော်မူကြတဲ့အတွက် ဘုရားဖြစ်တယ်။ ဒါက ပညာကြောင့်ဖြစ်တာ၊ ကရုဏာကတော့ ဗုဒ္ဓကိစ္စကို ဆောင်ရွက်ခြင်းဖြစ်တယ်လို့ မှတ်ထားရမယ်။ တစ်နည်းပြောကြစို့ ဆိုရင်တော့ ပညာကြောင့် ကိုယ်တော်တိုင် သံသရာ ပင်လယ်ကြီးကို ကူးမြောက်တော်မူနိုင်တယ်။ ကရုဏာကြောင့် ဝေနေယျတို့ကို ကယ်တင်တော်မူလိုခြင်း ဖြစ်တယ် သမီးရဲ့။ ပညာကြောင့် ဒုက္ခကို ငြီးငွေ့တော်မူတာ မှန်တယ်၊ ဒါပေမဲ့ ကရုဏာကြောင့် အဲဒီ ငြီးငွေ့အပ်တဲ့ ဒုက္ခကိုပဲ ဝေနေယျတို့ကို ကယ်တင်ဖို့ သုခလို သဘောထားပြီး ခံယူတော်မူတယ်။ ပညာနဲ့ နိဗ္ဗာန်ရောက်ဖို့ကိုတော့ ရည်ရွယ်တော်မူတာတော့ မှန်တယ်၊ ဒါပေမဲ့ ကရုဏာတော်ကြောင့် နိဗ္ဗာန်ကို ရနိုင်လျက်နဲ့ မယူဘူး၊ သံသရာဝဋ်ထဲမှာ တဝဲလည်လည်နဲ့ ကျင်လည်ပြီး ပါရမီတော်ကို ဖြည့်တော်မူတယ်။

● ကြည်ညိုဖွယ်ကောင်းလိုက်တာ ဖေဖေရယ်၊ ကရုဏာတော်ကြောင့် အလောင်းတော်ကြီးများဟာ နိဗ္ဗာန်ကို ရနိုင်တာတောင် မယူသေးဘဲ စွန့်ခြင်းကြီးတွေ စွန့်ပြီး ပါရမီတော်ကို ဖြည့်ရတာပဲနော်။

http://www.dhammadownload.com



○ အင်း၊ ပါရမီ ဖြည့်တဲ့ကိစ္စမှာ ဆုကြီးပန်ရုံနဲ့ မပြီးသေးဘူး၊ ကရုဏာနဲ့ ပညာဟာလည်း အရေးကြီးသေးတယ်။ ဒါနဲ့လည်း မပြီးသေးဘူး၊ (၁) ဥဿာဟ၊ (၂) ဥမ္မင်္ဂ၊ (၃) အဝတ္ထာန၊ (၄) ဟိတစရိယ ဆိုတဲ့ ဗုဒ္ဓဘူမိတရား လေးပါးဟာလည်း ပါရမီရဲ့ အကြောင်းရင်းများ ဖြစ်ကြတယ်။

● သဘောကို ရှင်းအောင် ပြောပြပါဦး ဖေဖေ။

○ ဥဿာဟဆိုတာကတော့ မဆုတ်မနစ် အားသစ်ကြိုးပမ်းခြင်း ဝီရိယကို ဆိုတာပါပဲကွယ်။ ဥမ္မင်္ဂဆိုတာကတော့ ပြောခဲ့ပြီးတဲ့ ကောသလ္လဉာဏ်ကို ဆိုတာပဲကွယ့်။ အဝတ္ထာန ဆိုတာက ဘုရား မဖြစ်ဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုတဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ကို ပြောတာ၊ ဟိတစရိယဆိုတာ မေတ္တာဘာဝနာနဲ့ ကရုဏာဘာဝနာ နှစ်ပါးကို ဆိုလိုတယ်။ ဒီတရားတွေကို သဗ္ဗညုတဉာဏ် ဖြစ်ပေါ်လာကြောင်းဖြစ်လို့ ဗုဒ္ဓဘူမိတရား လေးပါးလို့ ခေါ်ရတယ်။

● အင်း၊ ပါရမီအလုပ်က မလွယ်ဘူးနော်၊ လူသာမန်တွေ ဘယ်လုပ်နိုင်မလဲ။

○ ဟုတ်တယ်၊ ဒါကြောင့် ဖေဖေ ပြောခဲ့တာပေါ့။ ပါရမီဆိုတာ အလောင်းတော်ကြီးများသာ လုပ်နိုင်တဲ့ အလုပ်လို့၊ ပါရမီအလုပ်ကို လုပ်မယ့် အလောင်းတော်ကြီးများမှာ ဒီလောက် အရည်အချင်းတွေနဲ့ ပြည့်ပြည့်စုံစုံနဲ့တောင် မလုံလောက်သေးဘူး၊ အခြေခံ စိတ်ဓာတ်ကိုက ထူးခြားမှု ရှိရသေးတယ်။ အလောင်းတော်တို့ရဲ့ ထူးခြားတဲ့ စိတ်ဓာတ်အရည်အချင်း(အဇ္ဈာသယဓာတ်ကြီး)က ၁၆ မျိုးတောင် ရှိတယ်။

● ဟုတ်လား ဖေဖေ၊ ဘယ်လို စိတ်ဓာတ်မျိုးကို ပြောတာလဲဟင်။

○ သမီး မှတ်ရလွယ်အောင် အကျဉ်းသဘောကိုပဲ ပြောပြမယ်၊ ပါရမီရှင် အလောင်းတော်တွေရဲ့ စိတ်ဟာ ဝတ္ထု ကာမ ဃရာဝါသ စသည်တို့မှာ အပြစ်မြင်ကြတဲ့အတွက် အလောဘစိတ် လွန်ကဲပြီး ဒီဝတ္ထုကာမ၊ ဃရာဝါသ စသည် တောက ထွက်မြောက်ချင်တဲ့စိတ် အလွန် ထက်သန်တယ်။ ဒါကို **နိက္ခမ္မဇ္ဈာသယလို့** ခေါ်တယ်။ အဲဒီ အဇ္ဈာသယတွေကတော့ နိက္ခမ္မဇ္ဈာသယ၊ ပဝိဝေကဇ္ဈာသယ၊ အလောဘဇ္ဈာသယ၊ အဒေါသဇ္ဈာသယ၊ အမောဟဇ္ဈာသယ၊ နိဿရဏဇ္ဈာသယ ဆိုပြီး ခြောက်ပါး၊ နောက်ပြီး ဒါနဇ္ဈာသယ၊ သီလဇ္ဈာသယ ဆိုပြီး ၁၀ ပါးရှိတယ်။

● သမီး သဘောပေါက်ပါပြီ ဖေဖေ၊ ဒါတွေဟာ ပါရမီ အကျင့်ကို ကျင့်ကြံ အားထုတ်ကြတဲ့ ပါရမီရှင်တွေမှာ ရှိအပ်တဲ့ အခြေခံအကြောင်းတရားတွေပဲ ပေါ့နော်။

http://www.dhammadownload.com



○ ဟုတ်တယ်၊ ပါရမီဆိုတာ လူတိုင်းနဲ့ ဆိုင်တဲ့ကိစ္စ မဟုတ်ဘူး၊ ဆုကြီးပန် ပါရမီရှင်တွေနဲ့သာ ဆိုင်တဲ့ကိစ္စ ဖြစ်တယ်ဆိုတာကို သိစေချင်လို့ ဖေဖေက အကျယ်တဝင့် ပြောခဲ့တာပဲ သမီးရယ်၊ သဘောပေါက်ရဲ့လား။

● သမီး သဘောပေါက်ပါပြီ ဖေဖေ။

ကျွန်မတို့ မိသားစုတွင် ဖေဖေသည် လောကီ စီးပွားရေး၊ လူမှုရေး ကိစ္စများ၌ စိတ်မရှည်။ အသက်ကြီးလာပြီး တရားကို အားထုတ်လာသောအခါ ဖေဖေသည် စီးပွားရေး၊ လူမှုရေးတို့၌ စိတ်ဝင်စားမှုလည်း နည်းလာသည်။ တရားဓမ္မနဲ့ မစပ်မဆိုင်သော စကားများကိုလည်း ဖေဖေ့မှာ ပြောချင်သော စိတ်နည်းလာသည်။ ထို့ကြောင့် ကျွန်မတို့ မိသားစုမှာ စုစုဝေးဝေး ပြောစရာ စကားမရှိတော့ပါ။ ထိုအခါ ကျွန်မကသာ ဖေဖေ့ကို စကားပြောချင်လျှင် ဓမ္မအကြောင်းများကို မေးမြန်းပြောဆိုရသည်။

● ပါရမီ အဖွင့်ကို ဆက်ပြောပါဦး ဖေဖေ။

○ ပါရမီအကြောင်းကို ပြောခဲ့တာ တော်တော်ကျယ်ခဲ့ပြီ မဟုတ်လား သမီးရယ်၊ သမီး ဘာများ သိချင်သေးလို့လဲ။

● ဖေဖေက ပါရမီဆယ်ပါးနဲ့ ပတ်သက်ပြီး ပါရမီရှင်တွေရဲ့ ဆင်ခြင်ပုံ၊ ဉာဏ်ကျက်စားပုံ အကြောင်းကို ပြောဦးမယ်လို့ ပြောသေးသလားလို့၊ သမီးခေါင်းထဲမှာ အဲဒီလိုပဲ မှတ်မိနေပါတယ် ဖေဖေ။

○ အင်း၊ ဖေဖေ မှတ်မိပြီ။ တစ်နည်းဆိုတော့ ပါရမီဆိုတဲ့ တရားဟာ လူသာမန်တို့ ကျင့်ကြံနိုင်တဲ့တရား မဟုတ်ဘူး၊ ဆုကြီးပန် အလောင်းတော်ကြီးများရဲ့ အင်မတန်ကြီးမားတဲ့ မဟာကရုဏာ စိတ်၊ မဟာပညာ စိတ်နဲ့သာ ဆက်စပ်နေတဲ့တရား ဖြစ်တယ်ဆိုတာကို ဖေဖေ ပြောခဲ့ပြီနော်။

● ဟုတ်ကဲ့၊ ပြောခဲ့ပါတယ် ဖေဖေ။

○ အေး၊ ဒါဆိုရင် ဒါနပါရမီက စပြီး အလောင်းတော်ကြီးများ ဆင်ခြင်ပုံ၊ ဆင်ခြင်နည်းတွေကို သမီး စိတ်ထဲမှာ ကြည်ညိုသဒ္ဓါ ပွားရအောင် ဖေဖေ ပြောပြမယ်။

● ဟုတ်ကဲ့၊ ဖေဖေ၊ သမီး ကြည်ညိုချင်ပါတယ်။

○ ဒီလို သမီးရဲ့၊ ဗုဒ္ဓဘာသာမှာ လှူတယ်၊ စွန့်ကြဲတယ်၊ ဒါနပြုတယ်ဆိုတာဟာ တခြား ဘာသာဝင်တွေ နားလည်သလို သူတစ်ပါးချမ်းသာပါစေ၊ သူတစ်ပါး အဆင်ပြေပါစေဆိုတဲ့ မေတ္တာ ကရုဏာ သဘောနဲ့ ပေးကမ်းစွန့်ကြဲတာ မဟုတ်ဘူး၊ ဗုဒ္ဓဘာသာဝင်များရဲ့ လှူချင်စိတ်ဆိုတာက မိမိပိုင် ပစ္စည်းဥစ္စာတွေ၊ ငွေကြေးခနတွေ

http://www.dhammadownload.com



အပေါ်မှာ ငြိကပ်တပ်မက် မစွန့်ရက်တဲ့ လောဘတဏှာကို ပယ်တာ၊ သတ်တာ ဖြစ်တယ်။ ဒါနပြုသူရဲ့ ကိစ္စ၊ ဒါတွေကို ရှေ့ပိုင်းတုန်းက ဖေဖေ ပြောခဲ့ပြီးပြီလေ။

● ဟုတ်ပါတယ် ဖေဖေ၊ ဒါနနဲ့ပတ်သက်တဲ့ကိစ္စ၊ ရသ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် တွေကို ပြောခဲ့ပြီးပါပြီ။

○ ကောင်းပြီ၊ ဒါဆိုရင် သမီး သဘောပေါက်ပြီပဲ။ ဒီတော့ ဘာကြောင့် လှူရသလဲဆိုတဲ့ မေးခွန်းကို အဖြေရှာကြည့်ကြစို့၊ တစ်နည်းဆိုတော့ မလှူရင် မဖြစ်ဘူးလားဆိုတဲ့ အမေးကို မေးသင့်တယ်။

● ဟုတ်ပါတယ် ဖေဖေ၊ လှူတယ်ဆိုတာ မိမိစိတ်က လှူချင်လို့ လှူတာပဲဟာ ဒါက လူတစ်ယောက်ရဲ့ လွတ်လပ်စွာ ရွေးချယ်ခွင့်ပဲ မဟုတ်လား။

○ ဟုတ်ပါတယ်၊ လှူတာကို ဘယ်သူကမှ အတင်းအဓမ္မ လှူခိုင်းလို့ လှူတာ မဖြစ်သင့်ပါဘူး။ မိမိဘာသာ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို အသုံးပြုပြီး လှူကြတာ များပါတယ်။ သို့သော် ဘာလိုချင်လို့ လှူတယ်၊ ညာလိုချင်လို့ လှူတယ် ဆိုရင် အကျိုးရလဒ်ဖြစ်တဲ့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို ရည်စူးပြီးလှူတာ ဖြစ်သွားတယ်။ အဲဒီလို လှူရင် ပါရမီကုသိုလ် မဖြစ်ဘူး၊ အဲဒီအလှူက ကံသတ္တိကိုပဲ ဖြစ်စေတယ်။ ကံသတ္တိဖြစ်သွားရင် အဲဒီအလှူဟာ သံသရာက လွတ်မြောက်ကြောင်း မဖြစ်ဘူး၊ ဗောဓိဉာဏ်ရကြောင်း မဖြစ်ဘူး၊ သံသရာရဲ့ အထောက်အပံ့ပဲ ဖြစ်သွားတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဲ့ အထောက်အပံ့ မဖြစ်တော့ဘူး။

● ဒါဆိုရင် ဘာကို ရည်မှန်းပြီး လှူဒါန်းရမှာလဲ ဖေဖေ။

○ တိုရှင်းလိုရင်းကို ဖြေရရင် ဘာကိုမှ မရည်မှန်းရဘူး၊ ဘာလိုချင်လို့ လှူတယ်ဆိုတာ ဖြစ်ကို မဖြစ်သင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါနဆိုတာ လောဘတဏှာကို သတ်ဖို့လုပ်တာမှာ လောဘတဏှာ ပါနေရင် ဘယ်ဟုတ်တော့ မလဲ၊ အေး တစ်ခုတော့ရှိတယ်၊ အလုပ်တစ်ခုကို လုပ်တဲ့အခါ ရည်မှန်းချက်ဆိုတာ ရှိရသေးတော့ သမီး အနေနဲ့ လှူဒါန်းတဲ့အခါ ဣဓံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊ ဣဓံမေ ဒါနံ နိဗ္ဗာနဿ ပစ္စယော ဟောတုလို့ ဆိုပြီး ရေစက်ချတယ် မဟုတ်လား။ ဤကောင်းမှုသည် အာသဝေါတရား ကုန်ခန်းခြင်းအတွက် အထောက်အပံ့ ဖြစ်ပါစေ၊ ဤ ဒါနသည် နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုရခြင်း၏အကြောင်း အထောက်အပံ့ ဖြစ်ပါစေလို့တော့ ရည်မှန်းနိုင်တယ်။

● ဒါဆို ဒီဒါနကို အကြောင်းပစ္စယအနေနဲ့ပဲ ထားရမှာပေါ့နော်၊ အကျိုးရလဒ် အနေနဲ့ မတောင့်တအပ်ဘူးပေါ့၊ ဟုတ်လား ဖေဖေ။

○ ဒီနေရာမှာ ဆင်ခြင်အပ်တဲ့ ဉာဏ်ဟာ အရေးကြီးတယ်၊ ဘာကြောင့်

http://www.dhammadownload.com



လှူအပ်သလဲ ဆိုတာကို သိတတ်တဲ့ ဉာဏ်မရှိရင် အကျိုးကို မျှော်ကိုးလာမှာပဲ။ လှူတဲ့အခါ အကျိုးတရားကို မလိုလားဖို့၊ မမျှော်ခေါ်ဖို့ သိပ်အရေးကြီးတယ်။

● လှူတဲ့အခါ အကျိုးရကြောင်း မမျှော်ခေါ်ရဘူးဆိုရင် အကျိုးမဲ့ဖြစ်မနေဘူးလား ဖေဖေ။

○ အဲဒါကြောင့် ဆင်ခြင်ဉာဏ် လိုတယ်လို့ ပြောတာပေါ့။ လှူတယ်ဆိုတာ ကိုယ်အကျိုးရှိအောင် လုပ်တာမဟုတ်ဘူး၊ ဒါက လူသာမန်စကားနဲ့ပြောရင် ကိုယ်ကျိုးကို စွန့်တာပဲ သမီးရယ်။ ကိုယ်ကျိုးကို ဘာဖြစ်လို့ စွန့်ရသလဲ၊ အဲဒါ သိဖို့ အရေးကြီးတယ်၊ ဒါက ဉာဏ်အရာဖြစ်တယ်။

● သမီး ကြားဖူးတာကတော့ လှူတာဟာ ယူတာဆို၊ များများလှူရင် များများရတယ်ဆို၊ လောကမှာတော့ များများရချင်လို့ များများလှူကြတာလည်း ရှိတယ်။ သံသရာအတွက် များများပါအောင်ဆိုပြီး လုပ်နေကြတာ တွေ့ရပါတယ်၊ တချို့ကျတော့လည်း များများလှူနိုင်တယ်ဆိုတာ ပြချင်လို့၊ တချို့ကလည်း များများလှူနိုင်ရင် ဘွဲ့ဂုဏ်တွေ ရချင်လို့ လှူကြတယ်။ ဒါတွေက ပကာသန အလှူတွေပေါ့နော် ဖေဖေ။

○ လောကီသဘောတွေကို ပြောမနေပါနဲ့ သမီးရယ်၊ ဒါကြောင့် ရှေးပညာရှိများက လှူတတ်မှ မြတ်တယ်လို့ ပြောခဲ့ကြတာပေါ့။ လှူတာဟာ မလှူတတ်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိတွေပါပြီး သံသရာချဲ့ထွင်တဲ့ တရားတော်ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် ဆင်ခြင်ဉာဏ်လိုတယ်လို့ ဖေဖေ ပြောတာပေါ့။ အဲဒါကို သမီး သိဖို့ အရေးကြီးတယ်၊ လူတွေ လုပ်နေကြတာတွေကို လိုက်ပြောမနေနဲ့။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီးက လှူငယ်ဆိုတော့ အမြင်မတော်တာတွေ့ရင် ပြောမိချင်လို့ပါ။

○ မပြောပါနဲ့ သမီးရယ်၊ ခု ဖေဖေနဲ့သမီး ပြောဆိုဆွေးနွေးကြတာတွေကို စာဖတ် ပရိသတ်တွေ သိကြားကြရတဲ့အခါ သူတို့ဘာသာ စဉ်းစားပြီး ဆင်ခြင်လာကြပါလိမ့်မယ်။ အဓိက အကြောင်းကတော့ အဝိဇ္ဇာပဲ၊ မသိလို့ လုပ်နေကြတာပါကွယ်၊ သူတို့က သနားဖို့ ကောင်းပါတယ်။

● သမီး မနော ထားတတ်သွားပါပြီ ဖေဖေ၊ ဒါဆို ဆင်ခြင်ဉာဏ်ပိုင်းကိုပဲ ပြောပါဦး ဖေဖေ။

○ အေး၊ ပထမ ဘာကြောင့် လှူရသလဲဆိုတဲ့ ပုစ္ဆာကို ဖြေတဲ့အခါ မိမိပိုင် ပစ္စည်းတွေအပေါ်မှာ ဒါတွေဟာ ဒုက္ခသစ္စာတွေပါကလားဆိုတာ အမြင်ရှင်းဖို့ လိုတယ်။

http://www.dhammadownload.com



● ရှင်းပြပါဦး ဖေဖေ။

○ လယ်ယာ၊ ရွှေငွေ၊ တိုက်တာ၊ အိမ်ရာ၊ မော်တော်ကား၊ စည်းစိမ်ဥစ္စာဆိုတာ တွေဟာ ဝတ္ထုကာမတွေဖြစ်လို့ အများတကာ အာသာစွဲတယ်၊ တောင့်တ အပ်တဲ့ ပစ္စည်းတွေဖြစ်လို့ ဒီပစ္စည်းတွေကို ပိုင်ဆိုင်ရယူထားသမျှ ကာလပတ်လုံး မီးဘေး၊ ရေဘေး၊ မင်းဘေး၊ ခိုးသူဘေး စတဲ့ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေရတယ်၊ ဟုတ်ရဲ့လား သမီး။

● ဟုတ်ပါတယ် ဖေဖေ။

○ ဒါတွေကြောင့် လူတွေ ခိုက်ရန်ဖြစ်ပွားနေကြတယ်။ ဒါကြောင့် ဒီပစ္စည်း တွေဟာ ခိုက်ရန်ဖြစ်ပွားရတဲ့အကြောင်း၊ ငြင်းခုံမှုရဲ့ အကြောင်းတွေဖြစ်တယ်။ ဒါ အမှန်ပဲလားကွယ်။

● အမှန်ပါပဲ ဖေဖေ။

○ အေး၊ အမှန်ပါပဲကွယ်။ ဒီပစ္စည်းတွေကြောင့် တရားရုံးတွေမှာ ငြင်းခုံမှုတွေ၊ တရားတဘောင်တွေ ဖြစ်နေကြရတယ်၊ ရန်သူကို ဖိတ်ခေါ်နေသလို ဖြစ် တယ်၊ ဒီပစ္စည်းတွေကြောင့် လုယက်တိုက်ခိုက် ဖျက်ဆီးသတ်ဖြတ်ခံကြရတယ်။ ကောင်းကျိုး မပေးဘူး၊ ဟုတ်ကဲ့လား။

● ဟုတ်ပါတယ် ဖေဖေ၊ တစ်နေ့ကပဲ နေ့လယ်ကြောင်တောင် ပုဇွန်တောင် ဘက်မှာ မိန်းမကြီးတစ်ဦးကို ဓားနှင့်ထောက်ပြီး ဆွဲကြိုးလုပြေးတယ်လို့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။

○ အေး၊ ပစ္စည်းဥစ္စာဟာ ကောင်းကျိုးထက် ဆိုးကျိုးကို ပိုပေးတယ်။ ဒါကြောင့် အနှစ်သာရ မရှိဘူးလို့ ပညာရှိများက ရှုမြင်ကြတယ်။ နောက် တစ်ခုက ဒီပစ္စည်းတွေကို ရအောင်လုပ်တဲ့အခါ၊ မပျက်စီးမဆုံးရှုံးအောင် ထိန်းသိမ်းတဲ့ အခါ လူတစ်ဖက်သားကို နှိပ်စက်ညှဉ်းဆဲမှ အကျိုးရမယ်ဆိုရင် မျက်နှာမထောက် ညှဉ်းဆဲတတ်တယ်။ ကုန်သည်ဆိုပါတော့၊ ကိုယ့်ပစ္စည်းကို အမြတ်အစွန်းရမယ်ဆိုရင် ဘယ်သူသေသေ ရသလောက်အမြတ်ကို ယူမှာပဲ။ ဘယ်သူမှ လူတွေ သက်သက် သာသာနဲ့ ဝယ်ယူသုံးစွဲနိုင်ပါစေတော့ ဆိုပြီး မရောင်းဘူး၊ ထိန်းသိမ်းတဲ့အခါမှာလည်း ဖျက်ဆီးဖို့လာသူကို ရိုက်နှက်သတ်ဖြတ်မယ်၊ ဖမ်းဆီးချုပ်နှောင်မယ်။ ဒါတွေဟာ ကုသိုလ်တွေလား၊ အကုသိုလ်တွေလား။

● အကုသိုလ်တွေပါ ဖေဖေ။

○ အေး ဟုတ်တယ်၊ ကောင်းကျိုးမပေးတဲ့ အကုသိုလ်တွေပဲ နောက်ပြီး ဒီပစ္စည်းတွေဟာလည်း မမြဲဘူး၊ ဖောက်ပြန်တတ်တယ်၊ ပျက်စီးတတ်တယ်၊

http://www.dhammadownload.com



ထိန်းသိမ်းရ မလွယ်ဘူး၊ ကဲ–မတော်လို့ ပျက်စီးသွားတယ်၊ ပျောက်ဆုံးသွားတယ် ဆိုရင်လည်း သောကပရိဒေဝမီး တောက်လောင်ပြီး ဒုက္ခအကြီးအကျယ် ရောက်ရ ပြန်ရော၊ ဟုတ်ရဲ့လား သမီး။

● ဟုတ်ပါတယ် ဖေဖေ။

○ ဒါတွေဟာ အကုသိုလ်စိတ်တွေနော်၊ ပစ္စည်းတွေအပေါ်မှာ တပ်မက်တဲ့စိတ် ရှိနေတာကို အကြောင်းပြုပြီး မစ္ဆေရစိတ်က ရှိနေပြန်ရော၊ အဲဒီစိတ်က သေရင် အပါယ်ကို ဆွဲချသွားတဲ့ စိတ်ပဲကွယ်။ ဒါဖြင့် ပစ္စည်းများများ ချမ်းသာအောင် လုပ်ခဲ့ပြီး သေတဲ့အခါ အဲဒီ စည်းစိမ်ချမ်းသာတွေကို ထားရစ်ခဲ့ပြီး သေသွားရတဲ့ လူဟာ မုချအပါယ်ရောက်ဖို့ သေချာ မနေဘူးလား။

● ဟုတ်ပါတယ်၊ သေချာပေါက် အပါယ်ရောက်မှာပါ ဖေဖေ။

○ အဲဒါကြောင့် အဲဒီပစ္စည်းတွေဟာ အထူးအထူးအပြားပြား များစွာသော အကျိုးမဲ့ကို ဆောင်ရွက်တတ်တယ်။ ဒါကြောင့် အဲဒီပစ္စည်းတွေကို စွန့်ကြဲ လှူဒါန်းပစ်ရတယ်။ အဲဒီလို စွန့်ကြဲခြင်းဟာ အလောဘစေတနာရဲ့ သတ္တိပဲ။ ဒီလို စွန့်လှူပစ်မှသာ အဲဒီ လောကီစည်းစိမ် ချမ်းသာတွေဟာ ကောင်းကျိုးပေးတတ်တယ်။ ဒါကြောင့် အလောင်းတော်ကြီးများဟာ မမေ့မလျော့သော အပ္ပမာဒတရားကို လက်ကိုင်ထားပြီး ဒါနကို ပြုကြရတယ်။ ဘာကြောင့် ဒါနပြုကြရသလဲဆိုတဲ့ မေးခွန်းအတွက် သမီး အဖြေရပြီလား၊ ပစ္စည်းဥစ္စာဆိုတာ ကိုယ့်လက်ထဲမှာ ဆုပ်ကိုင်ထားရင် သေတဲ့အခါ မပါဘူး၊ အပါယ်ကိုသာ တွန်းချတတ်တယ်။ ဒါတွေကို စွန့်ကြဲပစ်မှသာ ကောင်းကျိုးချမ်းသာ ဖြစ်တယ်၊ ပါရမီဖြစ်တယ်။ ဒါကြောင့် လှူရတယ်လို့ နားလည်ပါ သမီးရယ်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သာဓုပါ ဖေဖေရယ်။ ဖေဖေ ပါရမီအဖွင့်မှာ ဒါနကို ပါရမီဖြစ်အောင် လှူတတ်ဖို့အကြောင်း ပြောပြသွားတာ သိပ်ကောင်းတာပဲ။

○ သိပ်ကောင်းတာပဲဆိုတာ သမီးက ဘာကို ပြောတာလဲကွယ်။

● ဩော်–သိပ်ကောင်းတာပဲဆိုတာ သမီးပြောတာက ဒါနပြုတဲ့အခါ လှူဖွယ် ပစ္စည်းအပေါ်မှာ တွေးခေါ်ဆင်ခြင်ပုံ ဒဿနကို ပြောတာပါ ဖေဖေ။ လူတွေဟာ ကိုယ် ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းအပေါ်မှာ ဒီပစ္စည်းဟာ ရန်သူပဲ၊ ဒုက္ခပေးမယ့် သမုဒယအကြောင်းပဲဆိုတာကို ထိုးထွင်းသိမြင်ဖို့ သိပ်ခက်ပါတယ် ဖေဖေ။ ပစ္စည်းကြောင့် လူတွေအငြင်းပွားကြရတယ်၊ ခိုက်ရန်ဖြစ်ကြရတယ်၊ အမုန်းပွားကြရတယ်၊ ပစ္စည်းဆိုတာ ကိုယ်ပိုင် ရှိကိုမရှိဘူး၊ ပစ္စည်းမှန်သမျှဟာ ဘုံဆိုင်ကြီးပဲဆိုတာကို မြင်ကို မမြင်ကြဘူးလေ။ ကိုယ်က ကိုယ့်ပစ္စည်း၊ ကိုယ့်ဥစ္စာ

http://www.dhammadownload.com



ထင်ပြီး လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ကြတာပဲ၊ ဒါပေမယ့် ဘယ်ပစ္စည်းမှ ကိုယ်နဲ့ ကြာကြာမနေဘူး။ ရောင်းလို့ ဝယ်လို့ဖြစ်ဖြစ်၊ လုယူ၊ တိုက်ယူ ခိုးယူ လို့ပဲဖြစ်ဖြစ် သူတစ်ပါးလက်ထဲကို ပါသွားတာချည်းပဲ။ ပစ္စည်းက ငါ့သခင်နဲ့ပဲ ငါနေမယ်၊ သူတစ်ပါးနောက်ကို မလိုက်နိုင်ဘူးလို့ မရှိဘူးလေ၊ ယူသူနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတတ်တာချည်းပဲ။ ဒါကြောင့် ပစ္စည်းဆိုတာ ဘုံဆိုင်ဖြစ်တယ်လို့ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးတို့၊ မုံလယ်ဆရာတော် ဘုရားကြီးတို့ မကြာမကြာဟောတာ သမီး တရားနာရပါတယ် ဖေဖေ။ ဒါကြောင့် ဘုံဆိုင်ပစ္စည်းကို သူတစ်ပါးကို ပေးလိုက်ရတော့ မူလပိုင်မှာ ကုသိုလ်နဲ့ အကုသိုလ်ပဲ ကိုယ်ပိုင်အဖြစ်နဲ့ ကျန်တယ်ဆိုတာ သိပ်ထင်ရှားပါတယ် ဖေဖေ။ သူတစ်ပါးက ကိုယ့်ပစ္စည်းကို လုယူ၊ တိုက်ယူသွားတဲ့အခါ မူလပိုင်ရှင်မှာ အကုသိုလ် ဒေါသပဲ ကျန်ရစ်တယ်။ ကိုယ်မပိုင်တဲ့ ပစ္စည်းကတော့ သူများလက်ထဲပါသွားပြီး ကိုယ်ပိုင် ကျန်ရစ်တာကတော့ အကုသိုလ်ပဲ။ ဒါကြောင့် ဘုံဆိုင်ပစ္စည်းကို ကိုယ်ပိုင် ကုသိုလ် ကျန်ရစ်အောင် ပစ္စည်းက ကိုယ့်ကိုမစွန့်ခင် ကိုယ်က ပစ္စည်းကို စွန့်ကြပစ်တတ်ဖို့ သိပ်အရေးကြီးတာပဲနော် ဖေဖေ။ သမီးတော့ အဲဒီလို သဘောပေါက်သွားပါတယ် ဖေဖေ။

○ ငါ့သမီးက တရားအားထုတ်ဖူးတာကိုး၊ ခန္ဓာငါးပါးအပေါ်မှာ သစ္စာဉာဏ် အမြင် ပေါက်နေတယ်။ ခန္ဓာဟာ ဒုက္ခသစ္စာပဲ သမီးရဲ့။ သမုဒယဆိုတဲ့ တဏှာကြောင့် ဒုက္ခဖြစ်ရတယ်။ ဒါ သိနော်။ ပဋိစ္စသမုပ္ပာဒ် တရားတော်အရကလည်း ဘာကြောင့် တဏှာဖြစ်ရသလဲ၊ ဝေဒနာကြောင့် တဏှာဖြစ်ရတယ်။ အဲဒီ ဝေဒနာကို ဝိပဿနာဉာဏ်နဲ့ ရှုတတ်ဖို့ လိုတယ်။ မိုးကုတ်ဆရာတော်ကတော့ ခန္ဓာကို ဉာဏ်လှည့်တတ်ရင် ဝေဒနာဟာ နိရောဓ ဆိုက်သွားတယ်လို့ ဟောပြော ဆုံးမတော် မူခဲ့တယ်။

● ဟုတ်တာပေါ့ ဖေဖေရဲ့။ ပစ္စည်းဥစ္စာတွေအပေါ်မှာ တပ်မက်တဲ့ တဏှာ မဖြစ်အောင် ဥပေက္ခာဝေဒနာကို ဝိပဿနာရှုတတ်ဖို့ လိုပါတယ်။ ခန္ဓာဆိုတဲ့ တရားဟာ ဖြစ်ပြီး ပျက်သွားတာပဲလို့ နှလုံးသွင်းတတ်ဖို့ လိုတာပေါ့။ ပြီးတော့ ဖေဖေ ဆင်ခြင်ပြသလို ခန္ဓာရဲ့အပြစ်တွေကို မြင်တတ်ဖို့လည်း လိုတာပေါ့။ ဒါမှ ပစ္စည်းကို စွန့်ကြဲလိုက်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်တာပေါ့။ ဒါမှမဟုတ် ဘာမှ မခံစားရဘူးပေါ့။ ငါ့ကို ရန်သူလိုနှိပ်စက်တဲ့ ဒီပစ္စည်းတွေကို စွန့်လွှတ် လိုက်ရတာဟာ ငါလုပ်သင့်တဲ့အလုပ်ကို လုပ်လိုက်တာပဲလို့ သိတတ် မြင်တတ်ဖို့ပဲ လိုတာပေါ့နော်။

http://www.dhammadownload.com



○ ဟုတ်တယ် သမီးရဲ့။ ဒါဟာ ပါရမီရှင်တော်မြတ်ကြီးများ ထားကြတဲ့ မဟာကရုဏာနဲ့ မဟာပညာ သဘောပါပဲ။ ကဲ–ဒီအပတ်မှာတော့ အလှူခံ ပုဂ္ဂိုလ်အပေါ်မှာ လှူသူက ထားသင့်တဲ့ မဟာကရုဏာနဲ့ မဟာပညာအမြင်ကို ဆက်ဆွေးနွေးရအောင်နော်။

● ဟုတ်ကဲ့ပါ ဖေဖေ၊ သမီးအဖို့ကတော့ ဉာဏ်ပညာအမြင်တွေ အများကြီး ရပါတယ်။

○ ဖေဖေကလည်း အပင်ပန်းခံပြီး သမီးကို ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အမြင်တွေကို နှံ့နှံ့စပ်စပ် ကြည်ကြည်လင်လင်ရအောင် ပြောပြနေတာဟာ သမီး တစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ သမီးကတစ်ဆင့် မြန်မာလူငယ်တွေ အားလုံး သိမြင်ပြီး ဗုဒ္ဓဘာသာရဲ့ အနှစ်သာရတွေကို သဘောပေါက်ဖို့ပါ သမီးရဲ့။

● ဟုတ်ကဲ့၊ ကျေးဇူးကြီးပါတယ် ဖေဖေရယ်၊ ဆက်ပြောပါဦးနော်။

○ ဖေဖေတို့ မြန်မာလူမျိုးအချို့နဲ့ ပတ်သက်ပြီး ဖေဖေ စိတ်မကောင်းတာ ရှိတယ်ကွယ်။ နေတော့ ခြံကြီး၊ ဝင်းကြီး၊ တိုက်ကြီးနဲ့ စီးလိုက်ကြတာကလည်း နောက်ဆုံးပေါ် လေးငါးခြောက်သိန်းတန် ကားကြီးတွေ၊ အဲဒါ ခြံတံခါးမှာ စာတန်းထိုးထားတယ်၊ အလှူခံမဝင်ရတဲ့၊ အလှူခံခြင်း သည်းခံပါတဲ့ကွယ်။ အဲဒါ တရားကိုသိတဲ့ လူတွေရဲ့အမြင်မှာတော့ တော်တော် ရှက်စရာ ကောင်းတာပဲကွယ်၊

● ဘာဖြစ်လို့ ရှက်စရာကောင်းသလဲ ဖေဖေ။

○ အိုကွယ်၊ ဒီလူတွေမှာ ကိုယ့်ဘဝကို ကိုယ်သိနိုင်တဲ့ဉာဏ် မရှိလို့ပေါ့၊ ဟိုဘဝက ကုသိုလ်ကောင်းမှု(ပုညာဘိသင်္ခါရ)တွေ လုပ်ခဲ့လို့ ဒီဘဝမှာ ချမ်းသာကြွယ်ဝသူတွေ ဖြစ်လာရတယ်။ ပြောမယ်ဆို ဟိုဘဝထက်တောင် လှူဒါန်းနိုင်ဦးမယ်။ ဒါကို တွန့်တိုတဲ့စိတ်နဲ့ ပစ္စည်းအပေါ် တပ်မက်တဲ့ ရာဂ တဏှာ အားကြီးလွန်းလို့ပေါ့။ အလှူခံပုဂ္ဂိုလ်ကို မောင်းထုတ်တဲ့ စာတန်းတွေ ချိတ်ဆွဲထားကြတာလေ။ အဲဒါ ဉာဏ်ပညာကြီးတဲ့ လူတွေရဲ့အမြင်မှာ ရှက်စရာ မကောင်းဘူးလား။

● ဟုတ်တာပေါ့နော်၊ လှူနိုင်တန်းနိုင်တဲ့ ဘဝကောင်းကြီးကို ရထားပါလျက်နဲ့ မလှူနိုင်မလှူရက် ဖြစ်နေကြတာဟာ ရှက်စရာလည်း ဟုတ်တယ်၊ စက်ဆုပ်စရာလည်း ဖြစ်နေတာပေါ့နော်။

○ အေး၊ အဲဒါ ဘဝလမ်းလွဲတာပဲ သမီးရဲ့။ တကယ့် တကယ်ကတော့ အလှူခံ ပုဂ္ဂိုလ်ဆိုတာ မိမိဆီကို မလာရင်တောင် လာပါစေလို့ ဆန္ဒပြုရမှာ။

http://www.dhammadownload.com



● တချို့က အလှူခံပုဂ္ဂိုလ်တွေ ခဏခဏလာရင် စိတ်အနှောင့်အယှက်ဖြစ်တယ်၊ အလုပ်အကိုင်ပျက်တယ်လို့ ထင်တတ်ကြပုံ ပေါ်ပါတယ် ဖေဖေရယ်။

○ အေး၊ ဗုဒ္ဓဘာသာတွေထဲမှာတောင် အဲဒီလို ပုဂ္ဂိုလ်တွေ ရှိတတ်ကြတယ်။ ဒါပေမဲ့ မအားမလပ်တဲ့ ကြားက လာသမျှ ရဟန်း၊ သံဃာ၊ သီလရှင်၊ အလှူခံတွေကို လက်မလွှတ်အောင် လှူဒါန်းနေကြတဲ့ လူတွေကို ဖေဖေ မန္တလေးမှာ တွေ့ခဲ့ဖူးတယ်။

● ဒါကြောင့်လည်း မန္တလေးဟာ မီးအကြိမ်ကြိမ်လောင်တာတောင် ဆင်းရဲမသွားဘူး၊ ပိုပိုပြီး ချမ်းသာကြွယ်ဝလာတယ်နော်။

○ အေး၊ ဒါကတော့ ကံ၊ ကံ၏ အကျိုးပဲပေါ့။ ဒါထား၊ ခု အလှူခံပုဂ္ဂိုလ်နဲ့ ပတ်သက်တဲ့ ပါရမီရှင် အလောင်းတော်များရဲ့ သဘောထားပိုင်းကို ပြောကြဦးစို့။

● ဟုတ်ကဲ့ပါ ဖေဖေ။

○ ပါရမီရှင် အလောင်းတော်များဟာ အလှူခံပုဂ္ဂိုလ်ကို ဘယ်လိုများ မြင်တတ်ကြသလဲဆိုရင် ဒီလို သမီးရဲ့၊ တောင်းရမ်းတယ်ဆိုတာ မိမိမှာ စားရမဲ့ သောက်ရမဲ့ ဖြစ်နေတယ်၊ ခိုးကိုးရာမဲ့ ဖြစ်နေတယ်ဆိုတဲ့ ရှက်စရာကောင်းတဲ့ အခြေအနေကို သူတစ်ပါး ရှေ့မှောက်မှာ ဖွင့်ဟ ဝန်ခံပြီး အောက်ကျို့ခံ၊ အသနားခံရတာမျိုး မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။

○ ဒီတော့ ဒီလို ကိုယ့်ရဲ့ရှက်စရာ လျှို့ဝှက်ထားရမယ့်အကြောင်းကို ကိုယ့်ဆီလာပြီး ဖွင့်ဟ ပြောဆိုတယ် ဆိုတာဟာ ကိုယ့်အပေါ်မှာ ဘယ်လောက် ယုံကြည်အားကိုးသလဲ၊ ဘယ်လောက် ရင်းနှီးကျွမ်းဝင်သလဲ၊ စဉ်းစားကြည့်ပါ။ အဲဒီလို မိမိအပေါ် ယုံကြည်အားကိုးသူကို ကိုယ်က ဘယ်လို သဘောထားရမလဲ။

● သနားချစ်ခင်ရမှာပါ ဖေဖေ။

○ ဟုတ်တာပေါ့ သမီးရယ်၊ ကိုယ့်ကို ယုံကြည်လို့၊ ရင်းနှီးချစ်ခင် အားကိုး ချဉ်းကပ်လာသူကို မိမိရဲ့ မိတ်ရင်းဆွေရင်း၊ ဆွေရင်းမျိုးရင်းလို သဘောထား ရမှာပေါ့။ ဒါဟာ လူလူချင်း ထားအပ်တဲ့ ကရုဏာနဲ့ ပညာသဘောပဲကွယ်။

● အင်း၊ စိတ်ထားတတ်ဖို့ တော်တော်လိုတာပဲနော်။

○ စိတ်ထားတတ်ရင် ဒါနပြုမယ့် ပုဂ္ဂိုလ်ဟာ အလှူခံပုဂ္ဂိုလ်ရဲ့ ကြီးမားတဲ့ ကျေးဇူးဂုဏ်ကို မြင်တတ်ပါတယ်ကွယ်။

● ဘယ်လိုများလဲ ဖေဖေရယ်။

http://www.dhammadownload.com



○ ဒီလိုပါ သမီးရယ်၊ ပစ္စည်းဥစ္စာဆိုတာ သေရင်ပါသွားမလား၊ စွန့်ပစ်ထားခဲ့ရမှာလား။

● စွန့်ပစ်ထားခဲ့ရမှာပါ ဖေဖေ။

○ အေးကွယ်၊ ငါသေရင် စွန့်ပစ်ထားခဲ့ရမယ့် ပစ္စည်းတွေကို ဒီအလှူခံပုဂ္ဂိုလ်ဟာ ငါနဲ့အတူ တမလွန်လောကအထိ ပါသွားအောင် ဒီနည်းနဲ့ ယူသွားပါလေလို့ နည်းပေးလမ်းပြ လုပ်တဲ့လူနဲ့ မတူဘူးလား။

● အင်းနော်၊ စဉ်းစားတတ်ဖို့ လိုတာပဲ။

○ အိမ်ကြီးကို မီးလောင်နေသလိုပဲ၊ လောကကြီးတစ်ခုလုံးဟာ မရဏမီး လောင်နေတယ်မဟုတ်လား သမီး။

● မှန်ပါတယ် ဖေဖေ။

○ အေးကွယ်၊ အဲဒီလို မရဏမီး လောင်နေတဲ့ အိမ်ကြီးထဲက ပစ္စည်းတွေကို အလှူခံပုဂ္ဂိုလ်ကို လှူလိုက်ရတော့ အဲဒီပစ္စည်းတွေကို မီးဘေးလွတ်ရာကို သယ်ထုတ်လိုက်သလို ဖြစ်သွားတယ်။ ဒါကြောင့် အလှူခံပုဂ္ဂိုလ်ဟာ မီးလောင်နေတဲ့ အိမ်ကြီးထဲက မိမိရဲ့ပစ္စည်းတွေကို လာပြီး မီးဘေးလွတ်ရာကို ကူထုတ်ပေးတဲ့လူနဲ့ မတူလားကွယ်။

● တူပါတယ် ဖေဖေ။

○ ဒါကြောင့် အသိဉာဏ်ရှိတဲ့လူဟာ အလှူခံပုဂ္ဂိုလ်ကို ကျေးဇူး မတင်ထိုက်ဘူးလား။

● အင်း၊ ဟုတ်တာပေါ့။ တင်ထိုက်ပါတယ် ဖေဖေ။

○ အင်း၊ တရားဆိုတာ ဉာဏ်ရှိကဲ့ လူတွေဆီမှာ ရှိပါတယ်ကွယ်။ ဒီလို တရားမျိုးကို ဖေဖေတို့ ဗုဒ္ဓဘာသာမှာသာ ကြားဖူးရတယ်။ အဲဒါဟာ ဗုဒ္ဓတရားတော်ရဲ့ ထူးခြားမှုပဲ သမီးရယ်။

● သမီး သူငယ်ချင်းတွေက ဗုဒ္ဓဘာသာဝင်တွေဟာ တလွဲမှာ လှူနေကြတယ်၊ မလှူတတ်ကြဘူးလို့ ပြောကြတုန်းက သမီး ဘာပြောရမှန်း မသိခဲ့ဘူး၊ ခု အတိုင်းဆိုရင် သမီးမှာ ပြောစရာစကားတွေ အများကြီးရှိနေပြီပေါ့ ဖေဖေရယ်။ ဒီအတိုင်းဆိုရင် ပါရမီမြောက်အောင် လှူတတ်မှ မြတ်မှာပဲနော်။

○ ဟုတ်ပါတယ် သမီး၊ နိဗ္ဗာန် မဂ်ဖိုလ်အကျိုး၊ ဗောဓိဉာဏ်အကျိုးကို ဖြစ်စေဖို့ အတွက် လှူတဲ့အခါ ပါရမီမြောက်အောင် လှူတတ်ရတယ်။ လှူတယ်ဆိုတာ အလှူခံပုဂ္ဂိုလ် ချမ်းသာသွားအောင်၊ အလှူခံပုဂ္ဂိုလ်မှာ အဆင်ပြေသွားအောင်လို့ လှူတာ မဟုတ်ဘူး၊ အဲဒီလိုမြင်ရင် လှူဒါန်းခြင်း ဒါနဟာ လောကီအကျိုးမှာပဲ

http://www.dhammadownload.com



ဆုံးခန်းတိုင်သွားလိမ့်မယ်။ **အဓိကကတော့** မိမိရဲ့ **အလောဘဝေဒနာကို** သတ်ဖို့ အတွက် မိမိမှာရှိတဲ့ ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ပစ်တာ၊ တပ်မက်မှုတွေကို သတ်ပစ်တာပဲ သမီးရဲ့။

● ဒါဆိုရင် သမီးတို့ ခေတ်သစ် **စိတ်ပညာသဘောနဲ့** ပြောရင် ဒါနပြုတယ် ဆိုတာဟာ မိမိရဲ့ ကိလေသာ တဏှာ လောဘ ပိတ်ဖုံးနေတဲ့ စိတ်အစဉ်ကို ကြည်လင်အောင်လုပ်ပြီး အဲဒီစိတ်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ထက်မြက်အောင် လုပ်တာပဲလို့ ဆိုနိုင်မယ် ထင်ပါတယ် ဖေဖေ။

○ အင်း၊ ဆိုနိုင်ပါတယ် **သမီးရဲ့**။ ပါရမီဆိုတာက ပါရမီရှင်ရဲ့ ကိုယ်ရည် ကိုယ်သွေး စိတ်တန်ခိုးသတ္တိတွေကို မြင့်မားအောင် လေ့ကျင့်ပျိုးထောင်တာပဲ သမီးရဲ့။